

# ဝေဒနာရှုပွားနည်း

ဓမ္မဒူတဆရာတော်ကြီး

စတုတ္ထအကြိမ်

၂၄၄၂

# ဝေဒနာ ရှုပွားနည်း

ဓမ္မဒူတ–အရှင်ပညာဇောတ
(ဝိသိဋ္ဌဒီဃဘာဏကနှင့် သိရိပဝရ ဓမ္မာစရိယ)

**ဖြန့်ချိရေး**

ပေါက်စေတီဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့
ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်၊ ဖုန်း–၆၆၀၁၄၈

F - 1

စတုတ္ထအကြိမ်

စာမူခွင့်ပြုချက်အမှတ် ၁၇၄/၉၉(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၅၁/၉၉(၄)
အုပ်ရေ (၁၀၀၀)

**ထုတ်ဝေသူလိပ်စာ**

ဦးဝင်းမြင့် (၁၅၁၂)
ဝင်းမြင့်အောင်စာပေ
၃၁၅၊ ၂/ခ ရပ်ကွက်၊ ထောက်ကြန့်တိုးချဲ့
မင်္ဂလာဒုံ။

**ပုံနှိပ်သူ**

ဒေါ်ကျင်လှိုင်
ကျော့အောင်အော့ဖ်ဆက် (၀၃၂၄၉)
အမှတ်(၇၈)၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ပါရမီစာပေ ၂၃၀၊ ၂၉ လမ်း (အထက်လမ်း)၊
ရန်ကုန်၊ ဖုန်း-၂၅၃၂၄၆
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊
ရန်ကုန်။

# ရည်ရွယ်ချက်

ဤဝေဒနာရှုပွားနည်းတရားတော် ကျမ်းစာအုပ်ကို ဓမ္မဒူတ–အရှင်ပညာဇောတ အရှင်မြတ်ပြုစုနေသော ရှင်တော်ဗုဒ္ဓ၏ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ရေးရှုလျက်ထုတ်ဝေပါသည်။

# မာတိကာ


စာမျက်နှာ

**ပထမအကြိမ်**

ရှေးဦးဖတ်ရှုရန် ...... ၉

ဒုတိယအကြိမ်

ရှေးဦးဖတ်ရန် ...... ၁၂

ဓမ္မဒူတ–အရှင်ပညာဇောတ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ် ...... ၁၇

ဆရာတော်ကြီးများ၏ ရှုမြင်ချက်များ ...... ၂၉

နိဒါန်း ...... ၄၈

* ဝေဒနာရှုပွားနည်းတရားတော်(ပထမပိုင်း) ...... ၆၁

၁။ ဝေဒနာဆိုတာ ...... ၆၃

၂။ ဘယ်သူ့ရဲ့ဝေဒနာလဲ ...... ၆၄

၃။ ကိုယ်ပိုင်ကိုယ်ဆိုင်မဟုတ် ...... ၆၅

၄။ ဘာကြောင့်ဖြစ်လဲ ...... ၆၆

၅။ ဘာကိုခံစားရတာလဲ ...... ၆၇

၆။ ဝေဒနာအမျိုးအစား ...... ၇၀

၇။ သိမှလွယ်မယ် ...... ၇၆

၈။ ရှုပွားနည်း ...... ၇၇

၉။ ရှိထားရမယ့်တရား ...... ၈၀

၁၀။ နာကျင်တာ ရုပ်ဒုက္ခ ...... ၈၃

၁၁။ အမှားကြီးမှား ...... ၈၄

၁၂။ ပယ်မှားဖြစ်မယ် ...... ၈၅

၁၃။ ဝေဒနာက အပယ်မချ ...... ၈၆

| | | |
|---|---|---|
| ၁၄။ | များသွားပြီ | ...... ၈၉ |
| ၁၅။ | ဝေဒနာကို ပိုင်တယ် | ...... ၉၀ |
| ၁၆။ | သုခဝေဒနာ ပေါ်လာပြီ | ...... ၉၆ |
| ၁၇။ | ဝေဒနာကို ပယ်ရမှာလား | ...... ၉၈ |
| ၁၈။ | ဒေါသကိုပယ် | ...... ၉၈ |
| ၁၉။ | ဓမ္မာနုပဿနာနည်း | ...... ၁၀၁ |
| ၂၀။ | သုခရှုလျှင် | ...... ၁၀၂ |
| ၂၁။ | ဝေဒနာကို သိတဲ့နေရာမှာ | ...... ၁၀၆ |
| ၂၂။ | အမြင်များ အယူများ | ...... ၁၁၃ |
| ၂၃။ | တဏှာချုပ်အောင်ရှု | ...... ၁၁၆ |
| ၂၄။ | လေ ဘာဖြစ်လို့တိုက် | ...... ၁၁၇ |
| ၂၅။ | ပြောင်းပြင်ပါ | ...... ၁၂၁ |
| ၂၆။ | ဒုက္ခရှုစဉ် | ...... ၁၂၃ |
| ၂၇။ | ရှုနည်းနှစ်မျိုး | ...... ၁၂၇ |
| ၂၈။ | သည်းခံရှုပုံ | ...... ၁၂၉ |
| ၂၉။ | ဥပေက္ခာဝေဒနာ | ...... ၁၃၃ |
| ၃၀။ | ကြောင်းကျိုးပိုင်အောင်ရှု | ...... ၁၃၆ |
| ၃၁။ | အနိစ္စထင်အောင်ရှု | ...... ၁၃၇ |
| ၃၂။ | ရှုနည်းပြသာဓက | ...... ၁၃၈ |


## ဝေဒနာရှုပွားနည်းတရားတော် (ဒုတိယပိုင်း)


| | | |
|---|---|---|
| ၁။ | ဝေဒနာနာမ် | ...... ၁၄၄ |
| ၂။ | စိတ်ချုပ်မှ ဝေဒနာချုပ် | ...... ၁၄၅ |

၃။ အစွဲချွတ်မှ ...... ၁၄၇
၄။ နာမ်ကိုရှု ...... ၁၄၉
၅။ ကြောင်းကျိုး မကင်း ...... ၁၅၁
၆။ နာ၊ သိ၊ ခံစား ...... ၁၅၂
၇။ လက်နက်ရွေးဦးမလား ...... ၁၅၃
၈။ တရုတ်ကြီးတစ်ယောက် ...... ၁၅၆
၉။ ဝေဒနာကို နွာရှု ...... ၁၆၁
၁၀။ ဒဏ် ရှုချင်ရင် ...... ၁၆၃
၁၁။ အမှားအဆင့်ဆင့် ...... ၁၆၅
၁၂။ ဘုရားရှင်လဲ နာတာပဲ ...... ၁၆၆
၁၃။ ဝိညာဏ် မချုပ်သေးသမျှ ...... ၁၆၉
၁၄။ လက်ဖဝါးနှစ်ခု ပူးကြည့် ...... ၁၇၁
၁၅။ အင်မတန် နပါတယ် ...... ၁၇၃
၁၆။ ဒဏ်ပေါ် ရုပ်ရှု ...... ၁၇၅
၁၇။ ဘုရားနည်းချည်းပဲ ...... ၁၇၆
၁၈။ မသိဘဲဟောရင် ...... ၁၇၈
၁၉။ အရှုလွဲလျှင် ...... ၁၈၀
၂၀။ အဖြစ်မျှော်တယ် ...... ၁၈၃
၂၁။ ဗောဓိမင်းသား လျှောက်စကား ...... ၁၈၆
၂၂။ မစားဘဲနဲ့ ...... ၁၈၈
၂၃။ ဘာကြောင့် ဝေဒနာဖြစ် ...... ၁၉၀
၂၄။ စိတ်နာစရာ ဝေဒနာ ...... ၁၉၂

၂၅။ ဝေဒနာထင်ရှားအောင် ...... ၁၉၄
၂၆။ အမြင်လွဲနေပြီ ...... ၁၉၆
၂၇။ ဝေဒနာနှင့်အနာ ...... ၁၉၉
၂၈။ ဝေဒနာဟာ ခက်လှပါ ...... ၂၀၂
၂၉။ ဒုက္ခရုပ်ရှုလျှင် ...... ၂၀၅
၃၀။ ရှုမနိုင်လျှင် ...... ၂၀၇
၃၁။ ပြင်ရ၊ မပြင်ရဝါဒ ...... ၂၀၈
၃၂။ အကုသိုလ်ဖြစ် ...... ၂၁၄

## ဝေဒနာရှုပွားနည်း တရားတော် (ဒုတိယပိုင်း)

၁။ မနိုင်ဒုက္ခရှု ...... ၂၁၈
၂။ အလစ်သမားဖြစ်မှာစိုး ...... ၂၁၉
၃။ ယောဂီအင်္ဂါငါးပါး ...... ၂၂၁
၄။ အချုပ် ပြောရလျှင် ...... ၂၂၅
၅။ ဒုက္ခရာရှုလျှင် ...... ၂၂၆
၆။ မပြင်ခိုင်းက ...... ၂၂၉
၇။ အမှား သာသနာ ...... ၂၃၀
၈။ အမှန်သာသနာ ...... ၂၃၂
၉။ အနာဂါမ်တဲ့ ...... ၂၃၅
၁၀။ အသေကောင် ...... ၂၃၆
၁၁။ ပဋိစ္စလည် ...... ၂၃၇
၁၂။ မှားနယ်ရောက် ...... ၂၃၉
၁၃။ ရေကြည်၊ ရေနောက် ...... ၂၄၁

၁၄။ အစပြီးခါနီး ...... ၂၄၃
၁၅။ စိတ်မပျက်နဲ့ ...... ၂၄၆
၁၆။ နောက်ဆုံးအချိန် ...... ၂၄၇
၁၇။ ဘုရား ဘာဖြစ်လို့ပွင့်လဲ ...... ၂၅၀
၁၈။ အထောက်အပံ့နဲ့ ပြီး ...... ၂၅၃
၁၉။ ဝေဒနာရှုပွားရန် ...... ၂၅၅
၂၀။ ရုပ်ရှစ်ခုပါတယ် ...... ၂၅၈
၂၁။ ဓာတ်ပိုင် စိတ်ပိုင် ...... ၂၆၂
၂၂။ ဓာတ်သဘောအချုပ် ...... ၂၆၃
၂၃။ ပရိကံပြုခြင်း ...... ၂၆၅
၂၄။ ထင်ရှားတာရှုပါ ...... ၂၆၈
၂၅။ အန္တရာယ် မပြုနိုင် ...... ၂၇၀
၂၆။ ကမ္မဋ္ဌာန်းပေးပုံ ...... ၂၇၄
၂၇။ တတ်အောင်သင် ...... ၂၇၅
၂၈။ ဝေဒနာခွာရှု ...... ၂၇၆
၂၉။ ဉာဏ်ဝင်နိုင်မှ ...... ၂၈၃
၃၀။ အရေးအကြီးဆုံး ...... ၂၈၆
နိဂုံး ၂၈၉

## ပထမအကြိမ်

# ရှေးဦးဖတ်ရန်

အို–စာရှုသူ၊ 'ဝေဒနာ ရှုပွားနည်း' စာအုပ်ကို ကောက်ကိုင်ပြီးသည့်နောက် ဤ'ရှေးဦးဖတ်ရှုရန်'ဆိုတဲ့ အခန်းကို ဖတ်ရှုပြီးမှသာ နောက်အခန်းများကို ဖတ်ပါ။ ရှေးဦးဖတ်ရန် အခန်းကို ကျော်ခဲ့ပြီးနောက် နောက်အခန်းများကို မဖတ်ပါနှင့်။

အို–စာရှုသူ၊ မိမိသည် တာဝန်ကျေ သာသနာ့ဝန်ထမ်းတစ်ဦးဖြစ်၍ ဗုဒ္ဓသာသနာတော်ကို စာချခြင်း၊ တရားဟောခြင်း၊ စာရေးခြင်းဖြင့်လည်းကောင်း၊ တရားပြခြင်းဖြင့်လည်းကောင်း ပြုစုလျက်ရှိပါသည်။

သာသနာတော်၏ စစ်မှန်သော ကောင်းခြင်းဂုဏ်ကို မိမိလက်လှမ်းမီသလောက် ပြသပြုစုလျက်ရှိသည်။ အရာ ရောက်သင့်သလောက်လည်း ရောက်ပါသည်။

မိမိ ပြုစုလျက်ရှိသော ပရိယတ်သာသနာ၊ ပဋိပတ်သာသနာ ၂–ဌာနၔွ ပရိယတ်သာသနာရေးနှင့် ပတ်သက်၍ အကွဲအပြား အခက်အခဲ မတွေ့ရသော်လည်း ပဋိပတ်သာသနာရေးနှင့် ပတ်သတ်၍မူ အခက်အခဲ အကွဲအပြားများ တွေ့ရပါသည်။

မိမိအနေနှင့် အကွဲအပြားများကို မစိစစ်လိုပါ၊ အခက် အခဲကိုမူ အလွယ်ဖြစ်အောင် တင်ပြလိုပါသည်။ ယင်း အခက် အခဲကား အဘယ်နည်းဆိုသော် ဝေဒနာပင် ဖြစ်ပါသည်။ ပဋိပတ်သာသနာ၌ ဝေဒနာနှင့်ပတ်သက်၍ အခက်အခဲတွေ့သူ ဦးရေ အတော်များပါသည်။ ယင်းတို့ကို ကရုဏာ ရှေးရှု မေတ္တာမူ၍ ဤဝေဒနာရှုပွားနည်းတရားတော်ကို ဟောကြား ရေးသားပါသည်။

ယင်းသို့ ဟောကြားရေးသားပြီးသောအခါ မိမိ၏ စာမူ များ မှန်မမှန်၊ မမှန်ပါက ကြိုက်သလို ပယ်ဖြတ်ပါဟု မြို့နယ် ဝိနည်းဓိုရ်ဆရာတော်များ၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာ တော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များထံသို့ ပို့ပေးပါသည်။

အဘယ့်ကြောင့် ပို့ပေးရပါသနည်း၊ ဖတ်ရှုသူ၊ စိစစ်သူ များက မိမိ၏ တစ်ဦးကောင်း တစ်ပညာဖြင့် ရေးသားထား သည်ဟု ထင်မြင်ကာ သေချာစွာ မဖတ်ရှု၊ မစိစစ်၊ မကျင့်သုံး မှာစိုး၍ ဖြစ်ပါသည်။

ယခု ဝေဒနာရှုပွားနည်း စာမူမှာ ဖော်ပြပါ ဆရာတော် များက 'ဒီစာပုဒ်ကို ဒီလိုပြင်ပါ၊ ဒီနေရာမှာ ဒီစာပုဒ်ကို ထည့်ပါ။ ဒီစာပုဒ်ကို ဖြုတ်ပါ' စသည်ဖြင့် စိတ်တိုင်းကျ ဖတ်ရှုကာ စိတ်တိုင်းကျ ပြင်ဆင်ထားသော စာမူ ဖြစ်ပါသည်။

သို့ဖြစ်၍ ဤ ဝေဒနာရှုပွားနည်း စာအုပ်မှာ ပရိယတ္တိနှင့် မကိုက်ညီသော စာချက်များ၊ ပဋိပတ် နည်းလမ်းမကျသော

အချက်များ မပါသဖြင့် ပယ်ဖြုတ်ရန် အမှားကင်းစင်သော၊ လိုက်နာအားထုတ်ရန် သင့်လျော်သော အချက်များချည်းသာ ဖြစ်ပါသည်။

ပဋိပတ်နယ်ပယ်၌ ဤ ဝေဒနာကို သဘော မပေါက်၍ ဝေဒနာအတွက် အခက်တွေ့ကာ ဝေဒနာကြောက်နေသူများ၊ နောက်ဆုတ်နေသူများသည် ဤဝေဒနာရှုပွားနည်း စာအုပ်ကို ဖတ်ရှုရလျှင် ဝေဒနာနှင့် ပတ်သက်သော အခက်များ၊ အကြောက်များကို ကျော်လွှားကာ တရားနယ် ပဋိပတ္တိနယ်၌ ပျော်မွေ့စွာ ကျင့်ကြံအားထုတ်နိုင်သဖြင့် ကောင်းကျိုးများ ရရှိရန်ရည်သန်၍ သာသနာ၏ စစ်မှန်သန့်စင်သော ဤဝေဒနာ ရှုပွားနည်းကို ဟောကြားရေးသားကာ အရှင်မြတ်များထံသို့ စစ်မှန် သန့်စင်သည်ထက် သန့်စင်ရန် ပြင်ဆင် ဖြတ်တောက် စေပါသည်၊ ဖြည့်စွက် ပြင်ဆင်စေပါသည်။

သို့ဖြစ်၍ နောက်ထပ် ပြင်ဆင် ဖြည့်စွက် ဖြတ်တောက်ရန် မပါ၊ စစ်မှန် သန့်စင်သော ဝေဒနာရှုပွားနည်း စာအုပ်ကို ဖတ်ရှုကာ ရှုပွားနည်း အမှန်အတိုင်း ရှုပွားနိုင်၍ အကျိုးရပါစေဟု ပတ္ထနာ ပြုလိုက်ရပါသတည်း။

**ဓမ္မဒူတ–အရှင်ပညာဇောတ**
(၁၂–၂–၈၄)

ဓမ္မဒူတတောရ
တောင်စွန်း
ဘီးလင်းမြို့နယ်
မွန်ပြည်နယ်

# ဒုတိယအကြိမ်
# ရှေးဦးဖတ်ရန်

အို–စာရှုသူ၊ ဝေဒနာရှုပွားနည်းစာအုပ် ဒုတိယ အကြိမ် ထွက်ပေါ်လာပြန်ပါပြီ၊ ပထမအကြိမ်မှာ ခဏအတွင်း ကုန်သွားပါသည်။ အသစ်များ ထွက်ပေါ်ရေးကို ဦးစားပေးရ၍ ဒုတိယအကြိမ်မှာ နောက်ကျသွားပါသည်။

ပထမအကြိမ်ထုတ် ဝေဒနာရှုပွားနည်းစာအုပ်ကို ဖတ်ရှုသူ ဦးရေအများတို့မှာ ယခုမှပဲ ဝေဒနာနှင့်ပတ်သက်၍ အသိရှင်းတော့တယ်၊ ယခုပဲ ဝေဒနာဆိုတာ ဘာလဲလို့ သဲသဲကွဲကွဲ သိရတော့တယ်၊ တရားအားထုတ်တာ အနှစ်သုံးဆယ်ရှိပြီ၊ အခုမှပဲ ဝေဒနာကို နားလည်ပါတော့တယ် စသည်ဖြင့် ကောင်းချီးဩဘာပေးကြသည်။

မိမိသည် ပရိယတ္တိနယ်မြေမှ ပဋိပတ္တိနယ်မြေသို့ ကူးလာပြီး ကိုယ်တိုင် အားထုတ်ပြီး သိသလောက်ပြသရာမှ အတွေ့အကြုံများကို မှုထား၍ ဝေဒနာနှင့် ပတ်သက်၍ မရှင်းသူများအား

ကရုဏာထားကာ ဝေဒနာရှုပွားနည်းစာအုပ်ကို ရေးသားခြင်း ဖြစ်ပါသည်။

ပထမအကြိမ်ထုတ်ဝေပြီး အတွေ့အကြုံအရ ဆက်လက်၍ ရှင်းပြ လိုပါသေးသည်။ အို–စာရှုသူ၊ ဝေဒနာ ဟူသည် အဘယ်နည်း၊ အဘယ်ကို ရှုရမည်နည်း၊ အဘယ်သို့ရှုမည်နည်း၊ အဘယ်အခြေအနေရောက်အောင် ရှုရမည်နည်း။

ဤသို့ စသည်ဖြင့် မေးစစ်ကြည့်သော် ဝေဒနာကို ရှုပွား နေပါသည်ဆိုသူ အများအပြားတို့မှာ မပြောတတ်၊ အသိမရှင်း ကြသူတွေကသာ များပါသည်။

သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေရာ၌ အနည်းငယ် ပြင်ဆင်ချက်များနှင့် ရှုမြင်ချက်များပါ တိုးချဲ့ကာ ရေးဦး ဖတ်ရန် အပိုင်း၌ အောက်ဖော်ပြပါ ဝေဒနာ၏ အမှတ်ပြ လင်္ကာဆောင်ပုဒ်ကိုပါ ထည့်သွင်းဖော်ပြလိုက်ပါသည်။

၁။ ဝေဒနာဟူ၊ နာမ်ကိုယ်ယူ၊ ရှုမှုခံစားချက်။

၂။ ဆင်းရဲချမ်းသာ၊ အရ ဟာ၊ သညာခေါ်လှည့်ကွက်။

၃။ ကောင်းဆိုးခေါ်လာ၊ သညာသာ၊ ဝေဒနာမှားခေါ် မြွက်။

၄။ ဝေဒနာဟာ၊ ခံစားရုံသာ၊ မသိပါကောင်းဆိုးချက်။

၅။ ကောင်းဆိုးတွေ့လာ၊ ခေါ်ဝေဒနာ၊ မှားလာ စဉ်အဆက်။

အို...စာရှုသူ၊ အထက်ဖော်ပြပါ ဆောင်ပုဒ်များကို ထပ်ကာ ထပ်ကာ ဖတ်ရှုစဉ်းစားပါဘိ။

ဝေဒနာဟူသည် နာမ်တရားဖြစ်ပါသည်၊ ခံစားမှု ခံစားချက် ဖြစ်ပါသည်။

ဆင်းရဲသည်၊ ချမ်းသာသည်။ ဆင်းရဲမဟုတ်၊ ချမ်းသာ မဟုတ် ဆိုသည်မှာ သညာ၏ လှည့်ကွက်မျှသာ ဖြစ်ပါသည်။

အကောင်း၊ အဆိုး၊ အလယ်အလတ် ဟူသည်မှာလည်း သညာမျှသာ ဖြစ်ပါသည်။ ဝေဒနာအမှန်မြင် မဟုတ်သေးပါ။

ဝေဒနာဟူသည် ခံစားရုံသာ ခံစားပါသည်၊ မသိပါ။ အကောင်း အဆိုး၊ အလယ်အလတ်ကို မသိပါ၊ သိသည်မှာ စိတ်ကသာ သိပါသည်။

အကောင်းကို ခံစားမှုကြောင့် 'သုခဝေဒနာ'၊ အဆိုးကို ခံစားမှုကြောင့် 'ဒုက္ခဝေဒနာ'၊ အလယ်အလတ်ကို ခံစားမှုကြောင့် 'ဥပေက္ခာဝေဒနာ' ဟူ၍ ခေါ်သည်။

အကောင်း၊ အဆိုး၊ အလယ်အလတ်တို့မှာ ဝေဒနာမဟုတ်ပါ။ ယင်းတို့ကို ဝေဒနာခေါ်လျှင် မှားသည် စသည်ဖြင့် ဤစာအုပ်တွင် ဝေဒနာနှင့်ပတ်သက်၍ သိစရာများကို အချုပ်ပြ၍ ရှင်းလင်းထားပါသည်။

(၁၅)

စာရှုသူများသည် ဤ ရှေးဦးဖတ်ရန်ကို ဦးစွာဖတ်၍ ဆောင်ပုဒ်ကို စိတ်ဝယ်ထားကာ ဝေဒနာရှုပွားနည်းကို လေ့လာ၍ ရှုပွားပါမှ အမှန်ရောက်ပါမည်။ ယင်းသို့ အမှန်သို့ရောက်ခြင်းသည် မိမိ၏ ရည်မှန်းချက် ဖြစ်ပါသတည်း။

**ဓမ္မဒူတ–အရှင်ပညာဇောတ**
ဓမ္မဒူတတောရ
တောင်စွန်း၊ ဘီးလင်းမြို့နယ်
မွန်ပြည်နယ်
(၁၇–၁၁–၈၆)

# ဓမ္မဒူတ–အရှင်ပညာဇောတ
# ၏
# ထေရုပတ္တိ–အကျဉ်းချုပ်

**နေရပ်လိပ်စာ**

ဘွဲ့တော် – ဓမ္မဒူတ–အရှင်ပညာ ဇောတ။
အသက် – (၆၃)နှစ်၊ သိက္ခာ (၄၃)ဝါ။
သီတင်းသုံးရာဌာန – မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊
တောင်စွန်း ဓမ္မဒူတတောရ။

**ဖွားမြင်တော်မူခြင်း**

ဖွားမြင်ရာဌာန – ပဲခူးစုကျေးရွာ၊ လက်ပ်လှ ကျေးရွာ
အုပ်စု၊ ဟသာတမြို့နယ်၊ဧရာဝတီတိုင်း။
ခမည်းတော် – ဦးတွတ်
မယ်တော် – ဒေါ်ငွေတင်
ဖွားသက္ကရာဇ် – ၁၂၉၆ခုနှစ်၊ နတ်တော်လပြည့်ကျော်
(၁၄)ရက်၊ ကြာသပတေးနေ့၊ နံနက်
(၁၀:၁၅)နာရီ။

F - 2

စတုတ္ထအကြိမ်

မွေးချင်းအရေအတွက်– (၁) ဒေါ်သိန်း၊ (၂) အရှင်သုမိတ္တာဘိဝံသ၊ (၃) ဦးသန်းမောင်၊ (၄) ဦးသောင်း၊ (၅) ဦးလှထွန်း၊ (၆) ဓမ္မဒူတ–အရှင်ပညာဇောတ၊ (၇) ဒေါ်မြင့်၊ (၈) ဦးအုံးမောင် အားဖြင့်(၈)ယောက်တို့တွင် ဓမ္မဒူတ–အရှင်ပညာဇောတသည် (၆)ယောက်မြောက် ဖြစ်ပါသည်။

**ငယ်နာမည်** – မောင်ချစ်

## ရှင်ရဟန်းအဖြစ်သို့ရောက်ခြင်း

**ရှင်ဖြစ်ရာဌာန** – ဟသ်ာတ မြို့နယ်၊ ရေလဲကျေးရွာ စာသင်တိုက်။

**ခုနှစ်၊လ၊နေ့ရက်** – ၁၃၀၈ခုနှစ်၊ဝါဆိုလဆန်း(၈)ရက်နေ့။

**ဥပဇ္ဈာယ်ဆရာ** – အရှင်ဥတ္တမ၊ ရေလဲကျေးရွာ စာသင်တိုက်။

**ဒါယကာ** – ဦးတွတ်–ဒေါ်ငွေတင်၊ ပဲခူးစုကျေးရွာ၊ လက်ပံလှကျေးရွာအုပ်စု၊ ဟသ်ာတ မြို့နယ်။

**ရဟန်းဖြစ်ရာဌာန** – ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အောင်မင်္ဂလာသိမ္မိတိုက်၊ ဗဒ္ဓသိမ်။

**ခုနှစ်၊လ၊ရက်နေ့** - ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ နံနက် (၉း၁၅) နာရီ။

**ဥပဇ္ဈာယ်ဆရာ** - ဇေယျဝတီကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဥက္ကံသ မဟာထေရ်။

**ရဟန်းဒါယကာ** - ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ် ရွှေတောင်တန်း၊ သင်္ဂဟပွဲရုံ၊ ဦးစံ-ဒေါ်တင်။

**ရှင်ဘွဲ့တော်** - ရှင်ပညာဇောတ

**ရဟန်းဘွဲ့တော်** - အရှင်ပညာဇောတ

**စာပေပရိယတ္တိသင်ကြားတော်မူခြင်း**

**ကျောင်းသားဘဝ** - (၁၂)နှစ်သားမှ ကျောင်းနေ၍ မြန်မာစာ, သင်္ချာနှင့် (၁၅) စောင်တွဲမျှသင်ခဲ့သည်။ ရေလဲကျေးရွာ စာသင်တိုက် အရှင်ဥတ္တမ။

**ရှင်သာမဏေဘဝ** - ငယ်, လတ်, ကြီး အထိ သင်ယူခဲ့သည်။ ဆရာတော် အရှင်ဥတ္တမ (ရန်ကုန်)၊ နောင်တော် အရှင်သုမိတ္တာဘိဝံသ(ရန်ကုန်)၊ နောင်တော် အရှင်ဇနကာဘိဝံသ (အမရပူရ)တို့ ဖြစ်ပါသည်။

✱ ဓမ္မဒူတ အရှင်ပညာဇောတ

**ရဟန်းဘဝ** – ဓမ္မာစရိယနှင့် ဒီဃဘာဏက အောင်သည်အထိ သင်ယူခဲ့သည်။ ခေတ်ပညာများကို သံဃာ့တက္ကသိုလ်၌ (၃) နှစ်သင်ယူခဲ့သည်။ အရှင်ကောဝါဒါဘိဝံသ(မန္တလေး),အရှင်နာရဒါဘိဝံသ(မန္တလေး)၊ အရှင်သေဋ္ဌိလ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဦးလှမောင်၊ ဦးဖေအောင်, ဦးစဝ်ထွန်းမှတ်ဝင်းတို့ ဖြစ်ပါသည်။

**ပဋိပတ္တိကျင့်ခြင်း** – ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေဥမင်တောရ အရှင်ကောသလ္လမဟာထေရ်အထံ၌ (၄)ဝါ တိုင်တိုင် သင်ကျင့်ခဲ့သည်။

**တရားဟောနှင့်ကျမ်းပြု** – အရှင် ဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အမရပူရ၊ အရှင်ဝိစိတ္တာသာရာဘိဝံသ(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)၊ ပဋ္ဌာန်းဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)မိုးကုတ်ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)၊ စာရေးဆရာကြီး ဦးသော်

ဇင်တို့ အထံ၌ တရားဟော၊ တရားပြ နှင့် ကျမ်းပြုအတတ်ကို သင်ယူခဲ့ သည်။

**အောင်မြင်ခဲ့သော– စာမေးပွဲများ** အစိုးရ စာချတန်း၌ မြန်မာဂုဏ်ထူး နှင့် အောင်ခဲ့၍ 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့' တံဆိပ်၊ တိပိဋကဓရ ရွေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမ လွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်ခဲ့၍ 'ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက' ဘွဲ့တံဆိပ်နှင့် စေတိယင်္ဂဏ စာမေး ပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမ လွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်ခဲ့၍ 'အဘိသိရီပဝရ သာသနာလင်္ကာရ ဒီဃနိကာယဓရ' ဘွဲ့တံဆိပ်များ ရရှိခဲ့ပါသည်။

## စာပေကျမ်းဂန်ပို့ချသင်ကြားပေးခြင်း

တောင်စွန်း ဓမ္မဒူတတောရ၌ ရှင်ရဟန်း (၁၀၀)ကျော်၊ မဏိဇေယျ သီလရှင်စာသင်တိုက်၌ သီလရှင် (၅၀)ကျော်တို့ကို မူလ, ငယ်, လတ်, ကြီး, စာချတန်းတို့ကို သင်ကြားပို့ချလျက် ရှိပါသည်။

စတုတ္ထအကြိမ်

## တည်ထောင်ခဲ့သော စာသင်တိုက်များ

(၁) ဓမ္မဒူတဇောတာရ စာသင်တိုက်၊ တောင်ငူစွန်း
(ရှင်ရဟန်း ၁၃၀ ကျော်ရှိ)

(၂) မဏိဇေယျ သီလရှင်စာသင်တိုက်၊ တောင်ငူစွန်း
(သီလရှင် ၆၀ ကျော်ရှိ)

(၃) ဓမ္မဒီပရိပ်သာ၊ အင်းရဲ၊ ကျုံပျော်
(ရှင်ရဟန်း၊ သီလရှင် ၃၀ကျော်)

(၄) ဓမ္မဒူတကျောင်းတိုက်၊ မုဒုံမြို့
(ရှင်ရဟန်း ၂၀ ကျော်ရှိ)

(၅) ဓမ္မဒူတရိပ်သာ၊ သထုံ
(တစ်နှစ်လျှင် နှစ်ကြိမ် တရားစခန်းဖွင့်စာသင်)

(၆) ဓမ္မဒူတကျောင်းတိုက်၊ ဆီဆုံရပ်၊ မုတ္တမမြို့။

(၇) ဓမ္မဒူတ၊ ရွှေညောင်ပင်ရိပ်သာ၊ ဇရစ်ရိုးကျေးရွာ၊ ကျုံပျော်မြို့။

(၈) ဓမ္မဒူတ၊ အောင်မင်္ဂလာရွှေကျင်ကျောင်း၊ နိုင်းပြင်ရွာ၊ မုဒုံမြို့။

(၉) ဓမ္မဒူတ၊ အောင်မြေသုခကျောင်း၊ ဟသ်ာတမြို့။

## ရေးသားပြုစုသောကျမ်းစာများ

| | | |
|---|---|---|
| (၁) | ဒါနဝတ္ထု | ၃–ကြိမ်ရိုက်ဆဲ |
| (၂) | သီလဝတ္ထု | ၃–ကြိမ်ရိုက်ဆဲ |
| (၃) | ဗုဒ္ဓဓမ္မပြဿနာများ(၁) | ၃–ကြိမ်ရိုက်ဆဲ |
| (၄) | ဘာဝနာဝတ္ထု | ၃–ကြိမ်ရိုက်ပြီး |
| (၅) | ဒေါသဖြေဖျောက်နည်း | ၂–ကြိမ်ရိုက်ပြီး |
| (၆) | ဗုဒ္ဓဓမ္မပြဿနာများ(၂) | ၂–ကြိမ်ရိုက်ဆဲ |
| (၇) | ဗုဒ္ဓ၏သက်သတ်လွတ် | ၂–ကြိမ်ရိုက်ဆဲ |
| (၈) | ဗုဒ္ဓဓမ္မပြဿနာများ(၃) | ၂–ကြိမ်ရိုက်ဆဲ |
| (၉) | ရှင်လောင်းသင်ရှင်ကျင့်ဝတ် | ၂–ကြိမ်ရိုက်ဆဲ |
| (၁၀) | ဗုဒ္ဓဓမ္မပြဿနာများ(၄) | ၂–ကြိမ်ရိုက်ဆဲ |
| (၁၁) | အယူဝါဒရှင်းတမ်း | ၂–ကြိမ်ရိုက်ဆဲ |
| (၁၂) | ဗုဒ္ဓဓမ္မပြဿနာများ(၅) | ၂–ကြိမ်ရိုက်ဆဲ |
| (၁၃) | ဗုဒ္ဓဓမ္မပြဿနာများ(၆) | ၂–ကြိမ်ရိုက်ဆဲ |
| (၁၄) | ငြင်းခုံပွဲမှ အမြတ် | ၂–ကြိမ်ရိုက်ဆဲ |
| (၁၅) | မွေးမေ့မေတ္တာ | ၂–ကြိမ်ရိုက်ပြီး |
| (၁၆) | ဗုဒ္ဓဓမ္မပြဿနာများ(၇) | ၂–ကြိမ်ရိုက်ဆဲ |
| (၁၇) | အလှူခံတစ်ကျိပ်လေး | ၂–ကြိမ်ရိုက်ဆဲ |
| (၁၈) | ဗုဒ္ဓဓမ္မပြဿနာများ(၈) | ၂–ကြိမ်ရိုက်ဆဲ |

(၁၉) ဓမ္မာနုပဿနာသတိပဋ္ဌာန်ရှုပွားနည်း ၄–ကြိမ်ရိုက်ဆဲ
(၂၀) ဝေဒနာရှုပွားနည်း ၃–ကြိမ်ရိုက်ပြီး
(၂၁) မီးကျီးတွင်းမှ ပွင့်သောကြာ ၂–ကြိမ်ရိုက်ပြီး
(၂၂) ဓမ္မအန္တရာယ်ကာကွယ်ရေး ၂–ကြိမ်ရိုက်ဆဲ
(၂၃) ဗုဒ္ဓဓမ္မပြဿနာများ(၉) ၂–ကြိမ်ရိုက်ဆဲ
(၂၄) သာသနာ့လမ်းစဉ် ၂–ကြိမ်ရိုက်ပြီး
(၂၅) မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် ၂–ကြိမ်ရိုက်ပြီး
(၂၆) အလှူသင်တန်း ၂–ကြိမ်ရိုက်ဆဲ
(၂၇) အမှောင်နှင့်အလင်း ၂–ကြိမ်ရိုက်ပြီး
(၂၈) မျှတမှ တရားရ ၂–ကြိမ်ရိုက်ဆဲ
(၂၉) အနေကဇာတင်နည်း(၇)နည်း ၁–ကြိမ်ရိုက်ပြီး
(၃၀) ဓာရဏာပရိတ်နှင့်ဘုရားရှိခိုးများ ၁–ကြိမ်ရိုက်ပြီး
(၃၁) သက်ရှင်ဆွမ်းကျွေးတရားတော် ၂–ကြိမ်ရိုက်ပြီး
(၃၂) ဗုဒ္ဓဓမ္မပြဿနာများ(၁၀) ၁–ကြိမ်ရိုက်ပြီး
(၃၃) ဓာရဏာပရိတ်နှင့် ပါဠိဖတ်နည်း
ပုံသေနည်း ၁–ကြိမ်ရိုက်ပြီး
(၃၄) ဝိဇ္ဇာနှင့် စရဏ ၂–ကြိမ်ရိုက်ဆဲ
(၃၅) မဲ့သေ ပြုံးသေ ၁–ကြိမ်ရိုက်ပြီး
(၃၆) သောကငြိမ်းသတ် တရားမြတ် ၁–ကြိမ်ရိုက်ပြီး

စတုတ္ထအကြိမ်

(၃၇) သက်သတ်လွတ်ဆောင်းပါးများ ၁–ကြိမ်ရိုက်ဆဲ
(၃၈) ဒဏ်ဆယ်ပါး ၁–ကြိမ်ရိုက်ဆဲ
(၃၉) ဗုဒ္ဓမမ္မပြဿနာများ (၁၁) ၁–ကြိမ်ရိုက်ပြီး
(၄၀) အာဠဝကချွတ်ခန်း ၁–ကြိမ်ရိုက်ဆဲ
(၄၁) ဓမ္မဒူတဆရာတော်ကြီး၏
အဆုံးအမများ ၁–ကြိမ်ရိုက်ပြီး
(၄၂) ဝိပဿနာဆိုတာဘာလဲ ၁–ကြိမ်ရိုက်ပြီး
(၄၃) လက်ရွေးစင်ဆောင်းပါးပေါင်းချုပ် ၁–ကြိမ်ရိုက်ပြီး

တို့ ဖြစ်ပါသည်။

## သာသနာရေး အားပေးဆောင်ရွက်ခဲ့ခြင်း

**သာသနာရေးဆိုင်ရာအဖွဲ့များ၌–** ဘီးလင်းမြို့နယ်၊ ရွှေကျင်နိကာယသံဃနာယက အဖွဲ့ဥက္ကဋ္ဌအဖြစ် (၁၀)နှစ်၊ သမ္မုတိရသံဃကိုယ်စားလှယ်၊ ရွှေကျင်နိကာယ ပြည်နယ် သံဃနာယကအဖွဲ့ဝင်၊ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက။

**သာသနာပြုခဲ့သောလုပ်ငန်းများ–** ဓမ္မဒူတတောရ ကျောင်းတိုက်၌ ဝါတွင်းကာလ ပရိယတ္တိစာပေ ပို့ချခြင်း၊ တစ်နှစ်ပတ်လုံး ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် (၁၀)ရက်၊ (၇)ရက်စခန်း စသည်စခန်းပေါင်း (၇၀)ကျော်တို့တွင် တရားဟော တရားပြ လျက်ရှိပြီး ဘုရားပွဲ၊ စာပြန်ပွဲ၊ အလှူပွဲများတွင်လည်း တရားဟောကြားပေးခဲ့ပါသည်။

**အခြားရရှိခဲ့သော ဘွဲ့တံဆိပ်များ–** ၁၉၉၃ ခုနှစ်၊ လွတ်လပ်ရေးနေ့၌ နိုင်ငံတော်မှ 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ ၁၉၉၈ခုနှစ်၌ သထုံမြို့၊ သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲအသင်းကြီးမှ 'ပိဋကတ္တယ ပါရဂူ' ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ 'အဂ္ဂမဟာဓမ္မကထိက' ဘွဲ့တံဆိပ်ကို လည်းကောင်း ဆက်ကပ်ခံရပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသော ဂုဏ်ရည်များ

**ထူးခြားသောဆောင်ရွက်ချက်–** စာချခြင်း၊ တရားဟောခြင်း၊ တရားပြခြင်းကိစ္စများ ပြီးလျှင်ပြီးချင်း အားချိန်နားချိန် သီးခြားမထားဘဲ ကျမ်းစာကြည့်ရှုခြင်း၊ ကျမ်းစာရေးသားခြင်း၊ ဆောင်းပါးများရေးသားခြင်းဖြင့် အချိန်ကို ကုန်လွန်စေပါသည်။

ဆရာတော်သည် စာရေး၊ စာချ၊ တရားဟော၊ တရားပြ သာသနာ့အလုပ်တစ်ခုမှ အလုပ်တစ်ခုကို ပြောင်းလဲလုပ်ကိုင်နေရင်းဖြင့်သာ အနားယူလေ့ ရှိပါသည်။

## ထူးခြားသော မိန့်မှာချက်များ

'သာသနာတော်မှာနေတဲ့ သာသနာ့ဝန်ထမ်း ဆိုတာ အမြဲတမ်း ဝန်ထမ်းနေရမယ်။ ဝန်ပေါ့နေလို့ မဖြစ်ဘူး။ သာသနာ့တာဝန်ဆိုတာ သင်တာ ကျင့်တာပဲ၊ သင်ယူရင်း ကျင့်ရမယ်၊ ကျင့်ရင်းလဲ သင်ယူရမယ်၊ မသင်၊ မကျင့်လျှင် သာသနာ့ဝန်ထမ်း မဟုတ်ဘူး။ သာသနာတော်နှင့် မထိုက်တန်ဘူး။

မိမိတို့အတွက် သင်ပြီး ကျင့်ပြီးလျှင် အများအတွက် သာသနာအတွက် သာသနာပြုရမယ်။ တစ်ကိုယ်ကောင်း ကြောင့်ကြမဲ့ မနေရဘူး။ ဗုဒ္ဓဘုရားရှင်သည်ပင် ပရိနိဗ္ဗာန် ဝင်စံသည့်တိုင်အောင် သတ္တဝါများအတွက် အကျိုးဆောင်သွားသလို မိမိတို့လဲ သေသည့်တိုင်အောင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြပါ' ဟု မိန့်ကြားလေ့ရှိပါသည်။

## တစ်ဘဝ၊ တစ်ခန္ဓာ ချုပ်ငြိမ်းတော်မူခြင်း

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ဓမ္မဒေသနာခရီး ကြွချီနေစဉ် ၁၃၅၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်-(၁၀) ရက်၊ (၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်) တနင်္လာနေ့၊ နံနက် (၁) နာရီ (၃၃) မိနစ်အချိန်၌ ရန်ကုန်မြို့တွင် တစ်ဘဝ တစ်ခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

●

# ပထမအကြိမ် ရှုမြင်ချက်

ဟင်္သာတမြို့
ရတနာဗိမာန်ကျောင်းတိုက်
နိုင်ငံတော်သံဃမဟာနာယက

## ဆရာတော် ဦးလာဘ၏ ရှုမြင်ချက်

နေ့စွဲ၊ ၁၃၄၅–ခု၊ နယုန်လဆန်း(၁)ရက်

ဓမ္မဒူတ–အရှင်ပညာဇောတက သူ၏ ဆယ်ရက်စခန်း အလုပ်ပေး တရားပွဲတို့၌ ဟောပြော ပြသထားသော ဝေဒနာ ရှုပွားနည်း စာမူကြမ်းကို ပိဋကတ်နှင့် ဆန့်ကျင်သည့် အချက် အလက်များ တွေ့မြင်ပါက ပုဂ္ဂိုလ်ကို မငဲ့ကွက်ဘဲ ဓမ္မဓိဋ္ဌာန် ကျကျ ကြည့်ရှုဝေဖန်ပေးပါရန် ပေးပို့လာသဖြင့် အချိန်ယူကာ ကြည့်ရှုရပါသည်။

ထိုသို့ ကြည့်ရှုမိရာ စာအုပ် နိဒါန်းပါ စကားရပ်တို့တွင် ပရိယတ်သင်ယူမှုပြုကြရာ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း၊ တစ်ကျောင်း နှင့်တစ်ကျောင်း၊ ဆရာတစ်ဦးနှင့်တစ်ဦး သင်ယူမှုမှ ကွဲပြားကြ သော်လည်း ပဋိပတ်ဆိုင်ရာ အားထုတ်ပွားများမှု ပြုလုပ်ကြရာ မှာတော့ တစ်ဌာနနှင့် တစ်ဌာန၊ ဆရာတစ်ဦးနှင့်တစ်ဦး မညီ မမျှ ကွဲပြား ခြားနားမှု ရှိနေကြသည်ကို တွေ့မြင် သိရှိနေရ သဖြင့် အခြေခံ ပရိယတ် သင်ယူမှုမျိုး၌ပင် ကွဲပြား ခြားနား ချက်မရှိပါဘဲ ညီညွတ်မှုရှိသေးလျှင် ကျင့်ကြံပွားများအားထုတ်မှု

ဆိုင်ရာ ပဋိပတ် နယ်မျိုး၌ ပို၍ပင် မကွဲမပြား တစ်သားတည်း ညီညွတ်ကြစေလိုသည့် မေတ္တာ စေတနာတို့ကို အရင်းခံထားပြီး ဟောပြော ပြသ ရေးသားထားသည်ကို တွေ့မြင် ဖတ်ရှုရ ပါသည်။

မှန်ပါသည်။ ဘုရားဟော ပိဋကတ်တော်တို့ကို အခြေခံ ပြုပြီးမှ ကျင့်ကြံ ပွားများအားထုတ်ရမှု ပဋိပတ်အလုပ်ကို ပြုလုပ် ကြရာ သူတစ်မျိုး ငါတစ်ဖုံဖြင့် ပိဋကတ်နှင့် ဆန့်ကျင်သည့် နည်းမျိုးစုံကို မထွင်သင့်ဟု သဘောရပေသည်။

ယင်း ဝေဒနာရှုပွားနည်းစာမူကြမ်း၌ ကာယာနုပဿနာနှင့် ဝေဒနာနုပဿနာတို့ကို ရှုပွားကြရာတွင် ရုပ်၏ သဘောတရား ကို ဝေဒနာ၏ သဘောတရားအဖြစ်ဖြင့် ရှုပွားနေကြ၍ ယောဂီ ပုဂ္ဂိုလ် များများမှာ အချိန်ကုန် လူပန်းပြီး တရားမတက် တရား မတွေ့နိုင် ဖြစ်နေကြသည်ကို တွေ့မြင် ကြားသိနေရသဖြင့် ရုပ်သဘော တရားနှင့် ဝေဒနာ သဘောတရား နှစ်ပါးတို့၏ ခြားနားပုံတို့ကို တိတိကျကျ ပိဋကတ်တော်နှင့် နှိုင်းဆလျက် ဟောပြော ရေးသားထားသော တရားတော်ဖြစ်၍ ပဋိပတ် အလုပ် အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့အား အကျိုး တရား တိုးပွားနိုင်မည့် ကျမ်းစာကောင်းတစ်အုပ်ကို ဆရာတစ်ဆူ အနေ လက်ကိုင်ပြုကာ လေ့လာဖတ်ရှုသင့်ကြပေသတည်း။

ဟသ်ာတမြို့၊တာလေးရပ်<br>ရတနာဗိမာန်ကျောင်းတိုက်<br>နိုင်ငံတော်သံဃမဟာနာယက<br>ဘဒ္ဒန္တ ဦးလာဘ(၁၂-၆-၈၃)

ရန်ကုန်မြို့၊ ကျည်တော်ရပ်
တောင်ညွန့်၊ ရွှေကျင်ကျောင်းတိုက်
(အဂ္ဂမဟာပဏ္ဍိတ)

## အရှင်ဝါသေဋ္ဌာဘိဝံသ၏ ရှုမြင်ချက်

အလေးထား၍ ရေးသားလိုက်ပါသည်။ ဓမ္မဒူတ-အရှင်ပညာဇောတ၏ ဝေဒနာရှုပွားနည်း စာမူကို ရရှိထားသည်မှာ အတော်ကြာသွားပါပြီ။ စာမူရပြီး ခရီးထွက်ခဲ့၍ စာမူမှာ မကြာသင့်ဘဲ အတော်ကြာသွားပါသည်။

စာမူကို ကြည့်သော်အခါလည်း ပြင်ဆင်ဖွယ်ရာ အချက်ဟု အထူး မတွေ့ပါ။

ဤအရာ၌ ဝိသုဒ္ဓိမဂ် အဆိုအမိန့်တစ်ချက်ကို ဆိုချင်ပါ၏။ ကိလေသာ အညစ်အကြေး ကင်းဝေးစင်ကြယ်ရာ နိဗ္ဗာန်တည်းဟူသော ဝိသုဒ္ဓိကို လိုချင်တောင့်တသော ယောဂီတို့ပင် ဖြစ်စေကာမူ နိဗ္ဗာန်လမ်းကို အမှန်အတိုင်း မသိကြသော် ဘယ်မျှကြိုးစားစေကာမူ မိမိတို့ လိုလားသော နိဗ္ဗာန် ဝိသုဒ္ဓိကို မရဘဲရှိကြပါတော့သည်။

ဤအဆိုအရဆိုလျှင် နိဗ္ဗာန်ရဖို့ဟူသော ရည်ရွယ်ချက်ထားကြိုးစားသော ယောဂီအဖို့ နည်းမှန်လမ်းမှန်ကား အဘယ်မျှအရေးကြီးကြောင်း သိရှိနိုင်ပေသည်။

ဓမ္မဒူတ-အရှင်ပညာဇောတ၏ ဝေဒနာ ရှုပွားနည်းမှာ ယောဂီတို့အား ကိုယ်တွေ့စမ်းသပ်ပြီး၍ တိုးတက်အောင်မြင်မှု

ရှိခဲ့သောနည်းဟု သိရသည်ဖြစ်ရာ ဟုတ်မဟုတ် ကိုယ်တွေ့သိရန် ကြည့်ရှုလေ့လာ အားထုတ်ကြည့်သင့်သည်ဟု ယူဆမိပါတော့သည်။

**အရှင်ဝါသေဋ္ဌာဘိဝံသ**

၄၅–တော်သလင်းလဆန်း(၄)ရက်

✡

ဟသ်ာတမြို့
အတွင်းပတ္တမြားကျောင်း
မြို့နယ်ဝိနည်းမှုရုံ၊ စာချဆရာတော်

**အရှင်အရိယဝံသ၏ ရှုမြင်ချက်**

ဓမ္မဒူတ–အရှင်ပညာဇောတ ဟူသည့် အမည်နှင့် သဘော၊ ဝါ–ဂုဏ်နှင့်ဒြပ် လိုက်လျော စပ်ဟပ်နိုင်လိုက်ပါဘိခြင်း။

အကြောင်းသော်ကား ပိဋကတ်ကလေး ဉာဏ်မှာသာ အတွေးသန် အရေးသန်ခဲ့သော မိမိအတွက် သူ၏ ဝေဒနာ ရှုပွားနည်း စာမူကြမ်းကို မြည်းစမ်းစေချင်သည့် သဘောကြောင့်ထင့်။

အများကိုလည်း မညှာမတာ ပြင်ပါ၊ သတ်ပုံသတ်ညွှန်းကိုလည်း ကြည့်ပေးပါဟု အဓိက အကြောင်းနှစ်ချက်ဖြင့် အပ်နှံခံခဲ့ရပါသည်။ ဤမျှလောက်များပြားသည့် စာမူကို ကိစ္စထွေရာများခြင်း၊ ငယ်စဉ်ကကဲ့သို့ မျက်စိ အားမကောင်းလှခြင်း စသည်တို့ကြောင့် ပြီးစီးအောင် ကြည့်ရှုနိုင်ဖို့ကား ဝန်လေးနေမိ၏။

သို့ရာတွင် ဆယ်ရက်စခန်း ကာလ၏ (၃)ရက်ခန့် အချိန်အတွင်းမှာ ပြီးပြတ်အောင် ဆောင်ရွက်ပါဟု မနေသာအောင် လက်တွင်းသို့ ထည့်လိုက်သဖြင့် မရှောင်သာတော့ဘဲ တစ်စတစ်စ ကြည့်ခဲ့ရာ လက်ကချ၍မရနိုင်လောက်အောင် ဆွဲဆောင်မှု ခံရတော့၏၊ ဝါ–အာရမ္မဏာ ဓိပတိ ပစ္စည်းတပ်ခံရတော့၏။

မရောက်ဖူးသော မြို့ရွာနှင့် မမြင်ဖူးသော အာရုံများကို တွေ့နေသကဲ့သို့ ငေးစိုက်နေမိ၏။ ငေးစိုက်ဆိုသဖြင့် လုံးဝ ရပ်တန့်နေခြင်းမဟုတ်။ နက်နဲသေချာစွာ စဉ်းစားလိုက်၊ ရှေ့နား တိုးကြည့်လိုက်နှင့် ခရီးမတွင်ကျယ်နိုင် ရှိရ၏။

ဆိုလိုရင်းကား ကြည့်ဆန့်ကာမျှ မဟုတ်။ အလေးအနက် စိတ်ပါဝင်စားစွာ ကြည့်ရှုသည်ဟု ဆိုလိုပါသည်။ တာဝန်ပေး ခံရ၍လည်း ပေါ့ပေါ့ဆဆကြည့်၍ မဖြစ်။ နှစ်နှစ် နှောနှော စောစော ကြောကြော ကြည့်ရ၏။ အစမှ အဆုံးတိုင်အောင် မကျော်လွှားဘဲ ကြည့်ရ၏။

**ကြည့်တော့ ဘာတွေ့**။ ။ပြင်ဆင်စရာကတော့ အထူးရယ်လို့ တွေ့သည်မဟုတ်။ ခေတ်ရေစီးကြောင်း ပြောင်းလဲမှုအရ ဂဏန်း သင်္ချာ သတ်ပုံ၌ 'စ'သတ်ကလေးများ အပြင်ရများ၏။ ဒါဟာလဲ ပုဂ္ဂိုလ်တိုင်းပင် ရေးနေကျဖြစ်နေသဖြင့် လက်လိုက် ယောင်မှားမှုသာ ဖြစ်၏။ ဒါပေမယ့် အဲဒါကလဲ တစ်လုံး (၁၀)ပြားတဲ့။ တစ်လုံး ဆယ်ပြားနှုန်းဖြင့်သာဆိုလျှင် နှစ်ဆယ်ကျော် အစိတ်ဖိုးလောက်တော့ သက်သာဖွယ် ရှိ၏။

သူ၏ စာမူကြမ်းကို ကြည့်ရှုခွင့်ရသဖြင့် မိမိ၌ ပဏ္ဍိတ သေဝန မင်္ဂလာ ပြည့်စုံမှုကိုရပါ၏။ ယင်းသေဝနကြောင့် ဟေဝိ

ပဿိက ဂုဏ်နှင့် ပြည့်စုံသော သန္နိဋ္ဌိက စာမူအတွက် အကာ-လိက ဩပါနေယျိက ကျေးဇူးများကို ခံစားရသဖြင့် ဓမ္မဒူတ-အရှင်ပညာဇောတ ဟူသည် အမည်နှင့် သဘော၊ ဝါ-ဂုဏ်နှင့်ဒြပ် လိုက်လျော စပ်ဟပ်နိုင်လိုက်ပါဘိခြင်းဟု ရှေးဦးစွာ မြည်ကျူးမိခြင်း ဖြစ်၏။

မှန်၏။ ရာဇဒူတ=အစိုးရတမန်။ ဒေဝဒူတ=နတ်တို့၏ တမန်ဟူရာ၌ တမန်ဟူသည် ဆိုင်ရာကိစ္စများကို လေးနက်ပြည့်စုံအောင် ဆောင်ရွက်သကဲ့သို့ 'ဓမ္မဒူတ'ကလည်း သာသနာအတွက် လိုအပ်သော ကိစ္စများကို ရဲတင်းဝံ့စားစွာ တော်လှန်ထွင်းဖောက်လျက်။

**ဝေဒနာဆိုတာ။** ။ကုန်အောင်လုပ်လို့မရဘူး၊
ကုန်တဲ့အရာမျိုး မဟုတ်ဘူး၊
ဖြစ်တူ၊ ချုပ်တူ၊ အာရုံတူ၊ ဝတ္ထုတူ
ဖြစ်လိုစိတ် မကုန်သမျှ ဘယ်လိုမှ မကုန်နိုင်ဘူး။

အဲဒီလို ကုန်အောင် လုပ်တယ်ဆိုတာ လမ်းမမှန်ဘူး၊ မိစ္ဆာအယူ ဖြစ်တယ်။

ဥပမာ ခါးနာတယ်ဆိုပါစို့။ ဒါ-ခါးညောင်းတယ်ဆိုပါစို့။ ခါးဆိုတာက တကယ်ရှိတာ မဟုတ်ဘူး။ သတ်မှတ်ချက် ပညတ်ပဲ။ ပရမတ် မဟုတ်ဘူး။ အဲဒီ သတ်မှတ်မှုကြောင့် ခါးဆိုတာ ရုပ်ပဲ၊ နာကျင်မှုက ရုပ်ဆိုတဲ့ အာရုံ၏ အရသာပဲ။ ဝေဒနာက အဲဒီရုပ်အာရုံ နာကျင်မှုအရသာကို ခံစားတယ်။ စိတ်က သိတယ် စသည်ဖြင့် ပဋိပတ်နှင့် ဤမျှဝေးခြား

အလှမ်းကွာနေသော မိမိအတွက် တရားတော်၏ ဓမ္မဒူတ တမန် အနေဖြင့် ရှုမှု ပွားမှုတို့ကို နေရာတကျ ညွှန်ပြလျက် ရှိနေပါ၏။

ဃဋိကာရဗြဟ္မာကြီး၏အလောင်းက ဘုရားလောင်း ဇောတိပါလ ပုဏ္ဏားကြီး၏ ခါးပုံစကို (အချို့ကသျှောင်ထုံးဟု ဆို၏။) အတင်းဆွဲ၍ ဘုရားထံပို့သဖြင့် ဇောတိပါလ ဘုရားမှန် တရားမှန် သိသကဲ့သို့လည်းကောင်း၊ တောရွာကျောင်းနေ မိတ်ဆွေ ရဟန်းတော်နှစ်ပါးရှိရာက တစ်ပါးက နွားမ မွေးရာတွင် တစ်ပါးက အပြင်းအထန် ကန့်ကွက်သည်ကို လက်မခံဘဲ သူ့ ဝါသနာ အတိုင်း မွေးရာ တစ်နေ့သောအခါ နို့ညစ်ချိန်၌ နွားမကြီးက အညှစ်မခံဘဲ ရုန်းကန်နေသဖြင့် "ကိုယ်တော်၊ ကိုယ်တော် ချုပ်ကိုင်ပါဦး" ဆိုသဖြင့် ကန့်ကွက်ခဲ့သော ရဟန်းတော်မှာ မနေနိုင်တော့ဘဲ ချုပ်ကိုင်ပေးရသကဲ့သို့လည်းကောင်း၊ (ဝါ) နွားနို့ အရသာကို သောက်မျို သုံးဆောင်ရသကဲ့သို့လည်းကောင်း။

အတင်းကြည့်ခိုင်း၍ ဝေဒနာ ရှုပွားနည်း စာမူကြမ်းကို အစအဆုံးကြည့်ရှုရာ စာအုပ်ပါ သဘော အဓိပ္ပာယ်တို့ကို ကုန်စင် ကျနသိခွင့်ရသဖြင့် ဝေဒနာရှုပွားနည်း လမ်းစကိုကား တွေ့လေပြီ။ ရှုပွားရန် ဝီရိယ၊ သတိ၊ ပညာသာ လိုတော့ပြီ။ (ဝါ) ထိုလမ်းအတိုင်း လျှောက်၍ လိုက်ရန်သာ လိုတော့သည်။ ကျမ်းပြု အရှင်၏ အာသီသကား ထိုလမ်းဆုံးလျှင် ရွာကိုတွေ့ပါလိမ့်မည်ဟူသော အဓိပ္ပာယ်ကို ရည်ရွယ် ညွှန်ပြလျက် ရှိပါ၏။

စတုတ္ထအကြိမ်

**အကြောင်းကား။** ။ဇဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော ရူပသ္မိံပိ ဝေဒနာယပိ သညာယပိ သင်္ခါရေသုပိ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ(လ) နာပရံ ဣတ္ထတ္တာယာတိပဟု ဟောတော် မူထားခြင်းကြောင့်ပါတည်း။

(အနတ္တလက္ခဏာသုတ်ချုံးဆိုချက်)
**ဦးအရိယဝံသ**
ဟင်္သာတမြို့၊ အတွင်းပတ္တမြားကျောင်း
မြို့နယ်ဝိနည်းဓိုရ်၊ စာချဆရာတော်

✡

မွန်ပြည်နယ် မော်လမြိုင်မြို့
ရွှေပရိယတ္တိ စာသင်တိုက်
နိုင်ငံတော်သံဃမဟာနာယက

**ရွှေဆရာတော်၏ ရှုမြင်ချက်**

နေ့စွဲ၊ ၁၃၄၅-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၇)ရက်
(၃၀-၈-၈၃)

ဤစာသည် ပေဖန်စာ မဟုတ်၊ အမှာစာ မဟုတ်။ ရှုမြင်ချက်မျှသာ ဖြစ်သည်ဟု မှတ်ယူစေလိုသည်။

ဓမ္မဒူတ-အရှင်ပညာဇောတ ထံမှ "ဝေဒနာ ရှုပွားနည်း" (မူကြမ်း)ကို ပေးပို့ရာတွင် ပရိယတ်နည်း ပဋိပတ်နည်းတို့နှင့် မညီဘဲ လွဲမှားနေသည်ကို မြင်ပါလျှင် အားမနာတမ်း ထောက်ပြ

ပါဟု လျှောက်ထားချက်လည်း ပူးတွဲပါလာသည်။ ဤသည် ထူးခြားချက်တစ်ရပ် ဖြစ်သည်။

ရေးလိုချက်က တစ်မျိုး၊ ရေးသားချက်စာသား၏အဓိပ္ပာယ် ထွက်က တစ်ဖုံ ဖြစ်တတ်သည်။ ယင်းသို့ ဖြစ်သည်ကို ပမာဒလေခ (သတိလွှတ် ရေးသားချက်)ဟု ပညာရှင်များက နှလုံးသွင်းကြသည်။ ထောက်ပြကြသည်။ အပြစ်ဆိုချက်ကား မဟုတ်ပါချေ။ ထို့အတူ ပြောလိုချက်ကတစ်မျိုး၊ နှုတ်မှ ထွက်သည့် စကား၏ အဓိပ္ပာယ်က တစ်ဖုံ ဖြစ်နေတတ်သည်လည်း ရှိမြဲဓမ္မတာ ဖြစ်သည်။ ယင်းကို ပမာဒဝစန (သတိလွှတ် ဟောပြောချက်)ဟု ပညာရှင်များက နှလုံးသွင်းကြသည်။ ထောက်ပြကြသည်။ အပြစ်ဆိုချက်ကား မဟုတ်ပါချေ။ ချွတ်ယွင်းချက်ကို ထောက်ပြခြင်းနှင့် အပြစ်ဆိုခြင်းတို့သည် မတူကြပေ။

စာအုပ်ရေးသူ၊ တရားဟောသူ အချို့တို့သည် အထက်ပါ သဘောမှန်သို့ မလိုက်ကြချေ။ ထောက်ခံချက်ကိုသာ ရရှိလိုကြသည်။ နှစ်ခြိုက်ကြလေသည်။ အလွဲအချော် မသင့် မလျော်သည်ကို ထောက်ပြချက်တို့ကြောင့် အောင့်သက်သက် ဖြစ်ကြသည်။ နှစ်သက်မှု မဖြစ်ကြပေ။

ဓမ္မဒူတ–အရှင်ပညာဇောတ၏ ဟောပြောချက်တွင် ယင်းမှားချက် အနည်းငယ်အတွက် ထောက်ပြချက်ကို ယခင်က ပေးပို့ခဲ့သည်။ အလွန်အားရ ဝမ်းသာ ကျေနပ် ကျေးဇူးတင်ပါသည်ဟု ဤစာရေးသူ၏ တပည့်တို့အား ပြောကြားသံကို

ပြန်ကြား သိခဲ့ရသည်။ ဤသည်လည်း အရှင်ပညာဇောတ၏ ထူးခြားချက်တစ်ရပ် ဖြစ်သည်။ သတ္တိ (ခေါ်) စွမ်းရည်မွန် တစ်ရပ်လည်း ဖြစ်သည်။

**မြတ်ဗုဒ္ဓ၏ မိန့်ခွန်းတော်။** ။(က) အသန္ဒိဋ္ဌိပရာမာသီ၊ (ခ) အနာဓာနဂ္ဂါဟိ၊ (ဂ) သုပ္ပဋိနိဿဂ္ဂီ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။ (မ၊ ၁၊ သလ္လေခသုတ်ပါဠိတော်)

(က) ငါ့အယူသည်သာလျှင် အမှန်ဟု အယူမာန်စွဲ အလွဲမှ ကင်းရှင်းသူ။

(ခ) အယူလွဲကို လိပ်ခဲတည်းလည်း ယူစွဲခြင်းမှ ကင်းရှင်းသူ။

(ဂ) အယူသီးခြင်းမှ ကင်းရှင်းသူ ဖြစ်ကြကုန်အံ့ဟု သလ္လေခ အကျင့်ကောင်းကို ပြုကျင့်အပ်၏။

ဓမ္မဒူတ–အရှင်ပညာဇောတသည် မြတ်ဗုဒ္ဓ၏ အထက်ပါ မိန့်ခွန်းတော်ကို လေးစားလိုက်နာ ပြုကျင့်သူ ဖြစ်၍ သတ္တိ (ခေါ်) စွမ်းရည်မွန် ရှိသူ ဖြစ်သည်ဟု ကောင်းစွာ သိထားပြီး ဖြစ်သည်။

ထိုအချက်ကောင်း သုံးရပ်ကြောင့် အရှင်ပညာဇောတ၏ 'ဝေဒနာ ရှုပွားနည်း'ကို အကြမ်းတစ်ကြိမ်၊ အနုစိတ် နှစ်ကြိမ် ကြည့်ရှုသုံးသပ်သည်။ ပရိယတ်နည်း ပဋိပတ်နည်းတို့နှင့် မညီ လွဲချော်သည်ကို မမြင်မတွေ့ရသဖြင့် ကျေနပ်သည်။ ရုပ်ဝေဒနာ၊ နာမ်ဝေဒနာဟု သေချာစွာ ခွဲခြား၍ ရှုနည်းမှန်များကိုလည်း ခွဲခြား ရှင်းလင်း ဖော်ပြထားသဖြင့် အားရမှုလည်း ဖြစ်ပွား

သည်။ နာမ်ဝေဒနာကို ရှုပွားနိုင်စွမ်း ပြည့်စုံဖို့ တကယ်မလွယ်သည်ကိုလည်း မှန်မှန်ရှင်းရှင်း ပြတ်ပြတ်သားသား ထုတ်ဖော်ပြောထားသဖြင့် အထူးကြည်နူးမှု ဖြစ်ပွားသည်။

ကာယိကဝေဒနာနှင့် စေတသိကဝေဒနာဟု နှစ်မျိုးခွဲကာ သိကြ ပြောကြသော်လည်း မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားသည်နှင့် ညီအောင် ရုပ်ဝေဒနာနှင့် နာမ်ဝေဒနာဟု နှစ်ဖြာခွဲခြားဟောပြောမှုနှင့် ကျင့်မှုသည်ကား ဤခေတ်တွင် နည်းပါးနေသည်။

ထို့ကြောင့် ပရိယတ် နည်းပါးကြသူ ယောဂီတွေမှာ ဝေဒနာဆိုတာ နာမ်တရားဟူ၍သာ လွဲမှားစွာ သိမှတ်ထားကြသည်။ ခန္ဓာကိုယ်၌ နာကျင်ကိုက်ခဲမှု ရုပ်ဝေဒနာတွေ ခေတ္တမျှငြိမ်ဝပ်ကာ ပဿဒ္ဓိသဘောမျှသို့ ဆိုက်ရောက်နေသည်ကို ဝေဒနာကုန်ပြီ၊ ဝေဒနာ ချုပ်ငြိမ်းပြီဟု အယူလွဲကာ များစွာဝမ်းသာ ကျေနပ် အားရ ဖြစ်ကြသည်။ မဂ်-ဖိုလ် ရပြီဟုပင် တချို့တို့က အထင်ကြီးကြသည်။ အယူလွဲကြသည်။ အပြောကဲကြသည်။

ဓမ္မဒူတ-အရှင်ပညာဇောတသည် ထိုအချို့ယောဂီတို့၏ လွဲမှားချက်ကို ဤဝေဒနာရှုပွားနည်းဖြင့် ပိဋကတ်တော်နှင့် ညီစွာ ရှင်းလင်း ပယ်ဖြုတ်၍ ကျင့်နည်းမှန်ကိုလည်း ထုတ်ဖော်ထားသည်။

ဒုက္ခဝေဒနာ ပြင်းထန်ခိုက်တွင် (က) ဣရိယာပုတ်ပြင်လျှင် တရားထူးမရနိုင်ဟူ၍လည်းကောင်း၊ (ခ) ဣရိယာပုတ်မပြင်လျှင် တရားထူး မရနိုင်ဟူ၍လည်းကောင်း အစွန်းရောက်နေသူတို့၏

အငြင်းပွားချက် နှစ်ရပ်တို့ကို ဤဝေဒနာရှုပွားနည်းဖြင့် တိကျစွာ ရှင်းပြထားချက်သည်လည်း ယောဂီများအတွက် ကောင်းကျိုး တက်ဖွယ် နည်းကောင်းမှန် ဖြစ်သည်။

ဤဝေဒနာရှုပွားနည်းတွင် ညွှန်ပြထားသည့်အတိုင်း သမာဓိ မပျက်စေဘဲ နည်းစနစ် မှန်ကန်အောင် ရှုပွားအားထုတ်ဖို့မှာ လွယ်လှပါသည်ဟု အသိမလွဲဖို့၊ လုပ်ငန်းမချော်ဖို့၊ အရှင် ပညာ ဇောတ၏ ဆိုလိုချက်နှင့် ညီညွတ်ဖို့ ယောဂီတွေ အထူး ဂရုပြု သင့်ကြသည်။ တရားကျင့်ခိုက်တွင် ဣရိယာပုတ် ပြင်ရာ၌ ပေါ့ပေါ့တန်တန် သဘောထားလျှင် တကယ်အမှန် ရှုပွားနည်းမှ လွဲချော်တတ်သည်ကို အထူး သတိမြဲကြမှသာ ကျင့်နည်းမှန် မချွတ်ယွင်းဘဲ တရားထူးရခြင်း တည်းဟူသော ကောင်းကျိုး ဆက်လိမ့်မည်၊ ကောင်းကျိုးတက်လိမ့်မည်ဟု အထူး ဂရုပြုကြ ရာသည်။

**ဝေဒနာချုပ် သဘောမှန် မဟုတ်။** ။ရင်းနှီးသူ ရိပ်သာ ဆရာတော် တစ်ပါးသည် နေ့ရောညဉ့်ပါ မတ်တတ်ရပ်လျက် တရားမှတ်နိုင်စွမ်း ရှိသည်။ တပည့်ယောဂီတို့ကိုလည်း ဣရိယာ ပုတ် မပြင်ရန် အထူးကြပ်မတ် စောင့်ရှောက်စေခိုင်းသည်။ ထိုရိပ်သာ ဆရာတော်၏ နည်းညွှန် ဆရာတော်နှင့်တကွ အသိုက် အဝန်းတို့ကလည်း အထူးအားရ ချီးမွမ်းကြသည်။ မသေသေး သမျှ ဝေဒနာချုပ်ငြိမ်းမှု မဖြစ်နိုင်ပါ။ ဒါကြောင့် 'ဝေဒနာကို စိန်မခေါ်သင့်ပါ'ဟု ဤစာရေးသူက သတိပေးသည်။ ထိုရိပ်သာ ဆရာတော်သည် သူ့အယူလွဲကို တရားသဘောမှန်ဟု ယူစွဲကာ

ကြိုးပမ်းမြဲ ဖြစ်နေသည်။ ဆေးရုံတက်ရချိန်တွင် ဒုက္ခဝေဒနာဒဏ်ကို မခံနိုင်တော့ဘဲ လူးလဲညည်းတွားနေရခိုက် ကြုံတော့မှပင် မသေသေးသမျှ ဝေဒနာ မချုပ်ငြိမ်းနိုင်ဟူသော သဘောမှန်ကို သိသွားတော့သည်။

ဝေဒနာကုန်အောင်၊ ဝေဒနာချုပ်အောင်၊ ကျင့်နည်းဆောင် အလွဲမြင်းမိုရ်တောင်။

(ဦးကုမာရ)

ညောင်လွန့်ဝိပဿနာနည်းပြဆရာတော်

ရွှေ-ပရိယတ္တိစာသင်တိုက်

မော်လမြိုင်မြို့

# ဒုတိယအကြိမ် ရှုမြင်ချက်

ရှမ်းပြည်နယ်
ညောင်ရွှေမြို့
ကန်ကြီးကျောင်းတိုက်
နိုင်ငံတော်သံဃမဟာနာယက
ဆရာတော် ဦးဝိမလာဘိဝံသ
(၅-၁၁-၈၅)

ဦးပညာဇောတ၏ 'ဝေဒနာရှုပွားနည်း' စာအုပ်ကို ဖတ်ကြည့်ရာ နာကျင်ကိုက်ခဲမှုသည် ရုပ်၏ ဖောက်ပြန်မှုသာ ဖြစ်သည်။ ယင်းရုပ်၏ ဖောက်ပြန်မှုဖြစ်သော နာကျင်ကိုက်ခဲမှုကို အရှုခံထားပြီး ရှုပွားလိုလျှင် "ရုပ်" ဟူ၍သာ ရှုပွားရန် ဖြစ်ပေသည်။ ခံစားမှုဝေဒနာလုပ်၍ ရှုပွားရန် မဟုတ်။

ခံစားမှုဝေဒနာကို အရှုခံထားပြီး ရှုပွားလိုလျှင် "နာမ်" ဟူ၍သာ ရှုပွားရန် ဖြစ်ပေသည်။

နာကျင်ကိုက်ခဲမှု ရုပ်နှင့်ခံစားမှု ဝေဒနာ နာမ်ကို မကွဲမပြားဘဲ ရှုပွားနေရန် မဟုတ်ပါ။

ဝေဒနာကိုလည်း ကုန်ချုပ်သွားအောင် ပျောက်ကွယ်သွားအောင် ရှုရန်မဟုတ်ဘဲ ဒုက္ခသစ္စာ ထိုက်သည့်အားလျော်စွာ ပိုင်းခြားသိမှု ပရိညာကိစ္စအတွက်သာ ရှုကြည့်ရန် ဖြစ်သည်ဟု ဝိပဿနာတရား အားထုတ်သော ယောဂီအပေါင်းတို့အား ပါဠိ

တော်နှင့် အဋ္ဌကထာလာ စကားတို့ဖြင့် ရှင်းလင်းတင်ပြ ဟော ကြားသော စာအုပ်ဖြစ်ကြောင်း တွေ့ရှိရပေသည်။ သုတ္တနိပါတ် ပါဠိတော်၌-

"ရဟန်းတို့၊ နိယျာနိက သမ္ဘောဓေါ်မိနီ ဖြစ်သော ကုသိုလ်(ဝိပဿနာ) တရားတို့ကို နာကြားနေခြင်းဖြင့် ဘာအကျိုးရှိသလဲ"

ဟု မေးတော်မူပြီး ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်ကပင်-

"ယာဝဒေဝ ဒွယတာနံ ဓမ္မာနံ ယထာဘူတံ ဉာဏာယ" ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးတို့၏ မိမိတို့ရဲ့ သဘော သဘာဝအတိုင်း ဖြစ်နေမှုကို သိရှိ အောင်၊ နားလည်အောင် (ယထာဘူတဉာဏ်ရအောင်) နာကြားနေခြင်း ဖြစ်သည်-

ဟု ဖြေဆိုတော်မူခဲ့ပေပြီ။

အဋ္ဌကထာဆရာတော်ကလည်း-

"သဝနေန ဟိ ဧတ္တ ကံ ဟောတိ တဒုတ္တရိ ဝိသေသာဓိဂမော ဘာဝနာယ" နာကြားခြင်းဖြင့် ယထာဘူတဉာဏ် ရရှိရုံလောက်မျှသာ ဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိမှုကိုတော့ ယထာဘူတ ကျအောင် ဝိပဿနာဘာဝနာ ပွားများနေမှုဖြင့်သာ ရရှိနိုင်မည် ဖြစ်ပေသည်-

ဟု အဓိပ္ပာယ်ဖွင့်ပြလျက် ရှိပေသည်။

ဤသုတ္တနိပါတ်လာ ပါဠိတော်နှင့် အဋ္ဌကထာစကားများကို စဉ်းစားကြည့်လျှင် ဝိပဿနာရှုပွားမှုသည် သဘာဝကျ မှန်ကန်

မှသာ ယထာဘူတဉာဏ် ဖြစ်မည်။ ယထာဘူတဉာဏ်ဖြစ်မှ နိဗ္ဗိန္ဒဉာဏ် စသည်တို့ ဖြစ်နိုင်ခွင့်ရှိသည်။ ယထာဘူတဉာဏ် မဖြစ်ပါက နိဗ္ဗိန္ဒဉာဏ် စသည်တို့ ဖြစ်နိုင်ခွင့်မရှိကြောင်း သိရသည်။

ထို့ကြောင့် ဦးပညာဇောတ၏ ဝေဒနာရှုပွားနည်းစာအုပ်သည် သုတ္တနိပါတ် ဒွယတာသုတ်အရ ယထာဘူတဉာဏ် ရရှိလာအောင် ရှင်းလင်းတင်ပြ ဟောကြားသော စာအုပ် ဖြစ်သောကြောင့် နာကျင်ကိုက်ခဲမှုနှင့် ပတ်သက်၍ ရှုပွားအားထုတ်လိုသော ယောဂီများ ဤ ဝေဒနာရှုပွားနည်း စာအုပ်အတိုင်း အားထုတ်သင့်ကြောင်း ရှုမြင်မိပါသည်။

**ဦးဝိမလာဘိဝံသ**

●

ဘဒ္ဒန္တ ကုမာရာဘိဝံသ
အစိုးရဓမ္မာစရိယနှင့်
ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယ
နိုင်ငံတော်သံဃမဟာနာယက
ရွှေပရိယတ္တိစာသင်တိုက်
မော်လမြိုင်မြို့
၂၃-၁၂-၈၅

ပုံနှိပ် ဖြန့်ဝေပြီးသည့် "ဝေဒနာ ရှုပွားနည်း" စာအုပ်ကို ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ဝေလိုပါသဖြင့် ဆရာတော် မြင်သည့်အတိုင်း နုတ်ပယ်၊ ပြင်ဆင်၊ ဖြည့်စွက်ပါဟု အရှင်ပညာဇောတ ကိုယ်တိုင် ရွှေပရိယတ္တိ စာသင်တိုက်သို့ ကြွလာ၍ အပ်နှံချိန်

သည် ရွှေပရိယတ္တိ စာသင်တိုက်၌ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော ဩောင်လွန့် ဝိပဿနာနည်းခေါ် ဘုမ်ကျဉ်း ဝိပဿနာကျင့်စဉ်နည်း ဆယ်ရက်တိုင်တိုင် တရားပြစခန်းကို ရှစ်ကြိမ်မြောက် ကျင်းပ နေခိုက်နှင့် တိုက်ဆိုင်နေသောကြောင့် အရှင်ပညာဇောတ အလိုရှိသည့် ၁၃၄၇–ခုနှစ် နတ်တော်လဆန်း ၁၀ ရက် (၂၂–၁၂–၈၅) အရှင်ပညာဇောတ မုဒုံမြို့ တရားပြစခန်းပြီး၍ ပြန်ကြွသောနေ့တွင် ပြန်လည် မပေးနိုင်ဘဲ အကြမ်းတစ်ကြိမ်၊ အနုစိတ် နှစ်ကြိမ် ပြင်ဆင် ဖြည့်စွက်မှုသည် ထိုနှစ် နတ်တော်လဆန်း ၁၁ ရက် (၂၃–၁၂–၈၅)နေ့ မွန်းလွဲ ၄ နာရီ ၅ မိနစ်၌ ပြီးစီးသွားသည်။

ယင်းစာအုပ်တွင် အရှင်ပညာဇောတ ကိုယ်တိုင် ဖြည့်စွက်ချက်များကိုလည်း တွေ့ရသည်။ ဖြည့်စွက်ချက်များနှင့် တကွပင် ယင်းစာအုပ်၌ ပိဋကတ်တော်နှင့်မညီ လွဲမှားနေသည်တို့ကို မတွေ့ရသောကြောင့် နုတ်ပယ်ခြင်းကို မပြုတော့ပါ။

တရားဟောစဉ်အတိုင်း ပုံနှိပ်ထားသောကြောင့် ယောဂီတွေ နားလည်စေရန်၊ သဘောရှင်းစေရန်၊ မှတ်မိစေရန် အထပ်ထပ် ဟောပြောပြသကြရသည်မှာ ဓမ္မတာ သဘာဝမှန် ဖြစ်၍ အထပ်ထပ်ပါနေသည့် စကားများကိုလည်း နုတ်ပယ်ခြင်း မပြုတော့ပါ။

စကား ထောက်နေသော အချို့ ဝါကျများကို မူရင်း အဓိပ္ပာယ်မပျောက်စေဘဲ စကား ချောမောစေရုံမျှ ပြင်ဆင်ပါသည်။

စတုတ္ထအကြိမ်

အချို့နေရာ၌ အဓိပ္ပာယ် ပို၍ရှင်းစေရန်၊ စာရှုသူ အယူ အဆရှင်းစေရန် စာပိုဒ်များကို ဖြည့်စွက်ပါသည်။ စာအုပ်ထူထူ ကြီး မဖြစ်အောင်လည်း အထူးသတိပြုပါသည်။

**စာရှုသူတို့ သတိမူစရာ။** ။အရှင်ပညာဇောတသည် ဤ ဝေဒနာ ရှုပွားနည်းစာအုပ်၌ ဝေဒနာရှုပွားနည်းတို့ကို မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားသည့် ဝေဒနာနုပဿနာ နည်းကျကျ ညွှန်ပြထားသည့်ပြင် ကာယ, ဝေဒနာ, စိတ္တတို့ကို ယင်းတို့ ဆိုင်ရာ အနုပဿနာ ကျင့်စဉ်နည်းအရ ရှုပွားလိုလျှင် ဓမ္မာ နုပဿနာ ကျင့်စဉ်နည်းအရ မှန်ကန် လွယ်ကူစွာ ရှုပွားနည်းကို လည်း 'ဓမ္မာနုပဿနာနည်း'ဟု ခေါင်းစဉ်တပ်ကာ ဖော်ပြထား သည်။ သင့်ရာသင့်ရာ၌လည်း ရှင်းလင်းစွာ ဖော်ပြထားသည်။

ကာယာနုပဿနာကိုဖြစ်စေ၊ ဝေဒနာနုပဿနာကိုဖြစ်စေ၊ စိတ္တာနုပဿနာကိုဖြစ်စေ တစ်ခုခုကို ရှုပွားနေလျှင် ဓမ္မာ နုပဿနာထဲ ဝင်ပါသည်ဟု အယူလွဲနေကြသော မိစ္ဆာဉာဏ်ပွား ဝိပဿနာသမားတို့အားလည်း အယူလွဲ ပျောက်စေရန် ဓမ္မာ နုပဿနာ ရှုနည်းမှန်ကို ဤဝေဒနာရှုပွားနည်း စာအုပ်တွင် တသွင်သွင် ညွှန်ပြထားသည်။

ယင်းသို့ ဓမ္မာနုပဿနာ ရှုနည်းမှန်ကို ညွှန်ပြခြင်းဖြင့် 'ဝေဒနာ ဝေဒနာ'ဟူ၍သော်လည်းကောင်း၊ ဆင်းရဲချမ်းသာ ဥပေက္ခာဟု တစ်သန့်စီ မှန်ကန်ကိပ္ပစွာ ခွဲခြားလျက်သော် လည်း ကောင်း ရှုပွားမှသာ ဝေဒနာနုပဿနာ စစ်စစ်ဖြစ်၍ ဝေဒနာကို 'နာမ်' ဟု သိမှတ်ရှုပွားမှသာ ဓမ္မာနုပဿနာ စစ်စစ်ဖြစ်သည် ကိုမျှမသိကြဘဲ ဝိပဿနာ တရားပြဆရာအချို့တို့၏ ဓမ္မန္တရာယ်

ဆိုးကိုလည်း ဤ'ဝေဒနာရှုပွားနည်း'စာအုပ်က ရှင်းထုတ်ပယ်ထုတ်သည်။

အနုပဿနာ လေးပါးလုံးရှုပွားပါမှ၊ သတိပဋ္ဌာန် လေးပါးလုံး ရှုပွားပါမှ နိဗ္ဗာန်ရမည်ဟု အလွဲညွှန် ဝိပဿနာဆရာတွေ၏ စကားကို မှတ်သားကာ ယောင်ချာချာ ဝိပဿနာ ဝဲလည်နေကြသည့် ယောဂီတွေအတွက် အနုပဿနာ လေးမျိုးလုံး၊ သတိပဋ္ဌာန်လေးပါးလုံး ရှုပွားရန် မလိုပါ။ သတိပဋ္ဌာန် တစ်ခုခုကို နည်းမှန် စနစ်မှန် ရှုပွားလျှင် နိဗ္ဗာန်ရနိုင်သည်ဟု အမှန်သိရန် အချက်ကိုလည်း 'လက်နက်ရွေးဦးမလား' စသည်ဖြင့်လည်းကောင်း၊ တတိယပိုင်း အဆုံးသတ် ဆုတောင်းခန်းတွင်လည်းကောင်း မြတ်ဗုဒ္ဓ၏ အလိုတော်နှင့်အညီ ပေါ်လွင် တိပစွာ ဖော်ပြထားသည်ကိုလည်း စာရှုသူတို့ သတိမူကြရသည်။

အမှား အလွဲကို အစွဲသန်လွန်းသူတွေမှ အခြားသူတွေအတွက် နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးဆောင်သည့် ဝေဒနာရှုပွားနည်းစာအုပ်ဟု မှတ်ယူကြပါကုန်လော့။

ဦးကုမာရ

●

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ကွဲပြားမှုမရှိ။** ။မြန်မာပြည်ရောက် ဗုဒ္ဓသာသနာတော်ကို 'ထေရဝါဒ ဗုဒ္ဓသာသနာ'ဟု ခေါ်ပါသည်။ သင်္ဂါယနာတင် ထေရ်ရှင် အဆက်ဆက်တို့ လက်ခံအတည်ပြုခဲ့သော ပိဋကတ်တော်များကို မပယ်နုတ်၊ မဖြည့်စွက်ဘဲ ပင်ရင်းမူလ အတိုင်း လက်ခံထားသော 'ထေရဝါဒ ဗုဒ္ဓသာသနာ' ဖြစ်ပါသည်။ တစ်နည်းဆိုသော် 'တောင်ပိုင်းဗုဒ္ဓဘာသာ' ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာပြည်ရောက် ဗုဒ္ဓသာသနာကို 'ထေရဝါဒ သာသနာ'ဟူ၍လည်းကောင်း၊ 'တောင်ပိုင်းဗုဒ္ဓဘာသာ' ဟူ၍ လည်းကောင်း ခေါ်ချင်သလို ခေါ်ပါ။ မြန်မာပြည်ရှိ ယနေ့ နိုင်ငံတော်အစိုးရက လက်ခံအတည်ပြု အသိအမှတ်ပြုထားသော သံဃာ့ဂိုဏ်းကြီး (၉) ဂိုဏ်းက မကန့်ကွက်ပါ။ ယင်းအခေါ် တို့ကို လက်ခံမှု၌ ကွဲပြားချက် မရှိ။ တစ်သားတည်းပင် ဖြစ်ပါ သည်။ အယူအဆ တူမျှပါသည်။

တစ်ဖန် ရှင်တော်ဗုဒ္ဓ၏ နှုတ်တော်ထွက် ပိဋကတ်တော် တို့ကို သင်္ဂါယနာတင် ထေရ်အရှင်တို့အဆက်ဆက် လက်ခံ အတည်ပြုခဲ့ကြပြီး ပရိယတ်အဖြစ် သင်ယူပို့ချရေး၌လည်း သံဃာ့ ဂိုဏ်းကြီး (၉)ဂိုဏ်းက တစ်သားတည်း မကွဲမပြား တူညီစွာ

လက်ခံ၍ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း သင်ယူမှု အကူးအသန်း အဆက်အသွယ် ရှိပါသည်။

မှန်ပါသည်။ ဂိုဏ်းတစ်ဂိုဏ်းမှ ရှင်ရဟန်းများသည် အခြားဂိုဏ်းတစ်ဂိုဏ်းသို့ ကူးပြောင်းရွှေ့သွားကာ ပရိယတ် သင်ယူပါသည်။ ဆရာသမားများ ကိုယ်တိုင်ကလည်း ကြည်ဖြူစွာ အပ်နှင်းပေး၍ လက်ခံသည့်ဘက်မှလည်း ကြည်ဖြူစွာ လက်ခံသင်ပေးပါသည်။ သို့ဖြစ်၍ သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းဟူ၍ အမည်သာ ကွဲသော်လည်း သင်ယူမှု ပရိယတ်မှာ မကွဲပြားပါ။ တစ်သားတည်းပင် ဖြစ်ပါသည်။

**ကွဲပြားမှုရှိ**။ ။ဂိုဏ်းကြီး (၉)ဂိုဏ်း၏ သင်ယူမှု ပရိယတ် မကွဲပြား။ သင်ယူမှု ပရိယတ်နှင့် ပတ်သက်၍ ဂိုဏ်းကြီး (၉)ဂိုဏ်း တူညီစွာ လက်ခံနိုင်သော်လည်း အားထုတ်မှုပဋိပတ်နှင့် ပတ်သက်၍မူ ဂိုဏ်းကြီး (၉)ဂိုဏ်းမှလည်းကောင်း၊ ကျောင်းတိုက်ကြီးတစ်တိုက် အနေဖြင့်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦး အနေဖြင့်လည်းကောင်း ကွဲပြားမှု ရှိပါသည်။

အမှန်မှာမူ သင်ယူမှု ပရိယတ် မကွဲပြားပြီမို့ အားထုတ်မှု ပဋိပတ်လည်း မကွဲပြား တစ်သားတည်းပင် ဖြစ်သင့်ပါသည်။ သို့သော် မဖြစ်ပါ။ အဘယ့်ကြောင့် မဖြစ်ပါသနည်း။ ပရိယတ်နှင့် မညီသော ကိုယ့်စိတ်ကူးနှင့်ကိုယ် တီထွင်ထားသော ပဋိပတ်များ ပါဝင်နေ၍ လက်မခံနိုင်ဘဲ ကွဲပြားနေခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ကွဲပြားမှုဟူသည် ကာယာနုပဿနာသတိပဋ္ဌာန် ပြသူကတစ်မျိုး၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပြသူကတစ်နည်း စသည်ဖြင့် ကွဲပြားမှုမျိုးကို မဆိုလိုပါ။ ကာယာနုပဿနာ သတိ

ပဋ္ဌာန် နည်းမကျ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် နည်းမကျ ကွဲပြားမှုမျိုးကို ဆိုလိုပါသည်။

ပရိယတ်နယ်၌ ဂိုဏ်းတစ်ဂိုဏ်းမှ တပည့်တစ်ဦးသည် ဂိုဏ်းတစ်ဂိုဏ်းသို့ စာသွားသင်သလို၊ စာသွားသင်သည်ကို ဆရာသမားများက ခွင့်ပြုသလို လက်ခံသလို ပဋိပတ်နယ်ကမ္မဋ္ဌာန်းလောက၊ ဝိပဿနာရိပ်သာလောက၌ကား ယင်းသို့ မဟုတ်ပါ။

အဟုတ်ကား ရိပ်သာတစ်ခုမှ ယောဂီ တစ်ဦးဦးသည် အခြားရိပ်သာတစ်ခုခုသို့ သွားရိုးထုံးစံ မရှိပါ။ သွားခဲ့လျှင်လည်း ပင်မမူလရိပ်သာမှ ဆရာသမားများက ယောဂီများကို မကျေနပ်ကြပါ။ လိုက်ပြီး အပ်နှံမပေးနိုင်ကြပါ။ စာရေးပြီးလည်း မအပ်နှံနိုင်ကြပါ။ အကယ်၍ သွားလိုပါက မိမိသဘောအတိုင်း သွားနိုင်သည်။ ယင်းသို့သွားသော ယောဂီသည် မိမိတို့ ပင်မမူလရိပ်သာ ဆရာသမား ယောဂီအသိုက်အဝန်းမှ ဝိုင်းပယ်လိုက်ကြသည်။

အခြားတစ်ဖက်မှ လက်ခံလိုက်သော ရိပ်သာကလည်း ယောဂီကို လက်ခံပါသည်။ ယောဂီ အားထုတ်ခဲ့သော မူလကမ္မဋ္ဌာန်းနည်းကို လက်မခံပါ။

ဟုတ်ပါသည်။ 'မူလ ယောဂီ အားထုတ်ခဲ့သောနည်းကို ဘေးဖယ်ထားလိုက်ပါ။ ဒီရိပ်သာက ပြသော နည်းကိုသာ အားထုတ်ပါ'ဟု ပြောပြီး လက်ခံပါသည်။ မူလ အားထုတ်ခဲ့သော နည်းကို ဆက်လက် အားထုတ်ခွင့် လုံးဝမပြုပါ။ မူလနည်းကို စွန့်ပစ်ခိုင်းပါသည်။ ယင်းသို့ စွန့်ပစ်ခိုင်းခြင်းသည်

ရိပ်သာတစ်ခုနှင့် ရိပ်သာတစ်ခု မတူ ကွဲပြားခြားနားမှုကြောင့် ဖြစ်ပါသည်။

အကယ်၍ ဘုရားရှင်ဟော သတိပဋ္ဌာန် ပြတာချင်းတူပါလျှင် ယောဂီကိုလည်း လက်ခံ၍ သူအားထုတ်ခဲ့သော နည်းကိုလည်း လက်ခံနိုင်ရပါမည်။ ယခုကား ယင်းသို့ မဟုတ်ပါ။

ပရိယတ်နယ်ပယ်၌မူ ရောက်လာသော စာသင်သားကို သူတက်ခဲ့၊ ကျက်ခဲ့ပြီးသော စာပေပရိယတ်ကို မေး၍ သူနှင့် လက်လှမ်းမီရာ အဆင့်အတန်း၌ သွင်းပေးပြီး ဆက်လက် သင်ကြားပေးပါသည်။ မူလစာသင်တိုက်မှ ပြသ သင်ကြားပို့ချလိုက်သော ပရိယတ်ကို လက်ခံပါသည်။ သို့ဖြစ်၍ ဂိုဏ်းကြီး (၉)ဂိုဏ်းကွဲသော်လည်း ပရိယတ်သင်မှုမှာ ကွဲပြားမှု မရှိပါ။

ပဋိပတ်နယ်၌မူကား ယင်းသို့ မဟုတ်ဘဲ ရိပ်သာတစ်ခုက ပြသလိုက်သဖြင့် အားထုတ်လာခဲ့သော တရားတွေအကုန် ဖယ်ထား၊ ယခုရောက်နေသော ရိပ်သာက ပြသသည့်အတိုင်းသာ အားထုတ်၊ ယင်းသို့အားထုတ်မှ အမှန်ဟု ဆုံးဖြတ်ကြပါသည်။

ယင်းသို့ဖြင့် ပဋိပတ်နယ်၌ ရိပ်သာတွေ များသလောက် နည်းတွေများကော တစ်နည်းနှင့်တစ်နည်း ဘယ်လိုမှ ဆက်စပ်လို့မရလောက်အောင် ကွဲပြားနေကြပါသည်။ မတူ ထူးခြားနေခြင်း ဖြစ်ပါသည်။ ယင်းအတွက် ပြဿနာများစွာ တက်ပါသည်။ ဂယက်များစွာ ရိုက်ခတ်ပါသည်။

ယင်းဂယက်ရိုက်ခတ်မှုမှ တစ်ဆင့်တက်၍ ရိပ်သာများ၌ ပြသနေသော တရားများကို ဓမ္မ–အဓမ္မ စိစစ်ရေးအဆင့်သို့

ရောက်ခဲ့ပြီ၊ မှန်လှပြီ၊ ကောင်းလှပြီ၊ လူကြိုက်များလှပြီဟု နာမည်ကျော်ကြားသော ရိပ်သာကြီးများ၊ နည်းများသည် ယခု အခါ ဓမ္မ–အဓမ္မဟု စိစစ်မှုဒဏ်ကို မခံနိုင်ဘဲ အဓမ္မအဖြစ်သို့ ရောက်ခဲ့ကြလေပြီ။

ယင်းသို့ ထေရဝါဒပိဋကတ်နှင့် ညှိ၍ စိစစ်ဆုံးဖြတ်ကာ အဓမ္မအဖြစ်သို့ ရောက်သော်လည်း ထေရဝါဒအမည်ခံသူ ယင်း အဓမ္မဝါဒသမားတို့သည် မိမိတို့၏ အဓမ္မဝါဒကို လက်မလွှတ် နိုင်ဘဲ ခိုးကြောင်ခိုးဝှက် ဟောပြောလျက် လိုက်နာလျက်ရှိသူ များကား ရှိဆဲပင် ဖြစ်ကြပါသည်။ ဩော်–အများစွဲကား အစွဲ သန်လှပါဘိ။

ဓမ္မ–အဓမ္မအဖြစ် ဇောဒနာမည့်သူ မရှိသေး၍ စစ်ဆေးမှုမခံ ရသေးသော ကျန်ရှိသည့် ရိပ်သာအသီးသီး၌ ပြသဆဲ ဝိပဿနာ ဝါဒကိုသည်လည်း တစ်ခုနှင့်တစ်ခု မတူကြပါ။ 'သူ့နည်း မကောင်း။ ငါ့နည်းကောင်းသည်။ ငါ့ဝါဒမှန်သည်။ သူ့ဝါဒ မှားသည်'ဟု မိမိနည်း၊ မိမိဝါဒကို အကောင်းချည်းပြောကာ ပြိုင်ဆိုင်ဆဲ အနိုင်ယူဆဲပင် ဖြစ်ကြပါသည်။

မိမိအနေနှင့်မူ 'မြန်မာပြည်ရှိ ပဋိပတ် သာသနာ (ခေါ်) ဝိပဿနာ တရားတွေ၊ ရိပ်သာတရားတွေ၊ ပိဋကတ်နှင့် တူညီ သော၊ ရိပ်သာ တစ်ခုနှင့်တစ်ခု တူညီသော၊ ရိပ်သာ တစ်ခုမှ ရိပ်သာတစ်ခုသို့ ကူးပြောင်းနိုင်သော၊ ဆရာသမားတွေကိုယ်တိုင် လိုက်ပို့နိုင်သော၊ လိုက်ပို့သည်ကိုလည်း အားထုတ်ခဲ့ဖူးသော တရားတွေ နည်းတွေ ထားခဲ့၊ ဒီရိပ်သာကပြတဲ့ တရားပဲ အားထုတ်ပါဟု မပြောဘဲ လာရင်းစွဲရိပ်သာက အားထုတ်ခဲ့

ဖူးသည့်အတိုင်း လက်ခံနိုင်သော၊ စာပေပိဋကတ်နှင့် အားလုံး ညီညွတ်သော အများက လက်ခံနိုင်သော ရိပ်သာတိုင်းက လက်ခံနိုင်သော ဝိပဿနာနည်းတွေ ဘယ်အခါမှ ပေါ်ပေါက်လာပါမည်နည်း’ဟု မျှော်လင့်လျက် ရှိပါသည်။

**ဝေဒနာမှာ ပိုကွဲပါ။** ။ကွဲပြားမှု အများအပြားတွင် ဝေဒနာကို အရှုခံထားပြီး ရှုပွားခိုင်းရာ၌ ဆက်စပ်လို့ မရအောင် ကွဲပြားကြပါသည်။ ကျမ်းဂန်လွတ် ဖြစ်အောင်၊ ပရိယတ် စည်းကမ်း၊ နည်းလမ်းနှင့် မညီညွတ်အောင် ကွဲပြားကြပါသည်။ ယင်းသို့ ပရိယတ်နှင့် မညီညွတ်သည့် အတွက်လည်း ဆက်စပ်မရအောင် ကွဲပြားကြခြင်း ဖြစ်ပါသည်။ ယင်းတို့ကို ဓမ္မ, အဓမ္မဟု စိစစ်ပြီး ဆက်စပ်မပေးသမျှလည်း ဆက်စပ်မည့် အသွင်၊ တူညီမည့်အသွင် မရှိပါ။

ရိပ်သာတစ်ခုနှင့်တစ်ခု၊ နည်းတစ်ခုနှင့်တစ်ခု မတူညီတာ ကိစ္စမရှိပါ။ ရှင်တော်ဗုဒ္ဓ ဟောခဲ့သည်မှာ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် စသည်ဖြင့် နည်းအများကြီးရှိ၍ ထားဘိဦး၊ ပိဋကတ်တော်နှင့် ပရိယတ် စည်းကမ်းနှင့် ကိုက်ညီနေသည်။ ယောဂီအများ အားထုတ်ရတာ သက်သာ လွယ်ကူသည်ဟု ဆိုလျှင် မထောင်းတာပါ။ ယခုမူ ယင်းသို့ မဟုတ်ပါ။

အဟုတ်ကား ပိဋကတ်စာပေနှင့် မညီညွတ်သော၊ အလွန်တရာ လွဲမှားနေသော၊ အားထုတ်သူ ယောဂီများအဖို့ အလွန်တရာမှ ဆင်းရဲသော၊ တစ်ကြိမ် အားထုတ်ပြီးက နောက်ထပ် အားမထုတ်ချင်သော၊ တစ်ကြိမ်မှာပင် အပြီးအဆုံးအထိ အား

မထုတ်နိုင်ဘဲ ထွက်ပြေးရသည်အထိ ပင်ပန်းဆင်းရဲ လွဲမှားနေသော အားထုတ်နည်းများ ရှိနေပါသည်။

ယင်းတို့ကို ဤစာအုပ်၌ အပြည့်အစုံ ဖော်ပြထားပါသည်။ ယင်းနည်းများကို အားထုတ်သူနှင့် စာပါလျှင် အားမထုတ်သူကမှ ကော်ပါသေးသည်။ အဘယ်ကြောင့်ဆိုသော်–

> 'ရဟန်းတော်များ၊ အို–ချစ်သားတို့၊ မကောင်းသဖြင့် ဟောထားအပ်သော သာသနာ၌ အားမထုတ်ဘဲ ပျင်းနေသူသည် ချမ်းသာ၏။ ပြင်းထန်စွာ ကြိုးစားအားထုတ်သူသည် ပင်ပန်း၏'

ဟု ရှင်တော်ဗုဒ္ဓ ဟောတော်မူခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ မိမိသည် ယင်းသို့ အလွဲအမှားကို ပြင်းထန်စွာ အားထုတ်သူ ယောဂီများနှင့် အခါများစွာ တွေ့ရပါသည်။ ယင်းတို့ကို သနား၍လည်းကောင်း၊ နောင် မှားကြဦးမည့်သူများကို သနား၍လည်းကောင်း ဤ 'ဝေဒနာရှုပွားနည်း' စာအုပ်ကို ရေးသားပါသည်။

**အလုပ်ပေးတရား။** ။ဝိပဿနာတရား အားထုတ်ပုံ အားထုတ်နည်းကို ဟောပြောပေးသော တရားတော်ကို 'အလုပ်ပေးတရား'လို့ ခေါ်ကြပါသည်။ ယင်းအလုပ်ပေး တရားကို အလုပ်လုပ်မည့် ယောဂီများအား ဟောကြားပေး၍ ယောဂီများက နာကြားကာ တရားအလုပ် လုပ်ကြရမည်၊ တရားအားထုတ်ကြရမည် ဖြစ်ပါသည်။

ယောဂီတွေမှာ အများအားဖြင့် ပရိယတ်စာပေ၊ တရားစာပေနှင့် အလွန်တရာဝေးကွာသူများဖြစ်ကြပါသည်။ ယင်းတို့ကို

တစ်နာရီမျှ အလုပ်ပေးတရား ဟောပေးလိုက်ရုံနှင့် ခန္ဓာငါးပါး တရားတို့ကို အရှုခံအာရုံအဖြစ် ထား၍လည်းကောင်း၊ အာရုံ ၆-ပါးတို့ကို အရှုခံအာရုံအဖြစ် ထား၍လည်းကောင်း မရှုတတ်ကြပါ။

ဣရိယာပုတ် ၄-ပါးလုံး ရှုပွားနည်း၊ သမ္ပဇဉ် ရှုပွားနည်းတို့ကိုလည်း မရှုပွားတတ်ကြပါ။ ယင်းရှုပွားနည်းတို့မှာ အပြောအဟောနှင့်မူ တကယ် မခက်ခဲလှပါ။

သို့သော်လည်း ယောဂီ အများစုတို့မှာ ပိဋကတ် စာပေ၊ တရားစာပေနှင့် ဝေးသူများဖြစ်၍ ယင်းရှုနည်းတို့ကိုတောင်မှ မမှတ်မိသူများ၍ မရှုတတ်သူတွေ များနေပါသေးသည်။

မိမိသည် ၁၀ ရက်စခန်း တရားပွဲများ၌ ၁၀ ရက်တိုင်တိုင် နေ့ဘက်၌ တစ်နာရီဟော၊ ညဘက်၌ တစ်နာရီဟော၊ အားထုတ်နေစဉ်လည်း ရံဖန်ရံခါ ရှင်းပြ၊ ညနေ တရားစစ်ချိန်၌လည်း ရှင်းပြနိုင်ပါမှ နားလည်လာသူ ယောဂီများကို တွေ့ရပါသည်။ အချို့မှာ အဲဒီလောက် ရှင်းပြသည်ကိုပင် မသိကြ၊ မရှုတတ်ကြပါ။

အများအားဖြင့် ရှုနိုင်းသည်မှာ ထင်ရှားသည့် ရုပ်အာရုံများ ဖြစ်ပါသည်။ ယင်းရုပ်အာရုံများကိုတောင်မှ မရှုပွားတတ်ပါလျှင် သိမ်မွေ့နူးညံ့လှသော ဝေဒနာနှင့် ပတ်သက်၍ ဟောပြမှု၊ ရှင်းပြမှုမပြုဘဲ ခန္ဓာကိုယ်ထဲမှ ရုပ်ဖောက်ပြန်မှု၊ ရုပ်လွန်မှုတို့ကို ဝေဒနာလုပ်ကာ ရှုနိုင်းတတ်ကြပါသည်။

ရှုခိုင်းသည့်အခါမှာလည်း ယင်းရုပ်ဖောက်ပြန်မှု ဓာတ်လွန်မှုရဲ့ သဘောသဘာဝကို သိအောင်၊ မြင်အောင် ရှုခိုင်းခြင်းမျိုး မဟုတ်ဘဲ ရုပ်ဖောက်ပြန်မှုကို ဝေဒနာ လုပ်ကာ ဝေဒနာကုန်အောင်ရှု၊ ဝေဒနာမကုန်ဘဲ ဣရိယာပုတ်မပြောင်းနဲ့၊ မပြင်နဲ့၊ မစောင်းနဲ့၊ မငဲ့နဲ့၊ မလှုပ်နဲ့၊ မကုတ်နဲ့ဟု ဟောပြောကာ ရှုပွားအားထုတ်ခိုင်းတတ်ကြပါသည်။

ရုပ်တရားတို့ကား အအေးကြောင့်လည်း ဖောက်ပြန်ကြပါသည်။ အပူကြောင့်၊ မှက်ကိုက်ခြင်းကြောင့်၊ ခြင်ကိုက်ခြင်းကြောင့်၊ လေ နေပူတို့ကြောင့်၊ မြွေ၊ ကင်း၊ သန်းတို့ ကိုက်ခဲခြင်းကြောင့် ဖောက်ပြန်သည် စသည်ဖြင့် ဖောက်ပြန်ခြင်းအကြောင်းတရားတွေ ရှိနေသေးသမျှ၊ ဖောက်ပြန်တတ်သည့် ရုပ်တွေရှိနေသေးသမျှ အကြောင်းတိုက်ဆိုင်တိုင်း ဖောက်ပြန်ပါမည်။ မကုန်နိုင်ပါ။

**အမှန်ရှုရန်။** ။အမှန်တကယ်ရှုရန်မှာ ရုပ်ကို အရှုခံထားရှုလျှင် ရုပ်ရဲ့သဘောကို သိအောင် ရှုဖို့ရာသာ ဖြစ်ပါသည်။ ရုပ်နာကျင်ကိုက်ခဲမှုတွေ ကုန်အောင် ရှုဖို့ရာ မဟုတ်ပါ။ ကုန်လည်း မကုန်ပါ။

ဝေဒနာကို အရှုခံအာရုံအဖြစ်ထားပြီး ရှုပွားလျှင်လည်း ဝေဒနာရဲ့သဘောကို သိအောင် ရှုပွားဖို့ရာသာ ဖြစ်ပါသည်။ ဝေဒနာကုန်အောင် ရှုဖို့ရာ မဟုတ်ပါ။ ဝေဒနာသည် စိတ်နှင့်ဖြစ်တူ၊ ပျက်တူ၊ အာရုံတူ၊ မှီရာတူမို့ စိတ်ကုန်မှ ဝေဒနာကုန်ပါမည်။ စိတ်အပြီးချုပ်မှ ဝေဒနာလည်း အပြီးချုပ်ပါမည်။

သညာ သင်္ခါရတို့ကို အရှုခံထားပြီး ရှုလျှင်လည်း သညာ သင်္ခါရတို့၏ သဘောကို သိဖို့ရာသာ အားထုတ်ရမည် ဖြစ်ပါသည်။ ကုန်အောင် အားမထုတ်ရပါ။

စိတ်၊ ဝိညာဏ်ကို အရှုခံထားပြီး ရှုလျှင်လည်း စိတ်ဝိညာဏ်ရဲ့ သဘောကို သိဖို့ရာသာ အားထုတ်ရမည် ဖြစ်ပါသည်။ စိတ်ကို အတင်းမဖမ်းရ၊ မထိန်းရ၊ မချုပ်ရပါ။ အလိုက်သင့်လေး ရှေ့စိတ်ကို နောက်စိတ်နှင့် ကြည့်ရှုနေရမည် ဖြစ်ပါသည်။

ရုပ်၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို အရှုခံထားပြီး ရှုပွားသောအခါ ကုန်အောင်မရှုဘဲ အဘယ်ကြောင့် ဝေဒနာကို အရှုခံထားပြီး ရှုပွားသောအခါမှ ကုန်အောင် ရှုခိုင်းနေပါသနည်း။ ဝေဒနာသည် တစ်လုံးတည်း တစ်ပါးတည်း သီးခြား ရှုကွက်ဖြစ်၍ သီးခြားကွက်ပြီး ကုန်အောင်ရှုပွားလို့ ရသလော စသည်ဖြင့် များစွာစိစစ်သင့်ပါသည်။ သို့သော် ဆရာရော တပည့်ပါ မစိစစ်ဘဲ လက်ခံနေတာကို တွေ့နေရပါသည်။

ဝေဒနာသည် စိတ်ရှိနေသေးသမျှ ကာလပတ်လုံး ရှိနေမှာဖြစ်ပါသည်။ ဝေဒနာသည် စိတ်နှင့် ဖြစ်တူ၊ ပျက်တူဖြစ်၍ မိမိကိုယ်တွင် စိတ်ရှိနေသေးသမျှ ဖြစ်ပျက်နေမှာပါ။ မကုန်နိုင်ပါ။ အမှန်ကုန်ရမည်ကား ယင်းဝေဒနာရဲ့ ဖြစ်ပျက်ကို မြင်သိပြီး အကုသိုလ်တရားများ၊ ကိလေသာတရားများ၊ သံယောဇဉ်တရားများသာ ဖြစ်ပါသည်။

**အားထုတ်လွဲသူများ။** ။အရှုလွဲသူ၊ အားထုတ်လွဲသူအများမှာ အကုသိုလ်တရားများ၊ ကိလေသာ တရားများ၊

သံယောဇဉ်တရားများ ကုန်ရန် မကြိုးစားဘဲ မကုန်နိုင်သော ဝေဒနာကို ကုန်အောင် ကြိုးစားအားထုတ် နေကြပါသည်။ အချို့ကလည်း ရုပ်နာမ်ဖြစ်ပျက်ကုန်အောင် နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခတွေကို ခံစားမှု ဝေဒနာလုပ်ကာ ရှုပွားပြီး ယင်းနာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခကုန်အောင် ရှုပွားနေကြပါသည်။

မသိသူ ယောဂီများမှာလည်း နည်းလမ်းမှန်ထင်ပြီး ရချင်ဇောနှင့် ကြိုးစားအားထုတ်သဖြင့် မပင်ပန်းသင့်ဘဲ အလွန်တရာ ပင်ပန်းပြီး မပြီးဆုံးသေးဘဲ ပြီးဆုံးပြီဟု ထင်ကာ ရပ်နေသူ အများအပြားပင် ရှိပါသည်။ ဆက်ပြီး မှားကြဦးမည့် ဦးရေလည်း အများအပြားပင် ရှိပါသေးသည်။

**သနားလှ၍**။ ။မိမိသည် ပရိယတ်နယ်ပယ်မှ ပဋိပတ်နယ်ပယ်သို့ သက်ဝင်ကာ တရားအားထုတ်ခဲ့သည်မှာ ၁၃၂၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့က ဖြစ်ပါသည်။ ၁၃၃၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်နေ့မှ စတင်၍ ၁၀ ရက်စခန်း တရားများ ဟောကြားပြသခဲ့ပါသည်။

အမြို့မြို့အနယ်နယ် အရွာရွာသို့ ရောက်ကာ ယောဂီအမျိုးမျိုးနှင့် တွေ့ခဲ့ပါသည်။ ဟိုမှာ သည်မှာ အားထုတ်ခဲ့ဖူးသော ယောဂီဟောင်း အများအပြားနှင့် တွေ့ခဲ့ပါသည်။ ဝေဒနာရှုပွားနည်းနှင့် ပတ်သက်၍ အမှန်နည်းပါး အမှားများသော ယောဂီတွေသာ များနေ၍ သနားလှပါသဖြင့် ဗုဒ္ဓနည်းကျကျမ်းဂန်လာ 'ဝေဒနာရှုပွားနည်း' တရားကို အကြိမ်ကြိမ် ဟောကြားခဲ့ပါသည်။

ယောဂီအများအပြားမှာ သဘောပေါက်ကြပါသည်။ သို့သော် မှားနေသူများသို့ တရားတော်မှာ မသက်ရောက်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် မိမိ တရားဟောနိုင်သည့်ရက်မှာ နည်း၍ နယ်ကျဉ်းသောကြောင့် ဖြစ်ပါသည်။

မိမိနှင့် လက်လှမ်းမမီ၍ 'ဝေဒနာရှုပွားနည်း' တရားတော်ကို မနာကြားရသဖြင့် ယခုတိုင် မှားနေသူအများကြီး ရှိနေပါသေးသည်။ ယင်းတို့က ကရုဏာတရား မေတ္တာပွား၍ ကျမ်းစာတစ်စောင် ဖြစ်မြောက်အောင် တောင်းပန်ကြပါသည်။

မိမိမှာ မေတ္တာ၊ ကရုဏာ ရှိသော်လည်း အလုပ်များ၍ မအားလပ်သူဖြစ်ရကား 'ဝေဒနာရှုပွားနည်း' ကျမ်းစာအုပ်မှာ အကောင်အထည် မပေါ်ခဲ့ပါ။

ယခုမူ မုတ္တမမှ ခင်မာလာထွန်းက တိပ်ခွေမှ စာမူကြမ်းသို့ လည်းကောင်း၊ သထုံမြို့မှ ဒေါ်မူမူသွယ် (အ–ဆ–ပြ) က စာမူကြမ်းမှ စာမူချောသို့လည်းကောင်း ရေးသားပြီး မိမိလက်သို့ အပ်ပါသည်။

ယင်းစာမူချောကို မိမိက လိုတိုးပိုလျှော့ ပြင်ဆင်ကာ အချောသပ်စာမူအဖြစ် ပြင်ဆင်လိုက်ပါသည်။ ယင်းသို့ဖြင့် ဤ 'ဝေဒနာရှုပွားနည်း' တရားတော်ကျမ်းစာအုပ် ဖြစ်ပေါ်လာပါသည်။

ဤကျမ်းစာအုပ်ကို ကျမ်းစာအဖြစ်သို့ မရောက်မီ အဘယ်သို့ ဟောကြား၍ ကျမ်းစာအဖြစ်သို့ ရောက်အောင် အဘယ်သို့ ရေးသားထားသည်ကို ဤနိဒါန်း၌ မဖော်ပြလိုတော့ပါ။

ကျမ်းစာဖြစ်လာပြီး စာရှုသူလက်ဝယ်သို့ ရောက်နေပြီမို့ ဖတ်ရှု၍သာ ဝေဖန်ကြပါဟု ညွှန်ကြားပါသည်။

ဤ 'ဝေဒနာရှုပွားနည်း' တရားတော်ကျမ်းစာအုပ်ကို ဖတ်ရှုရ၍ အကျိုးကျေးဇူးရရှိပါသည်ဟု ဆိုပါလျှင် ဤကျမ်းစာအုပ်ဖြစ်မြောက်ရေးအတွက် စာရွက်များလှူဒါန်းသော ကွင်းကောက်မှ မခင်စန်းဝေ၊ စာမူကြမ်း ရေးပေးသော မုတ္တမမှ ခင်မာလာထွန်းနှင့် စာမူချောရေးပေးသော သထုံမှ ဒေါ်မူမူသွယ်(အ–ဆ–ပြ) တို့ရဲ့ ကျေးဇူးဟု သိကာ သူတို့အပေါ် ကျေးဇူးတင်ကြပါ။ မိမိအနေနှင့် စာရှုသူတို့ အကျိုးကျေးဇူးရသည်ဟုသိရလျှင် ဝမ်းမြောက်ဝမ်းသာ ကျေနပ်အားရ ရေးရကျိုး နပ်ပါသတည်း။

**ဓမ္မဒူတ–အရှင်ပညာဇောတ**
၁၃၄၅–ခု၊ ကဆုန်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့
(၂၄–၅–၈၃)
ဓမ္မဒူတတောရ
တောင်စွန်း၊ ဘီးလင်းမြို့နယ်
မွန်ပြည်နယ်

●

# ဝေဒနာရှုပွားနည်း တရားတော်

## (ပထမပိုင်း)

နမော တော တိဏ္ဏသံသာရ

**တရားအမည်။** ။'သာသနာတော် နှစ် ၂၅၂၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့၊ နေ့လယ်တွင် မွန်ပြည်နယ် မုဒုံမြို့ ဝိနယရုံသီကျောင်းတိုက်အတွင်း မုဒုံမြို့ သာသနာနုဂ္ဂဟပဋ္ဌာန်းအဖွဲ့မှ ကြီးမှူးကျင်းပအပ်သော လေးကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ၁၀ ရက် စခန်း တရားအလုပ်ပေးပွဲ၌ ဟောကြားအပ်သော သံယုတ္တနိကာယ် ဝေဒနာသံယုတ်လာ ဝေဒနာရှုပွားနည်း တရားတော် ပထမပိုင်း'လို့ တရားတော်အမည်ကို ဒီလိုပေးလိုက်ပါ။

'ဘုန်းကြီးတို့ ဒီကနေ့ ဝေဒနာရှုပွားနည်း တရားတော်ကို ပထမပိုင်းအနေနဲ့ ဟောပါ့မယ်၊ ပထမနေ့, ဒုတိယနေ့, တတိယနေ့, စတုတ္ထနေ့, ပဉ္စမနေ့, ဆဋ္ဌမနေ့ အားဖြင့် ၆ ရက်တိုင်တိုင်

ကိမတ္ထိယဗြဟ္မာစရိယ သုတ္တန် တရားတော်ကို ဘုန်းကြီးတို့ ဟောပြီးတော့ ဝေဒနာရယ်, စိတ်ရယ်, ရုပ်ရယ် သုံးမျိုးကွဲအောင် ဟောခဲ့ပြီးပါပြီ။

'အဲဒါကြောင့် ဝေဒနာကို တော်တော်လေး သဘောပေါက်နေပြီ၊ ဒါကြောင့် ဒီကနေ့က စပြီး ဝေဒနာကို အကျဉ်းချုပ်ပြီး ၃ ရက်နဲ့ အပြီးဟောပါမယ်။

**မသင်ရသေးပါ။** ။'ဝေဒနာကို တော်တော်လေး သဘောပေါက်နေပေမယ့် ဝေဒနာရှုပွားနည်းနဲ့ ပတ်သက်ပြီး သေသေချာချာ မသင်ရ, မဟောရသေးပါဘူး။ ဒါကြောင့် ဒီကနေ့ ပထမပိုင်းအနေနဲ့ စပြီးတော့ ဝေဒနာရှုပွားနည်းကို ဟောပါ့မယ်။

'ဝေဒနာရှုပွားမယ့် ယောဂီပုဂ္ဂိုလ်ဟာ ပထမ တစ်နံပါတ် 'ဝေဒနာ'ဆိုတာ ဘာကိုခေါ်တာလဲလို့ သိထားရန် အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့် ဝေဒနာကိုသိဖို့ရာ ဒီလင်္ကာလေးကို ဆိုကြည့်ပါ။

၁။ **ကောင်းဆိုးလယ်လတ်, ခံစားတတ်, ခေါ်မှတ်ဝေဒနာ၊** ဝေဒနာရှုပွားမယ့်ပုဂ္ဂိုလ်ဟာ ဘာကြောင့် ဝေဒနာခေါ်လဲလို့ အဲဒီဝေဒနာရဲ့ သဘောကို အဦးဆုံး သိထားဖို့ရာ အင်မတန် အရေးကြီးပါတယ်။

'ယခု ဒီမှာ ဝေဒနာသဘောကို အကျဉ်းချုပ် ပြောရရင် ခံစားတတ်သောကြောင့် ဝေဒနာခေါ်တယ်လို့ ဖြေရပါမယ်။

'ဒါကြောင့် ယောဂီတို့ကို မေးဦးမယ်၊ ဘာကြောင့် ဝေဒနာခေါ်လဲ'

'ခံစားတတ်သောကြောင့် ဝေဒနာခေါ်ပါတယ်ဘုရား'

'နာသောကြောင့် ဝေဒနာခေါ်တာလား'

'မဟုတ်ပါ ဘုရား'

'ကျဉ်သောကြောင့်၊ ကိုက်ခဲသောကြောင့်၊ အောင့်အည်းသောကြောင့်၊ တုန်ခုန်သောကြောင့်၊ လှုပ်သောကြောင့်၊ ယားယံသောကြောင့်၊ မူးဝေသောကြောင့် ဝေဒနာခေါ်တာလား'

'မဟုတ်ပါဘုရား'

'ဘုန်းကြီးတို့ ဝေဒနာရှုပွားတဲ့ ပုဂ္ဂိုလ်တွေကို တော်တော်များများ တွေ့ဖူးပါတယ်။ ဘာတွေကို ဝေဒနာလုပ် ရှုလဲဆိုတော့ နာကျင်တာ ကိုက်ခဲအောင့်အည်းတာတွေပဲ ဝေဒနာလုပ်ရှုတာကို တွေ့ရပါတယ်။

**ဝေဒနာဆိုတာ။** ။'ဒါကြောင့် ဘုန်းကြီးက တရားစပြီး အားထုတ်လျှင် အားထုတ်ချင်း ဝေဒနာကို မရှုပွားခိုင်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဝေဒနာဆိုတာ ဘာရယ်လို့ မသင်ပြပေးသေးဘဲနဲ့ ဘယ်လိုမှ ဝေဒနာကို မရှုပွားတတ်သောကြောင့် ဖြစ်ပါတယ်။ ယောဂီတို့ ဝေဒနာဆိုတာ ဘယ်လို သဘောကို ခေါ်တာလဲ'

'ခံစားတတ်သော သဘောကို ဝေဒနာ ခေါ်ပါတယ် ဘုရား'

'ဒါဖြင့် ခံစားတယ် ခံစားတယ်ဆိုတော့ ဘယ်သူခံစားတာလဲလို့ မေးစရာမရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ဘယ်သူ ခံစားတာလဲလို့မေးရင် 'ဝေဒနာသည်ပင် ခံစားတယ်'လို့ ဖြေရပါမယ်။ လူသတ္တဝါက ခံစားတာ မဟုတ်ပါ။ ဘာဖြစ်လို့ လူသတ္တဝါ၊ ပုဂ္ဂိုလ်သတ္တဝါက ခံစားတာ မဟုတ်လဲ ဆိုရင် လူသတ္တဝါက ပုဂ္ဂိုလ်သတ္တဝါက ခံစားတယ်ဆိုရင် မှန်ပါ့မလား'

'မမှန်ပါဘုရား'

'ယခု မိမိကိုယ်ကိုယ်မှာ ကြည့်မယ်ဆိုရင် ပုဂ္ဂိုလ်သတ္တဝါ တွေ့မလား၊ နာမ်ရုပ်တွေ့မလား'

'နာမ်ရုပ် တွေ့ပါတယ်ဘုရား'

'ကိုယ်နဲ့ ပုဂ္ဂိုလ်သတ္တဝါနဲ့ နာမ်ရုပ်နဲ့ကွဲဖို့ အရေးကြီးပါတယ်။ ဒါဖြင့် ခံစားတာဟာ ပုဂ္ဂိုလ်သတ္တဝါက ခံစားတာလား၊ ဘယ်သူက ခံစားတာလဲ'

'ဝေဒနာက ခံစားတာပါဘုရား'

'ဟုတ်ပြီ၊ ဒါဖြင့် ရုပ်နှင့်နာမ် ခွဲလိုက်မယ်ဆိုရင် ဝေဒနာဟာ နာမ်တရားပါ။ နာမ်တရားက ၅၃ ပါးရှိတယ်။ အဲဒီ ၅၃ ပါးထဲမှာ ခံစားတတ်တဲ့နာမ်ဟာ ဝေဒနာနာမ် တစ်ပါးပဲ ရှိပါတယ်။ သာမန်ဖြေရင် နာမ်တရားက ခံစားတယ်လို့ ဖြေနိုင်ပါတယ်။ ရုပ်တရားက မခံစားနိုင်ပါ၊ ဘယ်နာမ်ခံစားတာလဲလို့ မေးရင် ဝေဒနာနာမ် ခံစားတယ်လို့ ဖြေရပါ့မယ်၊

**ဘယ်သူရဲ့ ဝေဒနာလဲ။** ။'ဒါဖြင့် တစ်ခါ ထပ်မေးဦးမယ်၊ ခံစားတဲ့သဘောကို ဝေဒနာလို့သိပြီ၊ နာမ်ခံစားတယ်လို့ သိပြီ၊ အဲဒီဝေဒနာဟာ ဘယ်သူရဲ့ဝေဒနာလဲမေးရင် ဘယ်လို

ဖြေမလဲ၊ ခုနက ဘယ်သူခံစားလဲ မေးတုန်းက ဝေဒနာခံစားတယ်၊ ပုဂ္ဂိုလ်တွေ သတ္တဝါတွေ ခံစားတာလား'

'မဟုတ်ပါဘုရား'

'ဘာဖြစ်လို့လဲဆိုတော့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိမှ မရှိတာဘဲဟာ၊ ဒါဖြင့် ဘယ်သူ့ရဲ့ ဝေဒနာလဲ မေးရင် ပုဂ္ဂိုလ်သတ္တဝါမှ မရှိတာ၊ ဘယ်သူ့ရဲ့ဝေဒနာလို့ ဖြေနိုင်ပါ့မလား'

'မဖြေနိုင်ပါဘုရား'

'ဝေဒနာဟာ ဝေဒနာပဲ၊ ခံစားတဲ့ သဘောပဲ၊ ဘယ်သူ့ရဲ့ ဝေဒနာမှ မဟုတ်ပါဘူး။ ဒကာ ငွေကိုင်ကြီးရဲ့ ဝေဒနာလား'

'မဟုတ်ပါဘုရား'

'ဝေဒနာဟာ ခန္ဓာ ၅ ပါးထဲမှာ တစ်ပါးအပါအဝင် ဖြစ်ပါတယ်။ ဒကာငွေကိုင်ကြီးရဲ့ ဝေဒနာမဟုတ်ပါဘူး။ ရုပ်ရဲ့ ဝေဒနာကော ဟုတ်ရဲ့လား'

'မဟုတ်ပါဘုရား'

'စိတ်ရဲ့ဝေဒနာကော ဟုတ်ရဲ့လား'

'မဟုတ်ပါဘုရား'

**ကိုယ်ပိုင်ကိုယ်ဆိုင် မဟုတ်။** ။'ဝေဒနာဆိုတာ ဓာတ်တစ်လုံးပဲ၊ ခန္ဓာတစ်ပါးပဲ၊ တရားတစ်လုံးပဲ၊ ဝေဒနာဆိုတာ ဓာတ်အနေနဲ့ပြောရင် ဓမ္မဓာတ်ပါ၊ ခန္ဓာအနေနဲ့ပြောရင် ဝေဒနာက္ခန္ဓာပါ၊ ဝေဒနာဟာ တရားတစ်လုံးပဲ၊ အဲဒီဝေဒနာကို ဘယ်သူ့ရဲ့ဝေဒနာပဲဆိုပြီးတော့ ဝေဒနာကို ကိုယ်ပိုင်ကိုယ်ဆိုင် အနေနဲ့ ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်၊ သတ္တဝါ တစ်စုံတစ်ယောက်ရှိသေးလား'

'မရှိပါဘုရား'

'ဒါကြောင့် ဝေဒနာကို ကိုယ်ပိုင်ကိုယ်ဆိုင်လုပ်လို့မရပါ၊ ငါ့ဟာ ငါ့ဥစ္စာ လုပ်လို့ မရပါ၊ ငါ ဖြစ်ချင်သလို ဖြစ်လို့လဲ မရပါ။

**ဘာကြောင့်ဖြစ်လဲ**။ ။'ဒါဖြင့် အဲဒီ ဝေဒနာသည် ဘာကြောင့်ဖြစ်လဲလို့ တစ်ခါ မေးနိုင်ပါသေးတယ်၊ မေးစရာရှိပါသေးတယ်၊ ဘာကြောင့် ဖြစ်သလဲလို့ ဘုန်းကြီးတို့ ပြောခဲ့ပြီးပြီ။ ဟို ကိမတ္ထိယဗြဟ္မာ စရိယ သုတ္တန်မှာ ဟောခဲ့ပါတယ်။

'ဒီမှာ ထပ်ပြောဦးမယ်၊ မိမိတို့ကိုယ်မှာ စက္ခု ဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုရယ်လို့ ဝတ္ထုရုပ် ၆ ပါး မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ပြီးတော့ အာရုံပြုစရာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အာရုံ ၆ ပါးကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'စက္ခုဝတ္ထုနဲ့ ရူပါရုံ၊ သောတဝတ္ထုနဲ့ သဒ္ဒါရုံ၊ ဃာနဝတ္ထုနဲ့ ဂန္ဓာရုံ၊ ဇိဝှာဝတ္ထုနဲ့ ရသာရုံ၊ ကာယဝတ္ထုနဲ့ ဖောဋ္ဌဗ္ဗာရုံ၊ ဟဒယဝတ္ထုမှာ မှီကဲ့ မနောနဲ့ ဓမ္မာရုံရယ်လို့ အာရုံနဲ့ ဝတ္ထု အသီးသီး တိုက်ခိုက်မှုကြောင့် ဝေဒနာ ပေါ်ပါတယ်။

'ဒီမှာ ကာယဝတ္ထု တစ်ခုအနေနဲ့ ပြောကြစို့၊ အာရုံက ဘာလဲဆိုတော့ ဖောဋ္ဌဗ္ဗာရုံပေါ့။ အဲဒီကာယဝတ္ထုနဲ့ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံနဲ့ နှစ်ခုပေါင်းဆုံတော့ သိစိတ်ဆိုတာ ဖြစ်လာ

ပါတယ်။ အဲဒီသိစိတ်နဲ့ ဝေဒနာဟာ ဖြစ်တူပျက်တူမို့ သိစိတ် ဖြစ်သည်နှင့်တစ်ပြိုင်နက် ခံစားမှုဝေဒနာ ဖြစ်ပါတယ်။

**ဘယ်အထဲမှာလဲ**။ ။'ဝတ္ထုနဲ့ အာရုံနဲ့ ပေါင်းဆုံတာနဲ့ တစ်ပြိုင်တည်း ဝေဒနာဆိုတာ ပေါ်လာပါတယ်။ ပေါ်လာ တော့ အဲဒီဝေဒနာသည် ဝတ္ထုထဲမှာ ရှိလား၊ အာရုံထဲမှာရှိလား မေးရင် ဘယ်လိုဖြေမလဲ'

'ဘယ်အထဲမှာမှ မရှိပါဘုရား'

'ဝတ္ထုနှင့် အာရုံနှစ်ခုတို့ ပေါင်းဆုံမှ သိစိတ်နဲ့ ဖြစ်တူ သဘောတရားအရ ပေါ်လာတဲ့ ခံစားမှုသဘောတရား ဝေဒနာ ပါ၊ ဒါကြောင့် ဝတ္ထုနှင့် အာရုံ ပေါင်းဆုံရင် ခံစားမှုဝေဒနာ ပေါ်လာတယ်၊ ဒါဖြင့် ဝေဒနာရဲ့ အကြောင်းဟာ ဘယ်ဟာလဲ မေးရင် ဝတ္ထုနဲ့ အာရုံပဲလို့ ဖြေရမယ်နော်'

'မှန်ပါ့ဘုရား'

'ကဲ–မေးဦးမယ်၊ ခံစားတာ ဘယ်သူကခံစားတာလဲဆိုရင် ဝေဒနာက ခံစားတယ်လို့ ဖြေဖို့ပဲနော်

'မှန်ပါဘုရား'

**ဘာကိုခံစားတာလဲ**။ ။'ဝေဒနာက ခံစားတယ်ဆိုတော့ အဲဒီဝေဒနာသည် ဘာကို ခံစားတာလဲလို့မေးရင် အာရုံရဲ့ အရသာကို ခံစားတယ်လို့ ဖြေရမယ်။ အာရုံတိုင်း အာရုံတိုင်းမှာ အရသာဆိုတာ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အာရုံရဲ့အရသာကို ခံစားတတ်လို့ ဝေဒနာခေါ်တယ်။ နာလို့ဝေဒနာခေါ်တာလား'

'မဟုတ်ပါဘုရား'

'ကျဉ်လို့ ကိုက်လို့ ဝေဒနာ ခေါ်တာလား'

'မဟုတ်ပါဘုရား'

'တောင့်တင်း၊ အောင့်အည်းလို့ ဝေဒနာ ခေါ်တာလား'

'မဟုတ်ပါဘုရား'

'မူးဝေ၊ အော်ဂလီဆန်လို့ ဝေဒနာ ခေါ်တာလား'

'မဟုတ်ပါဘုရား'

'နှလုံးခုန်၊ ရင်ခုန်လို့ ဝေဒနာ ခေါ်တာလား'

'မဟုတ်ပါဘုရား'

'လေချဉ်ပြန်၊ ယားယံလို့ ဝေဒနာ ခေါ်တာလား'

'မဟုတ်ပါဘုရား'

'ဒါဖြင့် ဘာကို ဝေဒနာခေါ်တာလဲ'

'ခံစားတတ်တဲ့ သဘောတရားကို ဝေဒနာ ခေါ်ပါတယ်ဘုရား'

'ဘာကို ခံစားတတ်တဲ့သဘောကို ဝေဒနာ ခေါ်တာလဲ'

'အာရုံရဲ့ အရသာကို ခံစားတတ်တဲ့ သဘောကို ဝေဒနာ ခေါ်ပါတယ်ဘုရား'

**အာရုံ ၃ မျိုး။** ။'အာရုံရဲ့အရသာကို ခံစားတတ်သောကြောင့် ဝေဒနာခေါ်တယ်ဆိုရင် အဲဒီအာရုံဟာ ဘယ်နှမျိုးရှိသလဲလို့ မေးစရာပေါ်လာပြန်ပါတယ်၊ ပေါ်လာလို့မေးရင်–

၁။ ကောင်းတဲ့အာရုံ

၂။ မကောင်းတဲ့အာရုံ

၃။ ကောင်းဆိုး နှစ်ခုတို့ရဲ့ အလယ်အလတ်အာရုံ

ရယ်လို့ အာရုံ ၃ မျိုး ရှိပါတယ်။ အဲဒီ အာရုံ ၃ မျိုးမှာ ကောင်းတဲ့ အာရုံရဲ့ အရသာကိုလဲပဲ ဝေဒနာက ခံစားတယ်၊ မကောင်းတဲ့ အာရုံ၊ ဆိုးတဲ့အာရုံရဲ့ အရသာကိုလဲပဲ ဝေဒနာက ခံစားတယ်။ ကောင်း,မကောင်း နှစ်ခုတို့ရဲ့ အလယ်အလတ်ဖြစ်တဲ့ အာရုံရဲ့ အရသာကိုလဲပဲ ဝေဒနာက ခံစားတယ်။

'အဲဒီလို ကောင်းတဲ့အရသာကို ခံစားတဲ့အတွက် ဝေဒနာ၊ မကောင်းတဲ့ အရသာကို ခံစားတတ်တဲ့ အတွက် ဝေဒနာ၊ ကောင်း မကောင်း နှစ်ခုတို့ရဲ့ အလယ်အလတ် အရသာကို ခံစားတဲ့အတွက် ဝေဒနာလို့ ခေါ်ပါတယ်၊ နာကျင်ကိုက်ခဲလို့ ဝေဒနာခေါ်တာလား'

'မဟုတ်ပါဘုရား'

'ဒါဖြင့် ဒီခန္ဓာကိုယ်ထဲမှာ ဖြစ်နေတဲ့ နာကျင်၊ ကိုက်ခဲ၊ မူးဝေ၊ အော်ဂလီဆန်၊ နှလုံးတုန်၊ ရင်ခုန်၊ ယားယံ စသည်တို့ဟာ ဘာတွေလဲဆိုရင် ရုပ်ဖောက်ပြန်နေတာပါ။ တစ်နည်းပြောရရင် သူတို့ဟာ ရုပ်အာရုံတွေပါ၊ အဲဒီ ဖောက်ပြန်နေတဲ့ အာရုံတိုင်း အာရုံတိုင်းရဲ့ အရသာကို ဝေဒနာက လိုက်လိုက်ပြီး ခံစားပါတယ်။

'ဒါကြောင့် ယောဂီတို့ သဘောပေါက်အောင် ရှုပွားရမှာက အာရုံက သတ်သတ်၊ ခံစားတတ်တဲ့ သဘောတရားဝေဒနာက သတ်သတ်လို့ ကွဲအောင် ရှုပွားနိုင်ရမယ်၊ ဖောက်ပြန်မှုရုပ်အာရုံက ထင်ရှားပါတယ်၊ ခံစားမှုဝေဒနာက မထင်ရှားပါ၊ သိမ်မွေ့ပါတယ်၊ ဝေဒနာ ရှုပွားသူဟာ အဲဒီ ခံစားတဲ့သဘောတရားကို ရှုရမှာပါ။

**ဝေဒနာအမျိုးအစား။** ။'ဒါဖြင့် ခံစားတတ်တဲ့ သဘောတရားကို ဝေဒနာ ခေါ်တာတော့ ဟုတ်ပြီ၊ အဲဒီ ဝေဒနာဟာ ဘယ်နှမျိုး ပြားသလဲလို့ မေးရင် သိရအောင် ဒီလင်္ကာကို ဆိုကြည့်ပါ။

၂။ **သုခဒုက္ခာ၊ ဥပေက္ခာ၊ သုံးပြားဝေဒနာ။**

'ဝေဒနာ ရှုပွားချင်တဲ့ ယောဂီဟာ ဝေဒနာ ဘယ်နှမျိုး ရှိတယ်ဆိုတာကို ဝေဒနာရဲ့ အမျိုးအစား နားလည်ရပါမယ်။ ခုနတုန်းက ဝေဒနာရဲ့ သဘောတရား၊ ဝေဒနာ ခေါ်ပုံကို ပြောပြလိုက်တော့ သဘောပေါက်သွားပြီ။

'ဝေဒနာဆိုတာ ဘာကို ခေါ်တာလဲ၊ ခံစားတတ်တဲ့ သဘောတရားကို 'ဝေဒနာ' ခေါ်တယ်လို့ သိသွားပြီးတဲ့နောက် အဲဒီဝေဒနာသည် ဘယ်နှမျိုး ပြားသလဲလို့ မေးရင် သုံးမျိုး ပြားပါတယ်။

'ဒါဖြင့် ဝေဒနာရှုပွားတဲ့ ယောဂီဟာ အဲဒီ ဝေဒနာရဲ့ သဘောတရားအမျိုးအစားမှ မသိ၊ နားမလည်ဘဲ အားထုတ်ရင် မှန်ကန်တဲ့ ဝေဒနာရှုပွားနည်း ဟုတ်နိုင်ပါ့မလား'

'မဟုတ်နိုင်ပါဘုရား'

'ဒါဖြင့် ဝေဒနာ ဘယ်နှမျိုးရှိလဲလို့ အဲဒီ ဝေဒနာရဲ့ အမျိုးအစားကို သိဖို့ရာလဲ အရေးကြီးပါတယ်။ အရေးကြီးတဲ့ အတွက် ဝေဒနာရှုပွားချင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ–

၁။ သုခဝေဒနာ

၂။ ဒုက္ခဝေဒနာ

၃။ ဥပေက္ခာဝေဒနာ

ရယ်လို့ ဝေဒနာ ၃ မျိုးကို မှတ်ထားပါ။ ခုနက ဆိုခဲ့တဲ့ 'ကောင်းဆိုး လယ်လတ်၊ ခံစားတတ်၊ ခေါ်မှတ် ဝေဒနာ' ဆိုတဲ့ လင်္ကာက မြန်မာလို အမည်မှည့်လိုက်တယ်။ ဒီလင်္ကာက ပါဠိလို အမည်မှည့်လိုက်တယ်၊ အဲဒါပဲ ကွာပါတယ်။

'ကောင်းတာ ချမ်းသာတာကို ပါဠိလို 'သုခ'၊ ခံစားတာကို ပါဠိလို 'ဝေဒနာ'၊ ပေါင်းလိုက်တော့ ချမ်းသာသုခခံစားမှု 'သုခဝေဒနာ'လို့ ဖြစ်မသွားဘူးလား'

'ဖြစ်သွားပါတယ်ဘုရား'

'မကောင်းတာ၊ ဆင်းရဲတာကို ပါဠိလို 'ဒုက္ခ'၊ ခံစားတာကို ပါဠိလို 'ဝေဒနာ'၊ ပေါင်းလိုက်တော့ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'လို့ ဖြစ်မသွားဘူးလား'

'ဖြစ်သွားပါတယ်ဘုရား'

'ကောင်း၊ မကောင်း နှစ်ခုတို့ရဲ့ အလယ်အလတ်သဘော၊ သို့မဟုတ် ချမ်းသာမဟုတ် ဆင်းရဲမဟုတ်တဲ့ သဘောကို 'ဥပေက္ခာ'လို့ ပါဠိလို ခေါ်ပါတယ်၊ ခံစားတာကို ပါဠိလို 'ဝေဒနာ'၊ ပေါင်းလိုက်တော့ ချမ်းသာမဟုတ်၊ ဆင်းရဲမဟုတ်တဲ့ သဘောကို ခံစားမှု 'ဥပေက္ခာဝေဒနာ'လို့ ဖြစ်မသွားဘူးလား'

'ဖြစ်သွားပါတယ်ဘုရား'

'အဲဒီ ဥပေက္ခာဝေဒနာကို တစ်မျိုးနာမည် မှည့်ခေါ်တာက အဒုက္ခ မသုခ ဝေဒနာတဲ့၊ ဆင်းရဲဒုက္ခလဲ မဟုတ်ဘူး၊ ချမ်းသာသုခလဲ မဟုတ်ဘူး၊ အဲဒီ ဆင်းရဲချမ်းသာမဟုတ်တဲ့ ခံစားမှုသဘောတရားကို 'ဥပေက္ခာဝေဒနာ'လို့ ခေါ်ပါတယ်။

'သုခလို့ပြောမလား၊ မပြောနိုင်ဘူး၊ ဒုက္ခလို့ပြောမလား၊ မပြောနိုင်ဘူး၊ အဲဒီလို ဒုက္ခလို့လဲ မပြောနိုင်၊ သုခလို့လဲ မပြောနိုင်တဲ့ ဝေဒနာကို 'ဥပေက္ခာ ဝေဒနာ'လို့ ခေါ်ပါတယ်၊ ဘုန်းကြီးတို့ လွယ်လွယ်ပြောရင်-

၁။ ချမ်းသာတဲ့ ဝေဒနာ

၂။ ဆင်းရဲတဲ့ ဝေဒနာ

၃။ မသိမသာ ဝေဒနာ

လို့ ဝေဒနာ ၃ မျိုးကို အဲဒီလို အမည်မှည့်ခေါ်နိုင်ပါတယ်။ ချမ်းသာတဲ့ ဝေဒနာဆိုတာ 'သုခဝေဒနာ'ပေါ့၊ ဆင်းရဲတဲ့ ဝေဒနာဆိုတာ 'ဒုက္ခဝေဒနာ'ပေါ့၊ မသိမသာ ဝေဒနာ ဆိုတာ 'ဥပေက္ခာဝေဒနာ'ပေါ့။

'မသိမသာဆိုတာ ချမ်းသာတယ်လို့ သိသာသလားဆိုတော့ မသိသာဘူး၊ ဆင်းရဲတယ်လို့ သိသာသလားဆိုတော့လဲ မသိသာဘူး၊ အဲဒီလို ချမ်းသာဆင်းရဲ ကွဲကွဲပြားပြား မသိသာတဲ့ အတွက် အဲဒီ ဝေဒနာကို ဥပေက္ခာဝေဒနာလို့ ခေါ်ပါတယ်၊ အဒုက္ခမသုခ ဝေဒနာလို့လဲ ခေါ်ပါတယ်။

**အဖြစ်များတယ်**။ ။'ပုဂ္ဂိုလ် သတ္တဝါတွေ သန္တာန်မှာ အမြဲလိုလို ဖြစ်နေတာက အဲဒီ ဥပေက္ခာ ဝေဒနာပါပဲ၊ ဥပေက္ခာ ဝေဒနာဟာ အဖြစ်များပါတယ်။

'ဘုန်းကြီးတို့ ယခုတရားအားထုတ်တဲ့အခါမှာ သုခဝေဒနာ ဖြစ်တတ်ပါတယ်။ တော်တော်နဲ့တော့ မဖြစ်သေးပါဘူး၊ အဲဒီ သုခဝေဒနာ ဖြစ်လာတဲ့အခါ အင်မတန် ထင်ရှားပါတယ်၊

ဖြစ်လာရင် မသိမသာ မဟုတ်ပါဘူး၊ သိသိသာသာ ဖြစ်လာပါတယ်။

'ဆင်းရဲတဲ့ ဒုက္ခဝေဒနာ ဖြစ်ရင်လဲ အင်မတန် ထင်ရှားပါတယ်၊ မသိမသာ မဟုတ်ပါဘူး၊ သိသိသာသာ ဖြစ်လာပါတယ်၊ ဥပေက္ခာဝေဒနာ ဖြစ်ရင်တော့ မသိသာပါဘူး၊ မထင်ရှားပါဘူး။

'ဒါဖြင့် အဲဒီမသိမသာတဲ့ မထင်ရှားတဲ့ ဥပေက္ခာ ဝေဒနာကို ဘယ်လိုလုပ်ပြီး သိအောင် လုပ်မလဲ၊ ထင်ရှားအောင် လုပ်မလဲ ဆိုရင် သုခဝေဒနာ၊ ဒုက္ခဝေဒနာ နှစ်ခုနဲ့ မှတ်ယူရပါတယ်။

**သုခဝေဒနာ**။ ။သုခဝေဒနာဖြစ်ပြီဆိုရင် 'အဟောသုခံ၊ ဩော်-ချမ်းသာလေစွ၊ အဟောသုခံ၊ ဩော်-ချမ်းသာလေစွ' လို့ ဥဒါန်းကျူးရလောက်အောင် ချမ်းသာပါတယ်၊ အဲဒီ သုခဝေဒနာ ဖြစ်လာရင် ထင်ရှားပုံကို အင်မတန်အေးမြတဲ့ ရေအိုးပေါင်းတစ်ထောင်နဲ့ သွန်းလောင်း ခံရဘိသကဲ့သို့ အင်မတန်မှပဲ နှလုံးစိတ်ဝမ်း ကိုယ်ငြိမ်းချမ်း အေးမြပါတယ်၊ ဒါကြောင့် သုခဝေဒနာဖြစ်ရင် ထင်ရှားပါတယ်။

'တချို့က အဲဒီသုခဝေဒနာ ဖြစ်လာတာကို မဂ်ဖိုလ်ထင်မှားတတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ကြိမ်လောက်ပဲ ဖြစ်ပြီး နောက်ထပ် မဖြစ်တော့ မဂ်ကျရင် အေးမြတယ်၊ တစ်ကြိမ်ပဲဖြစ်တယ်လို့ ကြားဖူးထားတော့ မဂ်လို့ ထင်မှားတတ်ပါတယ်၊ မဂ်မဟုတ်သေးပါ။

**ဒုက္ခဝေဒနာ**။ ။'ဒုက္ခဝေဒနာ ဖြစ်ပြီဆိုရင်လဲ 'အဟောဒုက္ခံ၊ ဩော်-ဆင်းရဲလေစွ၊ အဟောဒုက္ခံ၊ ဩော်-ဆင်းရဲ

လေစွ’လို့ အော်ညည်းရလောက်အောင် ဆင်းရဲပါတယ်၊ အဲဒီ ဒုက္ခဝေဒနာဖြစ်လာရင် ထင်ရှားပုံကို ရဲရဲနီအောင်ပူလောင်နေတဲ့ သံချောင်းကြီးကို မျိုထားရဘိသကဲ့သို့ အင်မတန်မှ နှလုံး စိတ်ဝမ်း ပူပြင်းလှပါတယ်လို့ ဥပမာပြထားပါတယ်၊ ဒါကြောင့် ဒုက္ခဝေဒနာဖြစ်ရင်လဲ ထင်ရှားပါတယ်။

**ဥပေက္ခာဝေဒနာ**။ ။‘အဲဒီ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ နှစ်ခုတို့ရဲ့ အကြား အလယ်အလတ်ဖြစ်တဲ့ ဥပေက္ခာဝေဒနာ ကျတော့ ပြောဖို့ရာ ခက်နေပါတယ်၊ ဘယ်လို ပြောနိုင်သလဲ ဆိုရင် ဒီနေရာမှာ ကျောက်ဖျာကြီးတစ်ခု ရှိတယ်ဆိုပါတော့၊ အဲဒီကျောက်ဖျာကြီးရဲ့ ပတ်လည်ကတော့ မြေပျော့ပဲရှိတယ်။

‘သမင်တစ်ကောင်ဟာ ကျောက်ဖျာ အရှေ့ဘက်က နေပြီး အနောက်ဘက်ကို ကျောက်ဖျာပေါ်မှ ဖြတ်ပြီး သွားတယ်၊ အဲဒီလို ဖြတ်သွားတော့ ကျောက်ဖျာပေါ်မှာ သမင်ခြေရာ ထင်ကျန်ရစ်လားဆိုတော့ မကျန်ရစ်ပါ။

‘ဒါပေမယ့် အရှေ့ဘက်ကနေ ကျောက်ဖျာဆီ ဦးတည် လာနေတဲ့ သမင်ခြေရာကို မြေပျော့ပေါ်မှာ မြင်ရတယ်၊ ကျောက်ဖျာမှ ဆင်းပြီး အနောက်ဘက်သွားတဲ့ သမင်ခြေရာကို မြေပျော့ပေါ်မှာ အတိအကျ အထင်အရှား မြင်ရတယ်။

‘အဲဒီ ကျောက်ဖျာပေါ်အတက်၊ ကျောက်ဖျာမှ အဆင်း ခြေရာ ၂ ခုကို ကြည့်ပြီး ‘သြော်–ဒီသမင်ဟာ ကျောက်ဖျာ အရှေ့ဘက်ကနေ တက်ပြီး အနောက်ဘက်ကို ဆင်းသွားပါ လား၊ ဒီကျောက်ဖျာပေါ် ဖြတ်သွားပါလား’လို့ မသိနိုင်ဘူး လား’

'သိနိုင်ပါတယ်ဘုရား'

'အဲဒီလို သိနိုင်တာဟာ ကျောက်ဖျာပေါ်မှာ ခြေရာ အထင်အရှား တွေ့လို့ သိတာလားဆိုတော့ မဟုတ်ပါ၊ ထင်ရှားတဲ့ အတက်အဆင်း ခြေရာကိုကြည့်ပြီး သိတာပါ၊ ထင်ရှားတာကို ထောက်ဆပြီး မထင်ရှားတာကို သိတာပါ။

**သိသာတယ်**။ ။'အဲဒီလိုပဲ သုခဝေဒနာဆိုတာ အင်မတန်မှ အေးမြတဲ့ ရေအိုးပေါင်း တစ်ထောင်နဲ့ လောင်းလိုက်တဲ့ အခါ 'ဩော်–ချမ်းသာလေစွ၊ ဩော်–ချမ်းသာလေစွ'လို့ ဥဒါန်း ကျူးရလောက်အောင် အေးမြချမ်းသာလို့ သိသာပါတယ်။

'ဒုက္ခဝေဒနာဆိုတာ အင်မတန်မှ ပူလောင်တဲ့ သံချောင်းကြီး မျိုထားရတဲ့အခါ 'ဩော်–ဆင်းရဲလေစွ၊ ဩော်–ဆင်းရဲလေစွ'လို့ အော်ညည်းရလောက်အောင် ဆင်းရဲလို့ သိသာပါတယ်။

**မသိသာပါ**။ ။'ဥပေက္ခာဝေဒနာကျတော့ မသိသာပါ၊ ကျောက်ဖျာပေါ် တက်တဲ့ သမင်ခြေရာပမာ သုခဝေဒနာ၊ ကျောက်ဖျာပေါ်မှ ဆင်းတဲ့ သမင်ခြေရာပမာ ဒုက္ခဝေဒနာ၊ ကျောက်ဖျာပေါ်မှာ မထင်ရှားတဲ့ သမင်ခြေရာပမာ ဥပေက္ခာဝေဒနာလို့ သဘောပေါက်ပါ။

'ဒါကြောင့် ဥပေက္ခာဝေဒနာဟာ အသိခက်ပါတယ်၊ မထင်ရှားပါ၊ ရှုတဲ့အခါမှာ ဘယ်ဝေဒနာ ရှုရမလဲဆိုတော့ ထင်ရှားတဲ့ သုခဝေဒနာ၊ ဒုက္ခဝေဒနာကို ရှေးဦးစွာ ရှုပါ၊ သုခ

ဝေဒနာ၊ ဒုက္ခဝေဒနာ ရှုပွားတတ်လို့ သဘောပေါက်တဲ့အခါ ဥပေက္ခာဝေဒနာကို သဘောပေါက်လာပါလိမ့်မယ်။

**သိမှ လွယ်မယ်။** ။'ဝေဒနာ ရှုပွားချင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဝေဒနာအမျိုးအစား သဘောသဘာဝကို နားလည်မှ ရှုနိုင်ပါမယ်၊ ရှုတတ်ပါမယ်၊ ရှုပွားနည်း မှန်ပါမယ်၊ သို့မဟုတ်က မရှုတတ်၊ မရှုနိုင်ပါ၊ မမှန်နိုင်ပါ။

'ယခုတော့ ဝေဒနာ ဘယ်နှမျိုး သိသွားလဲဆိုရင် သုံးမျိုး သိသွားပါပြီ၊ အဲဒီလို ဝေဒနာသုံးမျိုးလောက်တော့ သိပါမှ ဝေဒနာရှုပွားလို့လွယ်ပါမယ်၊ မသိရင် မလွယ်ပါ၊ မမှန်နိုင်ပါ။

'ဘုန်းကြီးတို့ ယခု သိရသလောက်တော့ ဟာရားနယ်ပယ်ထဲမှာ နာကျင်ကိုက်ခဲတဲ့ ရုပ်ဖောက်ပြန်မှု ရုပ်ဒုက္ခ တစ်ခုတည်းကိုပဲ ဝေဒနာလုပ်ပြီး ရှုပွားနေတာ တွေ့ရပါတယ်။

'သုခ၊ ဥပေက္ခာကို ရှုပွားတာ မတွေ့ရသလောက်ပါဘဲ၊ အဲဒီ ရုပ်ဒုက္ခရှုပြန်တော့လဲ အရှုအပွား မမှန်တာတွေဘဲ အများဆုံး တွေ့ရပါတယ်။

'တကယ်ရှုရမှာက ဒုက္ခဝေဒနာရှုရင် အဲဒီ ဒုက္ခဝေဒနာရဲ့ အဖြစ်အပျက်၊ ဒုက္ခဝေဒနာရဲ့ သဘောသဘာဝ အကြောင်းအကျိုး စသည်ကို သိအောင် မြင်အောင် ထင်အောင် ရှုရမှာပါ။

'ယခု ဘုန်းကြီးတို့ အများဆုံးတွေ့ရတာက အဲဒီလိုဟာမျိုး မတွေ့ရပါ၊ ဘယ်လို တွေ့ရသလဲဆိုတော့ ခံစားမှု ဝေဒနာရဲ့ သဘောကို မရှုဘဲ ရုပ်ဖောက်ပြန်လို့ နာကျင်ကိုက်ခဲနေတာကို ရှုနေတာပဲ တွေ့ရပါတယ်။

'ပြီးတော့ အဲဒီ နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခကို ရှုပြန်တော့ သူ့သဘော ဘယ်လိုအဖြစ်၊ ဘယ်လိုအပျက်၊ ဘယ်လို ဘာ့ကြောင့် ဖြစ်၊ ဘာကြောင့်ပျက်ရယ်လို့ သိအောင် မြင်အောင် ထင်အောင် ရှုပွားအားထုတ်မှု မပြုဘဲ အဲဒီ နာကျင်ကိုက်ခဲတဲ့ ရုပ်ဒုက္ခကြီးကို ကုန်သွားအောင်၊ ပျောက်သွားအောင် ဆိုပြီး ရှုပါတယ်၊ အမှန်ရှုရမှာက ကုန်အောင် ရှုရမှာ မဟုတ်ပါ၊ သူ့သဘော သဘာဝကို သိအောင် မြင်အောင် ရှုပွားရမှာပါ။

**ရှုပွားနည်း။** ။'နာကျင် ကိုက်ခဲမှု ရုပ်ဒုက္ခကို ရှုချင်ရင် ဒီဒုက္ခဟာ ဘယ်လိုသဘောရှိသလဲ၊ သူ ဘယ်လိုဖြစ်လာသလဲ၊ ဘယ်လို ပျက်သလဲ၊ ဘာ့ကြောင့်ဖြစ်လဲ၊ ဘာ့ကြောင့်ပျက်လဲ စသည်ဖြင့် အဲဒီရုပ်ဒုက္ခရဲ့ သဘော သဘာဝကို ဖြစ်ကြောင်း၊ ပျက်ကြောင်းနှင့်တကွ သိအောင် မြင်အောင် ရှုပွားရမှာပါ။

'ရှုပွားတဲ့အခါ ဘယ်လို စိတ်အနေအထားနဲ့ ရှုပွားရမှာလဲ ဆိုတော့ ကိုယ်နဲ့ အမျိုးမတော်စပ်တဲ့ သူစိမ်း လူမမာ တစ်ယောက်ကို သွားပြီး ကြည့်ရှုရသလို ကြည့်ရှုပွားများရပါမယ်။

'အပြင်းအထန် ဖျားနေတဲ့ ဆွေမျိုးလူမမာဆိုရင် ငါ့ဆွေမျိုးဆိုတဲ့ အစွဲအလမ်းက ပါနေတော့ စိတ်နေစိတ်ထား မမှန်ကန်တော့ ရှုပွားပုံ မမှန်မှာစိုးလို့ သူစိမ်းလူမမာနဲ့ နှိုင်းယှဉ်ပြသထားခြင်း ဖြစ်ပါတယ်။

'အပြင်းအထန် ဖျားနေတဲ့ ဆွေမျိုး လူမမာဆိုရင် ငါ့ဆွေမျိုးဆိုတဲ့ အစွဲအလမ်းပါမယ်၊ သူစိမ်းလူမမာဆိုတော့ ကိုယ်က အဲဒီလူမမာ အဖျားအနာတွေကို ငါ့ဆွေမျိုး အပြင်းအထန်

ဖျားနာတယ်လို့ အစွဲအလမ်း အပူအပင်နဲ့ မကြည့်ပါဘူး၊ နှလုံး စိတ်ဝမ်း မတုန်လှုပ်ပါဘူး၊ ပုံမှန်ပါပဲ။

'ဘယ်လိုကြည့်ရှုလဲဆိုရင် သက်သက် သာသာနဲ့ အသာ လေးထိုင်ပြီး လူမမာကို ကြည့်ကာ 'ဘယ်နေ့က စဖြစ်တာလဲ၊ ဘာ့ကြောင့် ဖြစ်တာလဲ၊ ဘယ်လိုနေသလဲ၊ နေသာရဲ့လား၊ နံနက်က ဘာစားလဲ၊ စားလို့ ကောင်းရဲ့လား၊ ဘာဆေးသောက် လဲ၊ ဘယ်ဆရာနဲ့ကုလဲ' စသည်ဖြင့် အေးအေးဆေးဆေး အပူ အပင်မရှိ မေးနိုင် ကြည့်ရှုနိုင်ပါတယ်။

'အဲဒီလိုမေးနေတုန်း မေးနေခိုက်မှာ မိမိမှာ အမယ်လေး အဘလေးတပြီး ပူပန်ဆင်းရဲ မျက်နှာရှုံ့တွ ဖြစ်နေသေးလား ဆိုရင် မဖြစ်ပါဘူး။

'ဘာ့ကြောင့် မဖြစ်လဲ၊ ကိုယ့်ဝေဒနာမှ မဟုတ်ဘဲ၊ ကိုယ့် ဆွေမျိုးရဲ့ ဝေဒနာမှ မဟုတ်ဘဲ၊ သူစိမ်းရဲ့ဝေဒနာကိုး၊ ဘာမှ မဖြစ်ဘူးပေါ့။

'အဲဒီလိုပဲ ဒုက္ခဝေဒနာရှုချင်ရင် အဲဒီ ဒုက္ခဝေဒနာကို ငါနှင့် မဆိုင်၊ ငါမပိုင်တဲ့ သူစိမ်း ပြင်ပလို့ သဘောထားရ ပါမယ်။

'ဒီဆင်းရဲမှု ဒုက္ခဝေဒနာဟာ 'ငါမဟုတ်ဘူး၊ ငါ့ဥစ္စာ မဟုတ်ဘူး၊ ငါ့ကိုယ်မဟုတ်၊ ငါ့ဆွေမျိုးမဟုတ်ဘူး၊ ငါနဲ့မဆိုင်၊ ငါနဲ့ အလွတ်ကြီးပဲ'လို့ စိတ်ထဲမှာ သဘောထားကာ သူစိမ်း လူမမာတစ်ယောက်ကို ထိုင်ကြည့်နေသလို သက်သက်သာသာ မှုမှုတတထိုင်ပြီး ရှုကြည့်ရမှာပါ။ အနာအကျင် အကိုက်အခဲ ဆုံး နေရာကို တစ်နာပြီး တစ်နာ၊ တစ်ကျင်ပြီး တစ်ကျင်၊

တစ်ကိုက်ပြီး တစ်ကိုက် ဖြစ်ပျက်နေတာကို မြင်အောင် သိအောင် ရှုကြည့်နေရမှာပါ။

'နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာတွေ ကုန်သွားအောင် ပျောက်သွားအောင် ပျက်သွားအောင် မရှုရပါ၊ ကိုယ်ကိုလဲ ချုပ်မထားရပါ၊ တောင့်တင်းမထားရပါ၊ အလိုက်သင့် မျှမျှ တတလေးနေပါ။

'အဲဒီဒုက္ခတွေ မကုန်အောင် ထင်ရှားအောင် ဆိုပြီးလဲ အောင့်မထားရပါ၊ ချုပ်မထားရပါ။ အလိုက်သင့် နေသာသလို နေပြီး အသိမပြတ် သတိကပ်ပြီး ရှုကြည့်နေရမှာပါ။ အဲဒီလို ရှုကြည့်နေမှ ရှုပွားနည်း မှန်ပါတယ်။ အဲဒီလို မရှုရင် ရှုပွား နည်း မမှန်ပါ။

**ကိုယ်မှာ မပြတ်။** ။'ဝေဒနာဟာ ကိုယ်မှာ မပြတ်ပါ။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ဟာ တစ်မျိုး မဖြစ် တစ်မျိုးဖြစ် လှည့်ပြီး ဖြစ်နေပါတယ်။ ဒါကြောင့် ရှုပွား တဲ့အခါ သုခဝေဒနာ ထင်ရှားရင် သုခဝေဒနာကို ရှုရပါမယ်၊ ဒုက္ခဝေဒနာ ထင်ရှားရင် ဒုက္ခဝေဒနာကို ရှုရပါမယ်။

'ဥပေက္ခာ ဝေဒနာကတော့ မထင်ရှားပါ၊ မထင်ရှားတော့ ထင်ရှားတဲ့ ဝေဒနာကိုပဲ ရှုပါ။ သုခဝေဒနာကို ရှုတတ်ရင် သဘောပေါက်ရင်, ဒုက္ခဝေဒနာကိုလည်း ရှုတတ်ရင် သဘော ပေါက်ရင်, ဥပေက္ခာ ဝေဒနာကို သဘောပေါက်လာပါလိမ့်မယ်။

'ဒီနေရာမှာ ယောဂီဟာ ရုပ်ဒုက္ခကို ခံစားလို့ ဒုက္ခဝေဒနာ၊ ရုပ်သုခကို ခံစားလို့ သုခဝေဒနာ၊ ရုပ်အဒုက္ခမသုခကို ခံစားလို့

အဒုက္ခမသုခဝေဒနာ (ဝါ) ဥပေက္ခာဝေဒနာလို့ သေချာစွာ မှတ်သားထားပါ။

**ရှိထားရမယ့် တရား။** ။'ကဲ–ဆက်ပြောဦးမယ်၊ ဝေဒနာ ရှုပွားချင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဝေဒနာမရှုမီ မိမိမှာ ပြည့်စုံ ရမယ့်တရား၊ ထားရတဲ့တရားဆိုတာ ရှိပါတယ်။ အဲဒီတရားက ဘာလဲဆိုတော့–

'ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းတို့သည် 'ဝေဒနာ ကို အာရုံပြု၍ဖြစ်သော ကိလေသာကို လွန်စွာ ပူပန်စေတတ် သော သမ္မပ္ပဓာန်လုံ့လရှိသည်ဖြစ်၍၊ ဝေဒနာကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာအဆင်အခြင်နှင့် ပြည့်စုံ သည်ဖြစ်၍၊ ဝေဒနာကို အောက်မေ့တတ်သော သတိနှင့်ပြည့်စုံ သည်ဖြစ်၍'လို့ ဘုရားရှင် အဲဒီလို ဟောထားပါတယ်။ ဒါ့ကြောင့် ဝေဒနာရှုပွားမယ့် ယောဂီပုဂ္ဂိုလ်မှာ ထားရမယ့် တရား၊ ပြည့်စုံ ရမယ့်တရားဟာ–

၁။ ဝီရိယ

၂။ ပညာ

၃။ သတိ

ရယ်လို့ ပြည့်စုံရမယ့် တရား၊ ယောဂီမှာ အမြဲမပြတ်ရှိထား ရမယ့် တရားဟာ ၃ ပါးရှိပါတယ်။ အဲဒီ ၃ ပါးမှာ ဝီရိယ ဆိုတာ ဘယ်လို ဝီရိယလဲဆိုတော့ 'ဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာကို လွန်စွာ ပူပန်စေတတ်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယ မျိုးကို ဆိုပါတယ်။

'တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် တစ်ဇွတ်ထိုး ဝီရိယမျိုးကို မဆိုပါဘူး၊ ပညာ၊ သတိ မပါတဲ့ ဝီရိယမျိုးကို မဆိုပါဘူး။

'သမ္မပ္ပဓာန် ဝီရိယဆိုတာ အယူအဆမလွဲပါနဲ့၊ ထိုင်ရာမထ ဝီရိယလို့ မယူဆလိုက်ပါနဲ့၊ အချို့ အဲဒီလို အယူအဆလွဲပြီး ထိုင်ရာမထ ကိုယ်ဒုက္ခကျွတ်အောင် အားထုတ်တတ်ပါတယ်။ အမှန်က ကိလေသာကျွတ်ဖို့ အားထုတ်ရမှာပါ၊ သမ္မပ္ပဓာန် ဝီရိယကို သတိပြုပါ။

၁။ မဖြစ်သေးတဲ့ အကုသိုလ်တွေကို မဖြစ်အောင် လုံ့လပြုခြင်း။

၂။ ဖြစ်ပြီးသား အကုသိုလ်တွေကို ပယ်နိုင်အောင် နောက်ထပ် မဖြစ်အောင် လုံ့လပြုခြင်း။

၃။ မဖြစ်သေးတဲ့ ကုသိုလ်တွေကို ဖြစ်အောင် လုံ့လပြုခြင်း။

၄။ ဖြစ်ပြီးသား ကုသိုလ်တွေကို လွန်စွာ တိုးပွားစေခြင်းငှာ နောက်ထပ် ဖြစ်စေခြင်းငှာ လုံ့လပြုခြင်း'တဲ့။

'အချုပ်ပြောရရင် အကုသိုလ်ကို ပယ်နိုင်အောင် လုံ့လကြိုးကုတ် အားထုတ်နေမှ သမ္မပ္ပဓာန် ဝီရိယပါ၊ ယခု တရားအားထုတ်တဲ့နေရာမှာ အဲဒီဝီရိယကို သတိပြုပါ။

'ဝီရိယ–ဝီရိယနဲ့ အရမ်းဝီရိယ၊ အကြမ်းဝီရိယ မဟုတ်ဘူးနော်၊ ဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယကို ဆိုလိုပါတယ်၊ ဝေဒနာကို ပယ်ဖြုတ်နိုင်တဲ့ ဝီရိယ မဟုတ်ပါ။

'ဒါကြောင့် ဝေဒနာ ရှုချင်တဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်နိုင်တဲ့ ဝီရိယ ရှိရမယ်။ ဝေဒနာကို ပယ်တဲ့ ဝီရိယ မဟုတ်ပါ၊ ဝေဒနာကုန်အောင် အားထုတ်တဲ့ ဝီရိယ မဟုတ်ပါ။ ဝေဒနာကို အာရုံပြု၍ ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယပါ။

'ယောဂီတို့၊ ဒီစကားဟာ မပေါ့ပါ၊ ဒီစကားကို အထပ်ထပ် သတိပြုပါ။ ဒီစကားကို နားမလည်ရင် ဝေဒနာအရှု လွဲပါ့မယ်။

'ဝေဒနာကို အာရုံမပြုဘူး၊ ဝေဒနာကို အာရုံပြု၍ ဖြစ်တဲ့ ကိလေသာကိုလဲ မသိဘူး၊ အဲဒီ ကိလေသာကိုလဲ ပယ်နိုင်တဲ့ လုံ့လ ဝီရိယ မရှိဘူးဆိုရင် ဝေဒနာ ရှုပွားလို့ ဖြစ်နိုင်ပါ့မလား။

'မဖြစ်နိုင်ပါ ဘုရား'

'ဝေဒနာက ရုပ်လို မထင်ရှားပါ၊ အင်မတန် သိမ်မွေ့ပါတယ်၊ အသိခက်ပါတယ်။

'ဒါကြောင့် သိမ်မွေ့နူးညံ့တဲ့ ဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ လုံ့လဝီရိယ ရှိရပါမယ်၊ တိုတို ပြောတော့ သတိပညာတို့နဲ့ တွဲတဲ့ ဝီရိယ ရှိရပါမယ်။

'ဝီရိယဆိုတော့ ထိုင်ရာမထကို ခေါ်တာလားလို့ မေးရင် မဟုတ်ပါ၊ ပြီးတော့ နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခတွေ မကျွတ်မချင်း မထဆိုတဲ့ ဝီရိယကို ခေါ်တာလားလို့ မေးရင်လဲ မဟုတ်ပါ။

'နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခတွေ ကိုယ့်သန္တာန်က ကျွတ်သွားသည်ဖြစ်စေ၊ မကျွတ်သေးသည် ဖြစ်စေ အဲဒီ ရုပ်ဒုက္ခကို အာရုံပြုပြီးဖြစ်တဲ့ ခံစားမှု ဝေဒနာပေါ်မှာဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယရှိရမယ်။

'တစ်နည်းပြောရင် အဲဒီ နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခကို အာရုံပြုပြီးဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယ ရှိရမယ် ဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

**နာကျင်တာ ရုပ်ဒုက္ခ။** ။'ဒီခန္ဓာကိုယ်မှာ နာတာ ကျင်တာတွေ ရှိပါတယ်၊ အထိုင်ကြာရင် ဖြစ်တတ်ပါတယ်။ အဲဒါတွေဟာ ခံစားမှုဝေဒနာ မဟုတ်ပါ၊ ရုပ်ဒုက္ခတွေပါ။ အဲဒီ နာကျင်တာတွေကို ဝေဒနာ လုပ်ကာ နာကျင်တာတွေ မပျောက် မချုပ်သေးရင် မထရဘူး၊ နာကျင်တာတွေ ကျွတ်မှ ထရမယ် ဆိုတာမျိုးဟာ ဘုရားရှင်ရဲ့ အလိုကျ ဝီရိယ မဟုတ်ဘူးလို့ ဆိုတာ သေသေချာချာ မှတ်ပါ။

'အဲဒါ သိပ်အရေးကြီးပါတယ်။ အဲဒီ နာကျင်တာတွေ မကျွတ်သေးဘဲ ဣရိယာပုတ်ပြင်မယ်၊ ထိုင်ရာက ထသွားမယ် ဆိုရင် စိတ်တွေ မကြည်မသာ ဖြစ်တတ်တယ်၊ နောက်ကျိုကျို ဖြစ်နေတတ်တယ်၊ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်တတ်တယ်လို့ ယူဆပြီး ပေနေတတ်ပါတယ်။ မဟုတ်ပါဘူး၊ အမှန်က အဲဒီ အယူအဆမှားကြောင့် ဖြစ်တတ်တာပါ။ အဲဒီ အယူအဆ မရှိထားရင် ထချင်တဲ့အချိန်မှာ ထပါ။ ထိုင်းထိုင်းမှိုင်းမှိုင်း မဖြစ်ပါ။

'ယောဂီတို့ ရှင်းအောင် နားထောင်ပါ။ နာကျင်ကိုက်ခဲမှုတွေ ပျောက်သွားအောင် ရှုရမယ်လို့ ပြောနေတာလား၊ နာကျင်ကိုက်ခဲမှုတွေကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယရှိရမယ်လို့ ပြောနေတာလား၊ ကွဲအောင် နားထောင်ပါနော်'

'မှန်ပါဘုရား'

'ဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ လုံ့လဝီရိယရှိရမယ်လို့ ဟောလိုပါတယ်။ နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခတွေပျောက်အောင် ရှုရမယ့် ဝီရိယရှိရမယ်လို့ ဟောလိုတာ မဟုတ်ပါဘူး၊ အဲဒါသိထားဖို့၊ စွဲစွဲမြဲမြဲ မှတ်မိဖို့ သိပ်အရေးကြီးပါတယ်။

**အမှားကြီးမှား။** ။'ဝိပဿနာ တရားနယ်ပယ်မှာ အဲဒီဝီရိယနဲ့ ပတ်သက်ပြီး အယူအဆ အမှားကြီး မှားနေတာကို တွေ့နေရပါတယ်၊ မပင်ပန်းသင့်ဘဲ ပင်ပန်းနေရပါတယ်၊ နာကျင်ကိုက်ခဲမှုတွေ မပျောက်ရင် မထရ၊ သေသေကျေကျေ လဲလဲကွဲကွဲ မထရ၊ နာကျင်ကိုက်ခဲမှုတွေ တစ်ခါတည်း ကိုယ့်သန္တာန်က ချုပ်ဆုံးကွယ်ပျောက်သွားမှ ထရမယ်။ ဣရိယာပုတ်ပြင်ရမယ်ဆိုတဲ့ အယူအဆ မှားကြောင့် တချို့ တရားအားထုတ်ရမှာ ကြောက်နေကြတယ်၊ မကြောက်ကြပါနဲ့၊ အဲဒီ အယူအဆတွေဟာ အမှားကြီးမှားတဲ့ အမှားတွေပါ။

'ယခု ဘုရားရှင် ဟောတာက ဒီလိုမဟုတ်ပါ။ ဝေဒနာကို အာရုံပြု၍ ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယ ရှိရမယ်လို့

ဟောတာပါ။ ကဲ–အဲဒါ ဘုန်းကြီး ဟောတာလား၊ ဘုရား ဟောတာလား’

‘ဘုရားဟောတာပါဘုရား’

‘ဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ လုံ့လဝီရိယ ရှိသည်ဖြစ်၍လို့ ဟောထားတော့ ဝေဒနာကို ပယ်ရမှာလား၊ ကိလေသာကို ပယ်ရမှာလား’

‘ကိလေသာကို ပယ်ရပါမယ်ဘုရား’

‘နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခကို ရှုချင်ရင် အဲဒီ နာကျင်ကိုက်ခဲမှုကို ကုန်အောင်မရှုဘဲ နာကျင်ကိုက်ခဲမှုကို အာရုံပြု၍ ဖြစ်တဲ့ ကိလေသာ ကုန်အောင် ရှုရမှာပါ။

‘ဝေဒနာက ပိုင်းခြားသိရမယ့် ဒုက္ခသစ္စာထိုက်တဲ့ တရားပါ။ ပယ်ရမယ့်တရား မဟုတ်ပါ၊ အဲဒီဝေဒနာကို အာရုံပြု၍ ဖြစ်တဲ့ ကိလေသာက ပယ်ရမယ့် သမုဒယသစ္စာထိုက်တဲ့ တရားပါ၊ သဘောပေါက်လား’

‘မှန်ပါ၊ သဘောပေါက်ပါတယ် ဘုရား’

**ပယ်မှား ဖြစ်မယ်။** ။‘ယောဂီတို့ဟာ ဝိပဿနာ ဘာဝနာ တရား ရှုပွားအားထုတ်နေတာဟာ ပယ်ရမယ့် တရားကို ပယ်နိုင်အောင်၊ ပိုင်းခြားသိရမယ့် တရားကို ပိုင်းခြားသိနိုင်အောင် အားထုတ်နေတာပါ။

‘အင်း... ပိုင်းခြား သိရမယ့် တရားကို ပယ်ရင် ပယ်မှား ဖြစ်မယ်၊ ပယ်မှားဆိုရင် ဘယ်သွားမှာလဲ၊ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားမှာပေါ့။

'တကယ်ပယ်ရမှာက ဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာကို ပယ်ရမှာပါ။ အဲဒီ ကိလေသာကိုတော့ မပယ်ဘဲနဲ့ ဝေဒနာကုန်အောင်ဆိုပြီး ဝေဒနာကို ပယ်နိုင်အောင် ရှုပွားအားထုတ်ရင် အမှားကြီး မှားပါတယ်။

'အဲဒီ အမှားကြီးဟာ ဝိပဿနာတရားနယ်ထဲမှာ တော်တော် ကျယ်ပြန့်နေပါတယ်။ ယောဂီတော်တော်များများဟာ အဲဒီအမှားကြီးကို အမှန်ထင်ပြီး စွဲလမ်းနေကြပါတယ်။

'ယောဂီတို့ သေသေချာချာ နားထောင်ပါ။ ဝေဒနာဟာ ဒုက္ခသစ္စာ ထိုက်တဲ့ တရားပါ၊ ပိုင်းခြားသိရမယ့် တရားပါ၊ ပယ်ရမယ့်တရား မဟုတ်ပါ၊ ကုန်အောင် လုပ်ရမယ့် တရား မဟုတ်ပါ။

'ဝေဒနာဟာ ခန္ဓာ ၅ ပါးထဲမှာ တစ်ပါး အပါအဝင် ဖြစ်ပါတယ်။ ဟို–ဘုရားရှင်ဟောခဲ့တဲ့ တရားဦး ဓမ္မစကြာနဲ့ ကြည့်ရင်လဲ ဒီဝေဒနာဟာ ဒုက္ခသစ္စာ တရားပါ၊ ပိုင်းခြားသိရမယ့် တရားလို့ ဘုရားရှင် ဟောခဲ့ပါတယ်။ ပယ်ရမယ့် တရားလို့ ဘုရားရှင် မဟောခဲ့ပါ။

'သမုဒယ သစ္စာ ထိုက်တဲ့ တရားကိုတော့ ဘုရားရှင်က ပယ်ရမယ့် တရားလို့ ဟောထားခဲ့ပါတယ်။ ဒါဖြင့် ဝေဒနာကို ရှုပွားတဲ့ ယောဂီဟာ ဝေဒနာကို အာရုံပြု၍ ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်ရမယ်၊ ကိလေသာကို ပယ်မှ ပယ်မှန်နော်'

'မှန်ပါ့ဘုရား'

**ဝေဒနာက အပါယ်မချ။** ။'ယောဂီတို့ကို အပါယ်ချတာ ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာထိုက်တဲ့ တရားက အပါယ်ချတာ

မဟုတ်ပါ။ ဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ကိလေသာက အပါယ်ချတာပါ။ အဲဒီ အပါယ်ချတဲ့ ကိလေသာကို ပယ်နိုင်အောင် ရှုပွားပါ။ အပါယ်မချတတ်တဲ့ ဒုက္ခသစ္စာ ထိုက်တဲ့ ဝေဒနာကိုတော့ ပိုင်းခြားသိအောင် ရှုပွားအားထုတ်ပါ။ အဲဒါ ကွဲပြားဖို့ရာ အင်မတန် အရေးကြီးပါတယ်၊ ကွဲပြားပြီလား'

'ကွဲပြားပါပြီ ဘုရား'

'တရားအားထုတ်တဲ့နေရာမှာ ဝီရိယနဲ့ ပတ်သက်ပြီးတော့ သဘောပေါက်ဖို့ အရေးကြီးလွန်းလို့ ဝီရိယကို ချဲ့ထွင်ပြောနေတာပါ။ စကားကားတတ်လို့ မထင်လိုက်ပါနဲ့'

'ကဲ–ဝီရိယနဲ့ ပတ်သက်ပြီး ထိုင်ရာမထကို ဆိုတာလား၊ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယကို ဆိုတာလား'

'ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယကို ဆိုတာပါဘုရား'

'ထိုင်ရာက ထချင်ထ၊ လျှောက်ချင်လျှောက်၊ တုံးလုံးလှဲချင်လှဲ၊ မတ်တတ်ရပ်ချင်ရပ်၊ ဣရိယာပုတ် တစ်ပါးညောင်း တစ်ပါးပြောင်း ရှုနိုင်ပါတယ်။ အဲဒီမှာ ကိလေသာ မပါစေနဲ့။ အဲဒီ ကိလေသာမပါဖို့ အရေးကြီးပါတယ်။

**ဝေဒနာမရှိရင်။** ။'ဝေဒနာကို အရှုခံထားပြီးတော့ ရှုတဲ့ ယောဂီဟာ အဲဒီ ဝေဒနာကို ပယ်လိုက်ပြီး ကျွတ်အောင် လုပ်လိုက်ပြီဆိုရင် ဝေဒနာမရှိတော့ဘူး ဆိုပါတော့၊ ဝေဒနာ မရှိရင် ဝေဒနာနဲ့ ပတ်သက်တဲ့ အသိဉာဏ် ယောဂီမှာ ရဦးမှာလား'

'မရတော့ပါ ဘုရား'

'အသိဉာဏ်မှ မရဘဲ ဘယ်လိုလုပ်ပြီး ကိလေသာကို ပယ်နိုင်မလဲ၊ မပယ်နိုင်တော့ပါ၊ ဝေဒနာက ဒုက္ခသစ္စာထိုက်တဲ့ တရား၊ ပိုင်းခြားသိရမယ့်တရား၊ အရှုခံတရားပါ၊ အရှုခံတရား ဆိုတော့ အမြဲမပြတ် တရစပ် ရှုနေရမှာလား၊ ပယ်ပစ်ရမှာလား'

'ရှုနေရပါမယ်ဘုရား'

'အေး–ရှုနေရမယ်၊ ပယ်မပစ်ရပါ၊ ဝေဒနာကို ရှုမှ ဝေဒနာနဲ့ ပတ်သက်တဲ့ အသိဉာဏ်ရမှာ၊ အသိဉာဏ်ရမှ ကိလေသာကို ပယ်နိုင်မှာ၊ အဲဒါကြောင့် ဝေဒနာနဲ့ ပတ်သက်လို့ အင်မတန် အရေးကြီးပါတယ်။

**သတိတရား။** ။'ယောဂီမှာရှိရမယ့် တရား သုံးလုံးထဲက ဝီရိယတရား တစ်လုံးကို ရှင်းပြပြီးပါပြီ၊ ယခု ဆက်လက်ပြီး တော့ ယောဂီမှာ ရှိရမယ့် သတိတရားကို ရှင်းကြစို့၊ သတိကလဲ ဝေဒနာကိုအောက်မေ့ အမှတ်ရတဲ့ သတိနှင့် ပြည့်စုံရမယ်တဲ့။

'သေသေချာချာ သတိထားပါနော်၊ သတိကလဲ ဝေဒနာကို အမြဲမပြတ် တရစပ် အမှတ်ရ၊ အောက်မေ့တဲ့ သတိပါ၊ တခြား သတိ မဟုတ်ပါ၊ ဝေဒနာရှုတဲ့ ယောဂီမှာ ဝေဒနာကို အမြဲမပြတ် သတိရနေဖို့ သိမှတ်နေဖို့ အရေးကြီးတယ်။

'ဒါဖြင့် ယောဂီရဲ့ သတိကို ဘယ်မှာ ထားရမလဲ ဆိုရင် ဝေဒနာပေါ် တင်ထားပါ၊ ဝေဒနာသည် သတိတရားရဲ့ တည်ရာပါ၊ ဝေဒနာကို သတိရဲ့တည်ရာ အဖြစ်ထားပြီး ရှုပွားရင် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဖြစ်ပါတယ်။

ဝေဒနာကို သတိရဲ့ တည်ရာအဖြစ် ထားပြီး ရှုပွားတဲ့ အတွက် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဖြစ်သွားတယ်။ ဝေဒနာ ကိုပဲ ထပ်ကာထပ်ကာ သတိထားပြီး ရှုပွားနေတဲ့ သတိပဋ္ဌာန် တရားပေါ့။

'ဒါဖြင့် ဝေဒနာကို ရှုပွားလို့ရှိရင် သတိတရားရဲ့ တည်ရာ ဟာ ဘယ်ဟာလဲဆိုတော့ ဝေဒနာပါ၊ ဒါဖြင့် သတိတရားကို ဘယ်မှာ ကပ်ထားရမှာလဲ၊ ဘယ်မှာ အစောင့်ထားရမှာလဲ၊ သတိတရားကို ဝေဒနာပေါ်ကပ်ထားပါ၊ ဝေဒနာကို သိအောင် အစောင့်ထားပါ။

'ဒါဖြင့် ဝေဒနာပေါ်မှာ သတိကို တင်မထားဘဲ ဝေဒနာ ကို ပျောက်သွားအောင် ကျွတ်သွားအောင် ဝီရိယ စိုက်လိုက် ရင် သတိမှာ တည်ရာမရှိတော့ပါ။ သတိဟာ ဝေဒနာ ပေါ် မှာ မတည်တော့ရင် ဝေဒနာရဲ့ သဘော သဘာဝကို အဖြစ် အပျက် အကြောင်းအကျိုးကို သိဦးမလား'

'မသိတော့ပါဘုရား'

'အေး–မသိတော့ဘူး၊ ယောဂီက နာကျင်ကိုက်ခဲတဲ့ ရုပ်ဒုက္ခ ကို ~~ရုန်~~အောင် ကျွတ်အောင် ဝီရိယစိုက်လိုက်တော့ နာကျင် ကိုက်ခဲမှုတွေက အကြောင်းချုပ်လို့ အကျိုးချုပ်တဲ့သဘောနဲ့ ခဏချုပ် ချုပ်သွားတာကို ငါမှတ်လိုက်လို့ ဝေဒနာ ကုန်သွား ပြီလို့ ယူဆလိုက်တတ်ပါတယ်။ အမှန်က အကြောင်းချုပ်လို့ အကျိုးချုပ်သွားတာပါ။

**မှားသွားပြီ။** ။'ဝေဒနာဟာ ဘာ့ကြောင့်ဖြစ်လဲ၊ အနီး ကပ်ဆုံး ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းနဲ့ ပြောရရင် ဝေဒနာ

ဟာ ဖဿကြောင့် ဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တော့ ဖဿချုပ်လို့ ဝေဒနာချုပ်တယ်ပေါ့။

'ဒါပေမယ့် ဝေဒနာရှုတဲ့ ယောဂီက ဝေဒနာချုပ်သွားရင် ငါ ရှုမှတ်လို့ ဝေဒနာချုပ်သွားပြီ၊ ဝေဒနာကုန်ပြီလို့ ယူလိုက်ပါတယ်။

'အမှန်က ဖဿချုပ်လို့ ဝေဒနာ ချုပ်သွားတာပါ၊ ငါရှုလို့ ချုပ်သွားတာ မဟုတ်ပါ၊ ငါရှုမှတ်လို့ ဝေဒနာချုပ်သွားတာ ဆိုရင်တော့ အကြီးအကျယ် မှားသွားပါပြီ။

'ဘာဖြစ်လို့ မှားလဲ၊ ငါရှုမှတ်လို့ ချုပ်တယ်ဆိုရင် ဘုရားရှင် ဟောထားခဲ့တဲ့ ဟို-အနတ္တလက္ခဏသုတ္တန် ဒေသနာတော်ကို သတိပြု နှိုင်းယှဉ်ကြည့်ပါ။ အဲဒီမှာ ဘုရားရှင်က 'ဝေဒနာဟာ အနတ္တ တရားပါ'လို့ ဟောထားပါတယ်။

'ယခု ယောဂီက ငါရှုမှတ်လို့ ဝေဒနာ ချုပ်သွားတယ် ဆိုရင် ဝေဒနာ အနတ္တ မဟုတ်တော့ပါ။ ဝေဒနာ အတ္တ ဖြစ်သွားပါပြီ။ ကဲ-ယောဂီတို့ ဝိပဿနာတရား ရှုပွားတာဟာ အနတ္တမြင်အောင် ရှုတာလား၊ အတ္တဖြစ်အောင် ရှုတာလား'

'အနတ္တမြင်အောင် ရှုတာပါဘုရား'

**ဝေဒနာကို ပိုင်တယ်။** ။ကဲ-ယောဂီတို့ ဝေဒနာကို ပိုင်ပြီလား၊ နိုင်ပြီလား၊ ငါရှုလို့ ဝေဒနာ ကုန်သွားတယ်၊ ချုပ်သွားတယ်ဆိုရင် ယောဂီက ဝေဒနာကို ပိုင်တယ်၊ နိုင်တယ် ဆိုတဲ့သဘော မသက်ရောက်ဘူးလား'

'သက်ရောက်ပါတယ်ဘုရား'

'ဝေဒနာကို ပိုင်တယ်၊ နိုင်တယ်ဆိုရင် အတ္တသဘော သက်ရောက်သွားပြီ၊ အဲဒီလိုဆိုရင် ဘုန်းကြီးက အဲဒီ ဝေဒနာ ပိုင်ပါတယ်ဆိုတဲ့ ယောဂီကို သေမယ့်ဝေဒနာကို မသေအောင် ရှုခိုင်းချင်တယ်။

'ယောဂီတို့ ဝေဒနာဟာ အတ္တမဟုတ်ပါ၊ အနတ္တပါ၊ ကိုယ်မပိုင်ပါ၊ ကိုယ်မဆိုင်ပါ၊ ကိုယ့်အကြိုက်လဲ မလိုက်ပါ၊ ကိုယ့်အလိုလဲ မလိုက်ပါ။

'အမှန်က ယောဂီပုဂ္ဂိုလ်ဟာ ဝေဒနာကို အမြဲမပြတ် တရစပ် အောက်မေ့ အမှတ်ရတဲ့ သတိရှိရမယ်၊ ဝေဒနာဟာ ယောဂီ ပုဂ္ဂိုလ်ရဲ့ သတိအောက်မှာ အမြဲရှိနေရမယ်၊ ဝေဒနာသည် ဘယ်တရားရဲ့ တည်ရာလဲဆိုတော့ သတိတရားရဲ့ တည်ရာပါ၊ ဟုတ်ပြီလား'

'ဟုတ်ပါတယ် ဘုရား'

'ဒါဖြင့် ဝေဒနာရှုပွားတဲ့ ယောဂီ ပုဂ္ဂိုလ်မှာ ယခု အင်္ဂါ ဘယ်နှချက် ရသွားပြီလဲဆိုတော့ ဝီရိယ၊ သတိရယ်လို့ အင်္ဂါ နှစ်ချက် ရသွားပါပြီ။

**ပညာတရား။** ။'အင်္ဂါနှစ်ပါး ရသွားတော့ နောက်ထပ် အင်္ဂါ တစ်ပါးက ဝေဒနာကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ အဆင်အခြင်နှင့် ပြည့်စုံရမယ် ဆိုတော့ အသိပညာ ရှိရပါဦးမယ်။

'ဒီနေရာမှာ ပညာက အခုခေတ် ဘီအေပညာ၊ ဘီအီးဒီပညာ၊ ဓမ္မာစရိယပညာ၊ သက္ကသိဟပညာမျိုးကို ခေါ်တာ

မဟုတ်ပါ။ ဝေဒနာရဲ့ သဘော သဘာဝ အကြောင်း အကျိုး အဖြစ်အပျက်ကို သိတဲ့ ပညာကို ခေါ်ပါတယ်။

'ဒါကြောင့် ယောဂီမှာ ဝေဒနာကို ကောင်းစွာ အပြား အားဖြင့် သိတက်တဲ့ ပညာ အဆင်အခြင် ရှိခြင်းဟာ အင်္ဂါ တစ်ချက်ပါ၊ တခြားပညာ မဟုတ်ပါ။

**သုံးချက်ပြည့်ရမယ်။** ။'ဘာ့ကြောင့် ဝေဒနာလို့ခေါ်လဲ၊ ဘာ့ကြောင့် ဝေဒနာဖြစ်သလဲ၊ ဘာကြောင့် ဝေဒနာ ပျက်သလဲ စသည်ဖြင့် ဝေဒနာနဲ့ပတ်သက်၍ သိသင့် သိထိုက်တဲ့ အချက်တွေကို မှန်ကန်စွာ သိတဲ့ အသိပညာမျိုးကို ဒီနေရာမှာ ပညာလို့ ဆိုလိုပါတယ်။ ဒါဖြင့် ဝေဒနာ ရှုပွားချင်တဲ့ ယောဂီ မှာ-

၁။ ဝေဒနာကို အာရုံပြု၍ ဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယရှိရမယ်။

၂။ ဝေဒနာကို အမြဲမပြတ် တရစပ်အမှတ်ရနေတဲ့ သတိ ရှိရမယ်။

၃။ ဝေဒနာကို ကောင်းစွာ အပြားအားဖြင့် သိနိုင်တဲ့ ဉာဏ်ပညာ အဆင်အခြင် ရှိရမယ်။

'အဲဒီ အင်္ဂါ ၃ ချက်ဟာ ဝေဒနာရှုပွားမယ့် ယောဂီပုဂ္ဂိုလ် မှာ ပြည့်စုံရပါမယ်။

**ဝေဒနာလောက။** ။'အဲဒီ အင်္ဂါ ၃ ချက်နဲ့ ပြည့်စုံတဲ့ ယောဂီဟာ ဝေဒနာရှုပွားမှု ကိစ္စ ပြီးပြီလားဆိုတော့ မပြီးသေး ပါ၊ ဝေဒနာလောကမှာ ရှုပြီး ပယ်ရမယ့် ကိလေသာကို ဖော်ပြ ပြန်ပါတယ်။

'ဝေဒနုပါဒါနက္ခန္ဓာ ဟူသော လောကဌ် ဝေဒနာကို တပ်မက်သောအားဖြင့် ရေးရှု ကြံဆခြင်းဟူသော လောဘ၊ ရေးရှု ကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်း ဆိုတဲ့ ဒေါမနဿကို တဒင်္ဂဝိက္ခမ္ဘန အားဖြင့် ပယ်ဖျောက်ရမယ်လို့ ဘုရားရှင် ဟောပြန်တယ်။ အဲဒီမှာ သတိပြုပါ။ လောက ဆိုတော့ ဘာလောကကို ယူရမှာလဲ၊ ရုပ်လောကလား၊ သညာလောကလား၊ ဝိညာဏ်လောကလား၊ မဟုတ်ပါ၊ ဝေဒနာကို ရှုပွားတာကြောင့် ဝေဒနာလောကပါ။

'လူ့လောက၊ နတ်လောကတွေ မယူပါနဲ့၊ ပျက်စီးတတ်ပရမ်းပတာ ပျက်စီးတတ်သည့် အနက်ကြောင့် ခံစားမှု ဝေဒနာဟူသော ဝေဒနုပါဒါနက္ခန္ဓာကို ဒီနေရာမှာ လောကလို့ ဆိုတာပါ။

'ရှင်းရှင်းပြောရရင် ဝေဒနာကို လောကလို့ ဆိုတာပါ၊ အဲဒီဝေဒနာ လောကဌ် သုခဝေဒနာကို အာရုံပြုပြီး တပ်မက်သောအားဖြင့် ရေးရှုကြံခြင်း ဟူသော လောဘ ကိလေသာ၊ ဒုက္ခဝေဒနာကို အာရုံပြုပြီး ရေးရှုကြံတိုင်း မရခြင်းကြောင့် မကျေနပ်ခြင်း၊ နှလုံး မသာယာခြင်း ဟူသော ဒေါမနဿ ဒေါသကို တဒင်္ဂဝိက္ခမ္ဘန အားဖြင့် ပယ်ထားပြီး ရှုရမယ်။

'ကဲ-ယောဂီတွေမှာ အများအားဖြင့် သုခဝေဒနာ ဖြစ်နေရင် လောဘမဖြစ်တတ်ဘူးလား'

'ဖြစ်တတ်ပါတယ်ဘုရား'

'ဒုက္ခဝေဒနာ ဖြစ်နေရင် ဒေါသ မဖြစ်တတ်ဘူးလား'

'ဖြစ်တတ်ပါတယ်ဘုရား'

'အပါယ်ချမှာက ဝေဒနာမဟုတ်ပါ၊ အဲဒီလောဘ၊ ဒေါသ ၂ ပါးက အပါယ်ချမှာပါ။ ဒါကြောင့် ဘုရားရှင်က ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ–

'ဝေဒနာလောက၌ ဝေဒနာကို တပ်မက်သောအားဖြင့် ရေးရှုကြဲခြင်းဟူသော လောဘ၊ ရေးရှုကြဲတိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသော ဒေါမနဿ ဒေါသကို တဒင်္ဂဝိက္ခမ္ဘန အားဖြင့် ပယ်ဖျောက်ရှု'

လို့ ဟောခဲ့ပါတယ်။ ဒါကြောင့် ဝေဒနာ ရှုပွားချင်တဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ သုခဝေဒနာကို ရှုချင်ရင် သုခဝေဒနာကို အာရုံ ပြုပြီးဖြစ်တဲ့ ကိလေသာကို ပယ်ပြီးရှုရမယ်၊ လောဘဖြစ်နေရင် ဉာဏ်ဝင်မလား'

'မဝင်ပါဘုရား'

'ဒါဖြင့် သုခဝေဒနာကို ရှုချင်ရင် ဘာလောကကို ကြည့်လဲ ဆိုတော့ အဲဒီ မိမိရှုချင်တဲ့ သုခဝေဒနာ လောကကို ကြည့်ရ မယ်၊ သတိထားရမယ်။ တခြားနာကျင်ကိုက်ခဲတဲ့ ရုပ်လောက ကို မကြည့်ရပါ။

'သုခဝေဒနာလောကကို ကြည့်တော့ အဲဒီ သုခဝေဒနာ လောကပေါ်မှာ ပုထုဇဉ်သဘာဝအားဖြင့် ဘာဖြစ်တတ်သလဲ ဆိုတော့ လောဘ ဖြစ်တတ်တယ်၊ အဲဒီ ဖြစ်တဲ့ လောဘကို တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ဖယ်ခွာပြီး ရှုရပါမယ်။

'ဒါကြောင့် တရားအားထုတ်နေစဉ် ဘုန်းကြီး သတိပေး တာရှိတယ်၊ 'တွယ်လဲ မတွယ်နဲ့၊ ပယ်လဲ မပယ်နဲ့'လို့ ခဏ ခဏ သတိပေးပါတယ်။

'ယောဂီက သုခဝေဒနာ ဖြစ်လာရင် တွယ်ချင်တယ်။ မပျောက်မပျက်စေချင်ပါ။ အဲဒီ သုခဝေဒနာကို တွယ်ရင် လောဘဖြစ်နေပြီ။ '

'အဲဒီလို သုခဝေဒနာကို လောဘနဲ့ တွယ်ကပ်နေတော့ အားထုတ်တဲ့ ရှုဉာဏ် မှန်မလာတော့ပါ၊ သူ့ကိုလဲ သိအောင် ဆက်ပြီးတော့ မရှုတော့ပါ၊ ထိုင်ပြီးတော့ လောဘနဲ့ ခံစား နေပြီ။

'သုခဝေဒနာကို မရှုဘဲ သာယာမက်မောပြီး ခံစားနေတော့ ဝေဒနာသက်သက် ခံစားနေမလား၊ တဏှာလောဘနဲ့ တွဲပြီး ခံစားနေမှာလား'

'တဏှာလောဘနဲ့ တွဲပြီး ခံစားနေပါမယ်'

'ဝေဒနာရဲ့သဘောက ခံစားရုံပဲ ခံစားမယ်၊ အာရုံကို မတွယ်ကပ်ပါ။ လောဘတဏှာနှင့် တွဲပြီး ခံစားရင်း အာရုံကို တွယ်ကပ်ခံစားပါတယ်။

'အဲဒီလို တွယ်ကပ်ခံစားပြီး ရှုနေတော့ ရှုအားက နည်းနေပြီ၊ တွယ်ကပ်ခံစားမှုက များနေပြီ၊ လောဘကိလေသာက အားသန်နေပြီ။

'ဒါကြောင့် သုခဝေဒနာကို ရှုပွားတဲ့ နေရာမှာ တဏှာ လောဘကို တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ဖယ်ထားမှ ဖြစ်မယ်၊ သို့မဟုတ် တဏှာဖြစ်ပြီး ဉာဏ်မဝင်လို့ သုခ ဝေဒနာပေါ်မှာ အမြင်မှန် အသိမှန် ဉာဏ်မလာတော့ပါ။ တဏှာလောဘ ဖြစ် ရင် သူတစ်လုံးတည်း မဖြစ်ပါ၊ မောဟ တွဲဖက်ပါ ပါတယ်၊ ဒါကြောင့် လောဘ၊ မောဟဖြစ်တယ်ပေါ့၊ လောဘ မောဟ

ဖြစ်ရင် ရှုပွားတဲ့ ဝိဇ္ဇာဉာဏ် အမောဟ ချုပ်သွားပြီး ရှုဉာဏ် လွတ်သွားပြီ။

**သုခဝေဒနာပေါ်လာပြီ။** ။'ယောဂီတွေ ဒီနေ့ ရှုပွား အားထုတ်ရက်ဟာ ဘယ်နှရက်ရှိသွားပြီလဲဆိုတော့ (၇)ရက် မြောက် ရှိသွားပြီ၊ (၇)ရက်မြောက်ရှိသွားတော့ ယောဂီပုဂ္ဂိုလ် အများစုမှာ ချမ်းသာသုခဆိုတဲ့ သုခဝေဒနာ အများအားဖြင့် ဖြစ်နေပါပြီ၊ ပေါ်လာပါပြီ။

'အစပိုင်း တစ်ရက် နှစ်ရက်ကတော့ ဒုက္ခဝေဒနာနဲ့ ရင်ဆိုင် နေရတော့ ပင်ပန်းပြီး မဲ့နေကြတယ်၊ အခုတော့ သုခဝေဒနာ နဲ့ ရင်ဆိုင်ပြီး ပြုံးနေကြတယ်၊ ဘာနဲ့ ပြုံးနေတာလဲ၊ လောဘနဲ့ ပြုံးနေကြတာ။ ဒါဖြင့် ဆိုကြည့်စမ်းပါဦး။

၃။ **သဘောကျ လောဘ၊ သောမနဿ ဝေဒနာ၊ ကာမ သုခလ္လိကာနုယောဂ။**

'ကဲ-ယောဂီတို့ သုခဝေဒနာကို အာရုံပြုပြီး သဘောကျ ကာ ပြုံးတဲ့အထဲ ဘာပါနေသလဲဆိုတော့ လောဘပါနေတယ်၊ အခု ယောဂီတို့ စိတ်ထဲက ဝမ်းသာတာက သောမနဿ ဝေဒနာ ပေါ့။

'အဲဒီ စိတ်ချမ်းသာမှု ဝမ်းသာမှု သောမနဿ ဝေဒနာ ဟာ ဘာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာလဲ ဆိုရင် ကိုယ် ချမ်းသာမှု သုခဝေဒနာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာ ပါ။

'ကိုယ်ချမ်းသာတာက ကာယိကသုခပါ၊ စိတ်ချမ်းသာမှုက စေတသိကသုခပါ၊ အခု ယောဂီပုဂ္ဂိုလ်တွေ ထိုင်အားထုတ်တဲ့

အခါ တစ်နာရီဟာ တယ်မကြာတော့ပါ၊ တယ်မြန်တာပဲလို့ ဖြစ်မလာဘူးလား’

‘ဖြစ်လာပါတယ်ဘုရား’

‘အဲဒါ ဘာဖြစ်လို့မြန်တယ်လို့ ဖြစ်လာတာလဲဆိုရင် သုခဝေဒနာ ဖြစ်ပေါ်လာလို့ပါ၊ သုခဝေဒနာ ဖြစ်ပေါ်လာလို့ ကိုယ်ချမ်းသာလာတော့ စိတ်ထဲက ဝမ်းသာတဲ့ သောမနဿဝေဒနာ လာပါတယ်။

‘သောမနဿဆိုတော့ စိတ်ချမ်းသာတာ၊ သုခ ဆိုတော့ ကိုယ်ချမ်းသာတာ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာရယ်လို့ ချမ်းသာချင်းတူလို့ ‘သုခဝေဒနာ’လို့ ပေါင်းပြော ထားပါတယ်။

‘အဲဒီ ဝေဒနာနှစ်ခုဟာ အပြန်အလှန် အကြောင်းအကျိုး ဖြစ်ပါတယ်၊ စိတ်ချမ်းသာမှုကို အကြောင်းပြုပြီး ကိုယ်ချမ်းသာမှု ဖြစ်တတ်ပါတယ်။ ကိုယ်ချမ်းသာမှုကို အကြောင်းပြုပြီးတော့လဲ စိတ်ချမ်းသာမှု ဖြစ်တတ်ပါတယ်။

‘အဲဒီလို ချမ်းသာတော့ ဝမ်းသာပါတယ်၊ ပြုံးပါတယ်။ အဲဒီ ပြုံးတဲ့အထဲမှာ ဘာပါသလဲဆိုတော့ လောဘ ပါပါတယ်။ အဲဒီလောဘက ဒုက္ခပေးပေး နေတော့တာပဲ။

‘လောဘက ချမ်းသာမှုလေးကို တွယ်ကပ်နေတော့ ယောဂီပုဂ္ဂိုလ်ဟာ ရှေ့ကို တရားမတက်တော့ပါ။ အဲဒီ သုခဝေဒနာကိုလဲ ယောဂီပုဂ္ဂိုလ်က ရှုပွားရကောင်းမှန်း မသိတော့ပါ။

**အခဲကြေပြီ**။ ။‘အဲဒီ ယောဂီပုဂ္ဂိုလ်ဟာ ဘယ်လို နှလုံးသွင်းနဲ့ ထိုင်နေလဲဆိုရင် ‘အင်း–ခုမှပဲ အခဲကြေသွားတယ်။ အားထုတ်ခါစတုန်းက နာကျင်ကိုက်ခဲမှုဒုက္ခတွေကို ယခု သုခ

နဲ့ပဲ အမြတ်ထုတ်ရမှာပဲ’ဆိုပြီး ချမ်းသာမှု သုခကို ခံစားနေပြီ၊ တဏှာနဲ့တွဲပြီး ခံစားနေတာပါ၊ အဲဒီလို ခံစားနေတော့ မရှု ပွားတော့ပါ။

‘အဲဒီလို ခံစားနေတော့ ဝေဒနာရဲ့ သဘော သဘာဝ အပြစ် ထွက်မြောက်ရာတို့ကို ယောဂီပုဂ္ဂိုလ် မသိတော့ပါ။ ချမ်းသာတာတော့ သိတယ်၊ အဲဒီချမ်းသာမှာပဲ ရပ်နေပြီ၊ လမ်း ပျောက်သွားပြီ၊ လမ်းဆုံးကို မရောက်နိုင်တော့ဘူး။

‘ဝေဒနာရဲ့ အဖြစ်အပျက် အကြောင်းအကျိုးကို မသိတော့ ပါ။ မသိတော့ ဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ တဏှာလောဘ ကို မပယ်နိုင်တော့ပါ။

‘ဘာဖြစ်လို့ မပယ်နိုင်လဲဆိုရင် ဝေဒနာရဲ့ သဘောသဘာဝ ကို မသိလို့ပါ၊ ဘာဖြစ်လို့ မသိလဲဆိုရင် မရှုပွားလို့ပါ။

**ဝေဒနာကို ပယ်ရမှာလား။** ။‘အေး–ဒါကြောင့် သုခ ဝေဒနာကို ရှုပွားအားထုတ်တဲ့အခါမှာ သုခဝေဒနာကို စွဲပြီး၊ အာရုံပြုပြီးဖြစ်တဲ့ ဘာကို ပယ်နိုင်ရမလဲဆိုရင် လောဘ ဆိုတဲ့ ကိလေသာကို ပယ်နိုင်ရပါမယ်၊ ဝေဒနာကို ပယ်ရမှာ မဟုတ် ပါ။ အဲဒီ သုခဝေဒနာကိုလဲ တွယ်ထားရမှာ မဟုတ်ပါ။

**ဒေါသကိုပယ်။** ။‘အားထုတ်ခါစက ယောဂီ တို့ဟာ ဒုက္ခဝေဒနာကို မခံနိုင်ကြပါ၊ မခံနိုင်တော့ အဲဒီဒုက္ခဝေဒနာကို အာရုံပြုပြီးတော့ ဘာဖြစ်လဲဆိုရင် ဒေါမနဿ ဒေါသ ဖြစ်ပါ တယ်၊ ဒုက္ခဝေဒနာရှုပွားတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒုက္ခဝေဒနာရဲ့ သဘောသဘာဝကို မြင်အောင် သိအောင် ရှုပွားပြီး ဒုက္ခ

ဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ ဒေါမနဿ ဒေါသကို ပယ်နိုင်ရပါမယ်။

'ယောဂီတို့ သတိထားပါနော်၊ ဒုက္ခဝေဒနာကို ပယ်ရမှာလား၊ ဒုက္ခဝေဒနာကို အာရုံပြု၍ဖြစ်တဲ့ ဒေါသကို ပယ်ရမှာလား'

'ဒေါသကို ပယ်ရမှာပါဘုရား'

'စာလိုတော့ ဒုက္ခဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ ကိလေသာအနုသယကို 'ပဋိဃာနုသယ'လို့ ခေါ်ပါတယ်၊ တရားကိုယ်ကတော့ ဒေါသပါပဲ။

'အဲဒီဒုက္ခဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ ဒေါသကိလေသာကို ဘာဖြစ်လို့ ပယ်နိုင်လဲ၊ ဒုက္ခဝေဒနာရဲ့ သဘောသဘာဝကို သိလို့ ပယ်နိုင်တာပါ၊ ဘာဖြစ်လို့သိလဲ၊ ရှုပွားနေလို့ သိတာပါ။

'အဲဒီ ဒေါသကိလေသာကို ပယ်နိုင်တော့ ပယ်လိုက်တော့ ဘာကျန်ရစ်ခဲ့သလဲဆိုရင် ဒုက္ခဝေဒနာ ကျန်ရစ်ခဲ့ပါတယ်။ ကျန်ရစ်တော့ ဘယ်လိုကျန်ရစ်လဲ၊ သူ့သဘာဝက ဖြစ်ချုပ်၊ ဖြစ်ချုပ်သဘာဝဖြစ်တော့ ဖြစ်ချုပ်၊ ဖြစ်ချုပ်အနေပဲ ကျန်ရစ်ခဲ့ပါတယ်။

'ဒုက္ခဝေဒနာ ကုန်သွားတာ မဟုတ်ပါ၊ ဒုက္ခဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ ဒေါမနဿ ဒေါသကိလေသာကုန်သွားတော့ ဒုက္ခဝေဒနာဟာ ဖြစ်ချုပ်၊ ဖြစ်ချုပ်အနေနဲ့ပဲ ကျန်ရစ်တာကို အထူးသတိရှိပါ။

'ယောဂီတို့၊ ဒီအချက်ကို သတိထားပြီး အသိတရားနဲ့ နာပါနော်၊ ဒီခန္ဓာကိုယ်ကြီးက ဘာခန္ဓာကိုယ်ကြီးလဲ၊ ဝေဒနာ

ခန္ဓာကိုယ်ကြီးပါ၊ ဝေဒနာခန္ဓာကိုယ်ကြီးကလဲ ဖြစ်နေတယ်၊ ဝေဒနာဖြစ်ကြောင်း ဖဿကလဲ ဖြစ်လာတယ် ဆိုတော့ ဖဿဖြစ်ရင် ဝေဒနာဖြစ်၊ ဖဿချုပ်ရင် ဝေဒနာချုပ်တဲ့ သဘာဝအရ ဒုက္ခဝေဒနာဟာ ဖြစ်ချုပ် ဖြစ်ချုပ်နဲ့ ဆက်ကာဆက်ကာ ဖြစ်ချုပ်နေတာနော်'

'မှန်ပါ့ဘုရား'

'ဒီခန္ဓာကိုယ်ကြီးက ဒုက္ခ ခန္ဓာကိုယ်ကြီးလား၊ သုခ ခန္ဓာကိုယ်ကြီးလားဆိုရင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ကြည့်ပါ။ ဒုက္ခအစုအပုံ သက်သက်ကြီးတဲ့။

'ဒါကြောင့် ဒုက္ခဝေဒနာဟာ ဆက်ပြီး ဖြစ်ချုပ် ဖြစ်ချုပ် ဖြစ်နေတော့ ယောဂီက မကျေနပ်လဲ ဖြစ်ချုပ်ပဲ၊ ကျေနပ်လဲ ဖြစ်ချုပ်ပဲ၊ အဲဒီဝေဒနာ ဖြစ်ချုပ်မြင်လို့ ဒီဒုက္ခဝေဒနာပေါ်မှာ ဖြစ်တဲ့ ဒေါသတရားဟာ အကျိုးမဲ့တရားပဲ၊ မကောင်းတဲ့တရားပဲဆိုပြီး ဒေါသကို ပယ်လိုက်ရင် ဒုက္ခဝေဒနာကတော့ အကြောင်းအကျိုး ညီညွတ်ရင် ဖြစ်ချုပ် ဖြစ်ချုပ် မနေရစ်ဘူးလား'

'နေရစ်ပါတယ် ဘုရား'

'ဒေါသတရားကတော့ ချုပ်သွားပြီ၊ အဲဒီမှာလဲ အပြီးချုပ် ခဏချုပ်ကို သိပါဦး၊ ဝေဒနာဖြစ်ချုပ်က ခဏဖြစ်ချုပ်၊ ဒေါသဖြစ်ချုပ်ကတော့ ခဏချုပ်နှင့် အပြီးချုပ် နှစ်မျိုးရှိတယ်၊ အပြီးချုပ်မှ ကောင်းပါတယ်၊ ဒုက္ခဝေဒနာ ခဏဖြစ်ချုပ်ကို မြင်ပြီး ဒေါသ အပြီးချုပ် ဖြစ်အောင် ကြိုးစားအားထုတ်ရမယ်နော်'

'မှန်ပါဘုရား'

'ယောဂီတို့–ဒီနေရာမှာ အထူးသတိထားပါ၊ ဝေဒနာ ကုန်အောင် မရှုရပါ။ ဖြစ်ချုပ် မြင်အောင် ရှုပါ၊ ဝေဒနာ ဖြစ်ချုပ်မြင်ရင် ကိလေသာ စင်မယ်၊ ကုန်မယ်၊ အားထုတ်တာ ကိလေသာ ကုန်ဖို့ပါ၊ ဝေဒနာ ကုန်ဖို့ မဟုတ်ပါ။

'ဝေဒနာကို စပြီးတော့ ရှုပွား အားထုတ်ခါစကတည်းက ဘယ်လို ရှုပွားရသလဲ ပြန်ပြောပါဦး။

'ဝေဒနုပါဒါနက္ခန္ဓာ တည်းဟူသော လောကဌ် ဝေဒနာ ကို တပ်သောအားဖြင့် ရေးရှုကြံခြင်းဟူသော လောဘ၊ ရေးရှု ကြံတိုင်းမရခြင်းကြောင့် နှလုံးမသာခြင်း ဟူသော ဒေါမနဿ ကို တဒင်္ဂဝိက္ခမ္ဘနအားဖြင့် ပယ်ဖျက်၍ ရှုပွားရမယ်လို့ နောက်က ပြောခဲ့ပါတယ်၊ ဝေဒနာကို စပြီး ရှုပွားစမှာ ကတည်းက ဒီလောဘ ဒီဒေါသ မပါစေနဲ့၊ အဲဒါက ခဏ ပယ်ပေါ့၊ သုခဝေဒနာပေါ်မှာ လောဘ မပါစေနဲ့၊ တဏှာ မပါစေနဲ့၊ ဒုက္ခဝေဒနာပေါ်မှာ ဒေါသ မပါစေနဲ့၊ ဒေါမနဿ မပါစေနဲ့။

'နောက် သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့ရဲ့ ဖြစ်ချုပ် မြင်ခါ စမှာလဲ လောဘ၊ ဒေါသတို့ကို တဒင်္ဂပယ်၊ ဝိက္ခမ္ဘန ပယ်ပါပဲ၊ နောက် အဲဒီ ဖြစ်ချုပ် ဉာဏ်အမြင်သန်လာပြီ၊ အချုပ်ပဲမြင်၊ ဘေးပဲမြင်၊ အပြစ်ပဲမြင် စသည် ဖြစ်လာတော့ မဂ်ပေါ်ကာ လောဘ၊ ဒေါသကို အပြီးပယ်နိုင် အမြစ်ပြတ်နိုင်ပါတယ်။

**မဂ္ဂါနုပဿနာနည်း**။ ။'မဂ္ဂါနုပဿနာ သတိပဋ္ဌာန်နည်း နဲ့ ရှုရင် ဝေဒနာကို 'နာမ်'လို့ ရှုရပါမယ်၊ ဘာဖြစ်လို့လဲဆို

တော့ 'ဓမ္မ'ဆိုတာ 'ရုပ်နာမ်'ကို ခေါ်တာ၊ ရူပက္ခန္ဓာ ဖွဲ့ရတဲ့ ရုပ်တရားအားလုံးကို 'ရုပ်'လို့ ရှု၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ နာမက္ခန္ဓာ ၄ ပါးကို 'နာမ်'လို့ ရှုရပါမယ်။

'အဲဒီနေရာမှာ အထူးသတိထားပါ၊ ဝေဒနာ ရှုပွားသူ ယောဂီ တော်တော်များဟာ နာကျင်ကိုက်ခဲတဲ့ ရုပ်ဖောက်ပြန်မှုကို ရှုပွားကြတယ်၊ ရုပ်အနေနဲ့ရှုပွားရင် မှန်ပါတယ်။ ခုတော့ ရုပ်အနေနဲ့ မရှုဘဲ ဝေဒနာ နာမ်လို့ ရှုနေကြတယ်။ ပြီးတော့ အဖြစ်အပျက်သိအောင် မရှုဘဲနဲ့ ကုန်အောင် ရှုနေကြတယ်၊ ဘယ်လောက် မှားတယ်ဆိုတာ စဉ်းစားသာ ကြည့်ပါ။

**သုခရှုလျှင်။** ။'ဝေဒနာနုပဿနာ သတိပဋ္ဌာန်နည်းနဲ့ ရှုပွားချင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒုက္ခဝေဒနာ တစ်ခုတည်း ရှုဖို့ မဟုတ်ပါ၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာ အားလုံးကို နားလည်ထားရပါမယ်၊ သိထားရပါမယ်၊ ရှုပွားရပါမယ်၊ ယခု သုခဝေဒနာ ရှုပွားနည်းက စ,ပြောပါမယ်၊ ဆိုကြည့်ပါ။

၄။ **သုခရှုလျှင်၊ ဒုက္ခယင်၊ အမြင်မှန်တော့တာ။**

'မိမိခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်လာသော ချမ်းသာကို ခံစားမှု'သုခဝေဒနာ'ကို ရှုပွားလို့ရှိရင် ဘာထင်မှ အမြင်မှန်လဲ၊ ဒုက္ခထင်ရင် အမြင်မှန်သွားဟယ်။

'ဒါကြောင့် သုခဝေဒနာကို ရှုပွားလိုတဲ့ ယောဂီဟာ ဣရိယာပုတ် ၄ ပါးတို့တွင် မိမိနေလိုသော ဣရိယာပုတ်နှင့် အသက်သာဆုံး၊ အမှုတာဆုံး၊ အနေအထားမျိုးဖြင့် နေပြီးလျှင် ခန္ဓာကိုယ်ပေါ်၌ အသက်သာဆုံး၊ အချမ်းသာဆုံး နေရာသို့

သတိကပ်ကာ အထပ်ထပ် ရှုပွားပါ၊ ချမ်းသာမှုနှင့် ခံစားမှု ကွဲအောင် ရှုပွားပါ။

'ချမ်းသာမှုက 'သုခ'၊ ခံစားမှုက 'ဝေဒနာ'၊ နှစ်ခုပေါင်းတော့ ချမ်းသာမှုကို ခံစားတဲ့ 'သုခဝေဒနာ'လို့ ဖြစ်သွားပါတယ်၊ သုခကို ခံစားလို့ သုခဝေဒနာခေါ်ပါတယ်။

'ချမ်းသာမှုမှာ ရုပ်ချမ်းသာမှု ဖြစ်၍ ရုပ်ချမ်းသာမှု ထင်ရှားက အဲဒီခံစားမှုကို 'ရုပ်၊ ရုပ်'ဟု ရှုပါ။ ခံစားမှု ထင်ရှားလျှင် အဲဒီခံစားမှု ဝေဒနာကို အသိကပ်ကာ **'နာမ်၊နာမ်'**ဟု ရှုပွားပါ။

'အဲဒီလို 'ရုပ်၊ ရုပ်'လို့ တစ်ချက် နှစ်ချက် ရှုလိုက်၊ 'နာမ်၊ နာမ်'လို့ တစ်ချက် နှစ်ချက် ရှုလိုက် မလုပ်ကြနဲ့။ အထူးသတိ ထားပါ၊ ရှုပွားတဲ့အခါ အကောင်းဆုံး ထမင်းဟင်းတွေ ဆက်တိုက် စားရတော့ ညည်းငွေ့ စိတ်ပျက် ပင်ပန်းလာသလို ကိုယ်ခန္ဓာတွင်းမှ နာကျင်ကိုက်ခဲမှုစသော ရုပ်ဒုက္ခတွေ ပေါ်လာပါလိမ့်မယ်။

'မှန်ပါသည်၊ အချမ်းသာဆုံးလို့ ထင်ထားတဲ့ သုခဝေဒနာ အာရုံကိုပင် အသိမလစ်စေဘဲ သတိကပ်ပြီး ရှုပွားရင် သုခတွေ ကွယ်ပျောက်၊ ခံစားမှုတွေ ကွယ်ပျောက်ပြီး ဒုက္ခတွေပေါ်ကာ ခံစားမှုတွေ ပေါ်လာပါမည်။

'ဒါ့ကြောင့် သုခဝေဒနာ ရှုလျှင် ဒုက္ခထင်အောင် ရှုလို့ ဆိုတာပါ၊ အရှင်ဘုရား ချမ်းသာတဲ့ သုခဝေဒနာကြီးက ဘယ်လို ဒုက္ခ ထင်သွားမလဲဆိုတော့ သုခဝေဒနာက မြဲမှ

မမြဲတာဘဲ၊ မမြဲတော့ သုခဝေဒနာက ချုပ်သွားမယ်၊ ပျက်သွားမယ်။

'ချုပ်သွား ပျက်သွားတော့ ဘယ်မှာ ချမ်းသာရှိတော့မှာလဲ၊ 'သုခဝေဒနာသည် တည်သဖြင့် ချမ်းသာ၏၊ ဖောက်ပြန်ပျက်စီးသဖြင့် ဆင်းရဲ၏'ဆိုတဲ့ ပါဠိတော်လာအတိုင်း ဆင်းရဲထင်လာတယ်၊ ပေါ်လာတယ်။

'ချုပ်သွား ပျက်သွားတော့ အဲဒီ ချုပ်ပျက်သွားတဲ့ ချမ်းသာ သုခကို ပြန်ဖြစ်စေချင်တဲ့ သဘောနဲ့ မျှော်ရတော့လဲ ဆင်းရဲတာပဲ၊ ဒါကြောင့် ချမ်းသာ သုခကို ပြစမ်း၊ ဘယ်နေရာမှာ ချမ်းသာလဲ၊ အစဉ် သန္တတိ ပြတ်တာကို မသိမမြင်သေးလို့ ချမ်းသာတွေ ဆက်နေရင်တော့ ချမ်းသာလို့ ထင်ရပါတယ်၊ အစဉ် သန္တတိ ပြတ်သည့်တိုင်အောင် ရှုပါ။

'အာရုံတစ်ခု၊ ချမ်းသာတစ်ခု၊ ခံစားမှု တစ်ခု ဖြစ်နေတော့ အာရုံချုပ်၊ ချမ်းသာမှုချုပ်၊ ခံစားမှုချုပ်ဆိုတဲ့ တရားသဘော အမှန် ထင်ရှားလာတဲ့ အခါကျတော့ ခံစားမယ်မှ မကြုံရသေးဘူး၊ ချုပ်သွားပြီ။

'နောက်တစ်ခါ ခံစားချင်လို့ရှိရင် ခံစားစရာအာရုံကို ပေါ်လာအောင် မျှော်ရပြန်တယ်၊ ရှာရပြန်တယ်၊ ရှာလို့ရတော့ အဲဒီအာရုံနဲ့ ဒီက ဝတ္ထုနဲ့ တွဲပေးရပြန်တယ်၊ တွဲပေးမှ ချမ်းသာ သုခဖြစ်ပြီး ခံစားနိုင်တယ်၊ အာရုံကို မျှော်ရတာ ရှာရတာလဲ ဒုက္ခပဲ၊ ရတဲ့ အာရုံကို ဝတ္ထုရုပ်နဲ့ တွဲစပ်ပေးရတာလဲ ဒုက္ခပဲပေါ့။

'အာရုံလွတ်သွားရင် ချမ်းသာမှုလဲ မရှိတော့ဘူး၊ ချမ်းသာကို ခံစားမှုလဲမရှိတော့ဘူး၊ ချမ်းသာမှု မရှိရင် ဒုက္ခပဲပေါ့၊ ခံစားမှုကတော့ ဒုက္ခကိုလဲ ခံစားတာပဲ၊ သုခကိုပါ ခံစားတာပါ၊ အမြဲခံစားတယ်။

'ဒါကြောင့်မို့လို့ သုခဝေဒနာကို ရှုလို့ရှိရင် ဘယ်လိုထင်မှ အမြင်မှန်လဲဆိုရင် ဒုက္ခထင်မှ အမြင်မှန်ပါတယ်၊ သုခဝေဒနာကို ဒုက္ခလို့ရှု၊ ဒုက္ခထင်အောင် ရှုရပါမယ်၊ ပါဠိတော်က ဘယ်လိုပြောလဲဆိုရင်–

'သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ–ရဟန်းတော်များ အို–ချစ်သားတို့၊ ချမ်းသာတဲ့ သုခဝေဒနာကို ဒုက္ခအားဖြင့် ရှုရမယ်၊ ဒုက္ခလို့ရှုရမယ်၊ ဒုက္ခထင်အောင် ရှုရမယ်လို့ ဘုရားရှင် ဟောထားပါတယ်၊ ဒါဖြင့် သုခဝေဒနာကို သုခအနေနဲ့ပဲ မြင်နေသေးရင် ယောဂီ တရားမတက်သေး၊ တရားမတိုးသေးပါ။

'သုခဝေဒနာရဲ့ အပျက် အပျက် မြင်တော့ ဒုက္ခထင်ပြီ၊ သုခကို ဒုက္ခထင်ပြီဆိုတော့ သုခဝေဒနာပေါ်မှာဖြစ်တဲ့ 'ရာဂါနုသယ'ဆိုတဲ့ လောဘ မရှိတော့ပါ။ ချုပ်သွားပြီ၊ ဝေဒနာကတော့ ဖြစ်ချုပ် ဖြစ်ချုပ်နဲ့ ကျန်ရစ်ပါတယ်။

'ဒီနေရာမှာ ယောဂီတို့ သေသေချာချာ သတိထားပါ၊ သုခဝေဒနာ ကုန်သွားတာ မဟုတ်ပါ၊ သုခဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ လောဘကိလေသာ ကုန်သွား ချုပ်သွားတာပါ။

'ဒါကြောင့် သုခဝေဒနာကို တွယ်လဲ မတွယ်ရပါ၊ မပျက်မပျောက်စေချင်တဲ့ သဘောနဲ့လဲ မရှုရပါ၊ ဒုက္ခထင်အောင် ရှုရပါမယ်။

'သုခဝေဒနာကို ဖြစ်ခြင်း ပျက်ခြင်း ဘေးတွေက နှိပ်စက်နေတယ်၊ သုခဝေဒနာက အနှိပ်စက်ခံနေရတယ်။ အနှိပ်စက်ခံနေရတော့ သုခဝေဒနာဟာ ဒုက္ခပေါ့၊ လူ့ဒုက္ခမဟုတ်ပါ၊ ယောဂီဒုက္ခမဟုတ်ပါ၊ ဒါဟာ ဝိပဿနာဉာဏ် ရင့်သန်လာတဲ့အခါမှာ ဒုက္ခလက္ခဏာ ပေါ်လာပုံ ထင်ရှားလာပုံပါပဲ။

'အဲဒီလို သုခဝေဒနာရဲ့ အနှိပ်စက်ခံရတဲ့ ဒုက္ခသဘောကို ယောဂီပုဂ္ဂိုလ်က မြင်တော့ 'ဩော်-ငါသည် မနှစ်သက် မစွဲလမ်းသင့်တဲ့၊ မတွယ်တာသင့်တဲ့ သုခဝေဒနာပေါ်မှာ နှစ်သက်စွဲလမ်း တွယ်တာနေပါလား၊ မှားနေပါလား'လို့ အမြင်မှန်ဖြစ်ပြီး သုခဝေဒနာပေါ်မှာ ကိန်းတဲ့ ရာဂါနုသယ ဆိုတဲ့ လောဘချုပ်သွားပါတယ်။

'ဘာဖြစ်လို့ ရာဂါနုသယဆိုတဲ့ လောဘ ချုပ်သွားလဲဆိုရင်သုခ ဝေဒနာရဲ့ အဖြစ်အပျက်ကို မြင်လို့၊ သုခ ဝေဒနာရဲ့ ဖြစ်ကြောင်းပျက်ကြောင်းကို မြင်လို့ပေါ့။

'အေး-အဲဒီမှာ အထူးသတိရှိပါ။ ရာဂကုန်ရင် နိဗ္ဗာန်တဲ့၊ သုခဝေဒနာရဲ့ ဖြစ်ပျက်မြင်လို့ ရာဂါနုသယ လောဘချုပ်လို့ ကုန်လို့ နိဗ္ဗာန်ရောက်တယ်၊ ဝေဒနာကုန်လို့ နိဗ္ဗာန်ရောက်တာ မဟုတ်ပါ။

**ဝေဒနာကိုသိတဲ့နေရာမှာ။** ။'ဒါကြောင့် ယောဂီပုဂ္ဂိုလ်ရဲ့ ပြည့်စုံရမယ့် အင်္ဂါသုံးပါးမှာ ဝေဒနာကို ကောင်းစွာ အပြားအားဖြင့် 'သိ'ဆိုတဲ့နေရာမှာ သုခဝေဒနာကိုလဲ ဖြစ်ပျက်ဒုက္ခသစ္စာအနေအားဖြင့် သိရမယ်၊ ဒုက္ခဝေဒနာကိုလဲ ဖြစ်ပျက်ဒုက္ခသစ္စာ အနေအားဖြင့် သိရမယ်၊ ဥပေက္ခာဝေဒနာကိုလဲ

ဖြစ်ပျက် ဒုက္ခသစ္စာ အနေအားဖြင့် သိရမယ်၊ အဲဒီလို သိမှ ဝေဒနာသိ အမှန် ဖြစ်ပါတယ်။ ဒါဟာ ဝေဒနာကို ပိုင်းခြား သိခြင်းပေါ့။ ဝေဒနာဟာ ပိုင်းခြားသိရမယ့် တရားပါ၊ ပယ်ရ မယ့်တရား မဟုတ်ပါ။ ကုန်အောင်လုပ်ရမယ့် တရားမဟုတ်ပါ။

'ပြီးတော့ သုခဝေဒနာရဲ့ ဖြစ်ကြောင်းကိုလဲ သမုဒယသစ္စာ အနေအားဖြင့် သိရမယ်၊ ဒုက္ခဝေဒနာရဲ့ ဖြစ်ကြောင်းကိုလဲ သမုဒယသစ္စာ အနေအားဖြင့် သိရမယ်၊ ဥပေက္ခာဝေဒနာရဲ့ ဖြစ်ကြောင်းကိုလဲ သမုဒယသစ္စာ အနေအားဖြင့် သိရမယ်။

'နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခတွေကို ဝေဒနာလုပ်ပြီး ကုန် အောင် ချုပ်အောင် ဆုံးအောင် ရှုပွားနေတုန်း သူ့အကြောင်း ချုပ်လို့ အကျိုးချုပ်သွားခိုက်နှင့် မိမိက ကုန်ချုပ်ဆုံးအောင် ရှုပွားခိုက်နှင့် ဆုံသွားတော့ ငါ ရှုတာ ဝေဒနာ ကုန်သွားပြီလို့ ဒီလောက် အမှားသိနဲ့ တရားမရပါ။ ဝေဒနာသိ မဟုတ်ပါ၊ အမှားသိသာ ဖြစ်ပါသေးတယ်။

'ဝေဒနာကို ဖြစ်ပျက် ဒုက္ခသစ္စာ အနေဖြင့် သိရမယ်။ ဝေဒနာဖြစ်ကြောင်းကို သမုဒယသစ္စာအနေနဲ့ သိရမယ်၊ အဲဒီလို သိမှ အသိမှန် အမြင်မှန် ဖြစ်ပါတယ်။

'တစ်ဆင့်တက်လိုက်တော့ 'သုခဝေဒနာကို ရှုပွားတဲ့ ဉာဏ် ကိုလဲ မဂ္ဂသစ္စာအနေဖြင့် သိပါ၊ ဒုက္ခဝေဒနာကို ရှုပွားတဲ့ဉာဏ် ကိုလဲ မဂ္ဂသစ္စာအနေဖြင့် သိပါ။ ဥပေက္ခာဝေဒနာကို ရှုပွားတဲ့ ဉာဏ်ကိုလဲ မဂ္ဂသစ္စာအနေဖြင့် သိပါ။

'ခံစားမှုဝေဒနာဟာ နာမ်တရားဖြစ်တော့ အဲဒီ ခံစားမှု ဝေဒနာကို ခံစားခိုက်မှာ 'နာမ်၊ နာမ်'လို့ ရှုပွားနေတာဟာ

မဂ္ဂသစ္စာပါ။ 'နာမ်၊ နာမ်'လို့ ရှုနေတာဟာ မဂ္ဂသစ္စာကို ပွားများနေတာပါပဲ။ မဂ္ဂသစ္စာကို ပွားများသည့်အနေနဲ့သိပါ။ 'နာမ်'လို့ တစ်ချက်ရှုရင် တစ်ချက် မဂ္ဂသစ္စာကို ပွားတယ်၊ တစ်ချက် မဂ္ဂသစ္စာသိပါပဲ။

'အဲဒီလို မဂ္ဂသစ္စာကို ပွားများတော့ ဝေဒနာရဲ့ ဒုက္ခသစ္စာ အချက်ကို ပိုင်းခြား သိလာပါတယ်။ အဲဒီလို သိတဲ့အတွက် ဝေဒနာရဲ့ သမုဒယသစ္စာ အချက်ကို ပယ်ဖျက်နိုင်ပါတယ်။

'အဲဒီလို ဒုက္ခသစ္စာ ပိုင်းခြားသိ၊ သမုဒယသစ္စာ ပယ်ခွာ သိတော့ တဒင်္ဂခဏ ကိလေသာ ငြိမ်းအေးမှုကို သိပါတယ်။ ဒါဟာ ခဏ နိရောဓ အနေနဲ့ နိရောဓသစ္စာသိ ဖြစ်ပါတယ်။

'ဝေဒနာကို ရှုပွားနေတဲ့အခိုက် ယောဂီပုဂ္ဂိုလ်မှာ ငြိမ်းချမ်းမှု၊ ငြိမ်းအေးမှု ဖြစ်နေပါတယ်။ ကိုယ်ချမ်းသာ ဆင်းရဲနှင့် မဆိုင်ပါ၊ တဒင်္ဂတစ်ခဏ ကိလေသာ ငြိမ်းအေးမှုကို ဆိုလိုပါတယ်။ အဲဒါကို နိရောဓသစ္စာအနေနဲ့ သိပါ။ အဲဒါ လောကီသစ္စာတွေပါ။ လောကုတ္တရာသစ္စာ မဟုတ်သေးပါ။

**သစ္စာလေးချက်။** ။'ဝေဒနာရှုပွားတဲ့ ယောဂီမှာ ရှုပွားမှု မှန်ကန်ရင် ဘယ်နှချက်သိလဲ ဆိုရင် လေးချက် သိရပါ့မယ်၊ လေးချက်က ဘာတွေလဲဆိုတော့ ခုနပြောခဲ့တဲ့ သစ္စာ ၄ ချက်ပါ။

'ဝေဒနာ ရှုပွားလိုတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ခံစားမှု ဝေဒနာ နာမ်ကို အာရုံပြုပြီး 'နာမ်၊ နာမ်'လို့ ရှုပွားနေတာက မဂ္ဂသစ္စာပါ၊ အရှုခံ ခံစားမှု ဝေဒနာ နာမ်က ဖြစ်ပျက် ဒုက္ခသစ္စာပါ၊ ဝေဒနာကို ဖြစ်စေတတ်တဲ့ အကြောင်းတရားဟာ သမုဒယ

သစ္စာပါ၊ ဒုက္ခကို သိ၊ သမုဒယကို ပယ်နိုင်လို့ အေးငြိမ်းသွားတာက နိရောဓသစ္စာပါ။

'အဲဒီ သစ္စာ ၄–ချက် ဖြစ်ပါတယ်။ အဲဒါကို သဘောပေါက်ပါ၊ ဒုက္ခသစ္စာမြင်မှ တရားတက်မှာပါ၊ ဒုက္ခသစ္စာမမြင်ရင် တရားမတက်ပါ။

'ဒါကြောင့် သုခဝေဒနာကို ဖြစ်ပျက် ဒုက္ခသစ္စာထင်မြင်အောင် ရှုပါ။ အဲဒီလို ရှုပွားတော့ 'သုခဝေဒနာသည် တည်နေသဖြင့် ချမ်းသာတယ်၊ ဖောက်ပြန်ပျက်စီးသဖြင့် ဆင်းရဲတယ်'လို့ တွေ့မြင်သိရှိလာပါလိမ့်မယ်။

'အဲဒီလို တွေ့ရှိသိမြင်လာရင် ဒီသုခဝေဒနာဟာ ဘာမှသာယာစရာ မက်မောစရာမရှိဘူး၊ တော်တော်ကြာ ဆင်းရဲမယ့်တရား၊ ဖောက်ပြန် ပျက်စီးသွားမယ့် တရား၊ ဘယ်တော့များဖောက်ပြန် ပျက်စီးမလဲ၊ ဘယ်တော့များ ပျက်စီးမလဲဆိုပြီး ဝေဒနာရဲ့ အပျက်ကို ယောဂီက မြင်အောင် စောင့်ကြည့်ပြီးနေရတာပါ။ စောင့်ရှု ချောင်းရှု နေရတာပါ။

'ယောဂီက ကုန်သွားအောင် ပျက်သွားအောင်ဆိုပြီး မရှုရမကြည့်ရပါ။ ကုန်အောင် ပျက်အောင် ရှုကြည့်ရင် မှားပါတယ်၊ တရားရှုပွားတဲ့အခါ ယောဂီအလို မပါပါစေနဲ့၊ သူ့အလိုအတိုင်း ဖြစ်ပျက်နေတဲ့ သဘာဝဖြစ်ပျက်ကို မြင်အောင်ရှုပွားပါ။

'ခံစားမှုဝေဒနာကို တွေ့တယ် ဆိုကတည်းက ဝေဒနာရဲ့ဖြစ်စ တွေ့နေပါပြီ။ ဖြစ်လာသမျှ သင်္ခါရတရားသည် ပျက်ခြင်းအဆုံးရှိတယ်ဆိုတော့ 'ဩော်–သူ တော်တော်ကြာ ပျက်မှာပဲ၊

ဘယ်တော့ ပျက်မလဲ’ဆိုပြီး အပျက်မြင်အောင် ဆက်ကြည့်ပါ။ ဆက်ရှုပါ။ ဝေဒနာအစစ်အမှန်သာ တွေ့ပါက အပျက်တွေ့ပါ လိမ့်မယ်၊ မြင်ပါလိမ့်မယ်။

**မပျောက်လဲမပျောက်**။ ။‘အချို့ ဒုက္ခဝေဒနာ ရှုပွားတဲ့ ယောဂီတွေက ပြောတယ်၊ ‘တပည့်တော်တို့ ရှုပါတယ်ဘုရား၊ မပျောက်လဲမပျောက်ပါလား’တဲ့၊ မပျောက်မပျက်ဘဲနဲ့ တည် နေတဲ့ ပရမတ်တရားရယ်လို့ ဘယ်ရှိမလဲ။

‘ပရမတ်မှန် ခပ်မြန်မြန် ဇကန်မုချဖြစ်၍လည်းပြ၏။ ပျက်၍ လည်းပြ၏။’ ပရမတ်ရုပ်နာမ် တရားဆိုတာ အခုဖြစ် အခုပျက်ပါ၊ အခုပြောသလောက်တောင် မကြာပါ။

‘အဲဒီလို အပျက်မြင်တာလဲ သန္တတိပညတ်စင်မှ မြင်မှာပါ။ ယခု အပျက်မမြင်ဘဲ ‘တပည့်တော်တို့-ရှုပါတယ်၊ မပျောက် လဲမပျောက်ပါလား’ဆိုတာ ပရမတ် ရုပ်နာမ် မမြင်လို့ပါ၊ သန္တတိပညတ်တွေပဲ တွေ့နေလို့ပါ။ အစမှအဆုံးထိ မရှုပွားလို့ ပါ၊ သတိလွတ်လို့ပါ။

‘ရုပ်ဒုက္ခကိုရှုတဲ့ယောဂီဟာ အဲဒီရုပ်ဒုက္ခကြီး ပျက်သွားချင် ပျောက်သွားချင်တဲ့ သဘောနဲ့ ရှုတတ်ပါတယ်။ မိမိကိုယ်က အဲဒီနာမှုကြီး ပျောက်ပါလားဆိုတဲ့ တရားရပြီလို့ထင်ပြီး ပျောက် အောင်ရှုလို့ မပျောက်ပါလား ဆိုတဲ့ အသံထွက်လာတာပေါ့၊ အမှန်က အဲဒီရုပ်ဒုက္ခရဲ့ အဖြစ်အပျက်ကို မြင်အောင်ရှုရမှာပါ၊ ပျောက်ပျောက် မပျောက်ပျောက် အဖြစ်အပျက် မြင်ဖို့ရာသာ ပဓာနပါ။

'အမှန်က မပြတ်တရစပ် ဖြစ်ပျက်နေပါတယ်၊ သန္တတိ ပညတ်မစင်လို့ ယောဂီမှာ ပညတ်ပေါ်တင်နေပါတယ်၊ ပျောက်တော့လဲ ပညတ်ပျောက်ပဲ မြင်နေပါတယ်'

**သုခဝေဒနာ**။ ။'ဝေဒနာတရားဟာ အင်မတန် နူးညံ့ပါတယ်၊ ဒုက္ခဝေဒနာထက် သုခဝေဒနာက ပိုပြီး နူးညံ့သိမ်မွေ့ပါတယ်၊ ဒါကြောင့် သုခဝေဒနာကို တိုက်ရိုက်ရှုဖို့ရာ မလွယ်လှပါ၊ ဝေဒနာဟာ ရုပ်လိုမထင်ရှားပါ။

'ယခု ဘုန်းကြီးတို့ တွေ့ရသလောက် ယောဂီအများစုတွေဟာ ရုပ်သုခ–ရုပ်ဒုက္ခကိုပဲ နာမ်ဝေဒနာလုပ်ပြီး ရှုနေတာ အများဆုံး တွေ့ရပါတယ်၊ နာမ်ဝေဒနာရှုသူ အစစ်အမှန်ရယ်လို့ မတွေ့ရသလောက်ပါဘဲ၊ နာမ်ဝေဒနာဟာ တစ်ဆင့်ခံ ဖြစ်နေတော့ အမှန်တော့ အရှုခက်ပါတယ်၊ အရှုရမလွယ်ပါ။

'ယခု ယောဂီတို့မှာ နေပူတော့ ကိုယ်ပူမနေဘူးလား၊ အဲဒီလို ပူနေတော့ အခုနေ လေအေးလေး တိုက်လိုက်စမ်း၊ ချမ်းသာသွားတာကို သတိထားရှုကြည့်ပါ။ ဘာကြောင့် ချမ်းသာလဲ၊ ဘယ်သူ့ရဲ့ချမ်းသာလဲ၊ ချမ်းသာတယ်လို့ သိတာ ဘယ်သူက သိတာလဲ၊ အဲဒီချမ်းသာကို ဘယ်သူက ခံစားတာလဲ ရှုကြည့်ပါ၊ ကွဲပြားအောင် ရှုကြည့်ပါ။

'ဘာကြောင့် ချမ်းသာတာလဲ ဆိုတော့ လေအေးလေး တိုက်ခတ်မှုကြောင့် ချမ်းသာတယ်၊ ချမ်းသာတာက ရုပ်၊ ချမ်းသာတယ်လို့ သိတာက ဝိညာဏ်၊ ချမ်းသာတာကို ခံစားတာက ဝေဒနာ၊ အဲဒီလို ကွဲပြားအောင်ရှုကြည့် သိရမှာပါ'

'အဲဒီခန္ဓာကိုယ်မှာ ချမ်းသာတဲ့သုခဟာ ဘာကြောင့်ဖြစ်လဲဆိုရင် လေအေးလေး တိုက်ခတ်မှုကြောင့် ဖြစ်ပါတယ်။ လေအေးလေးက အကြောင်းအာရုံပေါ့၊ ချမ်းသာမှုက အကျိုးသုခပေါ့၊ အဲဒီအကျိုးသုခကို ခံစားချင်ရင် အကြောင်းလေအေးလေးကို မျှော်ရတယ်။

'အဲ…ဒီမှာကြည့်၊ လေအေးက အကြောင်း အာရုံ၊ ကိုယ်ချမ်းသာတာက အကျိုးဝတ္ထုပေါ့၊ ခံစားမှုက ဝေဒနာပေါ့၊ အကြောင်းအာရုံကလဲ ရပ်၊ အကျိုးဝတ္ထုကလဲရပ်၊ အဲဒီအကြောင်း အာရုံနဲ့ အကျိုးဝတ္ထုဆုံမှ ခံစားမှု ဝေဒနာကဖြစ်လာပြီး ခံစားနိုင်တာပါ။

'ဒါကြောင့် သုခဝေဒနာ ရှုချင်တဲ့ ယောဂီ ပုဂ္ဂိုလ်ဟာယခုလိုပူတဲ့အချိန်မှာ အလိုရှိအပ် ကောင်းမြတ်တဲ့ လေအေးဆိုတဲ့ ဣဋ္ဌာရုံကို အာရုံပြု၍ သုခဝေဒနာ ဖြစ်ပျက်ပုံကို မြင်အောင်ရှုပါ၊ အဲဒီလိုရှုရင် ဝေဒနာရဲ့ အကြောင်းပါ တစ်ခါတည်းသိမ်းဆည်းပြီးသား ဖြစ်သွားပါတယ်။

'သုခဝေဒနာ ဘာကြောင့် ဖြစ်သလဲဆိုရင် အလိုရှိအပ်နှစ်သက်အပ် ကောင်းမြတ်တဲ့ ဣဋ္ဌာရုံကြောင့် ဖြစ်ပါတယ်။ ဒကာငွေကိုင်ကြီး ယခုလို နေပူချိန်မှာ လေပြည်လေအေးလေးကို အလိုရှိတယ် မဟုတ်လား'

'အလိုရှိပါတယ်ဘုရား'

'အဲဒီလို အလိုရှိတဲ့ အခိုက် လေအေးလေး လာတော့ 'အမယ်လေး ချမ်းသာလိုက်လေခြင်း'လို့ ဖြစ်သွားမယ် မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'အဲဒီ ချမ်းသာလေးကို ဘယ်သူက ခံစားတာလဲဆိုရင် ဝေဒနာက ခံစားပါတယ်'

'အဲဒီဝေဒနာက လေအေးလေး အာရုံကြောင့် ရရှိတဲ့ ချမ်းသာကို ခံစားတာ မဟုတ်လား၊ ဒါဖြင့် ချမ်းသာ ခံစားချင်ရင် ဘာရှာရမလဲ ဆိုတော့ ချမ်းသာစေတတ်တဲ့ အာရုံကောင်းကို ရှာရတယ်။

'ဘယ်သူက ချမ်းသာစေလဲ၊ ခုချိန်မှာ လေအေးလေးက ချမ်းသာစေတယ်၊ လေအေးလေးတိုက်တော့ ဘယ်သူချမ်းသာသွားလဲ၊ ရုပ်ချမ်းသာသွားတယ်၊ ချမ်းသာတာကို စိတ်က သိတယ်၊ ဝေဒနာက ခံစားတယ်။

'ဒါဖြင့် ဒီဝေဒနာဟာ အလိုလိုဖြစ်တဲ့ ဝေဒနာလား ဆိုတော့ မဟုတ်ဘူးနော်၊ ဘာကြောင့်လဲဆိုတော့ အလိုရှိအပ်တဲ့ အာရုံကြောင့်၊ ဒါဖြင့် သုခဝေဒနာက အကျိုး၊ မိမိ အလိုရှိအပ်ကောင်းမြတ်တဲ့ အာရုံက အကြောင်းပေါ့။

**အမြင်များ အယူများ။** ။'ဒီဝေဒနာနှင့်ပတ်သက်၍ တရားနယ်မှာ အများကျယ်နေလို့ ဒီလောက်ရှင်းပြနေတာပါ။ ယခုအချိန်အထိ ပရိယတ်နှင့် မညီသော ဝေဒနာ ရှုပွားနည်းတွေ တရားနယ်ထဲမှာ ရှိနေပါသေးတယ်၊ 'ဝေဒနာပစ္စယာ တဏှာ' ဆိုတဲ့ ဒေသနာတော်ကို သဘောမပေါက်သူတွေက ဘယ်လိုပြောလဲဆိုရင် 'ဝေဒနာကြောင့် တဏှာဖြစ်တော့ ဝေဒနာကုန်မှ တဏှာကုန်မယ်'တဲ့။

'ဝေဒနာက အကြောင်းဖြစ်တော့ အကြောင်းဝေဒနာကို သတ်မှ အကျိုးတဏှာ ကုန်မယ်တဲ့၊ ဒါကြောင့် ဝေဒနာ ကုန် အောင် ရှုရမယ်၊ အားထုတ်ရမယ်ဆိုပြီး ရုပ်ဒုက္ခတွေကုန်အောင် အားထုတ်ခိုင်းပါတယ်၊ ရုပ်ဒုက္ခတွေကုန်အောင် အားထုတ်ခိုင်း တာကတော့ အကြီးအကျယ်မှားပါတယ်။

'သာမန်မှားတာ မဟုတ်ပါ၊ အများကြီး အမှားကြီး မှား ပါတယ်။ ဝေဒနာသတ်မှ တဏှာကုန်မယ်ဆိုတော့ ဝေဒနာကို သတ်ကြတယ်၊ ဝေဒနာကုန်အောင် ရှုကြတယ်။

'ဒီတော့ ဝေဒနာက ဘာပြောမလဲ၊ 'ကျွန်တော့်ကို မသတ် နဲ့၊ ကျွန်တော်ကလဲ အကြောင်းတရား မဟုတ်ပါ၊ အကျိုး တရားပါ၊ ကျွန်တော်ဖြစ်ချင်လို့ ဖြစ်ရတာ မဟုတ်ပါ၊ ခံစား ချင်လို့ ခံစားရတာ မဟုတ်ပါ၊ ဖဿကြောင့်ပါ'လို့ ပြော မယ်။

'ဒကာ ငွေကိုင်ကြီး–'မိုး မိုး၊ ဘာဖြစ်လို့ရွာ၊ ဖားအော်လို့ ရွာ'ဆိုတဲ့ ကဗျာလေး ရတယ်မဟုတ်လား၊ ဆိုစမ်းပါဦး၊ အဲဒီ ကဗျာလေးမှာ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ အကျိုးအကြောင်း အဆင့်ဆင့် မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'ဒီမှာလဲ အကြောင်းအကျိုးတွေ အဆင့်ဆင့် ရှိမနေဘူး လား၊ ရှိနေတယ်၊ ဝေဒနာရဲ့ ဖြစ်ကြောင်းတရားက ဖဿပဲ၊ ဖဿရဲ့ ဖြစ်ကြောင်းတရားက သဠာယတနပဲ၊ သဠာယတနရဲ့

ဖြစ်ကြောင်းတရားက နာမ်ရုပ်၊ ဒီနာမ်ရုပ်ရဲ့ ဖြစ်ကြောင်းတရား က ပဋိသန္ဓေဝိညာဏ်၊ ဝိညာဏ်ရဲ့ ဖြစ်ကြောင်းတရားက သင်္ခါရ ခေါ် အကုသိုလ်ကံနဲ့ လောကီကုသိုလ်ကံတွေပဲ။

'ဒီသင်္ခါရခေါ် ကံတွေရဲ့ ဖြစ်ကြောင်းတရားက အဝိဇ္ဇာ ပေါ့၊ သူဟာ အရင်းခံ အကြောင်းတရားပဲ၊ အဝိဇ္ဇာ ဆိုတာ မသိမှုပေါ့၊ မသိမှုအဝိဇ္ဇာဦးဆောင်ကာ အလွဲသိမှုဒိဋ္ဌိနဲ့ ပေါင်း မိတော့ လောဘတဏှာ အားသန်လာတယ်၊ ဝေဒနာ ပစ္စယာ တဏှာ ဖြစ်ကရော။

'အမှန်က ဝေဒနာကို သတ်ရမှာ မဟုတ်ပါ၊ သိအောင် ရှုပွားအားထုတ်ရမှာပါ၊ မသတ်ပါနဲ့၊ သတ်ရင် သေမှာလဲ မဟုတ် ပါ၊ အကြီးအကျယ်လဲ မှားမယ်၊ ပင်လဲပင်ပန်းမယ်။

**ကြောင်းကျိုးချုပ်။** ။'ဝေဒနာ ရှုပွားတဲ့ အခါမှာ အကြောင်းနှင့်တကွ ဖြစ်ပျက် မြင်အောင် ရှုရမှာ၊ အကြောင်း မသိရင် ပစ္စယပရိဂ္ဂဟဉာဏ် ဘယ်ရမလဲ၊ ဒီဉာဏ်မရရင် အဝိဇ္ဇာ ဖြစ်နေမှာပေါ့၊ သုခဝေဒနာကို အကြောင်းနှင့်တကွ ဖြစ်ပျက် မြင်အောင် ရှုရင် အကြောင်းဖြစ် အကျိုး သုခဝေဒနာဖြစ်၊ အကြောင်းချုပ် အကျိုး သုခဝေဒနာချုပ်ကို တွေ့မှာပေါ့။

'အဲဒီလို ကြောင်းကျိုးချုပ်နေတာကို မြင်တွေ့နေတဲ့ ဝိဇ္ဇာ ဉာဏ်ကို ရရင် ယောဂီပုဂ္ဂိုလ်က သတ်စရာ လိုသေးလား၊ ပယ်စရာလိုသေးလား၊ အဲဒီ ဖြစ်ချုပ်တွေ မြင်နေရင် အကြောင်း နှစ်သက်မလား၊ အကျိုး နှစ်သက်မလား၊ စဉ်းစားကြည့်ပါ၊ အကြောင်း အားကိုးမလား၊ အကျိုး အားကိုးမလား၊ ဘာကိုမှ အားကိုးလို့မရပါ။

'အမြင်မှန် ယထာဘူတဉာဏ် အရေးကြီးပါတယ်၊ ဝေဒနာရဲ့ သဘောကို ကြောင်းကျိုးနှင့်တကွ ဖြစ်ချုပ်တွေပဲ မြင်တွေ့မယ်၊ အပျက်ပဲ မြင်တွေ့မယ်၊ ဘေးပဲတွေ့မယ်ဆိုရင် အဲဒီဝေဒနာ အပေါ်မှာ နှစ်သက်ဦးမလား၊ အကြောင်းအကျိုး အကောင်း အဆိုးတွေ မြင်ရင် သုခဝေဒနာပေါ်မှာ သာယာတပ်မက် နှစ်သက်တဲ့ တဏှာ ချုပ်ပါတယ်။

**တဏှာချုပ်အောင်ရှု။** ။'အဲဒီ တဏှာချုပ်သွားတာဟာ ဝေဒနာ အပြီးချုပ်သွားလို့လားဆိုတော့ မဟုတ်ပါ၊ ဝေဒနာ ဖြစ်ချုပ်ကို မြင်သိသွားလို့ တဏှာချုပ်သွားတာပါ။ ဒါကြောင့် ဝေဒနာချုပ်အောင် ရှုမှာလား၊ တဏှာချုပ်အောင် ရှုရမှာလား လို့မေးရင် တဏှာချုပ်အောင် ရှုရပါမယ်။

'ဝေဒနာကတော့ ယောဂီတို့ ချုပ်အောင် ရှုရှု မရှုရှု ဖြစ် ချုပ် ဖြစ်ချုပ်ပဲ၊ အဲဒီ ဝေဒနာဖြစ်ချုပ်ကို မြင်အောင် ရှုရမှာ ပါ၊ ဝေဒနာ ဖြစ်ချုပ်မြင်တော့ တဏှာ အပြီးချုပ်ဖြစ်ရမှာ၊ ဝေဒနာကတော့ တဏှာချုပ်ပြီးတဲ့နောက်လဲ ဖြစ်ချုပ်ပဲ ရှိဦး မယ်။

'သတိထား ရှုကြည့်ပါ၊ ယခု လေအေးလေး တစ်ချက် သုခ တစ်ချက်၊ ခံစားမှုဝေဒနာတစ်ချက် ဖြစ်နေတယ်၊ လေ အေးလေးချုပ်၊ သုခချုပ်၊ ခံစားမှုချုပ် မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'လေအေးကလဲ အာရုံတစ်ချက်နော်၊ အဲဒီလေအေးအာရုံ ချုပ်ရင် သုခချုပ်ပဲ၊ သုခမရှိရင် သုခကို ခံစားတဲ့ ဝေဒနာ ဘယ်မှာ ခံစားနိုင်မှာလဲ၊ သုခဝေဒနာလဲ ချုပ်ပြီပေါ့။

'အဲဒီ သဘောတွေကို မြင်တော့ ယောဂီရဲ့ ဉာဏ်ထဲမှာ 'ဩော်–ဘာမှ မက်မောတွယ်တာစရာမရှိပါလား၊ အကြောင်း အာရုံ လေအေးလေးကလဲ မမြဲ၊ ဘာမှနှစ်သက်စရာ မရှိပါလား လို့ ဖြစ်လာမယ်၊ ပေါ်လာမယ်၊ အဲဒီလို ပေါ်ဉာဏ်ကို လိုချင် လို့ ပေါ်ဉာဏ်ဖြစ်နေဖို့ အားထုတ်ရတာပါ။

**လေ ဘာဖြစ်လို့တိုက်**။ ။'ယခုလို ပူတဲ့အခါမှာ လေ တိုက်တယ်၊ ဘာဖြစ်လို့လေတိုက်လဲ၊ တိုက်ချင်လို့ တိုက်ရတာ လား၊ ပူလို့ တိုက်ရတာလား၊ ဘုန်းကြီးတို့ သီတင်းကျွတ် တန်ဆောင်မုန်းလတို့မှာ မီးထွန်းပွဲတွေ ကျင်းပကြတယ်။

'အဲဒီ မီးထွန်းပွဲမှာ မီးလည်ဆိုတာ ထွန်းတယ်၊ အဲဒီ မီး လည်မှာ အရုပ်တွေ ထွင်းထားတယ်၊ မီးလည် လည်တော့ အရုပ်တွေလဲ လည်တာပေါ့။

'အဲဒီမီးလည်ဟာ မီးမထွန်းခင်က မလည်သေးပါ၊ နောက် အဲဒီ မီးလည်အောက်က မီးလဲ ထွန်းညှိပေးလိုက်ရော အဲဒီ မီးလည်ဟာ လည်သွားတယ်။

'မီးမထွန်းခင် ဒီမီးလည်ဟာ မလည်ဘဲ မီးထွန်းမှ ဘာ ကြောင့် လည်လဲဆိုတော့ မီးမထွန်းခင် အဲဒီ မီးလည်အောက် မှာ လေအေးတွေရှိပါတယ်၊ လေအေးဟာ သိပ်သည်းတော့ မရွေ့လျားပါ၊ ငြိမ်ဝပ်ပါတယ်။

'မီးလည်အောက်က မီးလဲ ထွန်းညှိလိုက်ရော ခုနက လေ အေးတွေကို မီးက လောင်ပါတယ်၊ မီးလောင်တော့ လေအေး တွေဟာ ပွရှပြီး လှုပ်ရှား ထွက်ပြေးပါတယ်၊ လှုပ်ရှား ထွက်

ပြေးတော့ မီးလည်ကြီးကို တိုက်တယ်၊ ဒီတော့ မီးလည်ကြီးက လည်တယ်ပေါ့။

'ယခုအချိန်ဟာ ပူနေတော့ လေပိုတိုက်ပါတယ်၊ ဘာဖြစ်လို့ လေပိုတိုက်လဲ၊ ပူလို့ လေတွေ ပြေးကုန်တာပေါ့၊ ပူတော့ လေက ပွရှလှုပ်ရှား ထွက်ပြေးတော့ တိုက်မိတိုက်ရာ တိုက်တယ်ပေါ့၊ အဲဒီလေဟာ အပူထဲက ဖြတ်လာတော့ လေပူပေါ့၊ အအေးထဲက ဖြတ်လာရင် လေအေးပေါ့။

'ယခု တစ်ခါ တစ်ခါ လေအေးလေး တိုက်လာတော့ ချမ်းသာတယ်၊ ချမ်းသာတော့ ခံစားတယ်၊ ဒါဖြင့် ခံစားချင်ရင် ချမ်းသာချင်ရင် ဘာလုပ်ရမလဲ၊ ချမ်းသာအောင် လုပ်ရမယ်၊ ချမ်းသာအောင် ဘယ်လို လုပ်ရမလဲ၊ လေအေးလေး တိုက်အောင် လုပ်ရမယ်။

'လေအေး မလာတော့ ဘယ်လိုလုပ်လဲ၊ ယပ်တောင်ခတ် ပန်ကာဖွင့်ပေါ့။ ဘာဖြစ်လို့ ယပ်တောင်ခတ်လဲ၊ ပန်ကာဖွင့်လဲ၊ ချမ်းသာ လိုချင်လို့ပေါ့၊ ဘာဖြစ်လို့ ချမ်းသာချင်လဲ၊ ခံစားချင်လို့ပေါ့။

'ဘယ်သူက ခံစားချင်လဲ၊ ဝေဒနာက ခံစားချင်တယ်၊ ဝေဒနာက ခံစားရုံပဲခံစားတယ်၊ မတပ်မက်ပါ၊ တဏှာကလဲ တပ်မက် တွယ်တာရုံပဲ တပ်မက် တွယ်တာတယ်၊ မခံစားပါ၊ စိတ်ထဲမှာ အမြင်မှန် ရှုပွား ဉာဏ်မဝင် ဉာဏ်မယှဉ်တာကြောင့် ဝေဒနာက သုခကို ခံစားတဲ့အခါ တဏှာနဲ့ တွဲပြီး ခံစားတယ်။

'သုခရဲ့အပျက် ဝေဒနာရဲ့အပျက်ကို မြင်တော့ အဲဒီ သုခ အပေါ်မှာ ဝေဒနာအပေါ်မှာ ဒုက္ခ ထင်မယ်၊ ဖြစ်ဒုက္ခ ပျက် ဒုက္ခပေါ့၊ သဘောပေါက်ပြီလား'

'ပေါက်ပါပြီဘုရား'

'အင်း–ဒါကြောင့် သုခဝေဒနာကို ရှုချင်တဲ့ ယောဂီဟာ သုခဝေဒနာရဲ့ အဖြစ်ကို မြင်အောင်ရှုကြည့်ရမယ်၊ အပျက်ကို မြင်အောင် ရှုကြည့်ရမယ်၊ ဖြစ်ကြောင်းကို မြင်အောင် ရှုကြည့် ရမယ်၊ ပျက်ကြောင်းကို မြင်အောင် ရှုကြည့်ရမယ်။

'အဲဒီလို အကျိုးအကြောင်း မြင်မှ ပစ္စယပရိဂ္ဂဟဉာဏ် ပိုင်မှာ၊ ဒီဉာဏ်ပိုင်မှ ဝိစိကိစ္ဆာ ကင်းမှာပါ၊ ခံစားမှုဝေဒနာ လောက်ပဲ မြင်ရင် နာမ်ပဲ သိသေးတာပေါ့။

'ဒီဝေဒနာဟာ ဘယ်မှီဖြစ်လဲဆိုရင် ရုပ်မှီဖြစ်တယ်၊ ဒီတော့ ဝေဒနာကနေ ရုပ်ကို သိတယ်၊ ဒီတော့ နာမ်ကိုသိတယ်၊ ရုပ်ကို သိတယ်၊ ဒီလောက်ပဲရှိမယ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်ပေါ့။

'အဲဒီ ခံစားမှု ဝေဒနာကို ရှုရင်း ရှုရင်း ဒီဝေဒနာရဲ့ ဖြစ်ကြောင်းဟာ ဘာလဲ၊ ပျက်ကြောင်းဟာ ဘာလဲလို့သိအောင် ဆက်ရှုတော့ ဖြစ်ကြောင်းကို သိတယ်၊ ပျက်ကြောင်းကို သိတယ်။

'အဲဒီလို ဖြစ်ကြောင်း ပျက်ကြောင်းကို သိမှ ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်တယ်၊ အဖြစ်အပျက်မျှသိရင် ဥဒယဗ္ဗယဉာဏ်ပဲ၊ အဲဒီ

ကြောင်းကျိုးနှင့်တကွ ဖြစ်ပျက်သိမှ သိတဲ့ဉာဏ်ဟာ တန်ဖိုးရှိပါတယ်။

'ဝေဒနာကတော့ နောက်လဲပဲ အကြောင်းညီညွတ်ရင် ဒီအတိုင်းပဲ ဖြစ်ချုပ် ဖြစ်ချုပ် အနေပဲ ဖြစ်ချုပ်နေမှာပဲ၊ အဲဒီ ဖြစ်ချုပ်သဘောကွေ သိတဲ့အတွက် ဘာချုပ်သွားလဲ ဆိုတော့ သုခဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ တဏှာလောဘ ချုပ်ပါတယ်။

'အဲဒီ သမုဒယသစ္စာ တိုက်တဲ့ တဏှာလောဘကို ပယ်နိုင်အောင် အပြီးချုပ်အောင် ကုန်အောင် ဝေဒနာကို ရှုပွားရပါမယ်၊ ဝေဒနာကုန်သွားအောင် အပြီးချုပ်သွားအောင် ရှုရမှာ မဟုတ်ပါ။

**ဒုက္ခဝေဒနာ။** ။'ဒီလောက် ဆိုရင် သုခ ဝေဒနာနဲ့ ပတ်သက်လို့ သဘောပေါက်လောက်ပါပြီ၊ ဒုက္ခဝေဒနာ ရှုပွားအားထုတ်နည်း ပြောကြရအောင်၊ ဒီဒုက္ခဝေဒနာကို ကုန်အောင် ရှုတဲ့ ယောဂီဦးရေဟာ ရာနှုန်း ပြည့်လောက်ပါပဲ၊ ရှုနည်း သဘောပေါက်အောင် ဒီလင်္ကာကို ဆိုကြည့်စမ်းပါ။

၅။ **ဒုက္ခရှုစဉ်၊ ဒုက္ခထင်လျက်၊ စည်ပင်တိုးပွား၊ ဒုက္ခများမှာ၊ ပျက်သွားမရှိ၊ တိုးလာဘိ၊ မှားသည့်အမြင်သာ။**

'အများအားဖြင့် ကရားရှုပွား အားထုတ်လို့ အထိုင်ကြာတဲ့ အခါ နာကျင်ကိုက်ခဲမှု စတဲ့ ရုပ်ဒုက္ခတွေ ဖြစ်လာတတ်ပါတယ်၊ အဲဒီဒုက္ခတွေကို ရှုတော့ ဒုက္ခလို့ ထင်တယ်နော်။

'အမှန်က ဒီခန္ဓာကိုယ်ကြီးက မနာလဲဒုက္ခ၊ နာလဲဒုက္ခပါ၊ ယခု နာကျင်ကိုက်ခဲတဲ့ ဒုက္ခတွေကို အရှုခံထားပြီး ဣရိယာပုတ်ကို မပြင် မပြောင်းဘဲ ရှုတော့ အဲဒီ ဒုက္ခတွေ ပျက်သွားတယ် ပြယ်သွားတယ် မရှိဘဲ၊ လျော့သွားတယ် မရှိဘဲနဲ့ တိုးလာတယ်၊ ပွားပွားလာတယ်၊ အဲဒီလို မြင်တွေ့နေတဲ့ ယောဂီပုဂ္ဂိုလ်မှာ အမြင်မှားနေပြီ။

**ပြောင်းပြင်ပါ**။ ။'တရားအားထုတ်တဲ့ ဥစ္စာဟာ အများပျောက် အမှန်ရောက်အောင် အားထုတ်ရတာပါ၊ ဒါကြောင့် ဘုန်းကြီးက အားထုတ်ခါစ ယောဂီပုဂ္ဂိုလ်တွေ အထိုင်ကြာလို့ နာကျင်ကိုက်ခဲမှု စသည်တွေ ဖြစ်လာရင် သူ့ကို သတိမထားဘဲ သည်းခံနိုင်သလောက် သည်းခံပြီး မိမိရှုနေကျ မူလကမ္မဋ္ဌာန်း ဖြစ်တဲ့ နှာခေါင်းမှာ လေဝင်တိုင်း ထွက်တိုင်း တိုးတဲ့ ထိတဲ့ သဘောကို တိုးထိတိုင်း 'ရုပ်, ရုပ်'လို့ ရှုခိုင်းထားတာ။

'သည်းမခံနိုင်တဲ့ အဆုံးမှာ ဣရိယာပုတ်ကို ပြောင်းပေး ပြင်ပေးပါ၊ ပြောင်းဆဲပြင်ဆဲမှာတော့ နှာခေါင်းမှာ တိုးထိတဲ့ သဘောကို 'ရုပ်, ရုပ်'ဟု မရှုဘဲ နာကျင်ကိုက်ခဲဆုံးနေရာကို အသိ သတိကပ်ကာ မပြင်ခင် မပြောင်းခင်က ဘယ်လိုနာကျင် ကိုက်ခဲတယ်၊ ပြင်ဆဲ ပြောင်းဆဲမှာ ဘယ်လိုနာကျင်ကိုက်ခဲတယ် ဆိုတာ သိအောင် 'တစ်နာ တစ်သိ၊ တစ်ကျင်တစ်သိ၊ တစ်ကိုက် တစ်သိ' အံကိုက်ဖြစ်အောင် 'ရုပ်,ရုပ်'ဟု ရှုရင်း ပြင်ပါ၊ ပြောင်းပါ။

'ရှုပွားအားထုတ်ခါစမှာ ယောဂီတို့ဟာ ဒီနာကျင် ကိုက်ခဲမှု ရုပ်ဒုက္ခနဲ့ ခံစားမှုဝေဒနာကို မကွဲသေးဘဲ ယောဂီတို့

ကြားဖူးနားဝနဲ့ အဲဒီ နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခကို ဝေဒနာလုပ် ရှုတတ်ပါတယ်။

'ရှုပြန်တော့ သူ့သဘောသိအောင် မရှုဘဲ အဲဒီ နာကျင် ကိုက်ခဲမှု ရုပ်ဒုက္ခကို ကုန်အောင် ရှုရမယ်လို့ ကြားဖူးထားတဲ့ အတိုင်း ယောဂီတွေက ခြေထောက်တွေ၊ ဒူးတွေ၊ ပေါင်တွေ၊ ခါးတွေ၊ ကိုယ်တွေ၊ လက်တွေကို တင်းတောင့်ချုပ်ပြီး ရှုတတ် ပါတယ်၊ အံကြိတ်ပြီး ရှုတတ်ပါတယ်။

'အဲဒီလို ရှုတယ်ဆိုတော့ ချုပ်ထားတော့ ပိုပြီးနာကျင်ကိုက်ခဲ မှုတွေ တိုးလာပါတယ်၊ တိုးလာလေ တိုးပြီးတော့ ချုပ်ပြီး နာကျင်ကိုက်ခဲမှုတွေကုန်အောင် ရှုလေ၊ တိုးလေ၊ ကုန်အောင် ရှုလေ၊ တိုးလေဆိုတော့ ချာချာလည်နေတာပေါ့၊ အင်မတန် ဆင်းရဲ ပင်ပန်းပါတယ်၊ တရား အားထုတ်တဲ့အခါ မပင်ပန်း ရပါ။

'ရှုပွားအားထုတ်တဲ့ အခါမှာလဲ ဝေဒနာ ကုန်အောင် ရှုပွားအားထုတ်တဲ့အတွက် အရှုပွား မှားပါတယ်၊ တစ်ခါ ခံစား မှုဝေဒနာကို တိုက်ရိုက်မရှုဘဲ ရုပ်ဒုက္ခကြီးကို ဝေဒနာလုပ်ပြီး ရှုပြန်တော့ တစ်ခါ မှားပြန်ပါတယ်။

'သူ့သဘောကို ဘယ်လိုလဲလို့သိအောင် ရှုပွားရမှာကို မရှု ပွားဘဲ ကုန်အောင် ရှုပွားပြန်တော့ တစ်ခါမှားပြန်ပါတယ်။

'အမှန်က နာကျင်ကိုက်ခဲမှုက ရုပ်ဒုက္ခ၊ ခံစားတာက ဝေဒနာ၊ ရုပ်ဒုက္ခကို ခံစားတဲ့အတွက် ဒုက္ခဝေဒနာ ခေါ်တာပါ၊

အဲဒီ ဒုက္ခဝေဒနာကို သိအောင်ရှုရမှာပါ၊ မြင်အောင် ရှုရမှာပါ၊ ဘယ်လိုမြင်အောင် ရှုရမှာလဲ၊ ဖြစ်ပျက်မြင်အောင် ရှုရမှာပါ၊ ကုန်အောင် ရှုရမှာမဟုတ်ပါ။

**ဒုက္ခရှုစဉ်။** ။'ဒုက္ခဝေဒနာကို ရှုပွား အားထုတ်တဲ့အခါမှာ ဘယ်လို ရှုရမှာလဲဆိုတော့ ဒုက္ခဝေဒနာရဲ့ အဖြစ်အပျက်ကို မြင်အောင်ရှုရမှာပါ။ ရှုပွားနည်း ဆောင်ပုဒ်ကို ဆိုကြည့်စမ်းပါ။

## ၆။ ဒုက္ခအစဉ်၊ ပျက်ပြယ်ထင်၊ အမြင်မှန်တော့တာ။

'မိမိတို့ရှုတဲ့ ရုပ်ဒုက္ခဟာ တစ်ဖြစ်တည်း ဆက်ဖြစ်နေတာ မဟုတ်ပါ၊ တစ်ဖြစ်ပြီးမှ တစ်ဖြစ် ဖြစ်နေတာပါ၊ ပထမတစ်ဖြစ်က ပျက်သွားတယ်၊ အဲဒီ ပျက်သွားတဲ့ နေရာမှာ နောက်တစ်ဖြစ်က အစားထိုး ဖြစ်လာတယ်။

'အဲဒီရုပ်ဒုက္ခက အဲဒီလို တစ်ဖြစ် တစ်ပျက် တစ်ဖြစ် တစ်ပျက် ဖြစ်ပျက်နေတာ၊ ဒါကြောင့် ဒုက္ခရှုတဲ့ ယောဂီဟာ အဲဒီ ရုပ်ဒုက္ခ ပျက်ပြယ်ထင်ရမှာပါ၊ ပျက်ပြယ်တယ်ဆိုတာ ရုပ်ဒုက္ခ ပျက်ပျက်သွားတာကို ခေါ်ပါတယ်။

**ရုပ်ဒုက္ခရှုပုံ။** ။'အဲဒီ ရုပ်ဒုက္ခ ရှုတဲ့နေရာမှာ အင်မတန် အရေးကြီးပါတယ်၊ ရုပ်ဒုက္ခရှုတဲ့နေရာမှာ မိမိနှင့် အမျိုးမတော်စပ်တဲ့ သူစိမ်း လူမမာတစ်ယောက်ကို ကြည့်တဲ့ အနေမျိုး ရှုကြည့်နိုင်မှ အမြင်မှန်ပါတယ်။

'သူစိမ်းလူမမာတစ်ယောက်ကို ကြည့်ရှုတဲ့အခါမှာ အဲဒီ သူစိမ်းလူမမာရဲ့ ဆင်းရဲဒုက္ခတွေကို ကိုယ့်ဥစ္စာလို ကိုယ်လုပ်ပြီးတော့၊ ကြည့်ပါ။ အံကြိတ်ပြီးတော့ မကြည့်ပါ၊ ရုပ်ဒုက္ခကို ငါနှင့်မဆိုင် ငါပိုင်မဟုတ် ငါနှင့် အလွတ်ကြီးလို့ သဘောထားပြီး ရှုကြည့်ရမှာပါ။

'အဲဒီလိုမဟုတ်ဘဲ အံကြိတ်ပြီးတော့ ရုပ်ဒုက္ခကို ကုန်အောင် ပျောက်အောင် ရှုပွားအားထုတ်မယ်ဆိုရင် အရှုအပွား မမှန်ပါဘူး၊ မှားသွားပါပြီ၊ လွဲသွားပါပြီ။

'အဲဒါကြောင့် ကိုယ်ရဲ့ဆွေမျိုးမတော်တဲ့ သူစိမ်း လူမမာ တစ်ယောက်ကို ဆရာဝန်က စစ်ဆေး မေးမြန်းနေသလိုလေး ရှုပွားရမှာ၊ နေသာသလိုနေပြီး ရှုပွားရမှာပါ။

'ဟဲ့–ရုပ်ဒုက္ခ နင်ဘာကြောင့် ဖြစ်တာလဲ၊ ဘာစားလို့ဖြစ်လဲ လို့တော့ သွားမေးလို့ မဖြစ်ပါ၊ အဖြစ်အပျက် အကြောင်း အကျိုးကို မြင်အောင် ရှုရမှာပါ။

'ရှုကြည့်တော့ ဆရာဝန်က လူမမာကို မေးနေတဲ့ ပုံကလေးလို သက်သက်သာသာနဲ့ စိတ်အေးအေးနဲ့ 'ဘာ့ကြောင့်ဖြစ်လဲ၊ ဘာအကြောင်းကြောင့်ဖြစ်လဲ၊ ယခု ဘယ်လိုနေလဲ၊ လျော့သလား၊ တိုးသလား စသည်ဖြင့် အကြောင်းအကျိုး အဖြစ်အပျက် အတိုး အလျော့ကို မြင်အောင် ကြည့်ရတာ၊ တရားအားထုတ်တယ် ဆိုတာ တကယ်တော့ ရုပ်သဘော နာမ်သဘော သိအောင် ရှုကြည့်တာပါ၊ အရှိအတိုင်း မြင်အောင် ရှုကြည့်တာပါ။

**ဒုက္ခဝေဒနာရှုပုံ**။ ။'ဒုက္ခဝေဒနာကို ရှုကြည့်တဲ့အခါမှာ ဖြစ်ကြောင်းနှင့် တကွ မြင်အောင်ကြည့်ပါ၊ ပျက်ကြောင်းနှင့် တကွ မြင်အောင်ရှုကြည့်ပါ၊ ဒီဒုက္ခဝေဒနာဟာ မိမိအလိုမရှိအပ် မနှစ်သက်အပ်တဲ့ အနိဋ္ဌာရုံကို အာရုံပြု၍ ဖြစ်လာတာပါ။

'ဒီတော့ အနိဋ္ဌာရုံကြောင့် ဒုက္ခဝေဒနာဖြစ်၊ အနိဋ္ဌာရုံ ပျက်ရင် ဒုက္ခဝေဒနာလဲပျက်ပေါ့၊ အဲဒါကို ယောဂီ ပုဂ္ဂိုလ် မြင်အောင် ထပ်ကာထပ်ကာ ကြိမ်ဖန်များစွာရှုကြည့်နေရမှာပါ။ ဖြစ်အောင်လဲ မလုပ်ရပါ၊ ပျက်အောင်လဲ မလုပ်ရပါ၊ ဘယ်လိုဖြစ်လဲ၊ ဘယ်လိုပျက်လဲ၊ ဘာကြောင့်ဖြစ်လဲ၊ ဘာ့ကြောင့်ပျက်လဲ စသည်ဖြင့် ကြောင်းကျိုးနှင့်တကွ မြင်အောင် ရှုကြည့်ရမှာပါ။

'အဲဒီဝေဒနာကို အာရုံကပဲ သတိကပ်ပြီး ထပ်ကာထပ်ကာ ရှုကြည့်တာကို ရှုတယ်၊ ပွားတယ်၊ အားထုတ်တယ်ခေါ်တာပါ၊ ဒါဖြင့် ဒုက္ခဝေဒနာကို ဘယ်လိုရှုမလဲ၊ အရာဝတ္ထုတစ်ခုကို အေးဆေးငြိမ်သက်စွာ ရှုကြည့်နေသလို ရှုကြည့်ပေါ့။

'အဲဒီလိုရှုနေ ကြည့်နေလို့ပြောရင် ယောဂီပုဂ္ဂိုလ်က မရှုတတ် မကြည့်တတ်မှာစိုးလို့ လူပြိန်း နားလည်အောင် မှတ်လို့ ဆိုပြီး မှတ်ခိုင်းတာပါ၊ မှတ်ဆိုတော့လဲ ဒါဟာ ဝေဒနာပဲလို့ အသိအမှတ်ပြုပြီး ရှုကြည့်နေတာပါပဲ၊ အဲဒါကို ယောဂီပုဂ္ဂိုလ်က မသိတော့ ပါးစပ်နဲ့ဆိုပြီး 'နာတယ်၊ နာတယ်၊ ကျင်တယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ကိုယ်တယ်'စသည်ဖြင့် မှတ်တတ်ပါတယ်၊ မဆိုပါနဲ့ပြောလဲ မရပါ၊ ဆိုကို ဆိုနေကြပါတယ်။

'ရှုပွားအားထုတ်လို့အတော်ကြာလာ၊ အတော် သဘော ပေါက်လာတော့မှ 'တပည့်တော်တို့ အစက မသိပါဘုရား၊ လိုက်ဆိုနေတာ ပင်ပန်းလိုက်လေခြင်း ဘုရား၊ အခုမှ သိတယ်' လို့ ပြောကြတယ်၊ ဒီတော့အားထုတ်တဲ့အကြိမ် ၂–ကြိမ်၊ ၃–ကြိမ် ဖြစ်သွားပြီ။

'တချို့လဲ အားထုတ်တဲ့အကြိမ်၂–ကြိမ်၊ ၃–ကြိမ်ထိ ကြာတာတောင်မှ မသိသေးပါ၊ ဒီလိုပဲနာတယ်၊ ကျင်တယ် စသည်ဖြင့် ဆိုပြီး မှတ်ဆဲပဲရှိပါသေးတယ်။

'ဒုက္ခဝေဒနာကို ကြောင့်တဲ့သင်းနှင့်တူသောအားဖြင့် ရှုတဲ့၊ ကြောင့်ဆိုတာ ဘယ်လိုသဘောရှိလဲ စူးရှတဲ့သဘော၊ စူးဝင်တဲ့ သဘောရှိပါတယ်၊ နာကျင်ကိုက်ခဲစေတတ်ပါတယ်။

'အဲဒီအတူပဲ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာရင် စူးရှတယ်၊ စူးဝင်တယ်၊ နာကျင်ကိုက်ခဲမှုကို ဖြစ်စေတတ်တယ်၊ အဲဒါ ဒုက္ခဝေဒနာရဲ့ သဘောပဲ၊ အဲဒီသဘောကို မြင်အောင် ကြည့်ရှု ရမှာပါ၊ ကုန်အောင် ရှုရမှာ မဟုတ်ပါ။

'အဲဒီလို ရှုကြည့်တော့ ယောဂီပုဂ္ဂိုလ်က စိတ်မညစ်ဘဲ သူ့သဘောက ဒါပဲရှိလို့ ဒါပဲ မြင်တယ်၊ ဒါပဲ ရှုကြည့်ရမှာပဲ ဆိုပြီး အေးအေးဆေးဆေး ရှုကြည့်ပါ၊ နေသာသလို နေပြီး ရှုပါ။

'အဲဒီလိုရှုကြည့်နေတော့ ဒီဒုက္ခဝေဒနာဟာ တည်နေသဖြင့် ဖြစ်နေသဖြင့် ဆင်းရဲပုံ၊ မတည်မြဲသဖြင့် ဖောက်ပြန်ပျက်စီးသဖြင့်

ချမ်းသာပုံကို သိမြင်လာပါလိမ့်မယ်၊ အဲဒီလို မြင်ရင် အမြင် မှန်ပါ။

'အမှန်က ယောဂီရဲ့ကိုယ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ 'ကာယိက ဒုက္ခဝေဒနာ'ကို ရှုပွားလိုတဲ့ ယောဂီဟာ ဣရိယာပုတ် ၄-ပါးတွင် မိမိနေလိုတဲ့ ဣရိယာပုတ်နှင့်နေပြီး ခန္ဓာကိုယ်တွင်း အဆင်းရဲဆုံးနေရာသို့ အသိကပ်ပြီး သတိမပြတ် အထပ်ထပ် ရှုကြည့်ကြရမှာပါ။

'ယင်းသို့ ရှုပွားသော် ဆူနေသော ရေနွေးအိုးထဲမှ ရေနွေး ပွက်ငယ်တွေ ပေါ်ပေါက် ထွက်လာသလို ဝေဒနာတွေက တစ်ပုံ၊ ဝေဒနာ ပေါ်ထွက်ရာဌာနက တစ်ပုံလို့ တွေ့သိလာပါ လိမ့်မယ်။

'ထိုအခါ ဝေဒနာက နာမ်၊ ဝေဒနာထွက်ပေါ်ရာ ဌာနက ရုပ်ဖြစ်သဖြင့် နာမ်ကို အခြေခံပြီး ရုပ်ကို သိမြင်ရခြင်း စသည် ဖြစ်ပေါ်လာပါလိမ့်မယ်၊ နာမ် ရုပ် ပိုင်းခြား သိတဲ့ဉာဏ် ဝင်လာ မယ်။

**ရှုနည်းနှစ်မျိုး။** ။'ဒုက္ခဝေဒနာကို ရှုပွားရာ၌ အဲဒီ ဒုက္ခ ဝေဒနာကို သည်းမခံနိုင်လို့ ခွာရှုသောနည်း၊ သည်းခံနိုင်လို့ အဲဒီဒုက္ခဝေဒနာကိုပင် တိုက်ရိုက်ရှုသော နည်းရယ်လို့ ရှုနည်း ၂ မျိုး ရှိပါတယ်၊ ဒီနေရာမှာ သာဓကတစ်ခု ပြချင်ပါတယ်။

'ရဟန်းတို့-အကြားအမြင် ဗဟုသုတ မရှိသော ပုထုဇဉ်သည် မဟာသမုဒ္ဒရာထဲမှာ ဝဲသြဃရှိတယ်ဆိုတဲ့

ဒီစကားကို ဆိုတယ်၊ ရဟန်းတို့-'ဝဲသြဃ'ဆိုတဲ့ ဒီအမည်ဟာ ကိုယ်၌ ကျရောက်လျက်ရှိတဲ့ ဒုက္ခဝေဒနာတို့ရဲ့ အမည်ပဲ။

'ရဟန်းတို့-အကြားအမြင် မရှိတဲ့ ပုထုဇဉ်သည် ကိုယ်၌ ကျရောက်လျက်ရှိတဲ့ ဒုက္ခဝေဒနာဖြင့် တွေ့ထိခံစားရသည်ရှိသော် စိုးရိမ်တယ်၊ ပင်ပန်းတယ်၊ ငိုကြွေးတယ်၊ ရင်ထုလျက် မြည်တမ်းတယ်၊ မိန်းမောခြင်းသို့ ရောက်တယ်၊ အကြားအမြင် မရှိတဲ့ အဲဒီ ပုထုဇဉ်ကို 'ဝဲသြဃ၌ မတည်တံ့နိုင်သူ၊ ထောက်တည်ရာမရနိုင်သူ' လို့ ဆိုရမယ်။

'ရဟန်းတို့-အကြားအမြင်ရှိတဲ့ အရိယာ တပည့်သည်ကား ကိုယ်၌ ကျရောက်လျက်ရှိတဲ့ ဒုက္ခဝေဒနာဖြင့် တွေ့ထိခံစားရသည်ရှိသော် မစိုးရိမ်ရ၊ မပင်ပန်းရ၊ မငိုကြွေးရ၊ ရင်ထုလျက်မမြည်တမ်းရ၊ မိန်းမောခြင်းသို့ မရောက်ရ၊ ရဟန်းတို့-အကြားအမြင်ရှိတဲ့ အဲဒီ အရိယာ တပည့်ကို ဝဲသြဃ၌ တည်တံ့နိုင်သူ၊ ထောက်တည်ရာကို ရနိုင်သူ'

လို့ ဆိုရတယ်လို့ ဘုရားရှင် ဝေဒနာသံယုတ်၌ဟောကြားခဲ့ပါတယ်၊ ဒါကြောင့် နာကျင်ကိုက်ခဲမှုဒုက္ခကို သည်းခံနိုင်လျှင် သည်းခံပြီး ခုနက ပြောခဲ့သလို ရှုပါ။

စတုတ္ထအကြိမ်

**သည်းခံပြီး ရှု**။ ။ဒီနေရာမှာ စိတ္တလတောင်၌ မထင်ရှားတဲ့ ထေရ်ကြီးတစ်ပါး သည်းခံပြီး ရှုပုံအကြောင်း ပြောပြပါမယ်၊ ထေရ်ကြီးဟာ မကျန်းမမာ ဖျားနာနေချိန်မှာ ဝေဒနာဒဏ် ပြင်းထန်တဲ့အတွက် ညည်းတွားလျက် ကပြောင်းကပြန် ပြန်လည်လူးလဲနေတယ်၊ အဲဒီထေရ်ကြီးကို ပဋ္ဌင်းငယ်တစ်ပါးက မြင်တဲ့အခါ–

'အရှင်ဘုရား–အရှင်ဘုရားတို့ရဲ့ ဘယ်မည်သော အရပ်ဌာနသည် နာကျင်ပါသလဲ'

'ငါ့ရှင်–အသီးအခြား တစ်ခုသော နာကျင်သော အရပ်ဌာန မရှိပါ၊ တည်ရာဖြစ်သော ရူပ သဒ္ဒ အစရှိသည်ကို အာရုံပြုပြီး ဝေဒနာသည်သာလျှင် ခံစားပါတယ်'

'အရှင်ဘုရား–အဲဒီကဲ့သို့ ရူပ သဒ္ဒ အစရှိသည်ကို အာရုံပြု၍ ဝေဒနာသည်သာလျှင် ခံစားတယ်လို့ သိရာအခါမှ စပြီး သည်းခံသင့်တယ် မဟုတ်ပါလော'

'ငါ့အရှင်–ငါ သည်းခံပါတယ်'

'အရှင်ဘုရား– သည်းခံခြင်းသည် မြတ်ပါတယ်'

'ထေရ်ကြီးဟာ သည်းခံပါတယ်၊ အတန်ကြာတဲ့အခါ လေသည် နှလုံးသားကို ကွဲစေပါတယ်၊ နှလုံးသားကို ခွဲပါတယ်၊ ညောင်စောင်းပေါ်မှာ အူတွေ စုပုံနေပါတော့တယ်၊ အဲဒီအခါ ထေရ်ကြီးက 'ငါ့ရှင်– ဒီမျှလောက် သည်းခံခြင်းသည် သင့်မြတ်ပါသလော'လို့ ပဋ္ဌင်းငယ်ကို မေးပြီးတော့ ပြပါတယ်။

'ထေရ်ကြီးရဲ့ စကားကို ကြားတဲ့ ပဥ္စင်းငယ်ဟာ စကားတုန့် မပြန်လှန်ဘဲ ဆိတ်ဆိတ်ပဲ နေပါတယ်၊ ထေရ်ကြီးဟာ ဝီရိယနဲ့ သမာဓိ ညီမျှစေ၍ ပဋိသမ္ဘိဒါ ၄ ပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ရောက်လျက် ပရိနိဗ္ဗာန်ပြုတော်မူပါတယ်။

'ဤထေရ်ကြီးသည် ဝေဒနာ သည်းခံပြီး ဝေဒနာကို သိမ်းဆည်းကာ ရှုပွားအားထုတ်ခြင်းပင် မဟုတ်ပါလော။

'ဝေဒနာ မြင်ပါတယ်ဆိုလျှင် အဲဒီထေရ်ကြီးကဲ့သို့ မြင်ပါမှ အမြင်မှန်တယ်၊ 'ပေါင်က နာတယ်၊ ဗိုက်ကနာတယ်' စသည် ဖြင့် ပညတ် နာကျင်မှုမျှ မြင်လျှင် ဝေဒနာနှင့် ပတ်သက်၍ အမြင်မမှန်သေးပါ။

**ဝေဒနာ ခွာရှုပုံ။** ။'ဝေဒနာ ခွာရှုတာနှင့် ပတ်သက်ပြီး ပေါင်ချိုးသော ရှင်တိဿဝတ္ထုကိုပဲ သာဓကပြကြပါစို့၊ ရှင်တိဿဟာ သူ့ကို သတ်ဖို့ရန် လာတဲ့ ခိုးသူများကို ဒီတစ်ညဉ့် တရားအားထုတ်ပါရစေ၊ ထွက်မပြေးပါဟု အာမခံပေးသော အားဖြင့် သူ့ပေါင်ကိုသူ ရိုက်ချိုးပါတယ်။

'အဲဒီလို ရိုက်ချိုးပြီးတော့ 'တကာတို့ ဒီလောက်ဆို ငါ့ အတွက် ထွက်မပြေးနိုင်ကြောင်း အာမခံကောင်း လုံလောက် ပြီလားလို့ ခိုးသားတွေကို မေးပါတယ်။

'ခိုးသားတွေက လုံလောက်ကြောင်း ယုံကြည်သောအားဖြင့် ရှင်တိဿအနားမှ နောက်ဆုတ်ပြီးတော့ စင်္ကြံထိပ်မှာ မီးပုံရှို့ကာ အိပ်စောင့်နေကြပါတယ်။

'ရှင်တိဿဟာ ခိုးသားများ ဖယ်သွားတဲ့အခါ တရား စတင် အားထုတ်ရန် ပေါင်ကျိုးခြင်းကြောင့် ဖြစ်ပေါ်နေတဲ့ ပြင်းထန်တဲ့ ဒုက္ခဝေဒနာကို ရှုပါတယ်။

'ဝေဒနာကို ဘယ်လိုရှုလဲဆိုတော့ ပေါင်ကျိုးခြင်းကြောင့် ဖြစ်တဲ့ ဒုက္ခဝေဒနာကို နှလုံးမသွင်းဘဲနှင့် ပယ်ဖျောက်၍ ရှုပါ တယ်။

'ဒုက္ခဝေဒနာကို နှလုံးမသွင်းဘဲ ပယ်ရှုပြီးသော် ဘာကို ရှုပွားသလဲ၊ အချို့က အဲဒီ ဒုက္ခဝေဒနာကြီးကို ရှုပွားတယ်လို့ ယူဆပါတယ်၊ မဟုတ်ပါ၊ မရှုပါ၊

'ရှင်တိဿဟာ ပေါင်ကျိုးခြင်းကြောင့် ဖြစ်သော ဒုက္ခ ဝေဒနာကို နှလုံးမသွင်းဘဲ ရှုပြီးတော့ မိမိသီလကို ဆင်ခြင် တဲ့အခါ စင်ကြယ်သော သီလကို မြင်တွေ့သိရှိပါတယ်။

'အဲဒီ စင်ကြယ်တဲ့ သီလကို အမှီပြုလျက် နှစ်သက် ဝမ်း မြောက်ခြင်း ဖြစ်ပါတယ်။ အဲဒီ နှစ်သက်ဝမ်းမြောက်မှု ဖြစ်ပြီး နောက်၌ အစဉ်အားဖြင့် ဝိပဿနာရှုပွားလျက် ညဥ့်ဦးယံ ကာလပတ်လုံး ရဟန်းတရားကို အားထုတ်တဲ့အတွက် ရဟန္တာ ဖြစ်သွားပါတယ်။

'အဲဒီမှာ ရှင်တိဿဟာ ဒုက္ခဝေဒနာကိုရှုပြီး သူရှုနေကျ မူလကမ္မဋ္ဌာန်းကိုပဲ ရှုပါတယ်၊ ဘုန်းကြီးတို့ ယခု ယောဂီတွေကို ပြတဲ့ တရားဟာလဲ ဒုက္ခဝေဒနာ ရှုရတဲ့နည်းနဲ့ပဲ ပြပါတယ်။

'နှာခေါင်းမှာ တိုးသဘောကို ရှုပွားနေစဉ် အထိုင်ကြာခြင်းကြောင့် အောက်ပိုင်းခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ ကာယိက ဒုက္ခဝေဒနာကို သတိမထားဘဲ သည်းခံကာ တိုးသဘောပဲ ရှုခိုင်းစေပါတယ်။

'ဘယ်လိုမှ သည်းမခံနိုင်၊ သတိမထားနိုင်ဘဲ မနေနိုင်လျှင် တိုးသဘောကို မရှုနိုင်တော့ဘဲ အနာကျင် အကိုက်ခဲဆုံး နေရာကို သတိကပ်ကာ နာကျင်မှု ရုပ်ဒုက္ခကို အာရုံပြုကာ 'ရုပ်, ရုပ်'ဟု ရှုရင်း ပြင်ပါ၊ သို့မဟုတ် ခံစားမှု ဝေဒနာကို အာရုံပြုကာ 'နာမ်,နာမ်'ဟု ရှုရင်းပြပါ၊ ပြင်ပြောင်းပြီးက မူလရှုနေကျ တိုးသဘောပဲ ပြန်ရှုပါ။

'ဘယ်လိုပင် ပြင်ပြောင်းသော်လဲ နာကျင် ကိုက်ခဲမှုတွေ မပျောက်မပျက်ပါက အနာအကျင် အကိုက်အခဲဆုံး နေရာကို အာရုံပြုကာ ရုပ်ဒုက္ခကို 'ရုပ်,ရုပ်'ဟု ရှုနေပါ။ သို့မဟုတ် ခံစားမှု ဝေဒနာကို နာမ်,နာမ်'ဟု ရှုနေပါ။

'အဲဒီဒုက္ခဝေဒနာကို ရှုပွားတော့ ဒုက္ခဝေဒနာဟာ 'တည်နေစဉ် ဆင်းရဲမယ်၊ ဖောက်ပြန် ပျက်စီးသွားရင် ချမ်းသာမယ်' ဆိုတော့ ဆင်းရဲချမ်းသာ မြင်တွေ့နေရမှာပေါ့၊ ဒုက္ခဝေဒနာရဲ့ အဖြစ်အပျက် မြင်တွေ့နေရမှာပေါ့၊ အဲဒီလို မြင်တွေ့တော့ ဒုက္ခဝေဒနာပေါ်မှာကိန်းတဲ့ 'ပဋိဃာနုသယ'ဆိုတဲ့ 'ဒေါသ' ချုပ်သွားမယ်။

'ဒုက္ခဝေဒနာရဲ့ ဖြစ်ပျက်ကိုမြင်လို့ ဒေါသချုပ်သွားတော့ ဒုက္ခဝေဒနာကတော့ ဖြစ်ပျက်အနေပဲ ဆက်လက်ပြီး ဖြစ်ပျက်နေမှာဘဲ၊ နောက်တစ်ခါ ဒုက္ခဖြစ်လာစရာအကြောင်း ကြုံလာရင် ဒုက္ခဖြစ်ဦးမှာပဲ၊ ခံစားမှုဝေဒနာကလဲ ခံစားမှာပဲ။

'ဒါပေမယ့် ဒေါမနဿ၊ ဒေါသက အပြီးချုပ်သွားပြီဆိုရင် အဲဒီဒုက္ခဝေဒနာကြောင့် အပယ်ကျဦးမလား ဆိုတော့ မကျတော့ပါ၊ ဒါကြောင့် ဒုက္ခဝေဒနာရှုလို့ရှိရင် အဲဒီ ဒုက္ခဝေဒနာရဲ့ အဖြစ်အပျက်ကို မြင်အောင်ရှုပါ၊ ပျက်တယ် ပြယ်တယ်လို့ တွေ့မြင်ရင် အမြင်မှန်ပါပြီ။

'ယောဂီတို့ သေသေချာချာ နာပါနော်၊ ဘုန်းကြီးက နာကျင်ကိုက်ခဲမှုတွေကို မရှုကောင်းဘူး၊ မရှုရဘူးလို့ ပြောနေတာ မဟုတ်ပါ၊ ရုပ်, ဝေဒနာ စိတ်ရယ်လို့ အာရုံကွဲအောင် အရှုခံကွဲအောင် ပြောနေတာပါ၊ ကဲ...ဆက်နာပါ။

**ဥပေက္ခာဝေဒနာ။** ။'ကိုယ်၌ ဖြစ်ပေါ်လာသော ဆင်းရဲနှင့်ချမ်းသာ ၂ မျိုးမှ လွတ်သော ကြားခံစားခြင်း ခံစားမှုသည် 'ကာယိက ဥပေက္ခာဝေဒနာ' မည်ပါတယ်။

'စိတ်၌ ဖြစ်ပေါ်လာသော ဆင်းရဲနှင့် ချမ်းသာ ၂ မျိုးလုံးမှ လွတ်သော ကြားခံစားခြင်း၊ ခံစားမှုသည် 'စေတသိက ဥပေက္ခာဝေဒနာ'မည်ပါတယ်။

'အဲဒီ ဥပေက္ခာဝေဒနာကတော့ အသိခက်သလို အရှုလဲခက်ပါတယ်၊ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့ မဖြစ်လျှင်

ဒီဥပေက္ခာဝေဒနာပဲဖြစ်ပါတယ်၊ ဒါကြောင့် အဖြစ်အများဆုံး ဝေဒနာဟာ ဒီဥပေက္ခာဝေဒနာ ဖြစ်ပါတယ်။

'အဲဒီ ဥပေက္ခာဝေဒနာကို ဖြစ်ကြောင်းနှင့်တကွ မြင်အောင် ရှုလိုလျှင် 'ကောင်း၊ မကောင်း နှစ်ခုတို့ရဲ့ အလယ်အလတ် ဖြစ်သော ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြု၍ ဥပေက္ခာ ဝေဒနာဖြစ်၏' ဟု ဖြစ်ကြောင်းနှင့်တကွ မြင်အောင် အဖန်တလဲလဲ ရှုရပါမယ်။

'တစ်နည်းဆိုသော် အဲဒီ ဥပေက္ခာဝေဒနာကို အနိစ္စအား ဖြင့် အဖန်တလဲလဲ ရှုရပါမယ်။

'တစ်နည်းဆိုသော် အဲဒီ ဥပေက္ခာဝေဒနာဟာ အသိခက် တဲ့ ဝေဒနာ ဖြစ်သောကြောင့် 'ဥပေက္ခာဝေဒနာသည် သိမြင် သဖြင့် ချမ်းသာ၏။ မသိမမြင်သဖြင့် ဆင်းရဲ၏'ဟု အဖန် တလဲလဲ ရှုရပါမယ်။

'ဘာဖြစ်လို့ ဥပေက္ခာဝေဒနာဟာ အရှုခက်သလဲ ဆိုရင် ယောဂီရဲ့ စိတ်သန္တာန်မှာ မောဟကိန်းနေတဲ့အတွက် အရှုခက် ပါတယ်၊ ဒါကြောင့် သိမြင်သဖြင့် ချမ်းသာပါတယ်၊ မသိမမြင် သဖြင့် ဆင်းရဲပါတယ်။

**အာရုံမမှန်**။ ။'အာရုံ တစ်ခုကို တစ်ယောက်က အကောင်း၊ တစ်ယောက်က မကောင်း၊ တစ်ယောက်က အလယ်အလတ် လို့ အမျိုးမျိုး သတ်မှတ်ပါတယ်၊ ဒါကြောင့် အာရုံမမှန်ပါ။ နာကျင်ကိုက်ခဲမှု၊ ချမ်းသာမှု၊ သာယာစရာ အာရုံများကို စွဲလမ်း

ဖွယ်ရာအဖြစ် မထားဘဲ ရှုပွားနိုင်လျှင် ဥပေက္ခာဝေဒနာအဖြစ် ရှုပွားနိုင်ပါတယ်။ ဒါ့ကြောင့် အာရုံကို အမှန်ထား၍ ဥပေက္ခာ ဝေဒနာကို မသတ်မှတ်နိုင်ပါ၊ ပုဂ္ဂိုလ်အကြိုက် အလိုက် အာရုံ ကွဲပါတယ်။

'အာရုံမမှန်ပုံကို ပြောကြရအောင်၊ ယခုအချိန်ဟာ နေပူ နေပါတယ်၊ ပူတော့ မိမိတို့ကိုယ်မှာ ပူတဲ့ ဆင်းရဲဒုက္ခတွေ ရောက်နေပါတယ်၊ ပူနေတာက ရုပ်၊ ပူတဲ့အရသာကို ခံစားတာ က ဝေဒနာ၊ ပူတာဟာ အပူမကြိုက်သူတို့အတွက် ဆင်းရဲ တော့ ဒုက္ခဝေဒနာပါ။

'ပန်းနာသည်တွေကျတော့ ယခုလို ပူတဲ့အချိန်မှာ ချမ်း သာသုခတွေ ရောက်နေပါတယ်။ ပန်းနာသည်က ပူရင် ချမ်း သာတယ်၊ ပူတာက ရုပ်ပါပဲ၊ ချမ်းသာတာကတော့ သုခပေါ့၊ ခံစားတာက ဝေဒနာပေါ့။

'နံနက်ပိုင်းကျရင် ရိုးရိုးလူကောင်းတွေက ချမ်းသာတယ်၊ ပန်းနာသည်တွေက ကျပ်တယ်၊ ဆင်းရဲတယ်၊ ဒုက္ခဝေဒနာ ဖြစ်တယ်၊ ယခုလို နေ့ခင်းကျတော့ ရိုးရိုးလူကောင်းတွေက အပူနဲ့တွေ့လို့ ဒုက္ခ၊ ပန်းနာသည်တွေက အပူနဲ့တွေ့လို့ သုခ ဖြစ်ပါတယ်၊ ဒါကို အာရုံမမှန်လို့ ပြောတာပါ။

'ဒါကြောင့် ကောင်းတဲ့ ဣဋ္ဌာရုံ၊ မကောင်းတဲ့ အနိဋ္ဌာရုံ ခွဲတာဟာ တစ်ယောက်နဲ့တစ်ယောက် မတူပါ။ ပုံသေ မဖြစ် ပါ၊ အာရုံကတော့ ပင်ကိုယ်သဘာဝအားဖြင့် ပုံသေပါ။

'ပူတာ အလိုရှိတဲ့ ပန်းနှာသည်ကတော့ ပူတဲ့အာရုံဟာ သုခဖြစ်ကြောင်း ကောင်းသောအာရုံ ဖြစ်ပါတယ်၊ အေးတာကျတော့ ဒုက္ခဖြစ်ကြောင်း မကောင်းသော အာရုံဖြစ်ပါတယ်။

'ရိုးရိုးလူကတော့ ပူတဲ့ အာရုံတွေဟာ ဒုက္ခဖြစ်ကြောင်း မကောင်းတဲ့ အာရုံဖြစ်တယ်၊ အေးတာကျတော့ သုခ ဖြစ်ကြောင်း ကောင်းသောအာရုံ ဖြစ်ပါတယ်။

'တချို့ကျတော့ အဲဒီ အပူကိုရော အအေးကိုရော ကောင်းတယ်၊ မကောင်းဘူးလို့ သဘောမထားဘဲ သာမန်အနေ သဘောထားနိုင်ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်အတွက် အဲဒီ အပူ အအေးဟာ ကောင်းမကောင်း နှစ်ခုတို့ရဲ့ အလယ်အလတ် ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်ပါတယ်၊ ဥပေက္ခာဝေဒနာ ဖြစ်ပါတယ်။

**ကြောင်းကျိုးပိုင်အောင် ရှု။** ။'အဲဒီလို ပုဂ္ဂိုလ် တစ်ယောက်နဲ့တစ်ယောက် မတူကြပါ၊ အာရုံတစ်ခုနဲ့ ပတ်သက်ပြီး ပုဂ္ဂိုလ်တစ်ယောက်က ကောင်းတယ်ဆိုရင် ဣဋ္ဌာရုံဖြစ်ပါတယ်၊ အဲဒီ အာရုံကြောင့် သုခဝေဒနာ ဖြစ်ပါတယ်၊ မကောင်းဘူးဆိုရင် အနိဋ္ဌာရုံဖြစ်ပါတယ်။ အဲဒီ အာရုံကြောင့် ဒုက္ခဝေဒနာ ဖြစ်ပါတယ်။ ကောင်းမကောင်း နှစ်ခုတို့ရဲ့ အလယ်အလတ်ဆိုရင် ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်ပါတယ်။ အဲဒီ အာရုံကြောင့် ဥပေက္ခာဝေဒနာ ဖြစ်ပါတယ်။

'ဒါကြောင့် ဝေဒနာရှုလိုတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ သူ့ဝေဒနာနဲ့ သူ့အကြောင်းနဲ့ အကြောင်းအကျိုး ပိုင်အောင်ရှုပါ၊ အာရုံက အကြောင်း၊ ဝေဒနာက အကျိုး၊ အကြောင်း ဖြစ်တော့ အကျိုး ဖြစ်၊ အကြောင်းချုပ်တော့ အကျိုးချုပ်၊ အဲဒီအထဲမှာ ယောကျ်ား၊ မိန်းမ၊ ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ် သတ္တဝါများ ပါသေးလား'

'မပါပါ ဘုရား'

**အနိစ္စ ထင်အောင်ရှု။** ။'ဝေဒနာရှုချင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ သေသေချာချာ နာကြားပါ၊ ဝေဒနာက အရှုခက်တဲ့တရားတစ်ခုမို့ အထပ်ထပ်ပြောနေပါတယ်၊ ဘုန်းကြီးတို့ တွေ့ရတယ်၊ ဝေဒနာရှုသူ ရာနှုန်းပြည့်လောက်ပါပဲ၊ မမှန်တာ တွေ့ရပါတယ်၊ ကဲ–ဆိုကြည့်ပါဦး၊ ရှုနည်းပြဆောင်ပုဒ်ကို–။

၇။ **ဝေဒနာသုံးအင်၊ အနိစ္စထင်၊ အမြင်မှန်တော့တာ။**

'သုခဝေဒနာကို ရှုပွားအားထုတ်တဲ့အခါ 'ဖြစ်ပြီး ပျက်သွား'တဲ့ ဖြစ်ပျက်အနိစ္စထင်ရင် အမြင်မှန်ပါပြီ၊ အဲဒီလိုပဲ ဒုက္ခဝေဒနာရှုပွားတဲ့အခါမှာလဲ 'ဖြစ်ပျက်'အနိစ္စထင်ရင် အမြင်မှန်ပါပြီ၊ ဥပေက္ခာဝေဒနာ ရှုပွားတဲ့အခါမှာလဲ 'ဖြစ်ပျက်' အနိစ္စထင်ရင် အမြင်မှန်ပါပြီ။

'ဒါဖြင့် ဝေဒနာကုန်အောင် ရှုရမှာလား၊ ဖြစ်ပျက်အနိစ္စထင်မြင်အောင် ရှုကြည့်ရမှာလားဆိုရင် ဖြစ်ပျက် အနိစ္စထင်မြင်

အောင် ရှုကြည့်ရပါမယ်၊ သုခ–ဒုက္ခ–ဥပေက္ခာ ဝေဒနာသုံးခု လုံးတို့ရဲ့ အဖြစ်အပျက်ကို ထင်မြင်အောင် ရှုကြည့်ရမှာပါ။

**ရှုနည်းပြ သာဓက**။ ။ ‘ဒီနေရာမှာ ခိုင်လုံအောင် ရှုနည်းပြ သာဓကတစ်ခုကို ပြချင်ပါတယ်၊ ဟို–မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဘုရားရှင်က အဂ္ဂိဝေဿနပရိဗိုဇ်ကို ဟောထားတဲ့ ရှုပွားနည်းကို ပြချင်ပါတယ်။

၁။ အဂ္ဂိဝေဿန–ချမ်းသာခံစားမှု သုခဝေဒနာကို ခံစားသောအခါ၌ ဆင်းရဲခံစားမှု ဒုက္ခဝေဒနာကို မခံစားပေ၊ ဆင်းရဲလဲ မဟုတ်၊ ချမ်းသာလဲ မဟုတ်သော ခံစားမှု ဥပေက္ခာ ဝေဒနာကိုလဲ မခံစားပေ၊ အဲဒီအခါမှာ ချမ်းသာခံစားမှု သုခဝေဒနာကိုသာ ခံစားပါတယ်။
‘အဂ္ဂိဝေဿန–ချမ်းသာခံစားမှု သုခဝေဒနာလဲပဲ မမြဲပေ၊ ပြုပြင်အပ်တယ်၊ အကြောင်းကို စွဲ၍ ဖြစ်တယ်၊ ကုန်တတ်သော သဘောရှိတယ်၊ ပျက်စီးတတ်သော သဘောရှိတယ်၊ တပ်မက်ဖွယ် ရာကင်းသော သဘောရှိတယ်၊ ချုပ်ပျောက်တတ်သော သဘောရှိတယ်။

၂။ ‘အဂ္ဂိဝေဿန–ဆင်းရဲခံစားမှု ဒုက္ခဝေဒနာကို ခံစားသောအခါ၌ ချမ်းသာခံစားမှု သုခဝေဒနာကို မခံစားပေ၊ ဆင်းရဲလဲ မဟုတ်၊ ချမ်းသာလဲ

မဟုတ်သော ခံစားမှု ဥပေက္ခာဝေဒနာကိုလဲ မခံစားပေ၊ အဲဒီအခါမှာ ဆင်းရဲခံစားမှု ဒုက္ခဝေဒနာကိုသာ ခံစားတယ်။

'အဂ္ဂိဝေဿန–ဆင်းရဲခံစားမှု ဒုက္ခဝေဒနာလဲပဲ မမြဲပေ၊ ပြုပြင်အပ်တယ်၊ အကြောင်းကိုစွဲ၍ ဖြစ်တယ်၊ ကုန်တတ်သော သဘောရှိတယ်၊ ပျက်စီးတတ်သော သဘောရှိတယ်၊ တပ်မက်ဖွယ်ရာကင်းသော သဘောရှိတယ်၊ ချုပ်ပျောက်တတ်သော သဘောရှိတယ်။

၃။ 'အဂ္ဂိဝေဿန–ဆင်းရဲလဲမဟုတ်၊ ချမ်းသာလဲ မဟုတ်သော မသိမသာခံစားမှု ဥပေက္ခာဝေဒနာကို ခံစားသောအခါ၌ ချမ်းသာခံစားမှု သုခဝေဒနာကို မခံစားပေ၊ ဆင်းရဲခံစားမှု ဒုက္ခဝေဒနာကိုလဲမခံစားပေ၊ အဲဒီအခါမှာ ဆင်းရဲလဲမဟုတ် ချမ်းသာလဲ မဟုတ်သော မသိမသာ ခံစားမှု ဥပေက္ခာဝေဒနာကိုသာ ခံစားတယ်။

'အဂ္ဂိဝေဿန–ဆင်းရဲလဲ မဟုတ်၊ ချမ်းသာလဲ မဟုတ်သော မသိမသာ ခံစားမှု ဥပေက္ခာဝေဒနာသည် မမြဲပေ၊ ပြုပြင်အပ်တယ်၊ အကြောင်းကိုစွဲ၍ ဖြစ်တယ်၊ ကုန်တတ်သောသဘောရှိတယ်၊ ပျက်စီးတတ်သော သဘောရှိတယ်၊ တပ်မက်ဖွယ်ရာကင်းသော သဘောရှိတယ်၊ ချုပ်ပျောက်တတ်သော သဘောရှိတယ်။

'အဂ္ဂိဝေဿန-အဲဒီကဲ့သို့ မြင်လတ်သော် အကြား
အမြင်နှင့် ပြည့်စုံသော အရိယာတို့ရဲ့ တပည့်ဟာ
ချမ်းသာခံစားမှု သုခဝေဒနာ၌လဲ ငြီးငွေ့တယ်၊
ဆင်းရဲခံစားမှု ဒုက္ခဝေဒနာ၌လဲ ငြီးငွေ့တယ်၊
ဆင်းရဲလဲ မဟုတ်၊ ချမ်းသာလဲ မဟုတ်သော
ခံစားမှု ဥပေက္ခာဝေဒနာ၌လဲ ငြီးငွေ့တယ်။
'ငြီးငွေ့သော်တပ်မက်ခြင်းကင်းတယ်၊ တပ်မက်
ခြင်း ကင်းခြင်းကြောင့် ကိလေသာမှ လွတ်တယ်၊
ကိလေသာမှ လွတ်ရာ၌ လွတ်ပြီဟု အသိဉာဏ်
ဖြစ်တယ်၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်
ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ရာကိစ္စကို ပြုပြီးပြီ၊
အရဟတ္တမဂ်ဉာဏ်အကျိုးငှာ တစ်ဖန်ပြုဖွယ်ကိစ္စ
မရှိတော့ပြီလို့ သိတယ်။

**နိဂုံးချုပ်**။ ။ကဲ-ယောဂီတို့၊ ယခု ဟောပြောခဲ့သော ရှုပွား အားထုတ်နည်းအတိုင်း ရှုပွား အားထုတ်ကြပါလျှင် ယောဂီတို့မှာ ချမ်းသာလွယ်ကူစွာနဲ့ ဝေဒနာရှုပွားမှု အဆုံးတိုင်ရောက်၍ ကိစ္စပြီးပြီလို့ ကိုယ်တိုင် သိနိုင်ပါတယ်။

'ကိုယ်တိုင် သိနိုင်ကြောင်းကို ဘုန်းကြီးက အာမခံတာ မဟုတ်ပါ၊ ဘုရားရှင်က အာမခံတာပါ၊ ဘုန်းကြီးက တစ်ဆင့်ခံ ပြောပြတာပါ၊ မလွဲမှားအောင် ရှင်းပြတာပါ။

'ကိုယ်တိုင်သိနိုင်ကြောင်း ရှုနည်းကို သာဓကေများနှင့်တကွ ဟောပြောခဲ့ပြီးပါပြီ၊ ယောဂီတို့ အဲဒီ ရှုနည်းသာဓကေဟာ

အဂ္ဂိဝေဿနခေါ် ဒီဃနခပရိဗိုဇ်ကို သောတာပန် ဖြစ်စေ၍ ရှင်သာရိပုတ္တရာကို ရဟန္တာဖြစ်စေသော ရှုနည်းပင် ဖြစ်ပါတယ်။

'ဘုန်းကြီးသဘောနဲ့ ဘုန်းကြီး နည်းဆန်းထွင်ကာ ဟော ကြားထားတာ မဟုတ်ပါ၊ လွဲမှားပြီး ပင်ပန်းနေတဲ့ ယောဂီတို့ အပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာတရား ရင်ဝယ်ထားကာ ဘုရားဟောတဲ့ အတိုင်း ဟောကြားထားခြင်း ဖြစ်ပါတယ်။

'အဲဒီ ရှုပွားနည်းအတိုင်း ဟောကြားထားခြင်း ဖြစ်ပါတယ်။ အဂ္ဂိဝေဿနနှင့် ရှင်သာရိပုတ္တရာတို့လို တရားထူး တရားမြတ် များ ရနိုင်ကြပါစေကုန်သော်'

'သာဓု...သာဓု...သာဓု'

# ဝေဒနာရှုပွားနည်း တရားတော်

## (ဒုတိယပိုင်း)

**တရားအမည်**။ ။သာသနာတော်နှစ် ၂၅၂၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့၊ နေ့လယ်တွင် မွန်ပြည်နယ် မုဒုံမြို့ ဝိနယရံသီ ကျောင်းတိုက်အတွင်း၌ မုဒုံမြို့ သာသနာနုဂ္ဂဟ ပဋ္ဌာန်းအဖွဲ့မှ ကြီးမှူးကျင်းပအပ်သော (၄)ကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ၁၀ ရက်စခန်း တရားအလုပ်ပေးပွဲ၌ ဟောကြားအပ်သော သံယုတ္တနိကာယ် ဝေဒနာသံယုတ်လာ ဝေဒနာရှုပွားနည်း တရားတော် ဒုတိယပိုင်းလို့ တရားတော်အမည်ကို ဒီလိုပေးလိုက်ပါ၏။

စတုတ္ထအကြိမ်

**ဝေဒနာနာမ်**။ ။'ဘုန်းကြီးတို့ မနေ့က ဟောကြားခဲ့တဲ့ ဝေဒနာရှုပွားနည်းတရားတော်ကိုပဲ ဒုတိယပိုင်းအနေနဲ့ ဆက်လက်ပြီးတော့ ဒီနေ့ ဟောကြ နာကြရအောင်၊ အဲဒီလို ဟောတဲ့အခါမှာလဲ မနေ့ကလိုပဲ အများနားလည်အောင် လင်္ကာလေးတွေ ချချပေးပြီး ရှင်းလင်းဟောပြောပါမယ်၊ ကဲ-လိုက်ဆိုကြည့်ပါ။

## ၈။ ဝေဒနာနာမ်၊ ဒုက္ခဒဏ်၊ ခွဲရန်ဉာဏ်နှင့်ခွာ။

'ဝေဒနာက ဘာတရားလဲဆိုတော့ နာမ်တရားပါ၊ 'ဒုက္ခ' ဆိုတာ 'ဒဏ်'တရားပါ၊ ဝေဒနာနာမ်တရားက စိတ်နှင့် ဖြစ်တူ ပျက်တူ အာရုံတူ မှီရာတူပါ။ ဒုက္ခဒဏ်တရားက ဘယ်မှာ ဖြစ်လဲ ကိုယ်မှာ ဖြစ်ပါတယ်။

'ဒုက္ခဆိုတဲ့ ဒဏ်တရားက မိမိတို့ တရားအားထုတ်တဲ့အခါ အထိုင်ကြာတော့ တင်ပါးနဲ့ ကြမ်းနဲ့ ထိတဲ့နေရာ၊ တင်ပါးတစ်ဖက်မှာ အထိနာပြီး မာသဘော၊ တင်းသဘော၊ ပူသဘော ဆိုတဲ့ 'ဒဏ်'ပေါ်ပါတယ်။ အထိနာလို့ အထိကြာလို့ ဒဏ်ပေါ်တာပါ။ ကိုယ်နှင့်စပ်ပြီး ကိုယ်ပေါ်မှာ ပေါ်တာပါ။

'အဲဒီ ဒဏ်ဆိုတာ တကယ်တော့ ရုပ်ပါ၊ ဖောက်ပြန်ရုပ်ဖြစ်နေတာပါ၊ အဲဒီ ဖောက်ပြန်တဲ့ ဒဏ်ရုပ်ကို ဝေဒနာလုပ်ရှုရမှာလား၊ ခံစားမှု ဝေဒနာနာမ်ကို ဝေဒနာလုပ် ရှုရမှာလား ဆိုတော့ ဝေဒနာရှုချင်ရင် ခံစားမှုနာမ်ကို ဝေဒနာလုပ် ရှုရမှာပါ။

'တင်ပါးနဲ့ ကြမ်းနဲ့ ထိထားတာ အထိနာလို့ သို့မဟုတ် ခြေထောက်တွေ ကွေးထားတာ အကွေးကြာလို့ နာတဲ့ ကျင်တဲ့ ကိုက်ခဲတဲ့ ဒဏ်ကို ဝေဒနာလုပ်မရှုနဲ့၊ ဒီဒဏ်ဟာ ရုပ်တရား ဖြစ်ပါတယ်၊ ရုပ်တရားဖြစ်လို့ ရုပ်လို့ ရှုပါ။

'ဝေဒနာက နာမ်တရားဆိုတော့ အောက်ပိုင်း ခန္ဓာကိုယ်က နာကျင်ကိုက်ခဲမှုဒဏ် တရားကို စိတ်က သိမှ စိတ်နှင့် ဖြစ်တူ ပျက်တူ အာရုံတူ ခံစားတာဟာ ဝေဒနာဖြစ်ပါတယ်၊ အဲဒီ ဝေဒနာဟာ နာမ်တရားဖြစ်လို့ နာမ်လို့ ရှုပါ။

'ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ စိတ်ရယ် ၄-ပါးကို နာမက္ခန္ဓာလေးပါး၊ နာမ်ခန္ဓာလေးပါးလို့ ခေါ်ပါတယ်၊ အဲဒီ နာမ်ခန္ဓာ ၄-ပါးဟာ အဖြစ်လဲတူပါတယ်၊ အတူတူဖြစ်ပါ တယ်၊ အပျက်လဲ တူပါတယ်၊ အတူတူ ပျက်ပါတယ်၊ အာရုံလဲ တူပါတယ်၊ အာရုံ အတူတူ ပြုပါတယ်၊ မှီရာဝတ္ထုလဲ တူပါ တယ်၊ မှီရာဝတ္ထု အတူတူပါပဲ။

**စိတ်ချုပ်မှ ဝေဒနာချုပ်။** ။'ယောဂီတို့...ခံစားမှုဝေဒနာ နာမ်တရားဟာ စိတ်နဲ့ ဖြစ်တူ ပျက်တူ၊ အာရုံတူ၊ မှီရာဝတ္ထု တူဆိုတော့ စိတ်ဖြစ်ရင် ဖြစ်မယ်၊ စိတ်ပျက်ရင် ပျက်မယ်၊ ဒါဖြင့် ဘယ်အခါ ဝေဒနာချုပ်မလဲဆိုရင် စိတ်ချုပ်တဲ့အခါ ဝေဒနာ ချုပ်မယ်။

စိတ်ကလဲ ခဏဖြစ် ခဏချုပ်အနေနဲ့ အမြဲတမ်းပဲ ချုပ်နေပါတယ်၊ ဝေဒနာကလဲ ခဏဖြစ် ခဏချုပ်အနေနဲ့ အမြဲတမ်းပဲ ဖြစ်ချုပ်မနေလား'

'နေပါတယ် ဘုရား'

'ဒါဖြင့် ဒကာငွေကိုင်ကြီး ဘယ်တော့ ဝေဒနာကုန်မလဲ မေးရင် ဘယ့်နှယ်ဖြေမလဲ'

'သေမှ ကုန်မှာပါဘုရား'

'သေပေမယ့် တစ်ဘဝ တစ်စခန်း သိမ်းတဲ့အနေနဲ့ စိတ်ဝိညာဏ်ချုပ်လို့ ဝေဒနာ ချုပ်ပေမယ့် နိဗ္ဗာန် မရသေးရင် နောက်တစ်ဘဝ တစ်စခန်းအနေနဲ့ စိတ်ဝိညာဏ်ဖြစ်၊ ဝေဒနာဖြစ်၊ စိတ်ဝိညာဏ်ချုပ်၊ ဝေဒနာချုပ်ဆိုပြီး ဖြစ်ချုပ်ဖြစ်ချုပ် ဖြစ်ချုပ်နေရဦးမှာပါ၊ မကုန်သေးပါ၊ ဒါကြောင့် မကုန်သင့်တာကို ကုန်အောင် ကြိုးစားမနေပါနဲ့။

'ဝီရိယကို အချည်းနှီး အလဟဿ မဖြုန်းတီးပါနဲ့၊ ပညာရှေ့သွားရှိတဲ့ ဝီရိယနှင့် ကြိုးစားပါ၊ ပညာရှေ့သွားမရှိတဲ့ ဝီရိယဟာ တန်ဖိုးမရှိပါ။

**အကြားမရှိ။** ။'ဒီနာမှုဒုံက ဒကာ ငွေကိုင်ကြီးတို့ အဖွဲ့က ဘာအဖွဲ့တဲ့လဲ၊ သာသနနုဂ္ဂဟ ပဋ္ဌာန်းအဖွဲ့တဲ့၊ နာမည်က အတော်ကောင်းတယ်၊ သာသနာတော်ကို ချီးမြှောက်တဲ့ ပဋ္ဌာန်း

အဖွဲ့ပေါ့၊ ပဋ္ဌာန်းမှာ အနန္တရပစ္စည်း သမနန္တရ ပစ္စည်းဆိုတာ ရှိတယ်။

'အဲဒီပစ္စည်း နှစ်ပစ္စည်းက ကျေးဇူးပြုတာဟာ အကြား မရှိ၊ ကောင်းစွာ အကြားမရှိ၊ ကျေးဇူးပြုပါတယ်၊ စိတ် စေတသိက်တရားတွေ၊ အဲဒီ ၂–ခု ပေါင်းလိုက်တော့ နာမ် နာမ်တရားတွေ ကျေးဇူးပြုထားတာ အကြားအလပ် မရှိပါ။

'စိတ်က တစ်စိတ်ချုပ်ပြီး တစ်စိတ်ဖြစ်၊ အကြားအလပ် မရှိ ဖြစ်ချုပ်နေသလို ဝေဒနာကလဲ စိတ်နဲ့ ဖြစ်တူပျက်တူ ဆိုတော့ ဝေဒနာ တစ်ခုချုပ် တစ်ခုဖြစ်၊ တစ်ခုချုပ် တစ်ခုဖြစ်လို့ အကြားအလပ်မရှိ ဖြစ်ချုပ်နေပါတယ်။

'ကိုယ်က ဝေဒနာထင်ရှားအောင်ဆိုပြီး ဣရိယာပုတ်ကို မလှုပ်မကုတ်၊ မစောင်းမငဲ့၊ အောင့်ချုပ်ထားရဦးမလား၊ အဲဒီလို မထားရပါ၊ ဒါဖြင့် ကုန်အောင် လုပ်ရဦးမလား၊ ဒီလိုလဲ မလုပ်ရပါ၊ စိတ်ဖြစ် ဝေဒနာဖြစ်၊ စိတ်ချုပ် ဝေဒနာချုပ်ပါ၊ ကိုယ်က ဖြစ်အောင် ပျက်အောင် လုပ်စရာ မလိုပါ၊ ဖြစ်ပျက်ကို မြင်အောင် ကြည့်ရမှာပါ၊ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ရ မယ်။

**အစွဲချွတ်မှု။** ။'ဘုန်းကြီးတို့ ဝိပဿနာတရားနယ်ပယ် ထဲမှာ ဒီဝေဒနာနဲ့ ပတ်သက်ပြီးတော့ အမှားအလွဲကို အစွဲကြီး စွဲနေပါတယ်၊ အဲဒီ အမှားအစွဲကျွတ်အောင်တော့ ဟောမှ ပြောမှ ရေးမှ ဖြစ်မယ်၊ ဝေဒနာကုန်အောင်လုပ်တဲ့ အမှားစွဲကြီးက

ဝိပဿနာနယ်မှာ တော်တော် နေရာကျယ်တယ်၊ တော်တော် နေရာယူထားတယ်၊ တချို့ တရားအားထုတ်ချင်တယ်၊ အဲဒီ ဝေဒနာကုန်အောင် အားထုတ်ရမှာ မတတ်နိုင်လို့ အားမထုတ်ရတဲ့ လူတွေ များစွာ ရှိပါတယ်။

'ဒါ့ကြောင့် ဝေဒနာကုန်အောင် အားထုတ်တဲ့ သူများဟာ အားထုတ်သူမှာသာ အကျိုးယုတ်၊ မိစ္ဆာဒိဋ္ဌိ အဖြစ်သို့ ရောက်စေတာမဟုတ်ပါ၊ တရားအားထုတ်ချင်သူတွေကိုလဲ အားမထုတ်ဖြစ်အောင် ဟန့်တားရာ ရောက်ပါတယ်၊ ဒါကြောင့် သာသနာတော်မှာ တော်တော် အကျိုးယုတ်ပါတယ်။

'ဝေဒနာက နာမ်တရား၊ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ စိတ်ရယ်...၊ ဒီနာမ်ခန္ဓာ ၄-ပါးဟာ ဖြစ်တူပျက်တူ အနေနဲ့ တစ်ဖြစ်တည်းဖြစ် တစ်ပျက်တည်းပျက်နေတာပါ၊ အဲဒီသဘောကို မသိသူတွေက ဘာကို ဝေဒနာလုပ် ရှုသလဲဆိုတော့ အထိုင်ကြာလို့ ဖြစ်ပေါ်လာတဲ့ နာကျင်ကိုက်ခဲမှု ဒဏ်တွေကို ဝေဒနာလုပ်ပြီး ရှုကြပါတယ်။

'ဒဏ် ဆိုတာက ရုပ်ခံရတာ၊ ရုပ်ဒဏ်ပါ၊ နာမ်ခံရတဲ့ ဝေဒနာ မဟုတ်ပါ၊ အဲဒီ ရုပ်ခံရတဲ့ဒဏ်ကို နာမ်ဝေဒနာလုပ်ပြီး ရှုရမယ်၊ အားထုတ်ရမယ်ဆိုရင် တကယ့်အစစ်အမှန် အာရုံထဲက ရုပ်ဒဏ်၊ မိမိတို့က ဝေဒနာအာရုံအဖြစ် ယူထားတယ်။

'ရုပ်ဖောက်ပြန်တဲ့ ရုပ်ဒဏ်ကို မိမိတို့က ဝေဒနာအာရုံအဖြစ် ထားပြီး ယူဆရှုပွားနေတော့ အရှုအာရုံ မှားနေပါပြီ၊ အရှုခံအာရုံ မမှန်တော့ပါ။

'ယောဂီတို့...တရားတော်ကို နှားစိုက်ပါ၊ ဆောင်ထားပါ၊ စဉ်းစားဆင်ခြင်ပါ၊ အရမ်းမယုံပါနှင့်၊ အရမ်းယုံရင် အလွဲအမှားနဲ့ တွေ့မယ်။

'အာရုံမှားတော့ ဘာထပ်မှားလဲ၊ ရုပ်အာရုံကို မိမိက ရုပ်အာရုံလို့ မသိဘဲနဲ့ ဝေဒနာအာရုံလို့ ယူဆရှုမှတ်ထားတော့ အသိလဲ မှားပြန်ပြီ။

'အေး...အဲဒါ ဘာမှားလို့ အသိမှားတာလဲဆိုတော့ အာရုံမှားလို့ အသိမှားတာပါ၊ တစ်ခါရှုပြန်တော့ အဖြစ်အပျက်မြင်အောင်ရှုမယ်ဆိုရင် မှန်သေးတယ်၊ ယခု ရှုပြန်တော့ ကုန်အောင်ရှုတယ်ဆိုတော့ ရှုနည်းမှားပြန်တယ်၊ နည်းနည်းမှားတာ မဟုတ်ပါ၊ အကြီးအကျယ် မှားပါတယ်။

'အေး...အာရုံမှန်ရမယ်၊ ရုပ်အာရုံ နာမ်အာရုံ အသိမှန်ရမယ်၊ အဲဒီအာရုံမှန်မှာ အသိမှန်နဲ့ရှုတော့ ဖြစ်ပျက် အနိစ္စ၊ ဖြစ်ပျက် ဒုက္ခ၊ ဖြစ်ပျက် အနတ္တကို မြင်အောင်ထင်အောင် ရှုပွားရင် အရှုမှန်ပါမယ်၊ ရှုနည်းမှန်ပါမယ်။

**နာမ်ကိုရှု။** ။'ဒါဖြင့် ယောဂီတို့...ဝေဒနာ ရှုချင်ရင် ခံစားမှု ဝေဒနာနာမ်ရဲ့ ခံစားမှုသဘောကို သိအောင်မြင်အောင် ရှုရမှာ၊ အဲဒီ ခံစားမှုသဘောက စိတ်နဲ့ ဖြစ်တူ ပျက်တူဆိုတော့ သိတယ်၊ ခံစားတယ်၊ အဲဒီလိုနေတာပါ၊ နာတယ်၊ သိတယ်၊ ခံစားတယ်၊ သိပ်မြန်ပါတယ်၊ ဆိုကြည့်ပါဦး။

## ၉။ ဝေဒနာမှု၊ နာမ်ကိုရှု၊ ဒဏ်စုမရှုရာ။

'ဝေဒနာကို အရှုခံအာရုံအဖြစ် ထားပြီးတော့ ရှုပွားတဲ့ ယောဂီဟာ ခံစားမှုဝေဒနာကို 'နာမ်၊ နာမ်' လို့ ရှုရမှာပေါ့၊ နာကျင်ကိုက်ခဲမှု 'ဒဏ်' ကို ဝေဒနာလုပ်ပြီး မရှုရပါ။

'တကယ်လို့ နာကျင်ကိုက်ခဲမှုဒဏ်ကို ရှုပွားချင်ပါတယ် ဆိုရင် အဲဒီဒဏ်ဟာ ရုပ်တရားဖြစ်လို့ 'ရုပ်၊ ရုပ်' ဟု ရှုပါ၊ ဖြစ်ပျက် မြင်အောင် ရှုပါ။

'ရှုပွားအားထုတ်တယ်ဆိုတာ အရှုခံထားပြီး ရှုတဲ့အာရုံကို ရုပ်ပဲ နာမ်ပဲလို့သိပြီး ရုပ်ဆိုရင် ရုပ်ရဲ့သဘောလက္ခဏာ၊ နာမ် ဆိုရင် နာမ်ရဲ့သဘောလက္ခဏာကိုသိပြီး သတိထားပြီး ကြည့် နေရမှာပါ၊ ဝေဒနာနာမ်ကို ရှုချင်ရင်တော့ ခံစားမှုသဘော လက္ခဏာကို သတိကပ်ပြီး ရှုကြည့်နေဖို့ပါပဲ။

'ပါးစပ်က ရွတ်ဆိုနေဖို့မဟုတ်ပါ၊ ခံစားမှုဝေဒနာ နာမ် တရားကို ခံစားမှုဝေဒနာပဲ၊ နာမ်တရားပဲလို့ သိပြီး အသိကပ် သတိကပ်ပြီး 'နာမ်၊ နာမ်'လို့ ရှုနေတော့ ဘာတွေ့မလဲ၊ သူ့ရဲ့ သဘော သဘာဝ အဖြစ်အပျက်တွေ၊ အကြောင်းအကျိုးတွေ တွေ့မှာပဲ၊ အဲဒီလိုတွေ့ရင် ဝေဒနာကို သိတာ တွေ့တာပဲပေါ့။

'ဒါ့ကြောင့် ဝေဒနာရှုသူအနေနဲ့ ပြောဆိုရရင် ခံစားမှု သဘောတရားကို ရှုရပါမယ်၊ နာကျင်ကိုက်ခဲတဲ့ ဒဏ်ရာ ဒဏ် ချက်ကို မရှုရပါ၊ ရှုချင်ရင်လဲ 'ရုပ်'လို့ ရှုပါ။

**ကြောင်းကျိုးမကင်း။** ။'တစ်ဆင့် တက်ကြည့်ပါ၊ အဲဒီ ခံစားမှုတွေဟာ အဲဒီဒဏ်နဲ့ ကင်းရဲ့လား၊ မကင်းပါ၊ ဝေဒနာ ခံစားတာက ရုပ်ဖောက်ပြန်မှုဒဏ်ရဲ့ အရသာကို ခံစားတာ၊ ဒါ့ကြောင့် ဒီဒဏ်နဲ့ ခံစားမှုဟာ အကြောင်းအကျိုးအနေနဲ့ မကင်းပါ။

'နာကျင်ကိုက်ခဲမှုဒဏ် တစ်ချက်၊ ခံစားမှုဝေဒနာနာမ် တစ်ချက်၊ အဲဒီလို ဒဏ်တစ်ချက် ခံစားမှုတစ်ချက်ဆိုတော့ မိမိတို့က ခံစားမှုဝေဒနာ ရှုချင်ပါတယ်ဆိုရင် ဒဏ်ရှုမလား၊ ခံစားမှု ရှုမလား'

'ခံစားမှု ရှုရပါမယ်ဘုရား'

'နာကျင်ကိုက်ခဲမှုဒဏ်ကို ရှုချင်ရင်တော့ ဘယ်လို ရှုမလဲ၊ 'ရုပ်၊ ရုပ်' လို့ ရှုပါ၊ အဲဒီလို ဒဏ်ရုပ်နှင့် နာမ်ခံစားမှုနဲ့ ကွဲပြားစွာ သိနိုင်ဖို့၊ ကွဲပြားစွာ ရှုတတ်ဖို့ အရေးကြီးပါတယ်။

'ယောဂီတို့...သေသေချာချာ နာပါ၊ ဘုန်းကြီး ဟောနေတာ ဒဏ်ရုပ်နဲ့ ဝေဒနာနာမ်ကို ခွဲခြားဟောပေးနေတာပါ၊ ဒဏ်ရုပ်ကို ရုပ်လို့ ရှု၊ ဝေဒနာနာမ်ကို နာမ်လို့ ရှုဖို့ ဟောပေးနေတာပါ။

'အာရုံကွဲရမယ်ဆိုတာ အဲဒါမျိုးကို ပြောတာပါ၊ ကြည့်လေ အာရုံချင်းမှ မတူတာ၊ ခံစားမှုဝေဒနာနာမ် အာရုံက တစ်မျိုး၊ နာကျင်ကိုက်ခဲမှုဒဏ်လို့ခေါ်တဲ့ ရုပ်အာရုံက တစ်မျိုးပဲဟာ၊ တူမှ မတူကြတာ၊ မတူတာကို အတူလုပ်ရင် မှားပါတယ်။

'နာကျင်ကိုက်ခဲမှုဒဏ်ဆိုတဲ့ ရုပ်အာရုံက ထင်ရှားပါတယ်၊ ခံစားမှု ဝေဒနာနာမ်အာရုံက မထင်ရှားပါ၊ သိမ်မွေ့နူးညံ့ ပါတယ်၊ ဒါ့ကြောင့် ဝေဒနာမှု ဘာကိုရှုရမလဲ၊ အရသာခံစားမှု နာမ်ကို ရှုရပါမယ်။

'ရှုပွားတဲ့အခါမှာ စိတ်နာမ်က သိတယ်၊ ဝေဒနာနာမ်က ခံစားတယ်၊ စိတ်နဲ့ ဝေဒနာနဲ့က တစ်တွဲတည်းပါ၊ ဖြစ်တူပျက်တူ ဆိုတော့ သိမှုနဲ့တွဲပြီးရှုရင် ဝေဒနာကို အမြန်ဆုံး တွေ့နိုင်ပါ တယ်။

**နာ–သိ–ခံစား။** ။'ဥပမာဆိုပါတော့၊ အထိုင်ကြာတော့ တင်ပါးက နာကျင်ကိုက်ခဲတယ်၊ အဲဒီ နာကျင်ကိုက်ခဲတာကို ဘယ်သူက သိသလဲ၊ စိတ်က သိတယ်၊ သိတာနဲ့ တစ်ပြိုင်နက် တည်း ခံစားမှုက ခံစားတယ်၊ တစ်သိ တစ်ခံစား၊ တစ်သိ တစ်ခံစားပေါ့။

'ဒီက နာကျင်ကိုက်ခဲမှုနဲ့တွဲလိုက်တော့ တစ်နာ၊ တစ်သိ၊ တစ်ခံစား ဖြစ်ပျက်နေပါတယ်၊ အဲဒီမှာကြည့်ရင် နာကျင်ကိုက် ခဲမှု ဖြစ်လာသလို သိမှုတွေလဲ ဖြစ်လာ၊ ခံစားမှုတွေလဲ ဖြစ်လာ တယ်။

'နာကျင်ကိုက်ခဲမှုတွေ ချုပ်သွားသလို သိမှုတွေလဲ ချုပ် သွားတယ်၊ ခံစားမှုတွေလဲ ချုပ်သွားတယ်၊ အဲဒီ နာကျင်ကိုက်ခဲ မှုရယ်၊ သိမှုရယ်၊ ခံစားမှုရယ် ဘယ်ဟာက ထင်ရှားလဲ'

'နာကျင်ကိုက်ခဲမှုက ထင်ရှားပါတယ် ဘုရား'

'တရားရှုပွားအားထုတ်တဲ့အခါ အရှုခံအာရုံ ရွေးမနေဘဲ ထင်ရှားတာကို ရှုပွားမှ မြန်မြန်ရမှာပေါ့၊ သိနေတဲ့ အာရုံကို ရှုမှ မြန်မြန်ရမှာပေါ့၊ ယောဂီတို့က မထင်ရှားတဲ့ ဝေဒနာမှ ရှုချင်ပါတယ်ဆိုပြီး ထင်ရှားတဲ့ ရုပ်ကို မရှုဘဲ ဝေဒနာရှာပြီး ရှုမလား၊ ထင်ရှားတဲ့ရုပ် ရှုမလား၊ ထင်ရှားရုပ်ကို ရှုဖို့ အရေးကြီးပါတယ်၊ ထင်ရှားတဲ့ ရုပ်ကို 'ရုပ်'လို့ပဲ ရှုပါ။

**လက်နက်ရွေးဦးမလား။** ။'ဒကာ ငွေကိုင်ကြီးကို ပြဿနာတစ်ခုမေးမယ်၊ ကြိုက်သလို ဖြေစမ်းပါ၊ ယခုနေ ဒကာငွေကိုင်ကြီးဆီကို ရန်သူတစ်ယောက်က ဓားနဲ့ ခုတ်မယ်ဆိုပြီး ဓားကြီးကိုင်ပြီး ပြေးလာပြီ။

'ဒကာငွေကိုင်ကြီးရဲ့ အနားမှာက ဓား၊ လေး၊ မြား၊ သေနတ် စသည့်လက်နက်မျိုးစုံရှိတယ်၊ ဟိုကရန်သူကလဲ ခုတ်တော့မလို့ အနားရောက်နေပြီ၊ ဒကာငွေကိုင်ကြီးက ဘာလက်နက်နဲ့ ပြန်ပြီး ခုခံမလဲ၊ ဟိုက အနားရောက်နေပြီလေ၊ လက်နက်ရွေးဦးမလား၊ တွေ့ရာနဲ့ ကောက်ပြီး ခုခံကာကွယ်မလား'

'တွေ့ရာနဲ့ ခုခံကာကွယ်ပါမယ်ဘုရား'

'အေး...ယခုလဲ ဒီလိုပဲ၊ မိမိတို့ ကိုယ်တွင်းမှာ ရုပ်တရားကလဲ ဖောက်ပြန်နေတယ်၊ အဲဒီ ဖောက်ပြန်မှုကို စိတ်နာမ်ကလဲ သိနေတယ်၊ ဝေဒနာနာမ်ကလဲ ခံစားနေတယ်၊ အဲဒီ ဓမ္မနိယာမ သဘောတရားအရ သူ့ အလုပ် သူလုပ်နေကြတာပါ။

'အဲဒါတွေဟာ ယောဂီတွေရဲ့ အလုပ်လား၊ ဒကာငွေကိုင်ကြီးရဲ့ အလုပ်လား'

'မဟုတ်ပါဘုရား'

'ဒကာငွေကိုင်ကြီးက ရုပ်ဖောက်ပြန်အောင် လုပ်ပေးရဦးမလား၊ သူ့ကိုသိအောင် လုပ်ပေးရဦးမလား၊ သူ့ကို ခံစားအောင် လုပ်ပေးရဦးမလား။

'ဒီလို လုပ်စရာ မလိုပါ၊ ဒကာငွေကိုင်ကြီးက ဉာဏ်နဲ့ စောင့်ကြည့်ပါ၊ တရားရှုပွားအားထုတ်တယ်ဆိုတာ ဘာလုပ်တာလဲ၊ ဉာဏ်နဲ့ စောင့်ကြည့်တာပဲ။

'ဉာဏ်နဲ့ စောင့်ကြည့်တော့ ဖောက်ပြန်တဲ့ ရုပ်ကလဲ ဖောက်ပြန်တဲ့ အလုပ်ကို အမြဲလုပ်နေတာပဲ၊ သိတဲ့ ဝိညာဏ်ကလဲ သိတဲ့ အလုပ်ကို အမြဲလုပ်နေတာပဲ၊ ခံစားတဲ့ ဝေဒနာကလဲ ခံစားတဲ့အလုပ်ကို အမြဲလုပ်နေတာပဲလို့ မြင်လာတယ်။

'အဲဒီလို သူတို့အလုပ် သူတို့လုပ်နေတာကို ဒကာငွေကိုင်ကြီးက ဉာဏ်သတိနဲ့ စောင့်ကြည့် ချောင်းကြည့်တော့ ရုပ်တရားက ဖောက်ပြန်ပါကလား၊ စိတ်ဝိညာဏ်က သိပါကလား၊ ဝေဒနာနာမ်က ခံစားပါကလား။

'ဖောက်ပြန်တဲ့ ရုပ်တရားကလဲ ဖောက်ပြန်ရင်း ဖောက်ပြန်ရင်း ချုပ်ပါ ပျက်ပါလား၊ သိတဲ့စိတ် ဝိဉာဏ်ကလဲ သိရင်း သိရင်း ချုပ်ပျက်ပါလား၊ ခံစားတဲ့ ဝေဒနာနာမ်ကလဲ ခံစားရင်း

ခံစားရင်း ချုပ်ပျက်ပါလား၊ ဘယ်မှာလဲ ငါ၊ ဘယ်မှာလဲ သူ၊ ဘယ်မှာလဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ။

'ငါ မဟုတ်၊ သူ မဟုတ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်၊ မိန်းမ၊ ယောကျ်ား မဟုတ်၊ နာမ်ရုပ်တွေ သူတို့အလုပ် သူတို့ လုပ်နေကြတာပါလား၊ ကြည့်စမ်း၊ ငါကလဲ ငါ, ငါနဲ့ တစ်ငါ, ငါ စွဲနေပါလား၊ တကယ်တော့ ငါ မဟုတ်ပါလား။

'ငါ့ အလုပ်တွေတော့ လွဲကုန်ပြီ၊ ငါ့ အသိတွေလဲ လွဲကုန်ပြီလို့ သိသွားရင် မြင်သွားရင် တရားသဘော ပေါက်တယ်လို့ ခေါ်တာပဲ။

'ရှုပွား အားထုတ်လို့ ကောင်းတာ၊ မကောင်းတာနဲ့မဆိုင်ပါ၊ နာကျင်ကိုက်ခဲမှု ရှုတဲ့ ယောဂီဆိုပါတော့ 'ဪ...ဒီ နာကျင်ကိုက်ခဲမှုဟာ ငါ မဟုတ်ပါလား၊ သူ မဟုတ်ပါလား၊ ငါဖြစ်ချင်သလို မဖြစ်ပါလား၊ တကယ့် အနတ္တတရားပါလား'လို့ သဘောပေါက်သွားရင် တရားကောင်းတယ် ခေါ်ပါတယ်။

'ဒီလိုမဟုတ်ဘဲ 'တပည့်တော်တို့ ဒီနေ့ နာကျင်ကိုက်ခဲမှု တွေ သိပ်များနေတယ်ဘုရား၊ အားထုတ်လို့ မကောင်းပါဘုရား' အဲဒါလောက်နဲ့ ယောဂီ တရားအစစ်ခံတဲ့ကိစ္စ ပြီးသွားတယ်၊ ဘာမှ ထူးထူးထွေထွေ မပါပါ။

'အရှင်ဘုရား...တပည့်တော် ဒီနေ့အချိန်တိုင်း အားထုတ်လို့ ကောင်းပါတယ် ဘုရား၊ သိပ်ချမ်းသာပါတယ် ဘုရား'၊ အဲဒါ လောက်နဲ့ တရားအစစ်ခံတဲ့ ကိစ္စ ပြီးသွားပြန်တယ်၊ ဘာမှ

လျှောက်စရာ မကျန်တော့ပါ၊ ထူးထူးထွေထွေ ဘာပါသေးလဲ၊ ဘာမှ မပါ၊ ဉာဏ်လဲ မပါပါ။

'ဝိပဿနာ ရှုပွားအားထုတ်တဲ့အခါမှာ ပေါ်ဉာဏ်အနေနဲ့ လိုချင်တာက 'အရှင်ဘုရား...ဒီရုပ် ဒီနာမ်တွေဟာ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူတို့ဖြစ်ချင်သလို ဖြစ်နေတာ တွေ့ပါတယ်၊ မြင်ပါတယ် ဘုရား'

'တပည့်တော်က ဘာမှဖြစ်အောင် ပျက်အောင် လုပ်စရာ မလိုပါဘုရား၊ အသာလေး ထိုင်ကြည့် စောင့်ကြည့်နေရတာ ပါဘုရား' ဆိုတဲ့ ဉာဏ်မျိုး အသိမျိုး လိုချင်တာပါ။

'အဲဒီဉာဏ်ကလဲ လာစေချင်တိုင်း လာမလား၊ ဖြစ်စေချင်တိုင်း ဖြစ်မလားဆိုတော့ မဖြစ်ပါ၊ ယောဂီတွေ ကြည့်လိုက်ရင် အားထုတ်လို့ မကောင်းတော့ ရှုံ့လိုက် မဲ့လိုက် ရွဲ့လိုက် ပြောင်းလိုက်၊ ပြင်လိုက်၊ လှုပ်လိုက်၊ ရွလိုက်နဲ့ ရှုပ်နေတာပဲ။

'အားထုတ်လို့ ကောင်းပြီ ဆိုပြန်တော့လဲ ငြိမ်လို့ ကြည်လို့ မလှုပ်မရွတော့ပါ၊ ဒါပေမယ့် ဉာဏ်က လာလားဆိုတော့ မလာပါ၊ ဉာဏ်ဖြစ်သလားဆိုတော့ မဖြစ်ပါ၊ အားထုတ်ကောင်းတာလောက်ပဲ ရှိတယ်။

**တရုတ်ကြီး တစ်ယောက်။** ။'ဘုန်းကြီး တစ်ခါက (၁၀) ရက်စခန်း တရားပွဲမှာ တရုတ်ကြီးတစ်ယောက် ပါဝင်အားထုတ်တယ်၊ အားထုတ်လို့ ၄–ရက်လောက် ရောက်တော့...

'အရှင်ဘုရား...အခြားသော ယောဂီတွေကတော့ တွေ့ကြ မြင်ကြ ပြောလိုက်ကြတာ၊ တပည့်တော်တော့ ဘာမှလဲ မတွေ့ မမြင် မပြောတတ်ပါလား၊ တပည့်တော် ရမှ ရပါ့မလား ဘုရား'

လို့ လျှောက်တယ်၊ သူ့ကြည့်ရတာ စိတ်ပျက် အားငယ်နေပုံရတယ်၊ ဒါနဲ့ ဘုန်းကြီးက ဒကာကြီး စိတ်မပျက်နဲ့၊ စိတ်မပူနဲ့၊ အပူအပင်မရှိဘဲ စိတ်အေးအေးထားပြီးတော့သာ ဆက်အားထုတ်ပါ၊ မရလို့လဲ ဘုန်းကြီးက အော်တာ ငေါက်တာမှ မဟုတ်ဘဲ၊ ကြိုးစားသာ အားထုတ်ပါ၊ အချိန်တန်ရင် မြင်တွေ့လာလိမ့်မယ် စသည်ဖြင့် အားပေးလိုက်တယ်။

'အဲ...နောက်တစ်နေ့ တရားစစ်ချိန်ကျတော့ အဲဒီ တရုတ်ဒကာကြီးက ပြုံးပြုံး ပြုံးပြုံးနဲ့ အဦးဆုံး ထ,လာတယ်၊ ဘုန်းကြီးက ပြုံးပြုံး ပြုံးပြုံးနဲ့ အဦးဆုံး ထ,လာကတည်းက 'ဒီဒကာကြီးတော့ သိလာပြီ' လို့ သိလိုက်ပြီ၊ သူက ရောက်လာတယ်ဆိုရင် ရှိခိုးဦးချပြီးတော့ လျှောက်တယ်၊ 'အရှင်ဘုရား... တပည့်တော် သိပါပြီ'တဲ့၊ ဒီနေ့ တပည့်တော် နာမ်ရုပ် ကွဲပြီ' တဲ့။

'အင်း...ဟုတ်ပြီ၊ နာမ်ရုပ်ကွဲပြီဆိုတော့ ဒကာကြီး ဒို့ပြုတ်တဲ့နေ့ပေါ့၊ ကောင်းတယ်၊ ကောင်းတယ်၊ ကဲ...ဒါဖြင့် အဲဒီ နာမ်ရုပ် ဘယ်လိုသိလဲ၊ ဘယ်လိုနာမ်ရုပ်ကွဲလဲ ပြောစမ်းပါဦး ဆိုတော့ သူက ဥပမာလေးနဲ့ ပြောတယ်။

'သူ ဥပမာပေးပုံကလေးက သိပ်ကောင်းတယ်၊ 'အရှင်ဘုရား... နာမ်ရုပ်တွေ အလုပ်လုပ်နေပုံက လူနှစ်ယောက် အပြေးပြိုင်သလိုပါပဲ ဘုရား'တဲ့။

'နာမ်ကလဲ သုတ်သုတ် သုတ်သုတ်နဲ့ နာမ်အလုပ် နာမ်လုပ်နေတယ်၊ ရုပ်ကလဲ ရုပ်အလုပ် လုပ်နေ သုတ်သုတ် သုတ်သုတ်နဲ့၊ တစ်ယောက်အလုပ်ကို တစ်ယောက် အကူအညီ မပေးနိုင်ကြပါ ဘုရား'တဲ့။

'ဟို...ရုပ်ကလဲ ရုပ်အလုပ်နဲ့ ရုပ် ဖြစ်ပြီး ပျက်ပါတယ်၊ နာမ်ကလဲ နာမ်ဒုက္ခနဲ့ နာမ် သိပြီးပျက်ပါတယ်၊ အဲဒီလို ဖြစ်ပျက်နေတာကို တပည့်တော်က အပြေးပြိုင်တဲ့ လူနှစ်ယောက်ကို ထိုင်ကြည့်နေသူလို ရှုကြည့်ရပါတယ် ဘုရား၊ ဘာမှလဲ မပင်ပန်းပါ ဘုရား၊ ဟုတ်လို့ပါပဲ၊ တပည့်တော် ထိုင်ရှု နေရတာ ဒီအတိုင်းပါပဲ ဘုရား'တဲ့။

'အေး...ဘုန်းကြီးတို့ ကြားချင်တဲ့အသံက အဲဒီ အသံမျိုး ကြားချင်တာ၊ အဲဒီ အသံမျိုးဟာ ကြားရခဲပါတယ်၊ အများအားဖြင့် 'တပည့်တော်တို့ ထိုင်ကောင်းပါတယ်ဘုရား' ပြီးသွားပြီ တရားလျှောက်တဲ့ကိစ္စ၊ တချို့က 'တပည့်တော်တို့ ဒီနေ့ ထိုင်မကောင်းပါဘုရား' ပြီးသွားပြီ တရားလျှောက်တဲ့ ကိစ္စ။

'တချို့က 'တပည့်တော်တို့ တိုးသဘော ရှုပါတယ်ဘုရား၊ တိုးသဘော ရှုနေရင်း ပူသဘောတွေ့ပါတယ် ဘုရား၊ အဲဒီ ပူသဘော ပြောင်းရှုပါတယ်၊ နောက် အေးသဘော တွေ့ပါ

တယ် ဘုရား၊ အဲဒီ အေးသဘော ပြောင်းရှုပါတယ်ဘုရား' စသည်ဖြင့် တစ်နေ့တာ ရှုပွားတာတွေ လျှောက်ပြောနေလိုက်တာ မဆုံးနိုင်တော့ပါ၊ အဲဒီ အထဲမှာ ဘယ်လိုရှုတော့ ဘယ်လို သိတယ်ဆိုတဲ့ ဉာဏ်မပါပါ၊ အားထုတ်တာ အသိဉာဏ် လိုချင်လို့ အားထုတ်တာပါ။

'တချို့က ဘုန်းကြီးကို မေးတယ်၊ 'အရှင်ဘုရား... တရားပြတဲ့အခါ ယောဂီ တစ်ရာကျော် နှစ်ရာကျော်ကို တစ်ပါးတည်း ဘယ်လို တရားစစ်ပါသလဲ' တဲ့။

'သူတို့ ရှုမှတ်ချက် မေးနေရင်တော့ ဘယ်ပြီးမှာလဲ၊ အဲဒီလိုရှုမှတ်ခြင်းကြောင့် ဘယ်လို အသိထူး အမြင်ထူးရသလဲလို့ ဒီနေ့ ထူးတဲ့ အသိတစ်ခုပြောပါလို့ မေးစစ်ရင် ယောဂီ တစ်ရာကျော် နှစ်ရာကျော်ဟာ ခဏလေး စစ်လို့ ပြီးပါတယ်။

'ရှုမှတ်ချက်တွေ မေးနေ ပြောနေရင်တော့ နံနက်ပိုင်းက စ,ရှုမှတ်တဲ့ဟာ ညနေအထိဆိုတော့ ယောဂီ တစ်ယောက် ပြောတာသည်ပင် မဆုံးနိုင်တော့ပါ၊ အဲဒီ ရှုမှတ်ချက်ကြောင့် ဘယ်လိုသိလဲဆိုတော့ တိုတိုနဲ့ ပြီးပါတယ်။

'လိုချင်တာကလဲ အဲဒီ ရှုမှတ်ချက်ကြောင့် ဘယ်လို သိပါတယ်ဆိုတဲ့ အသိကို လိုချင်လို့ ရှုပွားခိုင်းတာပဲ၊ အဲဒီ အသိဉာဏ်လေး ဖြစ်သွားပါမှ အကျိုးရှိတာ၊ အဲဒီ အသိဉာဏ်ကို ပေါ်ဉာဏ် ခေါ်ပါတယ်၊ ပေါ်ဉာဏ်ကို စနစ်တကျ ရှုပွားမှု မလုပ်ဘဲနဲ့ သက်သက်ဖော်ယူလို့ မရပါ။

'အဲဒီ ပေါ်ဉာဏ် လိုချင်တာပါပဲ၊ အဲဒီပေါ်ဉာဏ်ကို ပြောလိုက်ရင် ယောဂီတွေ အများကြီးဟာ ဖြုတ်ခနဲ ဖြုတ်ခနဲ စစ်ပြီးသွားပါတယ်၊ တစ်ယောက်မှ မကျန်ပါ။

'တရားရှုပွား အားထုတ်ရတာက အသိဉာဏ် လိုချင်လို့ပါ၊ အဲဒီ အသိဉာဏ်ကမှ တန်ဖိုးရှိပါတယ်၊ အဲဒီ အသိဉာဏ်ကမှ ကိလေသာကို ပယ်နိုင်ပါတယ်။

'အားထုတ်လို့ ကောင်းတာ၊ မကောင်းတာ လောက်က ကိလေသာကို မပယ်နိုင်ပါ၊ အားထုတ်လို့ မကောင်းရင် အသိဉာဏ်ကလဲ မပေါ်ရင် မဲ့ကိုမဲ့နေတာ၊ ကိလေသာတောင် ထပ်ပြီး ဖြစ်နေပါသေးတယ်၊ ကဲ...ရှုပွားနည်း ဆက်ကြဦးစို့၊ ဆိုကြည့်ပါဦး...။

## ၁၀။ ဒဏ်ဆိုသည်မှာ၊ ရုပ်ခန္ဓာ၊ ရှုပါ ရုပ်ဟုသာ။

'ထိုင်ပြီးတော့ ရှုပွားအားထုတ်လို့ အထိုင် ကြာတဲ့အခါ နာကျင်ကိုက်ခဲမှု စသည့်ဒဏ် ဖြစ်ပေါ်လာတတ်ပါတယ်၊ အဲဒီ ဒဏ်ဆိုတာ ဘာတရားလဲဆိုတော့ ရုပ်တရားပါ၊ နာမ်တရား မဟုတ်ပါ၊ အဲဒီ ဒဏ်တရားထင်ရှားနေရင် သည်းခံနိုင်ရင် သည်းခံပါ၊ သည်းမခံနိုင်ရင် ဣရိယာပုတ်ပြင်ပါ၊ ပြောင်းပါ၊ ပြောင်းပြင်သော်လဲ မပျောက်ရင် အဲဒီ နာကျင်ကိုက်ခဲမှုဒဏ်ကို 'ရုပ်, ရုပ်' လို့ ရှုပါ၊ သို့မဟုတ် နာကျင်ကိုက်ခဲမှုကို သိတဲ့ နာမ်ကို 'နာမ်, နာမ်' ဟု ရှုပါ။

'ယောဂီတို့ တရားရှုပွား အားထုတ်ရတာကို ကိလေသာ ကုန်ခန်းဖို့ မဟုတ်လား၊ ရုပ် နာမ်သိဖို့ မဟုတ်လား၊ ဒါ့ကြောင့်

ထင်ရှားတာ ရှုပွားပါ၊ ဘယ်ဟာမှ ရှုပါမယ်လို့ မသတ်မှတ်ပါနဲ့၊ မရွေးချယ်ပါနဲ့။

'ဆိုလိုရင်းက ဘာလဲ၊ ယောဂီတို့ ယခု နှာခေါင်းမှာ တိုး သဘောရုပ်ကို တိုးတိုင်း တိုးတိုင်း 'ရုပ်၊ ရုပ်' နဲ့ ရှုပွားနေရင် အောက်ပိုင်း ခန္ဓာကိုယ်က နာကျင်ကိုက်ခဲမှုဒဏ် ပေါ်လာရင် ရှုပွားအားထုတ်ခါစမို့ မကျွမ်းကျင်သေးပါက အဲဒီ ဒဏ်ကို ရှုတဲ့အခါ 'ရုပ်' လို့ ရှုခိုင်းပေမယ့် 'ရုပ်' ထင်မှာလား၊ 'ငါ' ထင်မှာလား'

'ငါ ထင်မှာပါဘုရား'

'ဟုတ်တယ်၊ ငါ ထင်မှာပါ၊ 'ငါ့ပေါင်၊ ငါးဒူး' လို့ ငါ ထင်မြင်နေရင် အနာအကျင် အကိုက်အခဲကို ခံနိုင်ပါ့မလား'
'မခံနိုင်ပါဘုရား'

'အဲဒီ နာကျင်ကိုက်ခဲမှုဒဏ်ကို ဝေဒနာလုပ်ကာ အောင့်အည်းပြီး ပျောက်ချင်တဲ့စိတ်နဲ့ ပျောက်အောင် ရှုပွား အားထုတ်မယ်ဆိုရင် သိပ်ပင်ပန်းပါတယ်၊ မှားလဲ မှားပါတယ်။

'အဲဒါကြောင့် အားထုတ်ခါစ မရှုတတ်သေးခင် ပင်ပန်းမှာစိုးလို့ မရှုခိုင်းဘဲ သည်းခံနိုင်သမျှ သည်းခံ၊ အဲဒီ နာကျင်ကိုက်ခဲမှုဒဏ်ကို သတိမထားဘဲ တိုးသဘောကို ရှုလို့ ရှုခိုင်းတာပါ၊ အဲဒါ နာကျင်ကိုက်ခဲမှုဒုက္ခကို ခွာရှုတဲ့နည်းနဲ့ပြောတာပါ။

**ဝေဒနာ ခွာရှု။** ။'ဝေဒနာ ခွာရှုတယ်ဆိုတာ အဲဒီ နာကျင်ကိုက်ခဲမှုဒဏ်ဆိုတဲ့ ဒုက္ခဝေဒနာကို နှလုံးမသွင်းဘဲ ရှုပွား

နေကျ မူလကမ္မဋ္ဌာန်း တိုးသဘော ရုပ်ကိုပဲ ရှုပွားနေတာကို ဝေဒနာခွာရှုတယ်လို့ ခေါ်ပါတယ်။

'ဒုက္ခဝေဒနာကို ခွာတယ်ဆိုတော့ ယောဂီရဲ့ ခန္ဓာကိုယ်က ပျောက်သွားအောင် ပျက်သွားအောင် နှင်လိုက်တဲ့ သဘော မဟုတ်ပါ၊ အဲဒီ နာကျင်ကိုက်ခဲမှုဒဏ်ကို နှလုံးမသွင်းဘဲနဲ့ ထားတာကို ခွာတယ်လို့ ခေါ်ပါတယ်။

'စိတ်က တစ်ပြိုင်နက် နှစ်စိတ်မဖြစ်ပါ၊ တစ်စိတ်တည်း ဖြစ်တဲ့ စိတ်ပါ၊ အဲဒီလို တစ်စိတ်တည်းဖြစ်တော့ ယောဂီက ဒုက္ခဝေဒနာကို နှလုံးမသွင်းတော့ မသိတော့ပါ၊ မသိတဲ့အတွက် မနာတော့ပါ၊ နာကျင်ကိုက်ခဲမှုက ရှိချင်မှလဲ ရှိမယ်၊ မရှိချင်လဲ မရှိတော့ပါ။

'ရှုပွားနေကျ တိုးသဘောပေါ်မှာပဲ သတိကပ်ပြီး 'ရုပ်၊ ရုပ်' လို့ တစ်တိုး၊ တစ်သိ သိအောင် ရှုပွားနေရင် နာကျင် ကိုက်ခဲမှုကို သိဦးမလား'

'မသိတော့ပါ ဘုရား'

'အဲဒီ နာကျင်ကိုက်ခဲ ချုပ်သည်ဖြစ်စေ၊ မချုပ်သည် ဖြစ်စေ တိုးသဘောပဲ ရှုနေပါက တစ်ချိန်ပြည့်ရင် ပြောင်းလိုက်၊ ပြင်လိုက်တယ်၊ အဲဒီ နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာက ပျောက် သွားပြီ၊ ပျက်သွားပြီ၊ သူ့အတွက် ဘာဒုက္ခ ရောက်သေးလဲ၊ ဘာဒုက္ခမှ မရောက်တော့ပါ။

'ဒုက္ခသဘောကို အဲဒီလို ခွာရှုတာဟာ မပင်ပန်းမဆင်းရဲဘဲ တရားရပါတယ်၊ တရားအလုပ်ဟာ ဉာဏ်အလုပ်ပါ၊ ကိုယ့်

ဉာဏ်နဲ့ သင့်သလို အားထုတ်ပါ၊ ခွာရှုတာကြိုက်ရင် ခွာရှုပါ၊ ကျမ်းဂန်တွေမှာ ခွာရှုတဲ့ သာဓကတွေ အများကြီးပါ၊

**ဒဏ်ရှုချင်ရင်။** ။'သို့မဟုတ် ရှုနေကျ တိုးသဘောကို မရှုတော့ဘဲ အောက်ပိုင်း ခန္ဓာကိုယ်က နာကျင်ကိုက်ခဲမှုဒဏ်က သိပ်ထင်ရှားနေလို့ အဲဒီဒဏ်ကို ရှုချင်ပါတယ်ဆိုရင် 'ရုပ်,ရုပ်'လို့ ရှုပါ။

'ရှုပွားတဲ့အခါ နာသဘော၊ ကျင်သဘော၊ ကိုက်ခဲမှု သဘောတရား ရုပ်ကို သိအောင် မြင်အောင် မရှုဘဲနဲ့ ပေါင်နဲ့ တွဲပြီး ပေါင်ကနာတယ်၊ ဒူးနဲ့တွဲပြီး ဒူးကနာတယ်ဆိုပြီး အဲဒီနာကျင် ကိုက်ခဲမှုဒဏ်ကို ပျောက်အောင် ရှုမယ်ဆိုပြီး အတ္တဒိဋ္ဌိ ဝင်သွားပြီ၊ အရှုလွဲသွားပြီ၊ မှားသွားပြီ။

'ဝိပဿနာ ရှုပွားအားထုတ်တဲ့ ဥစ္စာက အတ္တဒိဋ္ဌိ ချုပ်သွားအောင် ရှုပွားတာပါ၊ အတ္တဒိဋ္ဌိ ကင်းသွားအောင် ရှုပွားတာပါ၊ ယခုတော့ ရှုပွားရင်း ရှုပွားရင်း အတ္တဒိဋ္ဌိဝင်သွားပြီ။

'အဲဒီ နာကျင်ကိုက်ခဲမှုကို ပျောက်အောင် ရှုတယ်ဆိုတော့ သူက ရုပ်၊ ရုပ်ဆိုတော့ ဟို အနတ္တလက္ခဏသုတ်မှာ–ဘုရားရှင်က 'ရဟန်းတို့... ရုပ်တရားဟာ အနတ္တ' လို့ ဟောတော်မူခဲ့ပါတယ်၊ အနတ္တဆိုကတည်းက ကိုယ်ဖြစ်ချင်သလိုဖြစ်တဲ့ သဘောမဟုတ်ပါ၊ ကိုယ်ရှုလို့ ပျောက်တဲ့သဘော မဖြစ်နိုင်ပါ။

'ငါ ရှုလို့ ပျောက်သွားပြီဆိုရင် အတ္တဒိဋ္ဌိဝင်သွားပြီ၊ အမှန်က သူ့အကြောင်းချုပ်လို့ အကျိုးချုပ်သွားတာပါ၊ ကိုယ်ရှုလို့

ချုပ်သွားတာ မဟုတ်ပါ၊ ယောဂီက 'သူ ဘယ်လိုဖြစ်လဲ၊ ဘယ်လိုပျက်လဲ' လို့ မြင်အောင် ရှုရမှာပါ။

'အဲဒီ နာကျင်ကိုက်ခဲမှုကို 'ရုပ်၊ရုပ်' လို့ ရှုပွားရင် ဘာပဲ ပြောပြော အရှုမှန်ပါသေးတယ်၊ ပျောက်အောင် ပျက်အောင် ရှုပွားရင်သာ မမှန်တာပါ၊ မှားတာပါ၊ လွဲတာပါ။

'အဲဒီ နာကျင်ကိုက်ခဲမှုကို အရှုခံ ရုပ်အာရုံအနေနဲ့ ထားပြီး ရှုရမယ်၊ ပြီးတော့ သူ့ရဲ့အဖြစ်အပျက်ကို မြင်အောင် ရှုရမယ်၊ အဲဒီလို ရှုပွားရင် ရှုပွားမှုမှန်ပါတယ်၊ ဟုတ်ပါတယ်။

'ခံစားမှုဝေဒနာမဟုတ်တဲ့ အဲဒီ နာကျင် ကိုက်ခဲမှုဒုက်ကို နာမ်ဝေဒနာလုပ်ပြီး ရှုရင်တော့ ဒုက်ရုပ်ကို နာမ်ဝေဒနာယူတဲ့ အတွက် အယူလွဲသွားပြီ၊ အမြင်လွဲသွားပြီ၊ အယူလွဲ အမြင်လွဲ မိစ္ဆာဒိဋ္ဌိပေါ့၊ တရားလွဲလို့ အမှားစွဲတဲ့ မိစ္ဆာဒိဋ္ဌိပေါ့။

**အဝိဇ္ဇာသိ။** ။'အဲဒီလို ဒုက်ရုပ်ကို နာမ်ဝေဒနာလုပ် ရှုတဲ့အတွက် အဝိဇ္ဇာသိဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အာရုံက ဒုက်ရုပ်ကြီးကို ဝေဒနာလုပ်တယ်ဆိုတာ အမှန်သိ မဟုတ်ပါ၊ အမှားသိဖြစ်ပါတယ်၊ အဝိဇ္ဇာသိ ဖြစ်ပါတယ်။

'အဝိဇ္ဇာသိဆိုတာက သိသင့်တာကို မသိပါ၊ မသိသင့် တာကို သိပါတယ်၊ အဝိဇ္ဇာဆိုတာ အဲဒီအမှန်ကို ဖုံးပြီး အမှားကို ဖော်သိတဲ့ သဘောပါ၊ မသိတာကို ဆိုတာ မဟုတ်ပါ။

'ပြီးတော့ အဲဒီ နာကျင်ကိုက်ခဲမှုကို 'ဘယ်လိုဖြစ်လဲ၊ ဘယ်လိုပျက်လဲ၊ ဘာကြောင့်ဖြစ်လဲ၊ ဘာကြောင့်ပျက်လဲ'လို့ သိအောင် ထင်အောင် ရှုပွားရမှာကို မရှုပွားဘဲ ကုန်အောင် ရှုပြန်တော့ မှားပြန်တယ်။

'ဘုန်းကြီးတို့ ပရိသတ်တွေ ထင်တာက 'တို့က ဗုဒ္ဓဘာသာတွေ ဘုရားသွား ကျောင်းတက်နဲ့၊ တို့ဟာ ဗုဒ္ဓဘာသာ စစ်စစ် သူတော်ကောင်းတွေ' လို့ ထင်ကြတယ်၊ ယခု အမြင်မှား အသိမှား အယူမှားသွားတော့ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပြီ။

'ကိုယ် မိစ္ဆာဒိဋ္ဌိ ဖြစ်တာကို ဖြစ်မှန်း မသိကြပါ၊ မိစ္ဆာဒိဋ္ဌိ ဆိုတာ အမှန်ကို အမှား၊ အမှားကို အမှန်လို့ ပြောင်းပြန် အမြင်သိတဲ့ အမြင်မှား မိစ္ဆာဒိဋ္ဌိပါ။

**အမှားအဆင့်ဆင့်။** ။'အဲဒီလို တရားနဲ့ ပတ်သက်ပြီး မှားတဲ့အမှား မိစ္ဆာဒိဋ္ဌိဟာ ပိုပြီးတော့ ဆိုးပါတယ်၊ ကြည့်ပါ၊ သေသေချာချာ၊ ဘယ်လောက်မှားလဲ၊ ရုပ်ဒဏ်ကို နာမ်ဝေဒနာ လုပ်တဲ့အတွက်လဲ မှားပါတယ်၊ ပြီးတော့ သူ့သဘောကို သိအောင် မြင်အောင် ရှုရမှာကို မရှုဘဲ ကုန်အောင် ချုပ်အောင် ရှုတဲ့အတွက်လဲ မှားပါတယ်။

'အကြောင်းချုပ်လို့ အကျိုးချုပ်သွားတာကို မသိလိုက်ဘဲ 'ငါရှုလို့ ချုပ်သွားပြီ၊ ဝေဒနာကုန်သွားပြီ'လို့ ယူဆတဲ့အတွက်လဲ မှားပြန်တယ်။

'အမှန်က နာကျင်ကိုက်ခဲမှုဟာ ဒဏ်ရပ်ပါ၊ ခံစားမှုဝေဒနာ မဟုတ်ပါ၊ နာမ်ဝေဒနာ မဟုတ်ဘဲ နာမ်ဝေဒနာနဲ့ လုပ်ပြီး ချုပ်ဆုံးအောင် ရှုပွားတယ်၊ ရှုပွားရင်း သူ့အကြောင်းနဲ့ သူ့ အကျိုးတို့ဟာ အကြောင်းချုပ်လို့ အကျိုးချုပ်တဲ့ သဘော အတိုင်း ချုပ်သွားတာကို 'ငါ ရှုပွားလို့ ချုပ်သွားတယ်၊ ငါ့ ဝေဒနာ ကုန်ပြီ၊ ငါ့ကိစ္စပြီးပြီ' လို့ ယူတော့ အမှားတွေ အဆင့် ဆင့်ပေါ့။

**ဘုရားရှင်လဲ နာတာပါပဲ။** ။'ဒါကြောင့် 'ချော်လွဲ ဝိပဿနာ' ဆိုတာ တကယ့်ကို ဝိပဿနာလမ်းကြောင်း ချော်လွဲ တာပဲ၊ အဲဒီလို ချော်လွဲတာကို ယခုအထိ ချော်လွဲမှန်း မသိဘဲ ဆက်ပြီး လွဲနေသေးတဲ့ ယောဂီတွေ အများကြီးရှိပါသေးတယ်၊ သိပ်ပြီး သနားစရာ ကောင်းပါတယ်။

'ဒီနှစ်ထဲမှာပဲ ဘုန်းကြီး ဟောပြော ပြသတဲ့ ၁၀ ရက် စခန်း တရားပွဲတစ်ပွဲသို့ ဝေဒနာကုန်ဖူးတဲ့ ယောဂီတစ်ယောက် ရောက်လာပြီး အားထုတ်ပါတယ်၊ သူ ဝေဒနာကုန်တာ ကြာ ပါပြီ၊ သူ့ကို ဆိုင်ရာက သောတာပန်လို့ သတ်မှတ်ထားပါ တယ်။

'အဲဒါနဲ့ သူလဲ ဆက်ပြီး တရားအားမထုတ်ဘဲ နေလိုက် တယ်၊ ဘယ်လောက်ကြာသွားလဲ၊ ၁၄ နှစ်၊ ၁၅ နှစ် ကြာပြီ၊ ယခုမှ သူ့ သူငယ်ချင်းတစ်ယောက်က အတင်း ဆွဲခေါ်လာလို့ လာအားထုတ်တယ်၊ အားထုတ်တော့မှ နာကျင် ကိုက်ခဲမှုတွေ ဖြစ်တယ်ပေါ့။

'နာကျင်ကိုက်ခဲမှု ဆိုတာ ဒီရုပ်ခန္ဓာကိုယ်ကြီးက နာကျင်ကိုက်ခဲတာပဲ၊ ရုပ်ခန္ဓာကိုယ် ရှိရင်လဲ အဲဒီ ရုပ်ခန္ဓာကိုယ်နဲ့ ပတ်သက်တဲ့ နာကျင်ကိုက်ခဲမှု ဒုက္ခဆိုတာ ရှိပါတယ်။

'ဘုန်းကြီးတို့ ဘုရားရှင်မှာလဲ နာကျင်ကိုက်ခဲမှုတွေ ရှိပါတယ်၊ ဘုရားရှင်ဟာ ၆ နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်ခဲ့တဲ့ ဒဏ်ချက်တွေ ဖိစီးလာတော့ ရံခါ ကျောက နာပါတယ်၊ ဘုရားရှင် တရားဟောရင်းနဲ့ ပရိသတ်ကလဲ ငိုက်မျဉ်းမှု ကင်းမယ်၊ ဆက်ပြီး နာချင်မယ်ဆိုရင် ရံခါ ရှင်သာရိပုတ္တကို...

'သာရိပုတ္တ၊ ငါဘုရားရှင် ကိုယ်တော်မြတ် ခါးညောင်းတယ်၊ အဲဒီ ညောင်းညာမှုကို ဖြေဖျောက်ဦးမယ်၊ ပရိသတ် ငိုက်မျဉ်းမှု ကင်းနေတယ်၊ သင်ဆက်ပြီး တရားဟောပေးလိုက်' လို့ အမိန့်ရှိတတ်ပါတယ်၊ ရံခါကျတော့ ရှင်အာနန္ဒာ အရှင်မြတ်ကို...

'ချစ်သား အာနန္ဒ၊ ပရိသတ် ငိုက်မျဉ်းမှု ကင်းနေတယ်၊ ငါ ဘုရားရှင်ကိုယ်တော်မြတ် ခါးညောင်းလို့ ပရိသတ်ကို ဆက်ပြီး တရားဟောပေးလိုက်'

လို့ အဲဒီလို ခိုင်းတာတွေ ရှိပါတယ်၊ ကဲ...ဘုရားရှင်မှာ ဒုက္ခဝေဒနာတွေ ကုန်သွားပြီလား၊ မကုန်သေးပါဘူး။

'ဒီရုပ်ခန္ဓာကိုယ်ကြီး ရှိနေသေးရင် ဘုရားရှင်မှာလဲ နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာ ရှိမှာပါပဲ။

'ရုပ်ရှိရင် ရုပ် နာကျင်ကိုက်ခဲမှုဆိုတာ ရှိတယ်နော်၊ နာမ် ရှိရင်လဲ ခံစားမှုဝေဒနာဆိုတာ ရှိပါတယ်၊ ဒါကို ကွဲအောင် နာပါ။

**ဘုံ ၃–မျိုး။** ။'ယောဂီ ပုဂ္ဂိုလ်တွေ သိထားဖို့ရာ ဘုံ ၃–မျိုးအကြောင်းကို ပြောပြပါမယ်၊ အဲဒီ အကြောင်းကို သဘော မပေါက်ရင် ဝေဒနာ သဘောပေါက်မှာမဟုတ်ပါ၊ ဘုံ ၃–မျိုး က ဘာတွေလဲ။

၁။ ရုပ်ခန္ဓာ ၁–ပါးသာ ရှိတဲ့ ဘုံ၊

၂။ နာမ်ခန္ဓာ ၄–ပါးသာ ရှိတဲ့ ဘုံ၊

၃။ ခန္ဓာငါးပါးလုံး ရှိတဲ့ ဘုံ

ရယ်လို့ ၃–မျိုး ရှိပါတယ်၊ အဲဒီ ဘုံ ၃–မျိုးမှာ ရုပ်ခန္ဓာ ၁–ပါးတည်း ရှိတဲ့ဘုံမှာ ခံစားမှုဝေဒနာ မရှိပါ၊ နာမ်ခန္ဓာ ၄–ပါးသာ ရှိတဲ့ဘုံမှာ ခံစားမှုဝေဒနာ ရှိပါတယ်၊ ခန္ဓာ ၅–ပါးရှိတဲ့ဘုံ ဆိုရင်တော့ ဆိုဖွယ်ရာ မရှိ၊ ခံစားမှုဝေဒနာ ရှိပါတယ်၊ ကုန်လို့မရပါ၊ ကုန်ရင် ခန္ဓာတစ်ပါး လျော့သွား မှာပေါ့။

'ဘုန်းကြီးတို့ ယခုနေတဲ့ ဘုံဟာ ဘာဘုံလဲ ဆိုတော့ ပဥ္စဝေါကာရဘုံပါ၊ ခန္ဓာငါးပါး ရှိတဲ့ ဘုံပါ၊ ဒီတော့ ဝေဒနာ ရှိပါတယ်၊ ခံစားမှု ရှိပါတယ်။

**ဝိညာဏ်မချုပ်သေးသမျှ။** ။'ယောဂီတို့ရဲ့ ဒီခန္ဓာကိုယ်ကြီးမှာ နာမ်ရုပ်နှစ်ခု အချင်းချင်း အမှီပြုပြီးနေတာ၊ ဝိညာဏ်မချုပ်သေးသမျှ ကာလပတ်လုံး ခံစားမှုဝေဒနာလဲ ရှိနေဦးမှာပါ၊ ဝေဒနာ မကုန်နိုင်သေးပါ၊ ခံစားမှုဝေဒနာနာမ်လဲ မကုန်သေးပါ၊ နာကျင်ကိုက်ခဲမှု ရုပ်ဝေဒနာလဲ မကုန်သေးပါ၊ မကုန်နိုင်သေးပါ၊ ကုန်အောင်လုပ်လဲ့ မရပါ။

'ဟို...အသညသတ် ဘုံဆိုတာက ခန္ဓာတစ်ပါးသာ ရှိတဲ့ 'ဧကဝေါကာရ'ဘုံပါ၊ ရုပ်ခန္ဓာ တစ်ပါးတည်းပဲ ရှိပါတယ်၊ အဲဒီဘုံမှာ ခံစားမှုဝေဒနာ မရှိပါ။

'အဲဒီ အသညသတ် ဘုံသားတွေဟာ ဘာနဲ့တူလဲဆိုတော့ သစ်သားရုပ်တုတွေနဲ့ တူတယ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ပါးစပ်တွေ အကုန်လုံးရှိတယ်၊ နာမ်ခန္ဓာ မရှိပါ၊ သိတတ်၊ ခံစားတတ်တဲ့ သဘောမရှိပါ၊ သူတို့ကျတော့ ဝေဒနာ ကုန်အောင်လုပ်စရာ လိုသေးလား၊ မလိုပါ၊ သူတို့က တရားတောင်မှ မနာနိုင်၊ အားမထုတ်နိုင်တဲ့ ရုပ်ပြစ်သင့်တဲ့ဘုံပါ။

'ခန္ဓာ ၄–ပါး ရှိတဲ့ဘုံ၊ ခန္ဓာငါးပါးရှိတဲ့ဘုံတွေမှာ ဝေဒနာကုန်အောင်ထုတ်လို့ ကုန်မလား၊ မကုန်ကောင်းပါ၊ ဒါကြောင့်မို့ ဘုန်းကြီးတို့ ပရိသတ်တွေ ဝေဒနာရှုပွားအားထုတ်မှုနဲ့ ပတ်သက်ပြီး အမြင်မှန်၊ အသိမှန်ဖို့ရာ သိပ်အရေးကြီးပါတယ်၊ ကဲ...အရေးကြီးပုံ လင်္ကာတစ်ပုဒ် ဆိုကြည့်ပါ။

## ၁၁။ ဝေဒနာနာမ်၊ ရှုနိုင်ရန်၊ မြင်မှန်လိုအပ်ပါ။

'ဝေဒနာဟာ နာမ်တရားနော်၊ 'နာတယ်၊ နာတယ်' ဆိုပြီး ရုပ်နာကျင်မှုကို ဝေဒနာလုပ်ပြီး အရှုမများဖို့ အရေးကြီးပါတယ်၊ ဒါကြောင့် ဝေဒနာဆိုတဲ့ နာမ်တရားကို ရှုနိုင်ဖို့ရန် ဘာလိုအပ်သလဲဆိုတော့ အမြင်မှန်ဉာဏ် လိုအပ်ပါတယ်။

'အမြင်မှန်ဉာဏ်မရှိဘဲနဲ့ ဝေဒနာရှုပွားရင် အမှန် မမြင်ဘဲ အမှားဖြစ်တတ်ပါတယ်၊ ဒါကြောင့် ယောဂီတွေကို ပထမရက်မှ ဆဋ္ဌမရက်တိုင်အောင် 'ကိမတ္ထိယ ဗြဟ္မစရိယသုတ္တန်' တရားတော်ကို ဟောပြီး ရုပ်နဲ့ ဝေဒနာနဲ့ စိတ်နဲ့ ကွဲအောင် ပြောခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အမြင်မှန်စေချင်လို့ပါ။

'ယောဂီပုဂ္ဂိုလ်တွေကို ရုပ်နဲ့ ဝေဒနာနဲ့ စိတ်နဲ့ ပတ်သက်လို့ ခုလို သေသေချာချာ ဟောမပေးဘဲနဲ့ နာခေါင်းက တိုးသဘော ရုပ်ကို ရှုခိုင်းထားပြီး အောက်ပိုင်း ခန္ဓာကိုယ်က နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခကို ရှုခိုင်းရင်တော့ ဘယ်လိုမှ မရှုတတ်မှာ သေချာပါတယ်၊ ဝေဒနာဆီ အာရုံရောက်မှာလဲ မဟုတ်ပါ။

'ဘုန်းကြီးတို့ တချို့ စခန်းတွေမှာ လေးငါးရက်ကြာရင် ဝေဒနာ ရှုပွားပုံကို သေသေချာချာ ဟောပေးပါတယ်။

'ယောဂီတွေကိုလဲ 'ကဲ...ယောဂီတို့၊ ဝေဒနာမဟောခင် တုန်းက ဝေဒနာရှုတယ် ဘုရား၊ ဝေဒနာတက်တယ် ဘုရား၊ ပူတဲ့ဝေဒနာလေး၊ နာတဲ့ ဝေဒနာလေး တွေ့ပါတယ် ဘုရား'

စသည်ဖြင့် ပြောကြတယ်၊ 'ကဲ...ယောဂီတွေ ရှုချင်ရင် ရှုရန် အတွက် ဝေဒနာရှုပွားနည်း ဟောပြီးပြီ၊ ဝေဒနာ ကြိုက်ရင် ဝေဒနာ ရှုနိုင်ပါတယ်' ဆိုတော့ ယောဂီတွေက 'အရှင်ဘုရား... တပည့်တော်တို့ မသိလို့ ပြောတာပါ၊ ရုပ်ရှုရတာက လွယ်ပါ တယ်၊ ရုပ်ပဲ ရှုတော့မယ်တဲ့၊ သူတို့ အမှန်ကို သိသွားပြီကိုး၊ သိရင် လွယ်ပါတယ်၊ မသိရင် ခက်ပါတယ်။

'ဟုတ်ပါတယ်၊ ဝေဒနာရှုဖို့ရာ အပြော လွယ်သလောက် အသိ အင်မတန် ခက်တယ်၊ ခက်ခက်နဲ့ ရှုရင်လဲ ပင်ပန်းပါ တယ်။

**လက်ဖဝါးနှစ်ခု ပူးကြည့်။** ။'သဘောအားဖြင့် ကြည့် မယ်ဆိုရင် ယခု ဒကာငွေကိုင်ကြီး လက်ဖဝါးနှစ်ခုကို ပူးကြည့် လိုက်စမ်းပါ၊ ပူးကြည့်လိုက်တော့ လက်ဖဝါး နှစ်ခုလုံးမှာ ပူလာတယ်၊ အဲဒီ ပူလာတာဟာ ဘာလဲဆိုရင် 'ရုပ်' ပါ။

'ညာဘက် လက်ဖဝါးမှာလဲ ပူတယ်၊ ဘယ်ဘက် လက် ဖဝါးမှာ ပူတယ်၊ အဲဒီ အပူရုပ်ကို ဘယ်သူက သိလဲ၊ စိတ် ဝိညာဏ်က သိတယ်၊ အဲဒီ အပူကို စိတ်ဝိညာဏ်က သိနေတော့ အဲဒီ အပူကို အရသာ တစ်ခုအနေနဲ့ ခံစားမှု ပေါ်လာပါ တယ်။

'အဲဒီလို ခံစားတဲ့အခါ အဲဒီ ပူတဲ့ အရသာကို အကောင်း အနေနဲ့ ခံစားမလား၊ မကောင်း အနေနဲ့ ခံစားမလား၊ ကောင်း

မကောင်း နှစ်ခုတို့ရဲ့ အလယ် အလတ် အနေနဲ့ ခံစားမလား၊ ဒကာငွေကိုင်ကြီးရဲ့ စိတ်ကြိုက်အတိုင်း ပြောစမ်း၊ ဘယ်အနေနဲ့ ခံစားမလဲ။

'တစ်ယောက်နဲ့ တစ်ယောက်က အကြိုက်ချင်းမတူတော့ တချို့က အဲဒီအပူကို မကြိုက်ဘူးဆိုရင် သူ့အတွက် ဒုက္ခပေါ့၊ တချို့က အဲဒီ အပူကို ကြိုက်တယ်ဆိုရင် သူ့အတွက် သုခပေါ့၊ တချို့က အဲဒီ အပူကို ကြိုက်တယ်လဲ မဟုတ်၊ မကြိုက်ဘူးလဲ မဟုတ်ဆိုရင် အဒုက္ခ မသုခပေါ့၊ ဥပေက္ခာပေါ့။

'ဒါဖြင့် အဲဒီမှာ ကြည့်ပါ၊ အပူသဘောက 'ရုပ်' ပါ၊ အဲဒီ အပူ လာထိလို့ လက်ဖဝါး အကြည်ရုပ်ဟာ ဒုက္ခရောက်သွားတယ်ဆိုတော့ ရုပ်ပဲ ဒုက္ခရောက်တယ်၊ အဲဒီ ရုပ်ဒုက္ခကို စိတ်က သိတယ်၊ ဝေဒနာက ခံစားတယ်။

'ယောဂီတို့က သတိကပ်ပြီး ရှုပွားနေတာ ပူမှု တစ်ချက်၊ ဒုက္ခ တစ်ချက်၊ သိမှု တစ်ချက်၊ ခံစားမှု တစ်ချက် မမြင်ရဘူးလား၊ မြင်ရလား'

'မြင်ရပါတယ် ဘုရား'

'အဲဒီသဘောကို ရှုကြည့်နေတော့ ပူမှုရယ်၊ ဒုက္ခရယ်၊ သိမှုရယ်၊ ခံစားမှုရယ် ဘယ်ဟာက ပိုထင်ရှားလဲလို့ ကြည့်ပါ၊ ခံစားမှု ဝေဒနာကို သိဖို့ရာက အာရုံနဲ့ ကပ်ပြီး ရှုကြည့်ရင် လွယ်မယ်၊ သို့မဟုတ် စိတ်နဲ့ ကပ်ပြီး ရှုကြည့်ရင် လွယ်မယ်။

'အဲဒီလို အာရုံနဲ့ကပ် စိတ်နဲ့ရှုကြည့်ရင် 'အာရုံတစ်ချက်၊ ခံစားမှု တစ်ချက်' လို့ သိသိလာလိမ့်မယ်၊ ကွဲကွဲ လာလိမ့်မယ်။

'စိတ်နဲ့ကပ်ပြီး ရှုကြည့်ရင် 'သိမှု တစ်ချက်၊ ခံစားမှု တစ်ချက်' လို့ သိသိလာလိမ့်မယ်၊ ကွဲကွဲလာလိမ့်မယ်၊ ဘုန်းကြီးတို့ လွန်ခဲ့တဲ့နှစ်က သပိတ်အိုင် တောရမှာ ၁၀ ရက်စခန်း တရားပြစဉ်က တရားအားထုတ်နှစ် ၁၂ နှစ်ရှိတဲ့ ယောဂီတစ်ယောက် ပါလာတယ်။

'ဘုန်းကြီးက အဲဒီ သပိတ်အိုင်တောရ ၁၀ ရက်စခန်းမှာ နေ့တရားအဖြစ် 'နတုမှာကသုတ်' ကို ၁၀ ရက်တိုင်တိုင် ဟောပြောပါတယ်၊ တရားဆုံးတော့ အဲဒီ ယောဂီက...

> 'အရှင်ဘုရား...တပည့်တော် တရားအားထုတ်တဲ့ နှစ်ဟာ ၁၂ နှစ် ရှိပါပြီ၊ ကိုယ့်ကိုယ်လဲ တစ်မဂ် တစ်ဖိုလ် ရပြီလို့ အထင်ရှိနေပါတယ်၊ တပည့်တော် ယခုမှ ဝေဒနာ သဘောပေါက်ပါတယ်'

လို့ လျှောက်ထားပါတယ်၊ ဟုတ်ပါတယ်၊ ဝေဒနာဟာ အင်မတန်မှပဲ သိမ်မွေ့ နူးညံ့ပါတယ်၊ ဝေဒနာက အာရုံအနေနဲ့ ပြောရင် တစ်ဆင့်ခံ ဖြစ်နေပါတယ်၊ အသိခက်ပါတယ်။

**အင်မတန် နူပါတယ်။** ။'ဟို အပူရုပ်၊ အေးရုပ်ကတော့ ကိုင်ပြလို့ ရသလို ထင်ရှား သိရပါတယ်၊ ပြီးတော့ ပူမှုရုပ် ကြောင့် ဆင်းရဲတဲ့ ရုပ်ဒုက္ခကလဲ ထင်ရှားပါတယ်၊ အဲဒီ ပူသိ၊

ဆင်းရဲသိ အသိဉာဏ်ကလဲ ထင်ရှားပါတယ်၊ အဲ...ပူခံစား၊ ဆင်းရဲခံစား ဆိုတဲ့ ဝေဒနာကျတော့ အင်မတန် နုပါတယ်၊ ဘုန်းကြီးတို့ သတိပဋ္ဌာန်တရားဟာ...

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်...

ရယ်လို့ သတိပဋ္ဌာန် ၄-ပါး ရှိပါတယ်၊ အဲဒီ ၄-ပါးတို့တွင်-

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုတာ ရုပ်ကို အရှုခံထားပြီးတော့ ရှုပွားတာပါ။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဆိုတာ ဝေဒနာနာမ်ကို အရှုခံထားပြီး ရှုပွားတာပါ။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဆိုတာ စိတ်နာမ်ကို အရှုခံထားပြီး ရှုပွားတာပါ။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုတာ ရုပ်အားလုံးနှင့် နာမ်အားလုံးဆိုတဲ့ ရုပ်နာမ်ကို အရှုခံ ထားပြီး ရှုပွားတာပါ။

'ဘုန်းကြီးတို့ ယခု ဟောပြော ပြသပေးနေတာ အဓိက အားဖြင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါ၊ အဲဒီ ဓမ္မာနုပဿနာ

ထဲသို့ ကျန်တဲ့ အနုပဿနာတွေလဲ အကျုံးဝင်အောင် ဟောပြော ပြသပေးနေပါတယ်။

'ဒါကြောင့် ဘုန်းကြီးတို့ ၁၀ ရက် စခန်းတွေမှာ ရံခါ ရံခါ ဝေဒနာ ဟောမပေးတော့ဘဲ ထင်ရှားတဲ့ ရုပ်ကိုပဲ အဓိက ထားပြီး ရှုခိုင်းပါတယ်၊ ရံခါရံခါမှ နာမ်ကို ရှုခိုင်းပါတယ်။

'ယောဂီတွေက အသစ်တွေချည်း မဟုတ်ဘဲ ဟိုမှာ ဒီမှာ အားထုတ်ဖူးတဲ့ ယောဂီဟောင်းတွေ ပါလာရင်၊ အမေးအစမ်း ရှိရင် မဟောမဖြစ် ဝေဒနာ ရှုပွားနည်း ဟောပေးလိုက် တယ်။

'ဟောပြီးတဲ့အခါ 'ကဲ...ရှုချင် ရှုကြ' လို့ ခွင့်ပြုလိုက်တယ်၊ ကိုယ်သဘောကျတာ ကိုယ်ရှုရမှာပေါ့၊ ရှုနည်းအကုန် သင်ပေး ဖို့ကတော့ ဆရာသမား တာဝန်ပါ၊ ရှုပွားတာက ထင်ရှားတဲ့ တရား ရှုပွားမှ တရားရမှာပေါ့၊ ကိုယ်ကြိုက်တဲ့ တရားမှ တရားလုပ်လို့ မဖြစ်ပါ၊ မမှန်ပါ။

'ဘုရားရှင် ဟောထားတဲ့ တရားတော်တွေမှာလဲ ပုဂ္ဂိုလ်ရဲ့ အကြိုက်စရိုက် ဝါသနာကို ကြည့်ပြီးတော့ ဟောထားတာ ဖြစ် တော့ ကိုယ်က 'ဒါကို ရှုပါ' လို့ ယောဂီတစ်ယောက်ကို တိုက်တွန်းတယ်၊ သူက မရှုနိုင်ရင် ဘယ်ကလာ တရားရမလဲ။

**ဒဏ်ပေါ် ရုပ်ရှု။** ။'ဒါကြောင့် ဝေဒနာကို စနစ်တကျ ရှုပွား အားထုတ်ဖို့ရာ အမြန်မှန် လိုအပ်ပါတယ်၊ ဒုက္ခဒဏ်မှာ

ရှုတာက တစ်မျိုး၊ ဝေဒနာနာမ်မှာ ရှုပွားတာက တစ်မျိုးရယ်လို့ နှစ်မျိုးမတူပါ၊ ကဲ...ဆိုကြည့်ပါဦး။

## ၁၂။ ဒဏ်ပေါ်ရုပ်ရှု၊ ခံစားမှု၊ ပွားရှုဝေဒနာ။

'ဒဏ်လို့ခေါ်တဲ့ နာကျင်ကိုက်ခဲမှု ရုပ်ပေါ်မှာ 'ရုပ်' လို့ ရှုရပါမယ်၊ ခံစားမှုဝေဒနာ နာမ်ပေါ်ကျတော့ ဘယ်လိုရှုရမလဲ၊ 'နာမ်' လို့ ရှုပွားရပါမယ်၊ ဘာမှ ခက်ခက်ခဲခဲ မဟုတ်ပါ။

'အေး...ယောဂီ ပုဂ္ဂိုလ်တို့က အစွဲထားလို့ မဖြစ်ပါ၊ ယောဂီတို့ တရားအားထုတ်ရတာ အစွဲပြုတ်အောင် အားထုတ်ရတာပါ၊ အစွဲဝင်လာအောင် အားထုတ်ရတာ မဟုတ်ပါ။

**ဘုရားနည်းချည်းပဲ။** ။'အစွဲပြုတ်မှု အရေးကြီးပါတယ်၊ ဘယ်နည်းမှ ဘာနည်းမှ ညာနည်းမှလို့ လုပ်မနေနဲ့၊ ဘယ်နည်းနဲ့ပဲ ဖြစ်ဖြစ် ဘုရားဟောတာချည်းပဲ၊ ဘုရားနည်း ချည်းပဲ၊ အေး...တစ်ခုတော့ရှိတယ်၊ ဘုရားဟော သတိပဋ္ဌာန်စည်းကမ်း နည်းလမ်းတော့ ကျရမှာပေါ့၊ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ နည်းလား၊ ဒါ ဘုန်းကြီးရဲ့ နည်းလား၊ ဘုရားနည်းလား'

'ဘုရားနည်းပါ ဘုရား'

'ဘုန်းကြီးက ဘုရားရှင်ရဲ့နည်းကို ယောဂီတို့ သိနားလည်အောင် ရှင်းပြနေတာပါ၊ အဲဒါ ယောဂီတို့က ဒီနည်းနဲ့ သင့်သွားရင် အဲဒီနည်းဟာ ယောဂီတို့အတွက် ဟောတဲ့နည်းပဲ၊ အားထုတ်သင့်တဲ့ နည်းပဲလို့ မှတ်ပါ။

'ဘုရားရှင်ဟောထားတဲ့နည်းတွေ အများကြီးရှိပါတယ်၊ ဘာဖြစ်လို့ တစ်နည်းတည်းမဟောဘဲ နည်းတွေ အများကြီး ဟောလဲဆိုတော့ ယောဂီတစ်ယောက်နဲ့ တစ်ယောက် အလိုဆန္ဒ အဇ္ဈာသယချင်း မတူကြလို့ပါ။

'ဒါကြောင့် ဘုရားရှင် တရားဟောခါနီးဆိုရင် 'ငါသည် ဒီနေ့ ဘယ်သတ္တဝါကို တရားဟောသောအားဖြင့် ချေချွတ်ရပါ မည်နည်း'လို့ ဒီသတ္တလောကကြီးကို ဉာဏ်တော် ၂ ပါးနဲ့ ကြည့်ပါတယ်။

'ဉာဏ်တော် ၂-ပါးက ဘယ်ဉာဏ်တွေလဲ၊ သတ္တဝါတွေရဲ့ ဣန္ဒြေအနုအရင့်ကို သိတဲ့ဉာဏ်ရယ်၊ သတ္တဝါတွေရဲ့ အလိုဆန္ဒ အာသယကိုသိတဲ့ဉာဏ်ရယ်လို့ အဲဒီ ဉာဏ် ၂-ပါးပါ။

'အဲဒီ ဉာဏ် ၂-ပါးနဲ့ကြည့်လိုက်တော့ သတ္တဝါတစ်ယောက် မှာ ဣန္ဒြေရင့်ပြီလို့ သိရင် တရားဟောရန် အချိန်တန်ပြီပေါ့၊ အချိန်တန်တော့ သူ့ကို ဘာတရားဟောမှ ရမှာလဲလို့ သူ့ရဲ့ ဆန္ဒ အာသယကို တစ်ဖန်ကြည့်ရပြန်တယ်။

'အဲဒီလို ကြည့်ပြီးတော့ ရုပ်နဲ့ ပတ်သက်တဲ့ တရား ဟော ပေးသင့်တဲ့သူ၊ ဝေဒနာနဲ့ ပတ်သက်ပြီး ဟောပေးသင့်တဲ့သူ၊ စိတ်နဲ့ပတ်သက်ပြီး ဟောပေးသင့်တဲ့သူရယ်လို့ အမျိုးမျိုး အလို ဆန္ဒ အာသယ ရှိပါတယ်။

'အဲဒီလို အလိုဆန္ဒ အာသယ အမျိုးမျိုးရှိသူတွေကို သူတို့ အလိုကျ ဟောပေးလိုက်တော့ အလွယ်တကူ တရားရသွားပါ

တယ်၊ ဘာဖြစ်လို့ရလဲ၊ သူတို့အကြိုက် သူတို့စရိုက် သူတို့ အလိုက်ကို ကြည့်ပြီး ဟောပေးလို့ ရတာပါ။

**မသိဘဲဟောရင်။** ။သတ္တဝါတွေရဲ့အကြိုက်၊ **စရိုက်** မသိဘဲနဲ့ဟောရင် တစ်ခါတစ်ရံ တည့်သွားတယ်၊ တစ်ခါတစ်ရံ မတည့်ပါဘူး၊ ယခု ဘုန်းကြီးတို့ တစ်နေ့ တစ်သုတ်၊ တစ်ည တစ်သုတ် ဟောနေတာ ဘာဖြစ်လို့လဲဆိုတော့ တရားနာ ပရိသတ်တို့ရဲ့ အကြိုက်ကို ဘုန်းကြီးတို့က ဘုရားရှင် သိသလိုမှ မသိတော့ ဒါ ဟောပေးရင် ကောင်းနိုးနိုး၊ ဟိုဟာ ဟောပေးရင် ကောင်းနိုးနိုးနဲ့ အကြိုက် စရိုက်ကို ဟောပေးနေတာပါ။

'အကြိုက် စရိုက်နဲ့ တည့်သွားရင် ကျွတ်သွားတာပေါ့၊ မတည့်သေးရင် မကျွတ်သေးပါ၊ ယခု ဒကာ ငွေကိုင်ကြီးရဲ့ အကြိုက်နဲ့ တည့်ပြီလား'

'မတည့်သေးပါ ဘုရား'

'ယခု ဒီမုဒုံမြို့မှာ ၁၀ ရက်စခန်းပွဲ ကျင်းပတာ ဘယ်နှနှစ် ရှိပြီလဲ'

'လေးနှစ်ပါ ဘုရား'

'လေးနှစ် လေးကြိမ်ဟောတာ ဒကာ ငွေကိုင်ကြီးနဲ့ မတည့် သေးဘူးတဲ့၊ အဲဒါ ဒကာ ငွေကိုင်ကြီး ရှုပွားအားထုတ်တဲ့အဆင့် ကို မရောက်သေးဘူး၊ စခန်းသိမ်းပွဲ ၄ ကြိမ်ရှိသွားပြီ။

'ဒကာ ငွေကိုင်ကြီးမှာ မှားနေတာ၊ လွဲနေတာ၊ ချော်နေတာလေးတွေ မှန်သွား၊ တည့်သွားတဲ့အဆင့် မရောက်သေးဘူးဆိုရင် တရားနဲ့ မတည့်သေးပါ၊ ဟည့်ပြီလား'

'မတည့်သေးပါ ဘုရား'

**ဘယ်သူ့အတွက်လဲ။** ။'ဒကာ ငွေကိုင်ကြီးကို ယခု ၁၀ ရက်စခန်း တရားပွဲ ကျင်းပတာဟာ ဘယ်သူ့အတွက်လဲ၊ ကြွလာတဲ့ ပရိသတ်တွေ အတွက်လား၊ မြို့သူ မြို့သားတွေ အတွက်လား၊ ပဋ္ဌာန်းပရိသတ်တွေအတွက်ကော ပါသေးလား'

'ပါပါတယ် ဘုရား'

'ဘုန်းကြီးတော့ ပဋ္ဌာန်းအဖွဲ့သားတွေ အတွက်တော့ ပါမယ် မထင်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ယခု အားထုတ်နေတဲ့ ယောဂီ ပုဂ္ဂိုလ်တွေထဲမှာ ပဋ္ဌာန်းအဖွဲ့က ဘယ်နှယောက်ပါလဲ'

'အားထုတ်တဲ့အထဲမှာ မပါပါဘုရား'

'အားထုတ်တဲ့အထဲမှာ မပါရင် ဝေယျာဝစ္စ အဖွဲ့ထဲမှာ ပါတယ်ပေါ့၊ ဒကာ ငွေကိုင်ကြီးတို့ ပဋ္ဌာန်းအဖွဲ့မှာ လူပေါင်း ဘယ်လောက်ရှိလဲ၊ သေချာစွာ မေးရမယ်၊ ဘယ်လောက်ရှိလဲ'

'၁၄၀ လောက် ရှိပါတယ်ဘုရား'

'ဟ…အများကြီးပါလား၊ ၁၄၀ လောက်ရှိတော့ ယခု စခန်းပွဲ ၄ ကြိမ် ၄ နှစ်အတွင်းမှာ ၁၄၀ ထဲက ဘယ်နှယောက် အားထုတ်ပြီးသွားပြီလဲ'

'၃၀–၄၀ လောက် ရှိပြီ ထင်ပါတယ် ဘုရား'

'ကဲ…ဒကာငွေကိုင်ကြီး၊ ၄ ကြိမ်မှာ ၄၀–လောက်ပဲ အားထုတ်တဲ့အထဲ ပါသေးတယ်ဆိုတော့ 'ခင်ဗျားတို့သာ အကောင်းတွေ အဆီတွေစားကြပါ၊ ကျွန်တော်တို့ ပဋ္ဌာန်းအဖွဲ့ကတော့ အရိုးပဲ ကိုက်တော့မယ်' ဒီလိုလား'

'တင်ပါ့ဘုရား၊ အခုတော့ ဒီအတိုင်း ဖြစ်နေပါတယ် ဘုရား'

'ဒါဖြင့် အရိုးပဲကိုက်တော့၊ တကယ်ဆိုရင် တို့ဆီမှာတော့ အရိုးပဲ ကိုက်ရမယ်၊ သူများဆီမှာ အသားစားရမယ် ဆိုရင် လိုက်စားမလား'

'စားပါမယ်ဘုရား'

**အရှုလွဲလျှင်။** ။'အေး…တရားတော်က အင်မတန် ကောင်းပါတယ်၊ လာကြပါ၊ အားထုတ်ကြည့်ကြပါ ဆိုပေမယ့် ကိုယ့်လူတွေက ခုနလို အမြင်လွဲနေဦးမယ်၊ အမြင်မတည့်လာသေးဘူးဆိုရင် တရားပွဲ ကျင်းပရကျိုး ရှိပါဦးမလား'

'မရှိပါဘုရား'

'ဒါကြောင့် အားထုတ်မှု အဆင့်သို့ မရောက်သေးသော်လဲ နာကြားမှုအဆင့်ကနေပြီး ပယ်သင့်တာကို ပယ်၊ လွဲနေတာကို တည့်ပေးလိုက်မယ်ဆိုရင် မကောင်းပါလား'

'ကောင်းပါ ဘုရား'

'အေး...အဲဒါ သိပ်အရေးကြီးပါတယ်၊ ရည်ရွယ်ချက်တွေ ပျောက်မသွားပါစေနဲ့၊ ကဲ...ကဲ...ဆိုကြည့်ပါဦး။

၁၃။ **အရှုလွဲလျှင်၊ ဉာဏ်မထင်၊ နာကျင်သိတော့တာ။**

'ဝိပဿနာရဲ့ အာရုံက ဘာလဲ၊ ရုပ်နာမ်ပါ၊ ရုပ်ကို အရှုခံ အာရုံအဖြစ်ထား ရှုရမယ်၊ နာမ်ကို အရှုခံ အာရုံအဖြစ်ထား ရှုရမယ်၊ ရုပ်ကို နာမ်လုပ် မရှုရပါ၊ နာမ်ကို ရုပ်လုပ် မရှုရပါ၊' အဲဒီလို မဟုတ်ဘဲ အရှုလွဲနေမယ်ဆိုရင် အရှုခံအာရုံ အပေါ်မှာ ဉာဏ်မထင်တော့ဘဲ ဉာဏ်မတက်တော့ဘဲ အောက်ပိုင်း ခန္ဓာ ကိုယ်က နာကျင်ကိုက်ခဲမှုတွေပဲ သိတော့မှာပေါ့။

'အေး...ဒါကြောင့် ရှုပွားအားထုတ်တာက ဘာအကျိုး ငှာလဲဆိုတော့ အသိမှားအမြင်မှား ကင်းပျောက်ပြီး အသိမှန် အမြင်မှန် ဖြစ်ပြီးတော့ ဉာဏ်ထင်လာအောင် ဉာဏ်တက်လာ အောင် ရှုပွားတာပါ။

'အထူးသဖြင့် အရှုလွဲပုံက နာကျင်ကိုက်ခဲမှုနဲ့ တွေ့ကြုံတဲ့ အခါ သူ့ရဲ့ သဘောသဘာဝကို သိအောင် မရှုဘဲ ကုန်အောင် ရှုမယ်၊ ရုပ်ဒုက္ခကို ခံစားမှု ဝေဒနာလုပ် ရှုမယ်ဆိုရင် အရှုလွဲ နေပါတယ်။

'အရှုလွဲရင် ဘာဖြစ်သလဲလို့ ဒီလင်္ကာနဲ့ တိုက်ကြည့်ပါ။ ကဲ...ဆိုကြည့်ပါ...။

ဖြစ်အောင်ပြုက–လောဘတဏှာ၊
ပျက်အောင်ပြုက–ဒေါသအာဃာ၊
ဖြစ်ပျက်တရား–ရှုပွားဝိဇ္ဇာ၊
မရှုက–မောဟာအဝိဇ္ဇာ။ ။

'ကဲ...ယောဂီက နာကျင်ကိုက်ခဲမှုတွေကို ပျက်အောင် ရှုတယ်၊ ကုန်အောင်ရှုတယ်ဆိုတော့ ဒေါသအာဃာတ ဖြစ်မသွားဘူးလား၊ ဖြစ်သွားသလား'

'ဖြစ်သွားပါတယ် ဘုရား'

'ဒေါသအာဃာတဖြစ်နေပါတယ်ဆိုကတည်းက ဝိပဿနာတရား ရှုပွားအားထုတ်မှု ဟုတ်သေးသလား၊ မဟုတ်တော့ပါ၊ အဲဒီ နာကျင် ကိုက်ခဲမှုကို ပျောက်အောင် ပျက်အောင် ရှုကတည်းက မဟုတ်တော့ပါ၊ မမှန်တော့ပါ၊ လွဲမှားသွားပါပြီ။

'နာကျင်ကိုက်ခဲမှု ပျောက်ချင်ရင် အလွယ် ကလေးပါ၊ ဣရိယာပုတ်ပြင်လိုက်ရင် ပျောက်သွားပါတယ်၊ အပင်ပန်းခံပြီး ပျောက်အောင် အားထုတ်စရာ မလိုပါ...။

'ဘုန်းကြီးတို့ မနေ့တုန်းက ဟောခဲ့ပါတယ်၊ ယောဂီရဲ့ သန္တာန်မှာ ဘာရှိရမလဲ၊ သတိ၊ ဝီရိယ၊ ပညာရှိရမယ်၊ အဲဒီမှာ ဝီရိယက ဘယ်လို ဝီရိယလဲ၊ နာကျင်ကိုက်ခဲမှုကို ပယ်နိုင်တဲ့ ဝီရိယလား၊ မဟုတ်ပါ၊ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယပါ။

'နာကျင် ကိုက်ခဲမှုဖြစ်နေရင် အဲဒီပေါ်မှာ ဒေါသဖြစ်နေတတ်ပါတယ်၊ ဝီရိယဆိုတာ အဲဒီဒေါသကို ပယ်နိုင်တဲ့ ဝီရိယရှိရမှာပါ၊ ယခုတော့ ယောဂီက အဲဒီ ဒေါသနဲ့ ရှုနေတယ်၊ မှားပါတယ်။

'အမှန်က ဒေါသဆိုတာ အကုသိုလ်တရားပါ၊ အဲဒီ ဒေါသဆိုတဲ့ အကုသိုလ်တရားကို ပယ်ရမှာကို မပယ်ဘဲနဲ့ ဒေါသကို တိုးပွားအောင် လုပ်ရာရောက်သွားပြီ၊ လွဲမှားသွားပြီ။

**အဖြစ်မျှော်တယ်။** ။'ဘာဖြစ်လို့ ဒီနာကျင် ကိုက်ခဲမှုကို ပျောက်အောင် ပယ်လဲဆိုတော့ နာကျင်ကိုက်ခဲမှု ပျောက်သွားရင် မနာကျင်မှု ဖြစ်လာမယ်ဆိုပြီး မနာမကျင်အဖြစ်ကို မျှော်ပြီး ချမ်းသာသုခအဖြစ်ကိုမျှော်ပြီး နာကျင်ကိုက်ခဲမှုကို ပျက်အောင် လုပ်နေတာပါ။

'ဒီနာကျင် ကိုက်ခဲမှု ကုန်သွားရင် တရားရတော့မယ်လို့ မျှော်ပြီး အားထုတ်တဲ့ အတွက် မှားပါတယ်၊ ဒီဒုက္ခချုပ်ရင် သုခပေါ်မယ်လို့ မျှော်တာမျိုး မဟုတ်ပါလား။

'ဒီနာကျင် ကိုက်ခဲမှုဒုက္ခ ကုန်သွားရင် ချမ်းသာတဲ့ တရားရမယ်လို့ မျှော်ကတည်းက ချမ်းသာရဲ့ အဖြစ်ကို ပြုလုပ်တဲ့ သဘောဖြစ်နေပြီ၊ ဒါကြောင့် ဒုက္ခပျက်အောင် လုပ်ခြင်းသည် ပင်လျှင် သုခဖြစ်အောင် လုပ်ခြင်းနှင့် အတူတူပါပဲ။

'ဖြစ်အောင်လုပ်က လောဘ တဏှာ' ဆိုတဲ့အတိုင်း ဖြစ်အောင်ပြုလုပ်တဲ့ အထဲမှာ တဏှာလောဘ ပါနေပြီ၊ 'ပျက်

အောင် လုပ်တော့ ဒေါသ'၊ အဲဒီလို ပျက်အောင် မလုပ်ရဘူးလို့ မသိတာက မောဟဆိုတော့ ယောဂီ တရားအားထုတ်တာ မဟုတ်တော့ပါ၊ ကိလေသာတွေ အကုသိုလ်တရားတွေ များအောင် ပွားနေရာ ရောက်သွားပါတယ်၊ မှားသွားပါတယ်။

'ဒါကြောင့် နာကျင် ကိုက်ခဲမှုတွေကို ကုန်အောင် အားထုတ်တဲ့ ယောဂီမှာ လောဘ၊ ဒေါသ၊ မောဟ သုံးခု ဖြစ်ပါတယ်၊ အဲဒီ လောဘ၊ ဒေါသ၊ မောဟတရားတွေက ပယ်ရမယ့် တရားတွေပါ၊ ပွားရမယ့် တရားတွေ မဟုတ်ပါ။

'ယောဂီ ပယ်ရမှာက နာကျင် ကိုက်ခဲမှုတွေ မဟုတ်ပါ၊ လောဘ၊ ဒေါသ၊ မောဟတွေပါ၊ ပယ်မှန်ဖြစ်ပါစေ၊ ပယ်မှားမဖြစ်ပါစေနဲ့၊ မပယ်ရမှာ ပယ်ရင် ပယ်မှားပါ၊ ပယ်မှားဆိုရင် မိစ္ဆာဒိဋ္ဌိပါ၊ ပယ်ရမှာကို ပယ်မှ ပယ်မှန်ပါ၊ ပယ်မှန်ဆိုရင် သမ္မာဒိဋ္ဌိပါ။

'ဖြစ်ပျက်တရား ရှုပွားဝိဇ္ဇာ' ဆိုတော့ အဲဒီနာကျင်ကိုက်ခဲမှုက ရုပ်ဒုက္ခပဲ၊ ဖြစ်ပျက်တရားပဲ၊ အဲဒီ ဖြစ်ပျက် ရုပ်တရားတွေရဲ့ အဖြစ်ကို မြင်အောင်၊ အပျက်ကိုမြင်အောင် ရှုကြည့်ရပါမယ်။

**ဝိဇ္ဇာဉာဏ်။** ။'အဲဒီလို ရှုကြည့်လို့ရှိရင် ဝိဇ္ဇာဉာဏ် ဖြစ်သွားပါတယ်၊ ယခုတော့ အဖြစ်အပျက်ကို မြင်အောင်မကြည့်ဘဲနှင့် နာကျင်ကိုက်ခဲမှုကို ကုန်အောင်လုပ်တဲ့အတွက် ဝိဇ္ဇာဉာဏ်မဖြစ်ဘဲ အဝိဇ္ဇာမောဟ ဖြစ်သွားပါတယ်။

'ဝိပဿနာတရား ရှုပွားအားထုတ်တယ်ဆိုတာ အဝိဇ္ဇာချုပ်ရေး၊ ဝိဇ္ဇာဉာဏ်ရရေးအတွက် အားထုတ်တာပါ၊ ယခုတော့

'အဝိဇ္ဇာဖြစ်ပြီး ဝိဇ္ဇာဉာဏ်ချုပ်တယ်' ဆိုတော့ အားမထုတ်ဘဲ နေတာကမှ ကောင်းပါသေးတယ်၊ သက်သာတယ်၊ ယခု အားထုတ်ရတာ ပင်ပန်းတာပဲရှိတယ်၊ အဝိဇ္ဇာက မချုပ် မပျောက်ဘဲ ဖြစ်ပွားနေတယ်ဆိုတော့ အားမထုတ်ဘဲနေတာက ကောင်းပါသေးတယ်။

'ဘာဖြစ်လို့လဲဆိုတော့ ရှုပွားအားထုတ်နည်း လွဲနေလို့ပါ၊ လွဲနေတဲ့အတွက် ပင်ပန်းဆင်းရဲရုံပဲ ရှိမယ်၊ ယောဂီမှာ ရှုံးနိမ့်ရုံပဲရှိမယ်၊ တရားမတက်ပါ၊ တရားမရ၊ အမှားပဲ ရပါမယ်။

'ဒါကြောင့် ယောဂီပုဂ္ဂိုလ်တွေကို ဘုန်းကြီး ခဏခဏ သတိပေးပါတယ်၊ 'ယောဂီတို့ တရားရဖို့ထက် အားထုတ် တတ်ဖို့ ကြိုးစားပါ၊ ဘုန်းကြီး သင်ပေးနေတာ အားထုတ် တတ်အောင် သင်ပေးနေတာပါ၊ အားထုတ်တတ်မှ အားထုတ် ရင် ရမှာပါ၊ ရအောင် အားထုတ်ပေမယ့် အားမထုတ်တတ်ရင် မရပါ။

'အားထုတ်တတ်လို့ အားထုတ်ရင် ယခု ရချင်လဲ ရမယ်၊ ယခု မရရင် နောင်အခါ ရနိုင်ပါတယ်၊ အားမထုတ်တတ်ဘဲနဲ့ အားထုတ်နေရင် အခုလဲ မရပါ၊ နောင်လဲ မရနိုင်ပါ။

'အခု နာကျင်ကိုက်ခဲမှုကို ဣရိယာပုတ် မပြင်ရဘဲနဲ့ ကုန်အောင် ရှုရတယ်ဆိုတော့ အတော့်ကို မသက်သာပါ၊ အကြီးအကျယ် ပင်ပန်းပါတယ်၊ ကောင်းကျိုးလဲ မရပါ၊ မှားလဲ မှားပါတယ်။

'ဘုန်းကြီးလဲ စတင်တရားအားထုတ်တော့ အဲဒီ နာကျင်ကိုက်ခဲမှုတွေကို ကုန်အောင် ရှုရမယ်ဆိုတဲ့ဆီ ရောက်ဖို့ပေါ့၊ ဘယ်လိုမှ လက်မခံနိုင်ခဲ့လို့၊ မရှုချင်လို့ မရှုပွားခဲ့ရပါ၊ သူများတွေ ရှုပွားတာ ဘုန်းကြီး တွေ့ရပါတယ်၊ တစ်ဆင့်စကားလဲ အများကြီး ကြားရပါတယ်။

'တော်တော့ကို ဒုက္ခရောက်ပါတယ်၊ အချို့များ တရားလန့်သွားပြီး တရားအားထုတ်ဖို့ဆိုရင် မကြားချင်၊ မကြည့်ချင်လောက်အောင် ဖြစ်သွားပါတယ်၊ တရားတော်လဲ နာမည်ပျက်ပါတယ်၊ သူတို့မှာလဲ ရသင့်တဲ့ အကျိုးတွေ ဆုတ်ယုတ်ပါတယ်။

**ဗောဓိမင်းသား လျှောက်စကား။** ။'ကိုယ် အသုံးမကျတာနဲ့ ဘုရား တရားတွေ နာမည်ပျက်ရရင် မကောင်းပါ၊ ဘုရားကိုယ်တိုင် ဟို ဗောဓိရာဇကုမာရသုတ္တန်မှာ ဟောထားတာ ရှိပါတယ်၊ ဗောဓိမင်းသားက အခါတစ်ပါးမှာ ဘုရားရှင်ကို ဘယ်လို လျှောက်သလဲဆိုတော့...

'မြတ်စွာဘုရား၊ တပည့်တော် ဒီလို ပြောလေ့ယူလေ့ရှိပါတယ်၊ အလွန်တရာ ချမ်းသာလှတဲ့ နိဗ္ဗာန်ချမ်းသာကို ရရေးအတွက် အားထုတ်တဲ့အခါ ချမ်းချမ်းသာသာ အားထုတ်လို့တော့ မရနိုင်ပါ၊ ချမ်းသာတဲ့ နိဗ္ဗာန် ရရေးအတွက် အဆင်းရဲ အပင်ပန်းခံပြီး ပြင်းထန်စွာ

အားထုတ်နိုင်မှ နိဗ္ဗာန်ချမ်းသာ ရနိုင်မယ်လို့ ပြောလေ့ယူလေ့ ရှိပါတယ် ဘုရား'

လို့ ဗောဓိမင်းသားက လျှောက်ထားပါတယ်၊ အဲဒီလို လျှောက်ထားတဲ့အခါ ဗောဓိမင်းသားကို ဘုရားရှင်က ဘယ်လို ပြန်မိန့်သလဲဆိုတော့...

'မင်းသား ငါလဲပဲ သင့်လိုပဲ ဟိုရှေး အလောင်းတော်ဘဝ၊ သစ္စာ ၄ ပါး တရားတော်ကို ထိုးထွင်းမသိသေးခင် အချိန်တုန်းက ချမ်းသာတဲ့ နိဗ္ဗာန်ရရေးအတွက် ချမ်းချမ်းသာသာ အားထုတ်လို့တော့ မရနိုင်ပါ၊ ချမ်းသာတဲ့ နိဗ္ဗာန်ရရေးအတွက် အဆင်းရဲခံ အပင်ပန်းခံကာ ပြင်းထန်စွာ အားထုတ်မှ ရမယ်လို့ အယူရှိပြီး အဆင်းရဲ အပင်ပန်းခံကာ ပြင်းထန်စွာ အားထုတ်ခဲ့တယ်'

လို့ မိန့်မှာပါတယ်၊ ဟုတ်တယ်လေ၊ ဘုရားရှင် ၆ နှစ် တိုင်တိုင် ဒုက္ကရစရိယာကျင့်တာ အဲဒီရည်ရွယ်ချက်နဲ့ ကျင့်တာ ပါ၊ ၆ နှစ် တိုင်တိုင် အားထုတ်ပေမယ့် ဘာဖြစ်လဲ၊ ပင်ပန်း ဆင်းရဲရုံပဲ၊ ဘာအကျိုးမှ မဖြစ်ပါ။

**ပထမဈာန်ချမ်းသာ။** ။'အဲဒီလို ၆ နှစ် တိုင်တိုင် ပြင်းထန်စွာ အားထုတ်ပေမယ့် ဘာအကျိုးထူးမှ မဖြစ်တော့ ဘာသွား စဉ်းစားမိသလဲဆိုရင် ဟိုးငယ်စဉ်ကာလ ကလေးဘဝ

က ခမည်းတော် လယ်ထွန်မင်္ဂလာ ပြုလုပ်စဉ် ဇမ္ဗုသပြေပင် အောက်မှာ ပထမဈာန် ချမ်းသာ ဝင်စားတာ သွားပြီး စဉ်းစား မိပါတယ်'

'ငါသည် ဒီလို အဆင်းရဲ အပန်ပန်းခံကာ ပြင်း ထန်စွာ အားထုတ်သော်လဲ အရဟတ္တမဂ် ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ရမှာမဟုတ်ပါ၊ ဟိုး လယ်ထွန် မင်္ဂလာ ပြုလုပ်စဉ်အခါက ဇမ္ဗုသပြေပင်အောက်မှာ ငါ ဝင်စားခဲ့တဲ့ ပထမဈာန် ချမ်းသာသည် ကာမတို့မှလဲ ကင်းတယ်၊ အကုသိုလ်တို့မှလဲ ကင်းတယ်၊ အဲဒီ ချမ်းသာ ကို အမှီပြုပြီးတော့ ဒီတရားကို ရအောင် အားထုတ်ရင် ကောင်းမှာပဲ'

လို့ စဉ်းစားမိတယ်၊ စဉ်းစားပြီး...

'ငါသည် ချမ်းသာသုခကို ဘာဖြစ်လို့ ကြောက်ရ မှာလဲ၊ ဒီပထမဈာန် ချမ်းသာသည် ကာမတို့မှလဲ ဝေးစွာ ကင်းတယ်၊ အကုသိုလ်တို့မှလဲ ကင်းတယ်၊ ဒီချမ်းသာကို ငါ ကြောက်လို့ မဖြစ်ဘူး၊ ဒီချမ်းသာကို ငါ ကြောက် နေရင် ငါ ဘုရားဖြစ်မှာ မဟုတ်ဘူး'

လို့ စဉ်းစားမိတယ်။

**မစားဘဲနဲ့။** ။'အဲဒီလို စဉ်းစားပြီး ဒီပထမဈာန် ချမ်း သာကို အမှီပြုပြီး တရားအားထုတ်မှ ဘုရားဖြစ်တော့မယ်

ဆိုတော့ ဒီပထမရျာန် ချမ်းသာကလဲ ငါ မစားမသောက်ဘဲနဲ့ ကြမ်းကြမ်းတမ်းတမ်း အားထုတ်လို့တော့ ဘယ်နည်းနဲ့မှ မရနိုင်ပါ၊ မျှမျှတတ စားသောက်ပြီး မျှမျှတတ အားထုတ်မှ ရမယ်'လို့ စိတ်ထဲမှာ အကြံဖြစ်ပါတယ်။

'အဲဒီလို အကြံဖြစ်ပြီး မျှမျှတတလဲ စားတယ်၊ မျှမျှတတလဲ အားထုတ်တယ်၊ အဲဒီအခါ ပဉ္စဝဂ္ဂီ ငါးဦးက ဘယ်လို ထင်သွားလဲဆိုတော့...

> 'အင်း...ဒီလောက်တောင် အဆင်းရဲ အပင်ပန်းခံပြီး ပြင်း ထန်စွာ အားထုတ်တာတောင် ဘုရားမဖြစ်ဘဲနဲ့ ယခု ရှင်ကြီး ဂေါတမကား အစားအသောက်တွေလဲ စားသောက်ပြီး ပျော့ပျော့ ညံ့ညံ့ အားထုတ်လို့တော့ ဘုရား မဖြစ်နိုင်ပါ၊ ရှင်ကြီး ဂေါတမဟာ ပစ္စည်းများရရန် ကျင့်သွားပြီ၊ ကမ္ဘဋ္ဌာန်း လူထွက် ဖြစ်သွားပြီ'

လို့ပြောကြပါတယ်၊ ပဉ္စဝဂ္ဂီငါးဦးက ဘုရားရှင်ကို ကမ္ဘဋ္ဌာန်း လူထွက်ကြီးတဲ့၊ ဘုရားရှင်က ကမ္ဘဋ္ဌာန်းလူထွက် ဟုတ်ရဲ့လား'

'မဟုတ်ပါ ဘုရား'

'ဘုရားရှင်က ကမ္ဘဋ္ဌာန်းလမ်းကြောင်း ပြောင်းလိုက်တာပါ၊ အခု ဒကာ ငွေကိုင်ကြီးက ၁၀ ရက် ပြည့်ရင် တကယ့်ကို ကမ္ဘဋ္ဌာန်းလူထွက်လုပ်လိုက်မှာ၊ ဘုရားရှင်က မှားနေတဲ့ လမ်းက နေ အမှန်လမ်းသို့ ပြောင်းလိုက်တာကို ပဉ္စဝဂ္ဂီတွေက ကမ္ဘဋ္ဌာန်း

လူထွက်ကြီးတဲ့၊ ပစ္စည်းများရေး အတွက်သာ ကျင့်တယ်ဆိုပြီး ဘုရားရှင်ကို မပြုစုတော့ဘဲ ထွက်သွားကြပါတယ်။

'အေး…အဲဒီ ပဉ္စဝဂ္ဂီငါးဦးကလဲ ထွက်သွား၊ တိတ်ဆိတ်မှုကလဲရ၊ လမ်းစဉ်ကလဲ မှန်တော့ ပထမဈာန်ရပြီး အဲဒီကနေ ဒုတိယဈာန်, တတိယဈာန် စသည်ဖြင့် တက်ပြီး ဈာန်ချမ်းသာ အထောက်အကူရသဖြင့် မဂ်သို့ကူးကာ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ရပါတယ်။

'တကယ်လို့သာ အကျင့်လမ်းစဉ် မပြောင်းလဲဘဲ အဲဒီအတိုင်းပဲ ကြမ်းကြမ်းတမ်းတမ်း အားထုတ်နေရင် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော် ဘယ်မှာရနိုင်မလဲ၊ မရနိုင်ပါ။

'အေး–ဒါကြောင့် အရေးကြီးတာက အရှုအပွား မှန်ဖို့ အရေးကြီးပါတယ်။ ရှုပွားမှုမှန်ကန်မယ်၊ စနစ်တကျဆိုရင် ရုပ်နာမ် ဖြစ်ပျက်မြင်ပြီး ဝိဇ္ဇာဉာဏ် ဖြစ်ပါမယ်။

'ရှုပွားမှုမှန်ရင် ဝိဇ္ဇာဉာဏ်၊ မရှုပွားဘဲနေရင် အဝိဇ္ဇာ ဆိုတော့ အရှုပွားလွဲတာနဲ့စာရင် မရှုပွားဘဲ အဝိဇ္ဇာနဲ့နေတာက တော်သေးတာပေါ့၊ အရှုလွဲရင် ဒိဋ္ဌိဝင်မှာ၊ တလွဲရှုမယ့်အတူတူ မရှုဘဲနေတာက ကောင်းသေးတယ်၊ သက်သာတယ်။

**ဘာကြောင့် ဝေဒနာဖြစ်။** ။ယောဂီ ပုဂ္ဂိုလ်တွေ ဘာကြောင့်ဝေဒနာဖြစ်လဲ၊ မနေ့က ဟောထားပြီးပြီ၊ အကြောင်းနဲ့ အကျိုးကို ပိုင်အောင်ရှုပါ၊ မြင်အောင်ရှုပါ။ အဲဒီလို ပြောထားပြီးပြီ။ ကြောင်းကျိုး မြင်အောင် ရှုနည်းကလဲ ပြောထားပြီးပြီ။ အခုလဲ ထပ်ပြောဦးမယ်၊ ကဲ–ဆိုကြည့်ပါ။

## ၁၄။ ရုပ်ဖောက်ပြန်မှု၊ ဓာတ်လွန်စု၊ စွဲပြုဝေဒနာ။

'ဒီခံစားမှု ဝေဒနာဟာ ဘာအစွဲပြုဖြစ်လဲ၊ ဘာကြောင့် ဖြစ်လဲ၊ အဲဒီလို မေးရင် ဘယ်လိုဖြေမလဲ၊ ရုပ်တရားတွေ ဖောက်ပြန်မှုကို အကြောင်းပြုပြီး၊ ဓာတ်တရားတွေ လွန်ကဲမှုကို အကြောင်းပြုပြီး ခံစားမှုဝေဒနာ ဖြစ်ပေါ်လာပါတယ်။

'ရုပ်ဖောက်ပြန်တယ်ဆိုတာ အခု ဒကာငွေကိုင်ကြီး နေက ပူတော့ ဒီခန္ဓာကိုယ်ကြီး ပူတယ်မဟုတ်လား'

'ပူပါတယ် ဘုရား'

'အေး–အပြင်က အပူက ဒီခန္ဓာကိုယ်ကို လာထိတော့ ဒီခန္ဓာကိုယ်မှာ အပူလဲထိရော အပူမထိခင်ကလေးက အေးနေတဲ့ရုပ်တွေ ရှိသေးလား၊ မရှိတော့ပါ၊ အအေးသဘော ကွယ်ပျောက် အပူသဘော ရောက်သွားပြီ၊ အအေးရုပ်တွေ ပျက်သွားပြီး ပူတဲ့ရုပ်တွေ ဖြစ်လာတယ်ပေါ့။ အဲဒါကို ရုပ်ဖောက်ပြန်တယ်လို့ ခေါ်ပါတယ်၊ ဆိုကြည့်စမ်းပါ။

## ၁၅။ အပူတိုးက၊ အေးဆုတ်ရ၊ ဖြစ်ကြပျက်ကြတာ၊ အအေးတိုးက၊ ပူဆုတ်ရ၊ ဖြစ်ကြပျက်ကြတာ။

'ဖောက်ပြန်တယ်ဆိုတာ ပြောင်းလဲသွားတာ၊ ပျက်စီးသွားတာ၊ ပျက်စီးတယ်ဆိုတာ အပူတိုးလို့ အအေးလျော့သွားတယ်ဆိုရင် အပူဖြစ် အအေးပျက်ပေါ့၊ အအေးတိုးလို့ အပူဆုတ်တယ်ဆိုရင် အအေးဖြစ် အပူပျက်ပေါ့။

'အဲဒီလို ပူမှုအေးမှုဖြစ်တော့ အဲဒီအပူရဲ့ အရသာ၊ **အေးမှုရဲ့** အရသာကို ဝေဒနာခံစားပါတယ်၊ ခံစားမှုဝေဒနာ ပေါ်လာပါတယ်၊ တစ်နည်းပြောရရင် အပူလွန်လို့ အအေးလွန်လို့၊ အတွန်း အတိုးလွန်လို့ နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာ ပေါ်လာတယ်။

'ဓာတ်လွန်' ဆိုတာက ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဆိုတဲ့ ဖောဋ္ဌဗ္ဗဓာတ်တွေရဲ့ အထိအခိုက် လွန်တာပါ၊ သူတို့ အထိအခိုက် လွန်မှုကြောင့် နာကျင်ကိုက်ခဲမှု ပေါ်လာတယ်၊ ဒုက္ခဝေဒနာ ပေါ်လာပါတယ်။

**စိတ်နာစရာ ဝေဒနာ။** ။'ရုပ်ဖောက်ပြန်မှု အကြောင်းပြုပြီးတော့ ဒုက္ခဝေဒနာဖြစ်တယ်၊ ရုပ်ဓာတ်လွန်ကဲမှု အကြောင်းပြုပြီးတော့ ဒုက္ခဝေဒနာ ဖြစ်တယ်၊ ယခု အပူဓာတ်လွန်ကဲတော့ ယောဂီပုဂ္ဂိုလ်တွေ ဘယ်လိုဖြစ်ကုန်လဲ၊ ပူလာတယ် မဟုတ်လား'

'မှန်ပါတယ် ဘုရား'

'ပူလာတော့ အဲဒီအပူကို သက်သက်သာသာ ခံစားရလား၊ မသက်မသာ ခံစားရလား'

'မသက်မသာ ခံစားရပါတယ် ဘုရား'

'ကဲ...ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်စမ်း၊ ဒီဝေဒနာဟာ အင်မတန် စိတ်နာစရာ ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မသက်မသာ ဖြစ်နေရင် 'အမယ်လေး ငါ မခံစားချင်ဘူး' ဆိုပြီး ရှောင်နေဖို့ကောင်းပါတယ်၊ အိပ်နေဖို့ ကောင်းပါ

တယ်၊ ယခု ရောင်မနေပါ၊ အိပ်မနေပါ၊ အဲဒီ မသက်သာတဲ့ ဒုက္ခကို ဝေဒနာက ခံစားပါတယ်၊ မသက်မသာ ပူပြင်းလှတဲ့ အပူဒဏ်ကြီးကို ဝေဒနာက ခံစားပါတယ်။

'ယခုအချိန် လေအေးလေး တိုက်လာရင် ချမ်းသာ သုခ ဖြစ်သွားမယ်၊ အဲဒီ ချမ်းသာ သုခကိုလဲ ဝေဒနာက ခံစားပါ တယ်။

'အများအားဖြင့် ပူတယ်လဲ မဟုတ်၊ အေးတယ်လဲ မဟုတ်ဘဲ မသိမသာ ဖြစ်နေပါတယ်၊ အဒုက္ခမသုခပေါ့၊ ချမ်းသာမဟုတ်၊ ဆင်းရဲ မဟုတ်ပေါ့၊ အဲဒါကိုလဲ ဝေဒနာက ခံစားပါတယ်။

'ဒါဖြင့် ခန္ဓာကိုယ်မှာ ဝေဒနာဖြစ်တဲ့အချိန်မှာ မခံစားတဲ့ အချိန်များ ရှိသေးလား၊ အိပ်ရာက နိုးသည့်အချိန်က စပြီး အိပ်သည့် အချိန်တိုင်အောင် အမြဲခံစားနေရပါတယ်။

'ဘုန်းကြီးတို့ ဥပမာ တစ်ခုပြမယ်၊ ယခု ထိုင်နေတော့ အောက်က ကြမ်းပြင်ပေါ်မှာ ဖိထိုင်ထားတယ်၊ ကြမ်းပြင်က မာတော့ တင်ပါးနာပါတယ်၊ ဒုက္ခဖြစ်နေပါတယ်၊ အဲဒီ ဒုက္ခကို ဝေဒနာ ခံစားနေပါတယ်။

'နောက် နာတာလေးကို သက်သာသွားအောင် ပြောင်း လိုက် ပြင်လိုက်တယ်လဲဆိုရော ကြမ်းပြင်နဲ့ တင်ပါးနဲ့ ကွာ သွားတဲ့အတွက် တင်ပါးနဲ့ ကြမ်းပြင်နဲ့ လွတ်နေတဲ့ နေရာလေး

ဟာ နာတာပျောက်ပြီး ချမ်းသာသွားပါတယ်၊ အဲဒီ ချမ်းသာကိုလဲ ဝေဒနာက ခံစားပါတယ်။

'ပထမ တင်ပါးနဲ့ ကြမ်းပြင်နဲ့ ထိနေစဉ် ဒုက္ခတုန်းကလဲ ဝေဒနာခံစားပါတယ်၊ နောက် ကြမ်းပြင်နဲ့ တင်ပါးနဲ့ လွတ်သွားပြန်လို့ သုခဖြစ်တော့လဲ ဝေဒနာက ခံစားပါတယ်။

'နောက် ပြောင်းပြင်လို့ ပြီးသွားပြီ၊ တင်ပါးနဲ့ ကြမ်းပြင်နဲ့ လုံးဝလဲ လွတ်သွားရော ချမ်းသာမဟုတ်၊ ဆင်းရဲမဟုတ် ဖြစ်သွားပြီ၊ အဲဒါကိုလဲ ဝေဒနာက ခံစားပါတယ်။

'ကဲ...စဉ်းစားကြည့်စမ်း၊ အသိ၊ သတိရှိနေသမျှ ခံစားမှု ဝေဒနာ လစ်လပ်တဲ့အချိန်၊ ပြတ်တဲ့အချိန်များ ရှိသေးလား၊ မရှိပါ၊ ဒုက္ခဖြစ်ခံစား၊ သုခဖြစ်ခံစား၊ အဒုက္ခမသုခဖြစ်ခံစား၊ ခံစားမှုက စက္ကန့်ပိုင်းမျှတောင် မလစ်လပ်ပါ၊ မလစ်လပ်ပေမယ့် သူလဲ ခံစားရင်း ခံစားရင်း ချုပ်ပျက်နေပါတယ်၊ မြဲနေတာ မဟုတ်ပါ။

'ဒုက္ခဖြစ် ခံစားပျက်၊ သုခဖြစ် ခံစားပျက်၊ အဒုက္ခမသုခ ဖြစ် ခံစားပျက်၊ ဒါကြောင့် ဣရိယာပုတ်ပြောင်းရင် ဝေဒနာ အပျက်လဲ ပိုပြီး ထင်ရှားပါသေးတယ်။

**ဝေဒနာထင်ရှားအောင်။** ။'အဲဒီလို ဝေဒနာရဲ့ သဘောမှန်ကို မသိလို့ရှိရင် ဘယ်လိုဖြစ်တတ်သလဲဆိုတော့ ဝေဒနာ

ထင်ရှားအောင် ဣရိယာပုတ်ကို ထိန်းချုပ်ထားလိုက်ပါဦး၊ မပြောင်းပါနဲ့၊ မစောင်းပါနဲ့၊ မငဲ့ပါနဲ့၊ မကုတ်ပါနဲ့၊ မလှုပ်ပါနဲ့၊ ဒါမှ ဝေဒနာ ထင်ရှားမယ်လို့ အယူအဆ ဖြစ်တတ်ပါတယ်။

'အဲဒီသဘောနဲ့ပြောရင် ဝေဒနာ ပိုပြီးထင်ရှားအောင် တရားအားထုတ်ခါစ ဆယ်ပိသာ အလေး တစ်ခုလောက် ရွက်ပြီး အားထုတ်ရင် ထိုင်ထိုင်ချင်းတောင် ဝေဒနာ မထင်ရှားဘူးလား၊ ထင်ရှားပါတယ်။

'အေး...ဝေဒနာဆိုတာ ခုနက ပြောခဲ့သလို မပြတ် မလပ် ဖြစ်နေတာကို သိပါ၊ နာကျင်ကိုက်ခဲမှုကိုမှ ဝေဒနာလို့ ဆိုတာ မဟုတ်ဘဲ၊ ခံစားမှုကို ဝေဒနာခေါ်တော့ အပျက်မြင်တာကလဲ ဣရိယာပုတ် ပြောင်းတာနဲ့ မပြောင်းတာ ဘယ်ဟာက ပိုပြီး အပျက်မြင်လဲဆိုရင် ပြောင်းတာက ပိုပြီး မြင်ပါတယ်၊ ဒါက သဘာဝ ပြောတာပါ၊ မပြတ် တရစပ်ဖြစ်၊ မပြတ် တရစပ် ပျက်နေပါတယ်။

'တကယ်တမ်း ပြောဆိုကြရင် ဣရိယာပုတ် ပြင်တာနဲ့ မပြင်တာ ဘယ်ဟာက ပိုပြီး မြင်လဲဆိုရင် ပြင်တာက ပိုပြီးတော့ မြင်ပါတယ်။

'ဘာဖြစ်လို့လဲဆိုတော့ ဒုက္ခကနေ သုခ၊ သုခကနေ အဒုက္ခ မသုခတွေ အပြောင်းမြန်သလို ဝေဒနာကလဲ မပြင်ခင်မှာ ဒုက္ခ တုန်းကလဲ ခံစားပါတယ်၊ ပြင်လိုက်တော့ ဒုက္ခလဲ ချုပ်သွားပါတယ်၊ ဒုက္ခကို ခံစားတဲ့ ဝေဒနာလဲ ချုပ်သွားပါတယ်။

'ဒုက္ခချုပ်သွားတော့ သုခ ပေါ်လာပါတယ်၊ အဲဒီ သုခကိုလဲ ဝေဒနာက ခံစားပါတယ်၊ သုခချုပ်သွားတော့ ဝေဒနာလဲ ချုပ်သွားပါတယ်၊ ဒုက္ခ သုခ ချုပ်သွားတော့ အဒုက္ခမသုခ ဖြစ်ပါတယ်၊ အဲဒီ အဒုက္ခမသုခကိုလဲ ဝေဒနာက ခံစားပါ တယ်။

'ကဲ...ကြည့်လေ၊ ဣရိယာပုတ်ပြင်ဆဲ ခဏကလေးနဲ့ ဒုက္ခ ဝေဒနာရဲ့ အဖြစ်အပျက်လဲ တွေ့တယ်၊ သုခဝေဒနာရဲ့ အဖြစ် အပျက်လဲ တွေ့တယ်၊ အဒုက္ခမသုခဝေဒနာရဲ့ အဖြစ်အပျက်လဲ တွေ့တယ်၊ တကယ်လို့သာ မပြောင်းမပြင်ဘဲနဲ့ ပေနေရင် အဲဒီလို တွေ့မှာ မဟုတ်ပါ။

**အမြင်လွဲနေပြီ။** ။'အဲဒီလို မတွေ့လို့ ဝေဒနာ ပိုထင် ရှားအောင်ဆိုပြီး ဣရိယာပုတ်ကို ထိန်းချုပ်ထားပါ၊ မလှုပ်ပါနဲ့၊ မကုတ်ပါနဲ့၊ မစောင်းပါနဲ့၊ မငဲ့ပါနဲ့လို့ ခိုင်းထားရင် နည်း စနစ် လွဲသွားပြီ၊ ဝေဒနာအယူအဆလဲ လွဲသွားပြီ၊ အယူအဆ လွဲတယ် ဆိုကတည်းက ရှုပွားနည်းတွေလဲ အကုန်တောက် လျှောက် လွဲသွားပြီ၊ နည်းစနစ်မလွဲဘဲ မှန်အောင်ဆိုကြည့် စမ်းပါ။

## ၁၆။ **ပူအေးဒဏ်ချက်၊ ရုပ်နာတက်၊ ထင်လျက်ဝေဒနာ။**

'ယခု နေ့ခင်းဆိုတော့ ပူတယ်၊ အပူလွန်ရင် ရုပ်နာတယ်၊ ကိုက်ခဲတယ်၊ ညောင်းညာတယ်၊ နံနက်ပိုင်းက အေးတယ်၊

အအေးလွန်တော့ ရုပ်နာတယ်၊ ကိုက်ခဲတယ်၊ ညောင်းညာတယ်။

'အပြင်က အပူ-အအေးဒဏ်ချက်ကြောင့် မိမိတို့ အတွင်းအဇ္ဈတ္တရုပ်မှာ ပူတယ်၊ အေးတယ်၊ ကိုက်ခဲတယ်၊ နာကျင်တယ်၊ တောင့်တင်းတယ်၊ တုန်တယ်၊ ခုန်တယ်၊ အော်ဂလီဆန်တယ် ဖြစ်ပါတယ်၊ အဲဒါ အပူအအေး ဓာတ်လွန်ကဲမှုကြောင့် ဖြစ်တတ်တဲ့ ဒုက္ခတွေပါ။

'အပူအအေးလွန်တော့ ရုပ်မှာ အနာတက်လာပါတယ်၊ ခုနက ပြောခဲ့တဲ့ နာကျင်ကိုက်ခဲ၊ အောင့်အည်း၊ တောင့်တင်း တုန်ခုန်၊ မူးဝေ၊ အော်ဂလီဆန်၊ ယားယံတွေပေါ့၊ ဒုက္ခတွေပေါ့။

'နှလုံးတုန်တယ်၊ ရင်ခုန်တယ်လို့ လူတွေမှာ အဖြစ်များပါတယ်၊ အဲဒီ နှလုံးတို့ ရင်တို့ဟာ အမေမွေးကတည်းက ရှိပါတယ်၊ အလကားသက်သက် မတုန်ပါ၊ မခုန်ပါ၊ အခုမှ ဘာဖြစ်လို့ တုန်ရလဲ ခုန်ရလဲ၊ အပူများလို့ တုန်ရ ခုန်ရပါတယ်။

'ခုနေဆိုပါတော့ ဒိန်းခနဲ ဒိုင်းခနဲ သေနတ်တစ်ချက်ပစ်လိုက်ရင် ဒကာငွေကိုင်ကြီး နှလုံးတွေ ရင်တွေ တုန်သွား ခုန်သွားမယ်၊ အဲဒါ ဘာဖြစ်လို့ တုန်သွား ခုန်သွားတာလဲ၊ စိတ်ပူသွားလို့ ကြောက်လန့်သွားလို့ပေါ့၊ ကြောက်လန့်တယ် ဆိုတာ ဒေါသပေါ့၊ ဒေါသမီးပေါ့၊ အဲဒီ ဒေါသမီးနဲ့ စိတ်နဲ့ ယှဉ်တွဲလိုက်တော့ စိတ်ပူသွားတယ်ပေါ့။

'စိတ်ပူသွားတော့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ တုန်ခုန်သွားတာပေါ့၊ အဲဒါ ပူလို့ တုန်တာ ခုန်တာပါ၊ မပူခင်က မတုန်ပါ၊ မခုန်ပါ၊ အဲဒီလို တုန်ခုန်တဲ့အခါမှာ လူကြီးတွေက ဘာလုပ်ပေးလဲ၊ ကပျာကယာ ရေအေးအေးလေး ခပ်ပေးပြီး ရော့ရော့ ရေသောက်လိုက်တဲ့၊ ရေလဲ သောက်လိုက်ရော အပူအေးပြီး တုန်မှု ခုန်မှု ရပ်သွားပါတယ်။

**သဘောပေါက်ရင်။** ။'ဒါကြောင့် ယောဂီတို့ ဝေဒနာဟာ သဘောပေါက်လို့ရှိရင် ပွားရတာ လွယ်ပါတယ်၊ သဘောမပေါက်ရင် ခက်ပါတယ်၊ ပင်ပန်းပါတယ်၊ အမှားဖြစ်တတ်ပါတယ်။

'ယောဂီတွေ တရားအားထုတ်နေရင်းနဲ့ လန့်တယ်၊ ကြောက်တယ်ဆိုတာ ဖြစ်တတ်ပါတယ်၊ အဲဒါ ဘယ်အချိန် လန့်တတ်ကြောက်တတ်လဲဆိုရင် သတိလက်လွတ်နေတဲ့အချိန်မှာ လန့်တတ် ကြောက်တတ်ပါတယ်၊ သတိလက်မလွတ်ရင် မလန့်မကြောက်တတ်ပါ။

'ဘုန်းကြီးတို့ စောစောတုန်းက သဘောမပေါက်ပါ၊ အဲဒီတုန်းက ခဏခဏ လန့်ပါတယ်၊ နေ့ခင်းကြောင်တောင်ကြီး ဒိန်းခနဲ ဒိုင်းခနဲဆိုရင် ခေါင်းကြီးသွားပြီ၊ လန့်သွား ကြောက်သွားပြီ။

'နောက် စဉ်းစားကြည့်တယ်၊ အကြောင်းရှာကြည့်တယ်၊ ဘာ့ကြောင့် လန့်ကြောက်ရတာလဲ၊ အကြောင်းရှာတော့ လန့်

တယ်၊ ကြောက်တယ်ဆိုတာ သေမှာကြောက်လို့၊ ဘာဖြစ်လို့ သေမှာ ကြောက်ရတာလဲဆိုရင် ကိုယ့်ကိုယ်ကို ခင်လို့လို့ သိလာတယ်။

'ခင်တယ်ဆိုတာ တဏှာပေါ့၊ တဏှာကြောင့် စိုးရိမ်သောက ထိတ်လန့်ကြောက်ရွံ့မှုတွေ ဘေးတွေ့လာတာပေါ့။

'ဘယ်အချိန် လန့်တတ်လဲဆိုရင် သတိလက်လွတ်တဲ့ အချိန် လန့်တတ်ပါတယ်၊ အရှုခံအာရုံနှင့် ရှုတဲ့ဉာဏ်နဲ့ တည့်နေတဲ့ အချိန်မှာ သတိရှိနေတဲ့အချိန် ဒိန်းခနဲ ဒိုင်းခနဲ သေနတ်တွေ ပစ်ဖောက်ချင်သလောက် ပစ်ဖောက်ပါ မလန့်ပါ၊ မကြောက် ပါ၊ မတုန်ပါ၊ မလှုပ်ပါ၊ မခုန်ပါ။

'အဲ–သတိလက်လွတ်တဲ့အချိန် ဒိန်း၊ ဒိုင်းနဲ့ သေနတ်ပစ် ဖောက်လိုက်ရင် ကြောက်လန့်သွားပြီ၊ တုန်ခုန်သွားပြီ။

'ဘုရား၊ ရဟန္တာများကျတော့ မလန့် မကြောက်တော့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ အမြဲ သတိရှိနေလို့ပါ၊ ပြီးတော့ ဘုရား ရဟန္တာများမှာ ကြောက်လန့်မှုကို ဖြစ်စေတတ်တဲ့ ဒေါသကလဲ ချုပ်နေကုန်ပြီ၊ အဲဒီလို သတိလက်မလွတ်ခြင်း၊ ဒေါသမရှိခြင်း တို့ကြောင့် မကြောက်မလန့်တော့ပါ။

**ဝေဒနာနှင့်အနာ။** ။'ကဲ–အစက စကားကို ပြန်ကောက် ကြစို့၊ အပူအအေးလွန်လာလို့ရှိရင် ရုပ်က နာတတ်တယ်၊ အဲဒီ ရုပ်အနာကို မသိသူက နာမ်ဝေဒနာထင်တတ်ပါတယ်၊ အဲဒါ နာမ်ဝေဒနာ မဟုတ်ပါ၊ အနာပါ၊ ရောဂါပါ၊ ဒဏ်ပါ။

'ဝေဒနာဆိုတာက အဲဒီအနာ၊ ရောဂါဒဏ်ရဲ့ အရသာကို ခံစားတဲ့သဘောကမှ ဝေဒနာပါ၊ အေး ဝေဒနာနဲ့ အနာနဲ့ ဝေဒနာနဲ့ ရောဂါနဲ့ ကွဲရမယ်နော်။

'အနာဆိုလို့ရှိရင် ဆေးကု၊ ရောဂါဆိုလို့ရှိရင် ဆေးကု၊ ဒဏ်ဆိုလဲ ဆေးကု၊ မိဿလင်တို့ နှင်းတို့အုံပေါ့၊ ဝေဒနာဆိုလို့ ရှိရင် ဆေးကုလို့မရပါ၊ နာမ်ဝေဒနာ ပရမတ်တရားက အခုဖြစ် အခုပျက်၊ အခုပြောသလောက်တောင်မှ မကြာတာ၊ ဘယ်လို လုပ် ဆေးကုမလဲ။

'ဝေဒနာ ဆေးကုလို့မရပေမယ့် ဝေဒနာ ပြောင်းအောင် တော့ လုပ်လို့ရတယ်၊ ဒုက္ခဝေဒနာကနေ သုခဝေဒနာ ဖြစ် အောင်တော့ လုပ်လို့ရတယ်၊ ဘာဝေဒနာမှ မဖြစ်အောင် ဝေဒနာပျောက်အောင်တော့ လုပ်လို့ မရပါ။

'ဒကာ ငွေကိုင်ကြီး၊ ဝေဒနာဖြစ်လို့ ဆေးဆရာ ခေါ်ရ တာလား၊ အနာရောဂါဖြစ်လို့ ဆေးဆရာ ခေါ်ရတာလား။

'အနာရောဂါဖြစ်လို့ ဆေးဆရာ ခေါ်ရတာပါဘုရား'

'အေး–ဟုတ်ပြီ၊ အများကတော့ ဝေဒနာဖြစ်လို့ ဆေး ဆရာ ခေါ်ရတယ်လို့ ပြောကြပါတယ်၊ ဝေဒနာဖြစ်လို့သာ ဆေးဆရာခေါ်ရရင် ဆေးဆရာ အိမ်ပေါ်က ဆင်းလို့ မရတော့ ပါ၊ ဆေးဆရာကို အိမ်ပေါ်မှာ ကိုးကွယ်ထားရမယ်။

'ဘာဖြစ်လို့ မရလဲ၊ ဝေဒနာက တစ်ခုမဖြစ် တစ်ခုဖြစ်နေ တာပဲ၊ အမြဲဖြစ်နေတာပဲ၊ ဝေဒနာဖြစ်လို့ ဆေးဆရာ ခေါ်ရင်

တော့ ဆေးဆရာကို အိမ်မှာ အမြဲ ကိုးကွယ်ထားပါ၊ အဲဒီ ဝေဒနာ သဘောပေါက်အောင် အဲဒီလင်္ကာတစ်ပုဒ် ဆိုကြည့်ပါဦး။

၁၇။ **ဒဏ်နာကားရုပ်၊ ဝေဒနာမဟုတ်၊ ကြွေပုပ်မွကြေရာ။**

'ယောဂီတို့ အထိုင်ကြာလို့ နာကျင် ကိုက်ခဲနေတာက 'ဒဏ်နာ' ပါ၊ အဲဒီဒဏ်နာဟာ 'ရုပ်'တရားပါ၊ အဲဒီရုပ်ကို 'ရုပ်' အနေနဲ့ပဲ ရှုကြည့်မယ်ဆိုရင် ကြွေသွားမယ်၊ ပုပ်သွားမယ်၊ မွသွားမယ်၊ သို့မဟုတ် အဲဒီ ဒဏ်နာကို ဆေးကုပေးလိုက်ရင် စားဆေးတင်လိုက်ရင် ဒဏ်တွေ ရောဂါတွေ စားသွားပြီး ကြွေပုပ် မွသွားမယ်။

'အေး–ဒဏ်နာဆိုတဲ့ဟာက ရုပ်တရားပါ၊ နာမ် ဝေဒနာ တရားမဟုတ်ပါ၊ အဲဒီ ဒဏ်နာရုပ်ကို 'ရုပ်, ရုပ်' လို့ ရှုကြည့်နေရင်း အဲဒီဒဏ်နာရုပ်ဟာ ကြွေပျက်သွားမယ်၊ ပုပ်ပျက်သွားမယ်၊ မွပျက်သွားမယ်လို့ အပျက်ပဲ တွေ့မှာပါ။

'ယောဂီက သက်သက် အဲဒီဒဏ်ကို ကြွေသွား၊ ပုပ်သွား၊ မွသွားအောင် မလုပ်ရပါ၊ ဝေဒနာရှုပွားတာနဲ့ ပတ်သက်ပြီးတော့ အရေးကြီးလို့ ဒီလောက် ထပ်ကာထပ်ကာ ပြောနေတာပါ၊ အရှုအပွားလဲ လွဲလို့ ပြောနေတာပါ။

'အဲဒီ နာကျင်ကိုက်ခဲမှု 'ဒဏ်'ကို ရုပ်အနေနဲ့ ဘာမှ ပြောနေစရာ ရှင်းလင်းနေစရာ မလိုပါ၊ သူ့ဟာနဲ့သူ ရုပ်ထင်ရင် ပြီးတာပါပဲ၊ ရှုနည်းမှန်တာပါပဲ၊ တရားရတာ မရတာ

ကတော့ ယောဂီ ပုဂ္ဂိုလ်ရဲ့ သတိ၊ ဝီရိယ၊ ပညာပေါ်မှာ မူတည်ပါတယ်၊ နောက်ထပ် ပြောနေစရာတောင် မလိုတော့ပါ၊ ပြီးနေပြီပဲ။

'ရှုပွားလို့ ရရှိတဲ့ အကျိုးတရားပေါ်မှာပဲ ရင်းပေးဖို့ ရှိပါတယ်၊ ပြီးတော့ အဲဒီ ပေးထားတဲ့ အရှုခံ ရုပ်အာရုံပေါ်မှာ အရှုမြဲအောင်ပဲ လှည့်ပတ်ပြီး ဟောပေးရမှာပါ၊ အလုပ်ပေးရမှာပါ။

'ဆိုပါတော့ အသက်ရှူထုတ်တဲ့အခါ 'တိုးဝင် တိုးထွက်' တဲ့ တိုးသဘောရုပ်ကို သတိမပြတ် အသိကပ်ပြီး ရှုပွားနေလို့ ဆိုရင် အလုပ်ပေးတရားက ကပ်နေပြီပဲ၊ နောက် ရှုပွားအားထုတ်ရင်းနဲ့ တရားက တက်လာမှာပါ။

**ဝေဒနာဟာ ခက်လှပါ။** ။'ဝေဒနာ ကျတော့လဲ အဲဒီလောက် ထပ်ထပ်ပြောနေတာတောင်မှ ယောဂီ ပုဂ္ဂိုလ်တွေ ချာလပတ် လည်နေကြတာ၊ အဲဒီ ဝေဒနာက နူးညံ့တာကိုး၊ အသိခက်တာကိုး၊ အေး-ဒါ့ကြောင့် ဒီလင်္ကာ တစ်ပုဒ်ကို ဆိုကြည့်ပါဦး။

၁၈။ **ခံစားတတ်တာ၊ ဝေဒနာ၊ ဒဏ်ရာရုပ်ရှုပါ။**

'ခံစားတတ်တဲ့ သဘောတရားက ဝေဒနာပါ၊ အဲဒီ ခံစားတတ်တဲ့ ဝေဒနာဆိုရင် နာမ်တရားဖြစ်ခြင်းကြောင့် အဲဒီ ခံစားမှု နာမ်ကို 'နာမ်, နာမ်' လို့ ရှုရမှာပါ။

‘ယခု အထိုင်ကြာလို့ နာတဲ့ဒဏ်၊ သို့မဟုတ် သေနတ်နဲ့ ပစ်လို့၊ ဓားနဲ့ခုတ်လို့ ရတဲ့ ဒဏ်ရာကြီးက ဘာလဲ၊ အနာရောဂါပေါ့၊ ရုပ်ဖောက်ပြန်မှုပေါ့။

‘ရုပ်ဆိုတာက အပူဒဏ်ကြောင့်လဲ ဖောက်ပြန်ပါတယ်၊ အအေးဒဏ်ကြောင့်လဲ ဖောက်ပြန်တယ်၊ ခြင်ကိုက်ခြင်းကြောင့်လဲ ဖောက်ပြန်တယ်၊ မှက်ကိုက်ခြင်းကြောင့်လဲ ဖောက်ပြန်တယ်၊ အဲဒီလို အပူဒဏ်၊ အအေးဒဏ်၊ မှက်ကိုက်၊ ခြင်ကိုက်ခြင်းကြောင့် ဘာဖြစ်သွားလဲ၊ ဝေဒနာ ဖြစ်သွားလား၊ ရုပ်ဖောက်ပြန်သွားလား ဆိုတော့ ရုပ်ဖောက်ပြန်သွားပါတယ်၊ ဝေဒနာ မဖြစ်ပါ။

‘အဲဒီလို ရုပ်ဖောက်ပြန်သွားလို့ နာကျင်ကိုက်ခဲမှု ဖြစ်လာတော့ အဲဒီ နာကျင်ကိုက်ခဲမှု အရသာကို ဝေဒနာက ခံစားတယ်၊ ဖောက်ပြန်တာက သတ်သတ်၊ ခံစားမှု ဝေဒနာက သတ်သတ် ကွဲအောင် ရှုကြည့်ပါ။

‘အေး–ရုပ်ဖောက်ပြန်တဲ့ ဒဏ်ရာကိုတော့ အနာကိုတော့ ပရုတ်ဆီလေး ဘာလေးသုတ်၊ ပတ်တီးလေးဘာလေး စည်းပေးနော်၊ ဝေဒနာကိုတော့ ပရုတ်ဆီသုတ်လို့ ပတ်တီး စည်းလို့ မရပါ၊ အဲဒါကို ကွဲအောင်ကြည့်ပါ၊ ဝေဒနာဟာ အင်မတန်သိမ်မွေ့လွန်းလို့ ဘုန်းကြီး အမျိုးမျိုး လှည့်ပြောနေတာပါ၊ ကဲ–ဆိုကြည့်ပါဦး။

## ၁၉။ ခံစားရှုလျှင်၊ ဝေဒနာထင်၊ သွင်သွင်ပျက်တွေ့ပါ။

'ရှုပွားတာက ဒဏ်ရာရှု၊ ခံစားရှုလို့ ၂–မျိုးရှိပါတယ်၊ ဝေဒနာ ရှုပွားချင်ရင် ဒဏ်ရာ မရှုရပါ၊ ခံစားတဲ့ သဘောကို ရှုရမှာပါ၊ ခံစားတဲ့ သဘောကို ရှုရင် ဝေဒနာ ထင်လာပြီး တသွင်သွင် ပျက်နေတဲ့ အပျက်ကို တွေ့မှာပါ။

'သေသေချာချာ နားထောင်ပါ ယောဂီတို့၊ ခံစားမှုကို ရှုလို့ ဝေဒနာအာရုံ ထင်လာပြီဆိုလျှင် ဒီခံစားမှုကို သတိပြုပြီး ရှုကြည့်ပါ၊ တစ်သိ တစ်ခံစား၊ တစ်သိ တစ်ခံစားဆိုတော့ အပျက်တွေဟာ တသွင်သွင်နဲ့ ရေစီးနေသလို ရှေ့က ပျက်၊ နောက်က ဖြစ်နဲ့ အဖြစ် အပျက် တန်းစီနေတာ တွေ့ရ မြင်ရ ပါမယ်။

'အဲဒီလို တွေ့မြင်နေရရင် အဲဒီ ခံစားမှုသဘောရဲ့ မမြဲတဲ့ သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘော သိနေရတော့...

'ဩော်–ခံစားမှု ဝေဒနာကလဲ မမြဲပါလား၊ ဆင်းရဲပါလား၊ အလိုမပြည့်ဝပါလား၊ တသွင်သွင်နဲ့ တရစပ် ပျက်စီးနေတဲ့ တရားပါလား၊ ဘာမှ မက်မောစရာလဲ မရှိပါလား၊ သူ့အတွက် စိတ်ပျက်နေလဲ ဘာအကျိုးမှ မရှိပါလား'

လို့ အမြင်မှန် အသိမှန် ဖြစ်သွားရင် တဏှာ အပြီး ချုပ်သွား ပါတယ်။

'မြင်ရမှာက ဝေဒနာ ဖြစ်ချုပ်၊ ကုန်ရမှာက တဏှာ၊ တစ်နည်းပြောရရင် ဝေဒနာဖြစ်ချုပ်ကို မြင်ပြီး တဏှာ အပြီး ချုပ်ရပါမယ်၊ ဝေဒနာကတော့ တဏှာ အပြီးချုပ်သွားတဲ့ နောက်ပိုင်းလဲ ဖြစ်ချုပ် ဖြစ်ချုပ်နဲ့ ဆက်ပြီးတော့ ဖြစ်ချုပ် နေဦးမှာပါ၊ ဝေဒနာ မကုန်သေးပါ၊ ဒုက္ခဝေဒနာ မကုန်နိုင်ပါ'

**ဒဏ်ရပ် ရှုလျှင်။** ။'ရှုပုံချင်းက မတူပါ၊ ခံစားမှုရှုလျှင် ဝေဒနာထင်ရှားပြီး အဲဒီ ဝေဒနာရဲ့ အပျက်ကို တသွင်သွင် စီးဆင်းနေသည့်ရေပမာ မပြတ်တရစပ် ပျက်နေတာ မြင်တွေ့ ရမှာပါ၊ ဒဏ်ရပ်ရှုလျှင် ဘာတွေ့မလဲဆိုတော့ ဒဏ်က ရပ်မို့၊ ရပ်ရှုတော့ ရပ်ဖောက်ပြန်တာ တွေ့ရမှာပါ၊ ကဲ–ဆိုကြည့်ပါဦး။

၂၀။ **ဒဏ်ရပ်ရှုလျှင်၊ ဖောက်ပြန်မြင်၊ ထင်မြင် ရုပ်ပျက် သာ။**

'ရှုပွားအားထုတ်တဲ့ အခါမှာ အာရုံကွဲဖို့ အသိကွဲဖို့ အင် မတန် အရေးကြီးပါတယ်၊ ရပ်ရှုတယ်ဆိုရင် အာရုံဟာ ရုပ်ဖြစ် ရမှာပေါ့၊ ရုပ်အာရုံရှုရင် ရုပ်အာရုံရဲ့ သဘောကို သိမြင်လာရ မှာပေါ့၊ သူ့အာရုံနဲ့သူ သူ့သဘောဟာ အသီးသီးရှိပါတယ်။

'ရှုနေတာက ဒဏ်ရပ်၊ ရုပ်အာရုံပေါ့၊ အရှုခံထားတာ ဒဏ်ရပ်အာရုံပေါ့၊ ဒါပေမယ့် ယောဂီက ဒဏ်ရပ်လို့ မရှုဘဲ

အဲဒီဒဏ်ရပ်ကို ခံစားမှု ဝေဒနာလုပ်ပြီး ရှုတော့ အာရုံက ရုပ်၊ ရှုတာက ဝေဒနာဆိုတော့ အရှုခံအာရုံက လွဲနေပြီ မှားနေပြီ။

'ပြီးတော့ အဲဒီ ဒဏ်ရပ်ရဲ့ သဘောကို ပိုင်းခြားသိအောင် ရှုရမှာ၊ မရှုဘဲ ဒဏ်ရပ်ကို ဝေဒနာလုပ်ပြီး ကုန်အောင် ရှုပြန်တော့ မှားပြန်တယ်၊ အဲဒါက အရှုမှားပေါ့။

'ဒီဒဏ်ရပ်ဟာ သူ့အကြောင်းကြောင့် ဖြစ်ပေါ်လာတာပါ၊ သူ့အကြောင်းချုပ်လို့ အကျိုးဒဏ် ရုပ်ချုပ်သွားတာ၊ အဲဒါကို ငါရှုလို့ ချုပ်သွားတယ်၊ ကုန်သွားတယ်ဆိုတော့ မှားပြန်တယ်။

'ဒဏ်ရပ်ရဲ့ သဘာဝအရ ဖောက်ပြန်တာ မြင်နေရမယ်၊ အဲဒီ ဖောက်ပြန်မှုတွေ တစ်ပျက်တည်းပျက်နေတာ မြင်နေမယ်ဆိုရင် အမြင်မှန်ပါပြီ။

'အရေးကြီးဆုံးမှာ ရုပ်ရှုရင် ရုပ်ဖြစ်ပျက် မြင်ပြီး အမြင်မှန်ဖို့ပါပဲ၊ အဲဒီရုပ်ပေါ်မှာ ရုပ်ဖြစ်ပျက်မြင်ပြီး အမြင်မှန်လာရင် ဆက်ရှုရဦးမှာပါ၊ ကိစ္စမပြီးသေးပါ၊ ဆက်ရှုတော့ အဲဒီရုပ်ဖြစ်ပျက်ပေါ်မှာ အမြင်သန်လာတော့ ဉာဏ်ရင့်လာတော့ ရုပ်ပေါ်မှာ ငြီးငွေ့လာပါလိမ့်မယ်၊ ဆက်ရှုတော့ ငြီးငွေ့တဲ့ဉာဏ် အမြင်သန်လာပါလိမ့်မယ်၊ အမြင်သန်ပြီး ရင့်ကျက်လာတော့ အဲဒီရုပ်ပေါ်မှာ တပ်မက်မှု ကင်းပါလိမ့်မယ်။

'တပ်မက်မှု ကင်းတယ်ဆိုရင် တပ်မက်မှုကင်းမှန်း သိလာပါလိမ့်မယ်၊ ယောဂီတို့ ဒီရုပ်ကို ဘယ်လောက်ထိအောင် ရှုရမှာလဲဆိုရင် ယခုပြောသလို တပ်မက်မှု ကင်းသည့်တိုင်အောင် ရှုရမှာပါ၊ တပ်မက်မှုချုပ်သည့်တိုင်အောင် ရှုရမှာပါ။

**ရှုမနိုင်လျှင်။** ။'ရှုလို့ ပြောပေမယ့် ရှုနိုင်တာရှိသလို မရှုနိုင်တာလဲ ရှိပါတယ်၊ ဒဏ်ရပ်က သိပ်ပြင်းထန်နေတယ်၊ ယောဂီရဲ့ သတိ၊ ဝီရိယ၊ ပညာစွမ်းအားက နည်းနေတယ်ဆိုရင် ရှုလို့ မနိုင်ပါ၊ ကဲ...အဲဒီအကြောင်းသိရန် ဒီလင်္ကာကို ဆိုကြည့်ပါ။

၂၁။ **ဒဏ်ရာပြင်းထန်၊ ထိုးဖောက်ပြန်၊ ရှုရန်မနိုင်ပါ။**

'ဘုန်းကြီးတို့...ယခုမူလ ကမ္မဋ္ဌာန်းအနေနဲ့ ပေးထားတာက နှာခေါင်းမှာ တိုးသဘော ရပ်ကို တိုးတိုင်းတိုးတိုင်း 'ရပ်၊ ရပ်'လို့ ရှုဖို့ ပေးထားပါတယ်။

'အဲဒီ တိုးသဘောကို အဓိကထားပြီး ရှုဖို့ ပေးထားတော့ အထိုင်ကြာလို့ အောက်ပိုင်းခန္ဓာကိုယ်က ဒဏ်ရာသိပ်ပြင်းထန်ပြီး ရပ်တွေ တိုပြီး ဖောက်ပြန်လာတတ်ပါတယ်၊ အဲဒီလို တိုး ဖောက်ပြန်လာရင် အဲဒီဒဏ်ရာကို မရှုသေးဘဲနဲ့ သည်းခံနိုင်သမျှ သည်းခံပြီး မိမိရှုနေကျ တိုးသဘောရပ်ကိုပဲ 'ရပ်၊ ရပ်' ဟု ရှုနေပါ။

'အဲဒီလို ရှုနေသော်လဲ ဒဏ်ရာက သိပ်ပြင်းထန်လာတယ်၊ သည်းမခံနိုင်တော့ပါ၊ တိုးသဘောရပ်ကို မရှုနိုင်တော့ပါဆိုလျှင် ဒဏ်ရာ အပြင်းထန်ဆုံး နေရာကို အသိကပ်ပြီး 'ရပ်၊ ရပ်'ဟု ရှုရင်းပွားရင်းနဲ့ ဣရိယာပုတ်ပြင်ပါ ပြောင်းပါ။

'အဲဒီလို ပြင်ဆဲ ပြောင်းဆဲမှာ ဘယ်လို ပြင်းထန်တယ်၊ ပြင်ပြီး သွားတော့ ဘယ်လိုဆိုတာ သိအောင် မြင်အောင် သေသေချာချာ ရှုပွားပြီး ပြင်ပါ၊ ပြင်ပြီးတော့ မူလကမ္မဋ္ဌာန်း ဖြစ်တဲ့ ရှုနေကျ တိုးသဘောရပ်ကိုပဲ ပြန်ရှုပါ။

'ပြင်ပြောင်းသော်လဲ ဒဏ်ရာက ပျောက်ပျက် မသွားဘဲ ပြင်းထန်မြဲ ပြင်းထန်နေပါက အဲဒီဒဏ်ရာကိုပဲ 'ဘယ်ကနာလဲ၊ ဘာကြောင့်နာလဲ၊ ဘယ်လိုနာလဲ' စသည်ဖြင့် သိအောင် ငါနှင့် မဆိုင်၊ ငါပိုင်မဟုတ်တဲ့ အနေနဲ့ ရှုကြည့်ပါ။

'ယောဂီတို့…ဘုန်းကြီး ယခု ဟောနေတာ နာကျင် ကိုက်ခဲ တာတွေကို မရှုကောင်းဘူးလို့ ပြောနေတာ မဟုတ်ပါ၊ နာကျင် ကိုက်ခဲတာကို 'ရုပ်' လို့ ရှုပါ၊ ခံစားတာကို 'နာမ်'လို့ခွဲပြော နေတာကို အထူးသတိရှိပါ။

**ပြင်ရ, မပြင်ရဝါဒ။** ။'ဒီနေရာမှာ ဝါဒ နှစ်ဝါဒ ရှိနေ တာကို ပြောချင်ပါသေးတယ်၊ တရားအားထုတ်တဲ့အခါ ဣရိယာပုတ် ပြင်ရမယ်ဆိုတဲ့ ဝါဒနှင့် မပြင်ရဘူးဆိုတဲ့ ဝါဒရယ်လို့ နှစ်ဝါဒရှိနေပါတယ်။

'အဲဒီနှစ်ဝါဒမှာ ကမ္မဋ္ဌာန်း ဆရာကိုယ်တိုင် အားထုတ်မှု အဝါးမဝခြင်း၊ မကျွမ်းကျင်ခြင်းနှင့် စာပေပရိယတ် မပြည့် စုံခြင်း၊ အလုပ်နှင့်စာပေ မညီခြင်းကြောင့် အားထုတ်ခါစ ယောဂီတွေကို ဣရိယာပုတ် မပြင်ရဘူးလို့ တားမြစ်ပါတယ်၊ ကမ္မဋ္ဌာန်းဆရာ မကျွမ်းကျင်ရင် ယောဂီတွေ ဒုက္ခများစွာ ရောက် တတ်ပါတယ်၊ မိစ္ဆာအမှား ဖြစ်တတ်ပါတယ်။

'ဣရိယာပုတ် မပြင်ရဘူးဆိုတဲ့ ဝါဒက ဘယ်မှာ ပြထားတဲ့ ဝါဒလဲဆိုရင် ဟို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အာနာပါနကမ္မဋ္ဌာန်း အဖွင့်မှာ ပြထားပါတယ်။

'ဘာ့ကြောင့် မပြင်ရဘူးလို့ ပြထားလဲဆိုတော့ အကြောင်း ရှိပါတယ်၊ အဲဒီအကြောင်းက ဘာလဲ၊ အခု ဒီယောဂီတွေထဲမှာ အချို့ ယောဂီတွေက ဘုန်းကြီးကို တရားစစ်ချိန်မှာ မေးကြတယ်။

'တပည့်တော်တို့ တိုးသဘော ရုပ်ကို တိုးတိုင်း တိုးတိုင်း 'ရုပ်၊ ရုပ်' နဲ့ ရှုရင်း ပွားရင်း အဲဒီတိုးသဘော လေးဟာ မတိုးတော့ပါဘုရား၊ ရုပ်နေပါတယ်၊ ပျောက် နေပါတယ်ဘုရား၊ အဲဒါ ဘယ်လိုလုပ်ရပါ့မလဲ ဘုရား'

လို့ မေးကြပါတယ်၊ ဟုတ်ပါတယ်၊ ရှုပွားတာ အားကောင်း လာရင် အဲဒီ တိုးသဘောဟာ ရုပ်ကို ရုပ်ရပါတယ်၊ သူ့သဘော က ကြာလေ သိမ်မွေ့လေ နူးညံ့လေဖြစ်ပြီး နောက်ဆုံးကျတော့ ပျောက်သွား ရုပ်သွားပါတယ်၊ အဲဒီအချိန်မှာ ယောဂီပုဂ္ဂိုလ် တွေက လန့်ပြီး ကြောက်ပြီး ဣရိယာပုတ်ဖျက်ကာ ထသွား တတ်ပါတယ်၊ ယောဂီမှာ အဲဒီအချိန်မှာ ဒုက္ခဆင်းရဲ မတွေ့ရ ပြီမို့ ဣရိယာပုတ် မပြင်ပါနှင့်လို့ ဆိုထားပါတယ်၊ ကောင်း နေလို့ မပြင်ရဘူးလို့ ပြောတာပါ။

'ပြီးတော့ အဲဒီလို အသက်ရှုရပ် တိုးသဘောရပ် မရှိတဲ့ အချိန်မှာ ခန္ဓာကိုယ်လဲ ပျောက်နေတတ်ပါတယ်၊ ချမ်းသာနေ ပါတယ်၊ အဲဒီအချိန်မှာ ခန္ဓာကိုယ်ကို စမ်းမကြည့်ရ၊ ဣရိယာ ပုတ်ဖျက်ပြီး ထမသွားရလို့ ဆိုထားပါတယ်။

'အဲဒီလို အခြေအနေကိုရောက်အောင် အတော်အားထုတ်ရတာပါ၊ အဲဒီအခြေအနေမျိုးမှာ ယောဂီက ဆက်ပြီးတော့ အချိန်များစွာ အားထုတ်နိုင်ပါတယ်၊ ဣရိယာပုတ် ဖျက်ပြီး ထသွားရင် ကမ္မဋ္ဌာန်း အသစ်အသစ်ဖြစ်သွားပါတယ်။

'ဟုတ်ပါတယ်၊ အဲဒီလို အခြေအနေသို့ ပြန်ပြီးတော့ တော်တော်နဲ့ မရောက်တော့ပါ၊ ကဲ...ဒီမှာ ကြည့်ပါ၊ အဲဒီလို ယောဂီကို မပြင်ရဘူးဆိုတာက ဘာဖြစ်လို့ မပြင်ရတာလဲ၊ အားထုတ်ကောင်းနေလို့ ရှုပွားကောင်းနေလို့ မပြင်ရတာပါ။

'အဲဒီလို ယောဂီမျိုးက ဆက်ပြီးတော့ ရှုပွားအားထုတ်မယ်ဆိုရင် ရတယ်၊ တစ်နာရီ နှစ်နာရီ ဆက်ပြီးတော့ ရှုနိုင်တယ်၊ အသက်ရှူလဲ ရပ်နေတယ်၊ ကိုယ်လဲ ပျောက်နေတယ်၊ ချမ်းသာနေတယ်။

'အဲဒီလို အချိန်အခါမျိုးမှာ ရှုပွားမှုသတိလွတ်ပြီး အတ္တဒိဋ္ဌိဝင်ကာ...

'ငါ ကိုယ်ပျောက်သွားပြီး ဘယ်ရောက်သွားလဲ မသိလို့ ကြောက်လန့်ပြီး ကိုယ်စမ်းကြည့်၊ အသက်ကို တအားရှူပြီး ထသွားတတ်ပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုး ဣရိယာပုတ်မပြင်ပါနဲ့၊ မပြောင်းပါနဲ့။

'အဲဒီလို ပုဂ္ဂိုလ်မျိုး ဣရိယာပုတ်ပြင်ရင် ကမ္မဋ္ဌာန်းအသစ်အသစ် ဖြစ်သွားပါတယ်။

စတုတ္ထအကြိမ်

'မကျွမ်းကျင်တဲ့ ကမ္မဋ္ဌာန်းဆရာဟာ မပြင်နဲ့၊ ကမ္မဋ္ဌာန်း အသစ်အသစ် ဖြစ်သွားရောဆိုတဲ့ အဲဒီစကားကိုသာစွဲပြီး အားထုတ်ခါစ ယောဂီတွေကို မပြင်နဲ့လို့ တားမြစ်တော့ ဒုက္ခအကြီးအကျယ် ရောက်ကြပါတယ်။

'ဟုတ်တယ်လေ၊ ယခုမှ အားထုတ်ခါစ ယောဂီတွေမှာ ကမ္မဋ္ဌာန်းအာရုံမှာ စိတ်က မတည်သေးပါ၊ ပြီးတော့ ရုပ်ရယ် ဝေဒနာရယ် စိတ်ရယ် မကွဲသေးပါ၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ၊ ခေါင်းကိုယ် ခြေလက်ဆိုတဲ့ ပညတ်သိက မကွာသေးပါ၊ အဲဒီယောဂီတွေကို မပြင်နဲ့ဆိုတော့ သိပ်ပြီးတော့ ဒုက္ခရောက်ပါတယ်။

'ဟို...သီလက္ခန်အဋ္ဌကထာမှာ ဘယ်လိုဆိုထားလဲဆိုတော့ လက်တွေ ခြေတွေကို အကြာကြီးကွေးထားမယ်၊ အထိုင်ကြာရင် အကြာကြီးကွေးထားတာပေါ့၊ နောက် အကြာကြီး ဆန့်ထားမယ်၊ စကြံအကြာကြီးလျှောက်မယ်၊ အကြာကြီးလျှောင်းမယ်၊ အကြာကြီး မတ်တတ်ရပ်မယ်ဆိုရင် အကြာကြီးဆန့်ထားတာ ခေါ်တာပေါ့။

'အဲဒီလို အကြာကြီးကွေးထားမယ်၊ အကြာကြီး ဆန့်ထားမယ်ဆိုရင် ခဏတိုင်း ခဏတိုင်း ဒုက္ခဝေဒနာတွေ ဖြစ်လိမ့်မယ်၊ အဲဒါ သေချာပေါက်ပါ။

'ကြာကြာကွေးထားမယ်၊ ကြာကြာ ဆန့်ထားမယ်ဆိုရင် ဣရိယာပုတ် တစ်ခုတည်း အကြာကြီး အသုံးပြုမယ်ဆိုရင်

ပြင်းထန်တဲ့ ဒဏ်နာ ဒုက္ခဝေဒနာ ဖြစ်ကို ဖြစ်မှာပါ၊ အဲဒါဟာ ထုံးစံ ဓမ္မတာသဘောပါပဲ။

'အဲဒီလို ပြင်းထန်တဲ့ ဒဏ်၊ ဒုက္ခဝေဒနာ ဖြစ်နေပြီဆိုရင် မိမိရှုနေတဲ့ တိုးသဘောရုပ်ကို ရှုလိုက် သိလိုက်၊ နာကျင်ကိုက်ခဲတဲ့ ဒဏ်တွေ၊ ဒုက္ခတွေ သိလိုက်နဲ့ စိတ်အာရုံနှစ်မျိုး ဖြစ်နေတတ်ပါတယ်။

'အဲဒီလို စိတ်အာရုံ ၂-မျိုး ဖြစ်နေတယ်ဆိုကတည်းက မိမိရှုနေကျ မူလကမ္မဋ္ဌာန်း တိုးသဘောရုပ် ရှုမှုက ပျက်နေပါပြီ၊ အဲဒီလို ဒုက္ခပြင်းထန်စွာ ဖြစ်နေရင် တည်ကြည်မှု သမာဓိ မရတော့ပါ။

'တည်ကြည်မှု သမာဓိမရတော့ တိုးတိုင်းတိုးတိုင်း 'ရုပ်၊ ရုပ်' လို့ ရှုပွားနေတဲ့ ကမ္မဋ္ဌာန်းတရားလဲ မတိုးပွားလာတော့ပါ၊ တရားအထူးလဲ မရတော့ပါ၊ ကဲ...ဣရိယာပုတ်ကို ဒုက္ခဝေဒနာ ပြင်းထန်စွာ ဖြစ်နေတဲ့အချိန်မှာ ပြင်ချိန်တန်ပါလျက်သားနဲ့ မပြင်ပါက...

၁။ ဒုက္ခဝေဒနာ ပြင်းထန်စွာဖြစ်ခြင်း၊

၂။ တည်ကြည်မှု သမာဓိ မရခြင်း၊

၃။ ရှုနေတဲ့ မူလကမ္မဋ္ဌာန်း ပျက်ခြင်း၊

၄။ တရားအထူး မရခြင်း...

ဆိုတဲ့ အပြစ် ၄-ချက် ဖြစ်ပါတယ်လို့ သီလက္ခန်အဋ္ဌကထာမှာ သေချာစွာ ဆိုထားပါတယ်။ အဲဒီ အချက်ကို ကမ္မဋ္ဌာန်းဆရာ အတော်များများ သတိမထားကြပါ။

'အားထုတ်ခါစ ယောဂီပုဂ္ဂိုလ်တွေမှာ ဣရိယာပုတ် ပြင်ချင်တဲ့အခါ ပြင်ချိန်တန်ပါလျက်ကနဲ့ ပြင်မပေးရင် အပြစ် ၄-ချက် ဖြစ်ပါတယ်။

'ပြောင်းသင့် ပြင်သင့်တဲ့ အချိန်မှာ ပြင်ပေးမယ် ဆိုရင်၊ အကွေးကြာတဲ့ ယောဂီက ဆန့်ပေးမယ်ဆိုရင်၊ အဆန့်ကြာတဲ့ ယောဂီက ကွေးပေးမယ်ဆိုရင် ဣရိယာပုတ် ပြောင်းတယ် ပြင်တယ် ခေါ်ပါတယ်။

'အဲဒီလို ဣရိယာပုတ် ပြောင်းပေးလိုက်မယ် ပြင်ပေးလိုက်မယ် ဆိုရင် ဒုက္ခဝေဒနာ ပြင်းထန်စွာ မဖြစ်တော့ပါ။

'ယောဂီ တော်တော်များများက ပြောပါတယ်၊ တပည့်တော်တို့ ဣရိယာပုတ် ပြင်ပြောင်းပြီး ရှုပွား အားထုတ်လို့ရှိရင် အားထုတ်မှု မပျက်ဘဲ တစ်ချိန်လုံး အားထုတ်လို့ ရှုပွားလို့ ကောင်းပါတယ်ဘုရား။

'ဣရိယာပုတ် မပြင်ဘဲနဲ့ ပေတေပြီး ရှုပွားအားထုတ်နေရင် နောက်ပိုင်းမှာ ရှုပွားအားထုတ်လို့ မရတော့ပါ ဘုရား၊ အဲဒီ ဒုက္ခဆီပဲ စိတ်က ရောက်နေပါတယ် ဘုရားတဲ့။

'ဟုတ်ပါတယ်၊ သီလက္ခန် အဋ္ဌကထာကလဲ ဣရိယာပုတ် ပြင်သင့်တဲ့အချိန်မှာ ပြင်လိုက်လို့ရှိရင် ဒုက္ခဝေဒနာ ပြင်းထန်စွာ မဖြစ်တော့ပါ။

'ဒုက္ခဝေဒနာ ပြင်းထန်စွာ မဖြစ်တဲ့အတွက် အရှုခံအာရုံမှာ တည်ကြည်မှု သမာဓိ ရပါတယ်၊ တည်ကြည်မှု သမာဓိ ရတဲ့

အတွက် မိမိရှုနေတဲ့ မူလ ကမ္မဋ္ဌာန်းတရား ပျက်မသွားပါ၊ ကမ္မဋ္ဌာန်းတရား ပျက်မသွားတဲ့အတွက် တရားအထူး ရပါတယ်လို့ ပြထားပါတယ်။

**အကုသိုလ်ဖြစ်။** ။'အချုပ်ကို ပြန်ပြောပြရရင် ရှုမှား အားထုတ်ခါစ ယောဂီဟာ ဣရိယာပုတ် ပြင်ချင်လျှင် သတိထား ရှုမှားပြီး ပြင်ပါ၊ ပြင်ချင်လျက်နဲ့ မပြင်ရင် တရားမရနိုင်ပါ၊ ပြင်ပြီးလျှင် ရှုနေကျ မူလကမ္မဋ္ဌာန်းဖြစ်တဲ့ တိုးသဘောကို ပြင်ရှုပါ။

'အားထုတ်ခါစ ယောဂီ အနေနဲ့ ပြင်ချင်ပါလျက်ကနဲ့ မပြင်ဘဲ အားထုတ်လို့ရှိရင် ဒဏ်ရာက သိပ်ပြင်းထန်လာရင် 'ဒဏ်ရာပြင်းထန် တိုးဖောက်ပြန် ရှုရန်မနိုင်ပါ' ဆိုသလို ဒဏ်ရာ ပြင်းထန်ပြီး တိုးဖောက်ပြန်လာရင် မနိုင်ဘဲနဲ့ ပက်လက်လန်လဲ မှောက်လျက်လဲပြီး မေ့မြောမောပြီး သတိလစ်တတ်ပါတယ်။

'ဥပမာ ဘာနဲ့တူသလဲဆိုရင် သစ်ပင်ပေါ်က လိမ့်ကျတဲ့ လူဟာ အောက်ရောက်တော့ မေ့မြောနေသလိုပါပဲ၊ သတိမရ တော့ပါ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက ဖေးကူမတွဲပြီး ဆေးရုံ တင် ဆေးကုလို့ အတော်ကြာ သတိရကာမှ 'ငါ ဘယ်ရောက် နေပါလိမ့်' လို့ အသိဝင်လာပါတယ်။

'ကဲ...ဒီကနေ့ အချိန်စေ့သွားပြီ၊ မနက်ဖြန်ကျမှ ကျန်တဲ့ အပိုင်းကို ဆက်ဟောကြစို့၊ ယခု ယောဂီတို့ ဝေဒနာနှင့် ပတ်သက်ပြီး ရှုပုံရှုနည်း အယူအဆကို ကျမ်းဂန်နှင့်အညီ ရှင်းပြ လို့ သိသင့်သလောက် သိပြီးသွားပြီ။

'အဲဒီ ဟောထားတဲ့ အတိုင်း ရှုပွားနိုင်ပြီးလျှင် မိမိတို့ လိုအပ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို မိမိတို့ ရှုပွားတဲ့ ကမ္မဋ္ဌာန်း လမ်းစဉ်မှန်ဖြင့် ရနိုင် ရောက်နိုင်ကြပါစေ ကုန်သော် လို့ ဆုတောင်းရင်း နိဂုံးချုပ်ကြပါစို့။

'ယောဂီတို့ ဝေဒနာနှင့်ပတ်သက်၍ အမြင်ရှင်းပြီး ဝေဒနာ ကို မှန်ကန်စွာ ရှုပွားနိုင်သဖြင့် မိမိတို့ လိုအပ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်ကို မိမိတို့ ပန်ဆင်ထားတဲ့ ဆုထူးမြတ်နှင့် တကွ လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင် ကြပါစေကုန် သတည်း'

'သာဓု...သာဓု...သာဓု'

●

# ဝေဒနာရှုပွားနည်း တရားတော်

## (တတိယပိုင်း)

**တရားအမည်။**　　။'သာသနာတော် နှစ် ၂၅၂၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့ နေ့လယ်တွင် မွန်ပြည်နယ် မုဒုံမြို့ သာသနာနုဂ္ဂဟ ပဋ္ဌာန်းအဖွဲ့မှ ကြီးမှူးကျင်းပအပ်သော (၄) ကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ၁၀ ရက်စခန်း တရားအလုပ် ပေးပွဲ၌ ဟောကြားအပ်သော သံယုတ္တနိကာယ် ဝေဒနာ သံယုတ်လာ 'ဝေဒနာ ရှုပွားနည်း တရားတော် တတိယပိုင်း' လို့ တရားတော် အမည်ကို ဒီလိုပေးလိုက်ပါ။

စတုတ္ထအကြိမ်

'ဝေဒနာကို **ယောဂီတွေ** ရာနှုန်းပြည့် ရှုကြပါတယ်၊ ဒါပေမယ့် ဝေဒနာ**နဲ့** ပတ်သက်လို့ မသိကြပါ၊ အဲဒါကြောင့် ဘုန်းကြီးက ဝေဒနာနဲ့ ပတ်သက်ပြီး နားလည် စေချင်လို့ ဟောပေးတာ ယနေ့ဆိုရင် ၃ ရက်မြောက် ဖြစ်ပါတယ်၊ ဒီနေ့ အပြီးသတ် ဟောပါမယ်၊ အပြီးသတ် ဆိုတာက ရှုပွားတတ်ရုံ အပြီးသတ်ပါ၊ ဝေဒနာနဲ့ ပတ်သက်တဲ့ တရားတော်တွေ ကတော့ အများကြီးရှိပါသေးတယ်၊ အဲဒီ တရားတော်တွေကို တော့ နောက်အဆင်သင့်မှ ဟောကြ နာကြရတာပေါ့။

**မနိုင်ဒဏ်ရှု။** ။'မနေ့က အဆက်ပဲ ဆက်ဟောရမှာ ဆိုတော့ မနေ့က အပြင်းအထန် ရှုပွားအားထုတ်ရင်း လဲကျ သွားတဲ့ ယောဂီဟာ သူများတွေထက် ဘာထူးသေးလဲ၊ သူများ တွေထက် ဘာမှ မထူးပါဘူး၊ သစ်ပင်ပေါ်က ကျတာနဲ့ ဘာမှ မထူးပါ။

'သစ်ပင်ပေါ်က လိမ့်ကျသူဟာ သတိလစ်သွား မေ့သွား သလိုပဲ၊ မနိုင်တဲ့ဒဏ် ဒုက္ခကို အောင့်ပြီး ချုပ်ပြီး အပြတ်ရှုတဲ့ ယောဂီလဲ လဲကျပြီး သတိလစ်ကာ မေ့သွားတတ်ပါတယ်၊ အဲဒီလို အပြင်းအထန် ရှုကာ ကိုယ့်ဒုက္ခတော့ ကိုယ်မရှာပါနဲ့၊ ကဲ...ဆိုကြည့်ပါဦး။

## ၂၂။ **မနိုင်ဒဏ်ရှု၊ ညည်းတွားပြု၊ အကုဖြစ်တော့တာ။**

'အထိုင်ကြာလို့ နာကျင် ကိုက်ခဲမှုကို 'ဒဏ်' လို့ ခေါ်ပါ တယ်၊ အဲဒီ**ဒဏ်ဟာ ကြီး**လာလျှင် ရှုလို့မနိုင်ပါ၊ အဲဒီ မနိုင်တဲ့

ဒဏ်ကို တရားပြဆရာက ယောဂီပုဂ္ဂိုလ်ကို ရှုပွားခိုင်းတတ်ပါတယ်၊ ရှုပွား ခိုင်းတော့လဲ ကုန်အောင် ရှုပွား ခိုင်းတတ်ပါတယ်။

'အဲဒီလို ကုန်အောင် ရှုပွားခိုင်းတော့ ယောဂီ ပုဂ္ဂိုလ်က မိမိ မနိုင်တဲ့ နာကျင်ကိုက်ခဲမှုဒဏ်ကို မရှုချင်ပေမယ့် မဲ့ရွဲ့ရှုံ့တွပြီး ရှုပွားနေတတ်ပါတယ်။

'ရှုပွားခိုင်းတဲ့ ဆရာက ပလ္လင်ပေါ်မှာရှိနေလို့ ရှုခိုင်းနေလို့သာ ရှုရပေမယ့်၊ ကြောက်လို့သာ ရှုနေရပေမယ့် သူ မရှုနိုင်တာ အမှန်ပါ၊ ဣရိယာပုတ် ပြင်ချင်တယ်၊ ကြောက်လို့သာ မပြင်ရဲကြတာ။

'ဘုန်းကြီးက...ယခု ယောဂီတွေကို ကြိုက်သလိုပြင်နိုင်တယ်၊ ပြင်ပြီး ရှုပါဆိုတာတောင် တချို့ ယောဂီတွေက မျက်စိပေကလပ် ပေကလပ်နဲ့ အသာချောင်းကြည့်သေးတယ်၊ ဘုန်းကြီးရှိနေလား မရှိလားလို့။

'အဲဒီလိုဆိုတော့ ယောဂီ ပြင်ချင်တယ်ဆိုတာ သေချာတယ်၊ ပြင်လဲပြင်ချင်တယ်၊ ဆရာသမားလဲ ကြောက်တယ်၊ ဘုန်းကြီးက ဘာပြောမလဲ ကြောက်နေရတယ်၊ ကြောက်တော့ ချောင်းကြည့်ပြီး တိတ်တိတ်ပြင်တတ်ပါတယ်။

**အလစ်သမားဖြစ်မှာစိုး။** ။'ဘုန်းကြီးက အဲဒီအကြောင်းကို ဟောခဲ့ဖူးပါတယ်၊ ညဘက် အဲဒီအကြောင်းဟောပြီး နံနက်

ဘက်ကျတော့ ဒကာမကြီးတစ်ယောက် ကိုယ်တိုင် လာရောက် လျှောက်ဖူးပါတယ်၊ ဘုန်းကြီးက တရားအားထုတ်တဲ့အခါမှာ သည်းမခံနိုင်က ဣရိယာပုတ်ပြင်ကောင်းပါတယ်ဆိုတော့ အဲဒီ ဒကာမကြီးက...

> 'အရှင်ဘုရား ညက ဟောတာ သိပ်မှန်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အားထုတ်တဲ့ အခါ နာကျင် ကိုက်ခဲမှုကို သည်းမခံနိုင်လို့ ပြင်ဆင်က နောက်ပိုင်း မှာ တရားတက်သွားပါတယ်၊ တပည့်တော် အား ထုတ်စဉ် အခါက ဣရိယာပုတ် မပြင်ရ၊ မပြောင်းရ ဆိုတဲ့ဌာနမှာ အားထုတ်ပါတယ်၊ ဘုန်းကြီးကလဲ ကြည့်ကြည့်နေတော့ တပည့်တော် တိတ်တိတ် ပြင်ရ ပါတယ်ဘုရား၊ ပြင်တော့လဲ ဟုတ်သွားတာပဲ ဘုရား၊ တည့်သွားတာပဲ ဘုရား'တဲ့။

'အဲဒီလို လျှောက်တယ်၊ ဘုန်းကြီးက အဲဒီလို တိတ်တိတ် ပြင်တော့ ယောဂီ အလစ်သမားဖြစ်မှာစိုးလို့ စောစောက ပြင် ခိုင်းထားတယ်၊ ကြိုက်သလိုပြင်လို့ ခွင့်ပေးထားတယ်။

'အဲဒီလို ပြင်ခွင့်မပေးထားရင် နာမည်နဲ့ အလုပ်နဲ့ ကိုက်ညီ မှာ မဟုတ်ပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ 'ယောဂီနွယ်ဝင် အို သူတော်စင် အပေါင်းတို့' လို့ ခဏခဏခေါ်၊ ခဏခဏ နှိုးဆော် နေတယ်၊ ဒီမှာက အလစ်သမား ဖြစ်နေတယ်၊ ဟုတ်တယ်လေ၊ တိတ်တိတ်ပြင်တယ်ဆိုတော့ အလစ်သမား ဖြစ်မနေလား'

'ဖြစ်နေပါတယ်ဘုရား'

'ရိုးရိုးသားသားလုပ်နော်၊ ယောဂီဆိုတာ ရိုးသားမှ တရားရမှာ၊ မရိုးသားရင် တရားမရပါ'

**ယောဂီအင်္ဂါ ၅-ပါး။** ။'ယောဂီတို့ တရားရခြင်း၊ မဂ်ရခြင်းရဲ့ အင်္ဂါ ၅-ပါးရှိတယ်၊ ယောဂီပုဂ္ဂိုလ်ရဲ့ အင်္ဂါလို့လဲ ဆိုနိုင်တယ်၊ အဲဒီအင်္ဂါတွေ ယောဂီတို့ သိသင့်တယ်၊ ဆိုကြည့်စမ်းပါ။

'ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာနှင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း'တဲ့။

'ယောဂီတို့ ယခု တရားအားထုတ်နေတာ ဘာလိုချင်လို့လဲဆိုရင် မဂ်လိုချင်လို့ပါ၊ အဲဒီ မဂ်ရဖို့က အကြောင်းအင်္ဂါ ဘယ်နှပါးရှိလဲဆိုတော့ ငါးပါးရှိပါတယ်၊ အဲဒီ အင်္ဂါ-၅ပါး ပြည့်ရင် မဂ်ရမှာပါ။

'အဲဒီ ငါးပါးက ဘာတွေလဲဆိုတော့ ဘုရားရှင်ရဲ့ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့ကို ယုံကြည်ခြင်း၊ ဘုရားဟောကြား ဒီတရားတွေကို ယုံကြည်ခြင်းကို ယုံကြည်လို့ ခေါ်တယ်။

'ကျန်းမာဆိုတာက တရားကို အားထုတ်နိုင်လောက်အောင် ကျန်းမာရေးနှင့် ပြည့်စုံရပါမယ်၊ တချို့က မကျန်းမာပေမယ့်

ကျန်းမာတဲ့ လူထက်တောင် အားထုတ်နိုင်ပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကျတော့ ကျန်းမာတယ်လို့ပဲဆိုရပါမယ်။

'တချို့ကျတော့ ကျန်းမာပေမယ့် 'ငါ မကျန်းမာဘူး၊ ငါ မမာဘူး'ဆိုပြီး ညည်းညူနေကြတယ်၊ အဲဒီ ပုဂ္ဂိုလ်မျိုးကျတော့ မကျန်းမာဘူးလို့ဘဲ ခေါ်ရပါမယ်၊ ဒါကြောင့် ကျန်းမာမှုရှိရ ပါမယ်။

'စိတ်ဖြောင့်စွာနှင့် ဆိုတာက ယောဂီဟာ ရိုးသားမှု ရှိရ မယ်၊ ယောဂီ အလစ်သမားမဖြစ်ရအောင် စိတ်ဖြောင့်ရမယ်၊ တရားစစ်တဲ့အခါမှာ ယောဂီက ကိုယ်မသိဘဲ ကိုယ့်မှာ မဖြစ် ဘဲနဲ့ သိတယ်၊ ဖြစ်တယ်လို့ မပြောရပါ၊ ဘုန်းကြီးကမေးရင် သိသလောက်ပဲ ပြောရမယ်၊ အပိုလဲ မပြောရပါ၊ မကြွားမဝါ ရပါ။

'တချို့က တရားစစ်တဲ့အခါ တစ်ရက်လဲမထူး၊ နှစ်ရက်လဲ မထူး ဆိုတော့ တရားစစ်တဲ့ ဘုန်းကြီးရှေ့မှာ မျက်နှာပူတယ်၊ အဲဒီတော့ ဘေးက ယောဂီတွေကို 'မင်းတို့ ဘာတွေ ပြောသလဲ၊ နင်တို့ ဘာတွေ ပြောသလဲ' လို့ မေးတယ်၊ အဲဒီလို မေးတော့ ဟိုက 'ငါ ဒီလိုပြောတယ်၊ နင်လဲ ဒီလိုပဲပြော'လို့ ပြောတော့ တရားစစ်တဲ့အခါ သူက လိမ်ညာပြောတယ်၊ အဲဒီလိုယောဂီတွေ အများကြီးရှိတယ်။

'ဘယ်လိုအခြေအနေမှ တရားကောင်းတယ်လို့ သတ်မှတ် ထားတဲ့နေရာမှာ အဲဒီလို ပုံတူကူးချ ပြောဆိုတာတွေ များစွာ ရှိပါတယ်၊ ဘုန်းကြီးတို့ လက်တွေ့ပါပဲ။

'အဲဒီလို ဘေးက ယောဂီတွေ**ဆီမှာ မေး**ပြီး ဘေးက ယောဂီက သင်ပေးတယ်၊ **'နင် ဘယ်လိုပြောလိုက်'** ဆိုတဲ့အတိုင်း ပြောတယ်၊ **သူ**ကလဲ ရဲရဲတင်းတင်းပဲ**ပြောတယ်**၊ တည့်နေတာပဲ၊ အဲဒါနဲ့ပဲ **တရားဌာန**က ထွက်လာတယ်၊ တရားရလာပြီပေါ့။

**'အဲဒါမျိုးကို** မရိုးသားဘူးလို့ ခေါ်တယ်၊ အဲဒီလို မရိုးသားတဲ့ ယောဂီဟာ ဘယ်လိုမှ တရားမရနိုင်ပါ၊ လောကီမှာကတော့ အဲဒီလို ပုံတူကူးချလိုက်လို့ စာမေးပွဲတွေ ဘာ**တွေ** အောင်လို့ အောင်လက်မှတ်တွေ ရသွားရင် အလုပ်လုပ်လို့ ဖြစ်တယ်။

'အခု ဒီတရားအားထုတ်တဲ့ ကိစ္စမှာ ပုံတူကူးချပြီး တရား အောင်လက်မှတ် ယူမလား၊ မယူနဲ့၊ အဲဒီ အောင်လက်မှတ်က အပါယ်ချမယ့် အောင်လက်မှတ်ပါ၊ အဲဒါမျိုးတော့ မလုပ်ပါနဲ့။

'ဒါကြောင့် ဘုန်းကြီးတို့ တရားစစ်တဲ့အခါမှာ စိတ်ရှည်ရှည်နဲ့ မေး ပြော၊ စစ်တာဟာ တခြားကြောင့် မဟုတ်ပါ၊ အဲဒီလို ပုံတူကူးချ မရိုးသားမှုတွေ ပါမှာ စိုးလို့ပါ။

'လွန်စွာ အားထုတ်ဆိုတာက အကုသိုလ် တရား တွေကို ပယ်ခြင်းငှာ၊ ကုသိုလ် တရားတွေကို ပြည့်စုံစေခြင်းငှာ လုံ့လဝီရိယ ရှိရမယ်၊ ကုသိုလ် တရားတွေအပေါ် ဝန်ချမထားရပါ။

'ရှင်းရှင်းပြောရရင် တရားအားထုတ်တဲ့ ယောဂီဟာ ဣရိယာပုတ် ၄-ပါးလုံးမှာ အကုသိုလ် မဖြစ်စေရပါ၊ ကုသိုလ် အမြဲဖြစ်နေမှ ဝီရိယရှိတယ်လို့ ခေါ်ပါတယ်၊ အကုသိုလ် ဝင်ရင် အဝင်ခံရင် ပျင်းတဲ့ယောဂီပဲ။

'ယောဂီတွေ အားထုတ်တဲ့အခါ အထိုင် ဣရိယာပုတ်နဲ့ အချိန်များစွာ အားထုတ်ပြီး အထိုင်ကလဲ ထ,သွားရော စကား ပြောမယ်၊ အိပ်နေမယ်၊ ရှုမှားမှု သတိလွတ်နေရင် ပျင်းတဲ့ ယောဂီပါပဲ။

'အဲဒါကြောင့် ဝီရိယဆိုတာ ဣရိယာပုတ်တိုင်းမှာ ကိလေသာ အဝင်မခံပါမှ ဝီရိယရှိတဲ့ ယောဂီ ဖြစ်ပါတယ်၊ ထိုင်ရာ မထတစ်ကြိမ်လောက် အားထုတ်ပြီး ကျန်တဲ့ချိန်မှာ လွှတ်ထားတာမျိုးကို မခေါ်ပါ။

'နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်ဆိုတာက နာမ်နှင့်ရုပ်ရဲ့ အဖြစ်အပျက်ကို မြင်နိုင်တဲ့ ဉာဏ်ပညာ ရှိရပါမယ်၊ ဘီအေ ပညာ၊ ဘီအီးဒီပညာမျိုး၊ ဓမ္မာစရိယ ပညာမျိုးကို မခေါ်ပါ။

'ဝိပဿနာရဲ့ အာရုံက ရုပ်နာမ်ဆိုတော့ ရုပ်ရှုရင် ရုပ်ဖြစ် ပျက်ကို မြင်ရပါတယ်၊ နာမ်ရှုရင် နာမ်ဖြစ်ပျက်ကို မြင်ရပါ မယ်၊ အဲဒီလို ရုပ်နာမ်ဖြစ်ပျက်ကို မြင်နိုင်တဲ့ ဉာဏ်ပညာမျိုးကို ဒီနေရာမှာ လိုအပ်ပါတယ်၊ အဲဒီအင်္ဂါငါးပါးနှင့် ပြည့်စုံရင် ဒီဘဝမှာ မဂ်ရပါမယ်၊ ဒကာငွေကိုင်ကြီး မဂ်ရဖို့ အရေးကြီး လား၊ အင်္ဂါငါးပါးနဲ့ပြည့်စုံဖို့က အရေးကြီးလား။

'အင်္ဂါငါးပါး ပြည့်စုံဖို့ အရေးကြီးပါတယ် ဘုရား'

'အင်္ဂါငါးပါးပြည့်ဖို့ အရေးကြီးတယ်နော်၊ အင်္ဂါငါးပါး ပြည့်ရင် မဂ်ရဖို့ သေချာပြီနော်၊ အဲဒီ အင်္ဂါငါးပါး မပြည့်ရင်တော့ မဂ်မရပါ၊ ဟုတ်ပြီလား။

**အချုပ်ပြောရလျှင်။** ။'အဲဒီ အင်္ဂါငါးပါးကို အချုပ် ပြန်ပြောလျှင် ဘုရားအပေါ်မှာ၊ မိမိအားထုတ်တဲ့ တရားပေါ်မှာ ယုံကြည်မှု သဒ္ဓါတရား အားကောင်းမှုဟာ ယောဂီရဲ့ တာဝန် ပါ၊ သဒ္ဓါတရား အားကောင်းအောင် ဗုဒ္ဓါနုဿတိဘာဝနာ ပွားပေးပါ။

'ကျန်းမာ ဆိုတာက တရားအားထုတ် နိုင်လောက်တဲ့ ကျန်းမာမှုကို ခေါ်ပါတယ်၊ အချို့ မကျန်းမာလှပါ၊ တရား အပေါ်မှာ ယုံကြည်သဒ္ဓါတရား အားကောင်းစွာနဲ့ အားထုတ် လိုက်တော့ ကျန်းမာသွားတာ တွေ့ရပါတယ်၊ များစွာ တွေ့ရ ပါတယ်။

'စိတ်ဖြောင့်ရမယ်၊ ရိုးသားရမယ်၊ မကောက်ကျစ် ရပါ၊ အဲဒီ အင်္ဂါကိုတော့ ဘုန်းကြီးတို့ မတတ်နိုင်ပါ၊ ယောဂီကိုယ်တိုင် ရိုးသားမှုကို မွေးယူပါ။

'ယောဂီဟာ ဝီရိယ ရှိရမယ်၊ တရားအားထုတ်ဖို့ နှိုးဆော် လိုက်တဲ့အခါ ယောဂီတွေ ကတ်တတ် ကတ်တတ် လုပ်မနေရ ပါ၊ 'ငါအလျင်၊ ငါအလျင်' ဆိုပြီး တက်ကြွစွာ သတိနှင့်သွားကာ ရှုပွားအားထုတ်ရပါမယ်။

'ဖြစ်ချုပ်ဉာဏ်မြင် ဆိုတာက နာမ်ရုပ်ရဲ့ အဖြစ်အပျက်ကို သိမြင်နိုင်စွမ်းရှိတဲ့ ပညာကို ခေါ်ပါတယ်၊ အဲဒီ ပညာဟာ လုပ်ယူလို့ မရနိုင်ပါ၊ ပဋိသန္ဓေပါ ပညာပါ၊ မွေးရာပါ ပညာပါ၊ အတိတ်က ပြုခဲ့တဲ့ တိဟိတ် ကုသိုလ်ကံကြောင့် ဖြစ်တဲ့ တိဟိတ် ပဋိသန္ဓေပညာပါ။

**ဒဏ်ရာရှလျှင်။** ။'ဣရိယာပုတ် ပြင်တာ ပြောင်းတာနဲ့ ပတ်သက်ပြီး ပြောရာမှ မဂ်ရကြောင်း အင်္ဂါ ပါး ရောက်သွားတယ်၊ 'မနိုင်ဒဏ်ရှ၊ ညည်းတွားပြု၊ အကုဖြစ်တော့တာ' အဲဒီဒဏ်မှ ဆက်သွားတာ၊ အခု ဆက်ပြီးတော့ ပြောရအောင် ဆိုကြည့်ပါဦး။

၂၃။ **မနိုင်ဒဏ်ရှလျှင်၊ဒေါမနဿဝင်၊ဉာဏ်ယှဉ်မကပ်ပါ။**

'နာကျင်ကိုက်ခဲမှု မနိုင်ဒဏ်ရာရှလျှင် ဘာဝင်လာမလဲ၊ ဒေါမနဿ ဒေါသလာမယ်၊ ဖောက်ပြန်မှု ပြင်းထန်ပါတယ်၊ ဖောက်ပြန်မှု ပြင်းထန်တော့ စိတ်မချမ်းသာမှု ဒေါမနဿ ဝင်လာပါတယ်။

'ဒဏ်ဆိုတာက ကာယိက ဒုက္ခပါ၊ အဲဒီ ကာယိကဒုက္ခဆိုတဲ့ မိမိရဲ့ ဒဏ်နာပေါ်မှာရှတော့ မနိုင်ရင် ဘာဝင်လာမလဲဆိုတော့ ဒေါမနဿ ဒေါသ ဝင်လာပါတယ်၊ ဒီနေရာမှာ ဘုရားရှင်က ရဟန်းတော်တွေကို မေးတဲ့ အမေးအဖြေ တစ်သုတ်ကို သာဓက ပြုရအောင်။

'ရဟန်းတော်များ အို…ချစ်သားတို့၊ အန္ဓပုထုဇဉ်မှာလဲ ဒုက္ခဝေဒနာဖြစ်တယ်၊ ကလျာဏ ပုထုဇဉ်မှာလဲ ဒုက္ခဝေဒနာ ဖြစ်တယ်၊ ဒုက္ခဝေဒနာ ဖြစ်ချင်းအတူတူ ဘယ်လိုထူးသလဲ'

လို့ မေးပါတယ်၊ အဲဒီလိုမေးတော့ မြတ်စွာဘုရားကို ရဟန်းတော်တွေက မြတ်စွာဘုရား၊ ဒီတရားတော် တွေက မြတ်စွာဘုရားသာလျှင် အရင်းမူလ ရှိပါတယ်၊ မြတ်စွာ ဘုရားသာလျှင် ထုတ်ဆောင်ရာ ရှိပါတယ်၊ မြတ်စွာဘုရားသာလျှင် အမှန်အစ ရှိပါတယ်၊ မြတ်စွာဘုရား၊ အမိန့်ရှိတော် မူပါဘုရား' လို့ လျှောက်ထားတော့ ဘုရားရှင်က–

'ရဟန်းတော်များ အို…ချစ်သားတို့၊ အကြားအမြင် ဗဟုသုတ မရှိတဲ့ အသုတဝါလို့ ခေါ်တဲ့ အန္ဓပုထုဇဉ်မှာလဲ ဒုက္ခဝေဒနာ ဖြစ်တယ်၊ အကြားအမြင် ဗဟုသုတရှိတဲ့ ကလျာဏ ပုထုဇဉ် မှာလဲ ဒုက္ခဝေဒနာ ဖြစ်တယ်၊ သူတို့နှစ်ဦး ဒုက္ခဝေဒနာ ဖြစ်ပုံချင်း ဘယ်လို ထူးသလဲဆိုတော့ 'အကြားအမြင် ဗဟုသုတရှိတဲ့ သုတဝါ လို့ခေါ်တဲ့ အရိယာသာဝကမှာ ဒုက္ခဝေဒနာ ဖြစ်ရင် အဲဒီဒုက္ခဝေဒနာတစ်ခုပဲရတယ်၊ နောက်ထပ် ဒေါမနဿ ဝေဒနာ မခံရပါ။

'အကြားအမြင် ဗဟုသုတ မရှိတဲ့ အသုတဝါလို့ ခေါ်တဲ့ အန္ဓပုထုဇဉ်မှာ ဒုက္ခဝေဒနာဖြစ်ရင် နောက်ထပ် ဒေါမနဿ ဝေဒနာ ဝင်လာတတ်ပါတယ်။

'ဒီတော့ အန္ဓပုထုဇဉ်မှာ ဝေဒနာ ၂-ခု ခံစားရပါတယ်၊ ဥပမာ ဘာနဲ့တူသလဲဆိုရင် လူတစ်ယောက်ကို မြားတစ်ချောင်း စူးတယ်၊ အဲဒီ မြားဘေးနားက နောက်ထပ် မြားတစ်ချောင်း စူးပြန်တယ်၊ သူ့မှာ မြားနှစ်ချောင်း စူးတဲ့အတွက် ဒုက္ခဝေဒနာ ပိုလာတယ်။

'လူတစ်ယောက်မှာတော့ မြားတစ်စင်းပဲ စူးတယ်၊ နောက် အဲဒီမြားဘေးနားသို့ မြားတစ်ချောင်း ထပ်မစူးတဲ့အတွက် ဒုက္ခ ဝေဒနာ တစ်ခုပဲ ခံစားရပါတယ်။

'မြားတစ်ချောင်း အစူးခံရတဲ့ ပုဂ္ဂိုလ် (ဥပမာ) အရိယာ သာဝကမှာ ဒုက္ခဝေဒနာ ဖြစ်တဲ့အခါ ဒုက္ခဝေဒနာ တစ်ခုသာ ခံရပါတယ်၊ နောက်ထပ် ဒေါမနဿ ဝေဒနာ မခံစားရပါ။

'မြားနှစ်ချောင်း အစူးခံရတဲ့ ပုဂ္ဂိုလ် ဥပမာ အန္ဓပုထုဇဉ် မှာ ဒုက္ခဝေဒနာ ဖြစ်တဲ့အခါ နောက်ထပ် ဒေါမနဿ ဝေဒနာ ဖြစ်ပေါ်ကာ ဝေဒနာ ၂ ခု ခံရပါတယ်။

'ဒေါမနဿ ဝေဒနာဟာ ဘယ်လို ဖြစ်လာသလဲဆိုတော့ ဒဏ်ရာဆိုတဲ့ ဒုက္ခကို ရှုနေတဲ့ အန္ဓပုထုဇဉ်မှာ ဉာဏ်မဝင်ဘဲနဲ့ မခံနိုင်တဲ့အတွက် ဒေါမနဿ ဝေဒနာ ဖြစ်ပေါ်လာပါတယ်။

'ဒါကြောင့် 'မနိုင်ဒဏ်ရှုလျှင်၊ ဒေါမနဿဝင်၊ ဉာဏ်ယှဉ် မကပ်ပါ'လို့ ဆိုပါတယ်၊ အဲဒီလို ဒေါမနဿလဲ ဝင်ရော အကုသိုလ် ဖြစ်သွားပြီပေါ့၊ ဉာဏ် ဝင်လာဦးမလား၊ မလာ တော့ပါ။

'အဲဒီ ဒဏ်နာကို ရုပ်လို့သိပြီး 'ရုပ်၊ ရုပ်' လို့ ရှုနေရင် အရှုမှန်ပါတယ်၊ သို့သော် မခံနိုင်ရင် ဖြစ်ပျက်မမြင် ဉာဏ်မဝင်တော့ပါ၊ ဒေါမနဿနဲ့ပဲ ရှုနေတတ်ပါတယ်။

'ဒါကြောင့် မနိုင်ဒဏ်ရှုလျှင် ဒေါမနဿဝင်ဆိုတာ အဲဒါမျိုးကို ခေါ်ပါတယ်၊ အဲဒီ ဒဏ်နာဆိုတဲ့ ဒုက္ခကြီးက ဘယ်တော့ကုန်မလဲ၊ ဘယ်တော့ ဆုံးမလဲလို့ ဆုံးချင်ကုန်ချင် နေပါတယ်၊ အံကြိတ်မိုတ်ပြီး မပြောင်းမပြင်ဘဲ စိတ်ညစ်နေပါတယ်၊ 'ဘုန်းကြီးက ခုထက်ထိလဲ မဖြုတ်သေး၊ မေ့နေပြီလားမသိ၊ နာရီကလဲ နောက်ကျလိုက်တာ၊ ဒီမှာဖြင့် သေတော့မယ်' စသည်ဖြင့် ရှုပ်ကုန်ရော၊ အဲဒါ ဒေါမနဿ ဒေါသ အထပ်ထပ်ဖြစ်နေတာပေါ့။

**မပြင်နိုင်းက။** ။'ဣရိယာပုတ်ကို ကြိုက်သလို ပြင်နိုင်ပါတယ်လို့ ခွင့်ပေးပြီး ရှုပွား အားထုတ်ခိုင်းတာတောင် အဲဒီလို ဒုက္ခဝေဒနာမှာ ဒေါမနဿ ဝေဒနာဖြစ်ပါတယ်ဆိုရင် မပြင်နဲ့၊ မပြောင်းနဲ့၊ မလှုပ်နဲ့၊ မကုတ်နဲ့၊ ဒုက္ခဆုံးအောင် ကုန်အောင် ရှုဆိုရင်တော့ အသေအချာ ဒေါမနဿ ဝေဒနာ ဖြစ်တာပေါ့။

'ရိပ်မိတဲ့ ယောဂီတချို့က 'ဘယ့်နှယ်လဲ၊ ဒီဒုက္ခ ဝေဒနာက ဘယ်တော့ကုန်မှာလဲ၊ ဒီကိုယ်ရှိရင် ဒီဒုက္ခလာမှာပဲ' ဆိုပြီး ဖျာလိပ် အိပ်ရာလိပ်ပြီး ပြန်ပြေးကြပါတယ်၊ ဟုတ်တယ်လေ၊ ဒီဒုက္ခဝေဒနာက ဘယ်တော့ ကုန်မှာလဲ၊ သိစိတ် ရှိနေသမျှ မကုန်ဘူး။

'လူမိုက်တောတိုး ဆိုတဲ့ အချို့ ယောဂီတွေက မသိတော့ သေသေကျေကျေဆိုပြီး ဝေဒနာကုန်အောင် ရှုကြပါတယ်၊ အဲဒီ ယောဂီတွေဟာ ဘာနှင့်တူသလဲဆိုတော့ ဣန္ဒြေညှိနည်း တရား နဲ့ပြောရင် 'ယုံကြည်လွန်ကဲ၊ အလွဲသိမှာ' ဆိုတဲ့ ပုဂ္ဂိုလ်ထဲ ပါဝင်သွားပါတယ်။

'ဟုတ်ပါတယ်၊ အဲဒါမျိုးဟာ အယုံအကြည် လွန်ပါတယ်၊ လွန်တော့ အလွဲသိပါတယ်၊ ဆရာပြောရင် ဟုတ်ပြီဆိုပြီးတော့ အယုံအကြည်လွန်ပြီး အားထုတ်တော့ အလွဲပဲ သိပါတယ်၊ ဒုက္ခ အကြီးအကျယ် ရောက်ပါတယ်၊ တရားအကျိုး မခံစား ရပါ၊ တရားပေါ်မှာ အထင်လွဲသွားတတ်ပါတယ်။

'ပညာမပါဘဲ အယုံအကြည်လွန်တယ်၊ သဒ္ဓါလွန်တယ် ပေါ့၊ သူ့မှာ ပညာမရှိတဲ့အတွက် ဖြစ်နိုင်တယ်၊ မဖြစ်နိုင်တယ် လို့ သူ မချိန်တတ်ပါ၊ မချိန်ဘဲနဲ့ ဆရာပြောရင် ဟုတ်တယ် မှန်တယ်၊ ဘုန်းကြီးပဲ အမှန်ပြောတာပေါ့ဆိုပြီး ယုံလိုက်တယ်၊ အဲဒီလို ယုံပြီး လုပ်တဲ့အတွက် ဒုက္ခရောက်ရတယ်၊ အဲဒါကို သဒ္ဓိန္ဒြေ လွန်တယ်လို့ ခေါ်ပါတယ်။

**အမှားသာသနာ။** ။'အဲဒါ မယုံကြည်သင့်တဲ့ နေရာမှာ အယုံအကြည်လွန်ကဲသွားတာပေါ့၊ အဲဒီသဘောကို သိတဲ့ အသိဉာဏ်ရှိတဲ့ ယောဂီက ဒါ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စပဲလို့ သိပြီး ဣရိယာပုတ်ပြင်ပြီး အားထုတ်တော့ သက်သာစွာနဲ့ တရားထူး ရတာပေါ့၊ ဒီနေရာမှာ ဘုရားရှင် ဟောကြားတဲ့ တရားတော်ကို သတိပြုသင့်ပါတယ်။

'ရဟန်းတော်များ အို...ချစ်သားတို့၊ မကောင်းသဖြင့် ဟောကြားအပ်သော အမှားသာသနာ၌ အားမထုတ်ဘဲ ပျင်းရိနေသူသည် ချမ်းသာတယ်၊ လုံ့လဝီရိယထားပြီး ကြိုးစား အားထုတ်သူသည် ဆင်းရဲတယ်'

'ယောဂီတို့ စဉ်းစားကြည့်လေ၊ အခု ရုပ်ဒုက္ခကြီး ကုန်အောင် ထုတ်ခိုင်းတာဟာ အမှားသာသနာလား၊ အမှန်သာသနာလား၊ မကောင်းသဖြင့် ဟောထားတဲ့ သာသနာလား၊ ကောင်းစွာဟောထားတဲ့ သာသနာလားဆိုတာ စဉ်းစားကြည့်လေ။

'ဒီရုပ် နာကျင်ကိုက်ခဲမှု ရုပ်ဒုက္ခကြီးကို ကုန်အောင် အားထုတ်ခိုင်းတာဟာ ဘုရားသာသနာ ဘုရားအဆုံးအမ မဟုတ်ပါ၊ 'သာသနာ' ဆိုတဲ့ စကားက အဆုံးအမလို့ အဓိပ္ပာယ်ရပါတယ်၊ သာသနာဆိုတာ အဆုံးအမကို ခေါ်ပါတယ်၊ ဘယ်သူ့အဆုံးအမလဲ ဆိုတော့ ဘုရားအဆုံးအမ၊ ဘုရား သာသနာ၊ ဗုဒ္ဓသာသနာတော်ပါ။

'ယခု ဘုန်းကြီးတို့ ဘုရားရှင်က ဒီဒုက္ခရုပ်ကြီး ကုန်အောင် အားထုတ်ဖို့ ဆုံးမခဲ့လားဆိုတော့ မဆုံးမခဲ့ပါ၊ အဲဒါကြောင့် ရုပ်ဒုက္ခကုန်အောင် အားထုတ်ဖို့ တိုက်တွန်း ဆုံးမတာဟာ ဘုရားသာသနာ မဟုတ်ပါ၊ အမှားသာသနာသာ ဖြစ်ပါတယ်။

'အဲဒီလို အမှားသာသနာမှာတော့ အားမထုတ်ဘဲ၊ ခိုင်းတိုင်း မလုပ်ဘဲ ပျင်းနေတာက ကောင်းတယ်၊ ချမ်းသာတယ်၊

သက်သာတယ်၊ လုံ့လ ဝီရိယစိုက်ပြီး အားထုတ်တဲ့ လူတွေ ကျတော့ ဘယ်လိုဖြစ်လဲ၊ ဒုက္ခရောက်တယ်၊ ပင်ပန်းတယ်၊ ဆင်းရဲရောက်တယ်၊ တချို့များ မေ့မြော မောလဲသွားတယ်၊ အင်မတန် ဆင်းရဲပင်ပန်းတယ်။

**အမှန်သာသနာ။** ။'အမှားသာသနာ ရှိသလို အမှန် သာသနာလဲ ရှိပါတယ်၊ ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ သာသနာ တော်မြတ်ကြီးဟာ အမှန် သာသနာတော်မြတ်ကြီးပါ၊ အမှန်ပဲ ဆုံးမပါတယ်၊ အဲဒီ အမှန် သာသနာတော်မှာတော့ ဘယ်လိုလဲ ဆိုတော့–

> 'ရဟန်းတော်များ အို...ချစ်သားတို့၊ ကောင်းစွာ ဟောကြား အပ်သော ဘုရားရှင်၏ သာသနာတော်၌ ပျင်းနေတဲ့သူသည်၊ အားမထုတ်ဘဲ နေတဲ့သူသည် ဒုက္ခ ရောက်လိမ့်မယ်၊ လုံ့လ ကြိုးကုတ် အားထုတ်တဲ့သူသည် ချမ်းသာသုခ ဖြစ်လိမ့်မယ်'

လို့ ဟောထားပါတယ်၊ အကျိုး အပြစ်ချင်း မတူပါ၊ အမှား သာသနာမှာ အားမထုတ်ဘဲ နေတာ ချမ်းသာတယ်၊ အမှန် သာသနာမှာ အားမထုတ်ဘဲနေတာ ဆင်းရဲပါတယ်၊ အမှား သာသနာမှာ အားထုတ်တာ ဆင်းရဲပါတယ်၊ အမှန် သာသနာမှာ အားထုတ်တာ ချမ်းသာပါတယ်။

'ဘုရားဟောတဲ့ လုံ့လ ဝီရိယကလဲ ဒီလို ရုပ်ဒုက္ခ ကုန်အောင် လုံ့လပြုတာမျိုးကို မခေါ်ပါ၊ ဘုရားဟောတဲ့

လုံ့လဝီရိယက ဣရိယာပုတ် တစ်ပါးပြောင်း တစ်ပါးပြောင်းပြီး ဒုက္ခဝေဒနာပေါ် ရှုပွားတဲ့ ယောဂီအဖို့ အဲဒီ ဒုက္ခဝေဒနာပေါ်မှာ အမြဲမပြတ် သတိကပ်ပြီး ရှုပွားတော့ ဒုက္ခဝေဒနာလဲ သိမယ်၊ ဒုက္ခဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ ကိလေသာကိုလဲ ပယ်ခွာနိုင်မယ်။

'အဲဒီလိုသိတော့ ဒုက္ခဝေဒနာ ဆိုတာက ဒီခန္ဓာ ရှိနေရင် အမြဲမရှိသော်လဲ အကြောင်းတိုက်ဆိုင်ရင် ရှိလာ ပေါ်လာ ပါမယ်၊ အဲဒီဒုက္ခဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ ကိလေသာကို ပယ်နိုင်တဲ့ လုံ့လဝီရိယ ရှိရမှာပါ၊ ဝေဒနာကို ပယ်နိုင်တဲ့ ကုန်အောင်လုပ်နိုင်တဲ့ လုံ့လဝီရိယ မဟုတ်ပါ၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် လုံ့လဝီရိယမျိုး မဟုတ်ပါ။

'ဒုက္ခဝေဒနာက ပိုင်းခြားသိရမယ့် ဒုက္ခသစ္စာ ထိုက်တဲ့ တရားပါ၊ ကုန်အောင်လုပ်ရမယ့် ပယ်ရမယ့် တရား မဟုတ်ပါ၊ အဲဒီ ဒုက္ခဝေဒနာကို အာရုံပြုပြီးဖြစ်တဲ့ ဒေါမနဿ ဒေါသ ကိလေသာကို ပယ်နိုင်တဲ့ ဝီရိယ ရှိရမှာပါ။

'အပယ် ချတာက ဒေါမနဿ၊ ဒေါသ ကိလေသာက အပယ်ချတာပါ၊ ဒုက္ခဝေဒနာက အပယ်ချတာ မဟုတ်ပါ၊ ဒါ့ကြောင့် ဒေါသ ဒေါမနဿကိုသာ ပယ်ရမှာပါ၊ ဒုက္ခကို သွားပြီးတော့ မပယ်ပါနဲ့၊ ကုန်အောင် မလုပ်ပါနဲ့၊ ပယ်မှား ကုန်မှား ဖြစ်နေပါမယ်။

**အကုသလာ။** ။'ဒါ့ကြောင့် ခုနလက်ာမှာ 'မနိုင်ဒဏ် ရှုလျှင်၊ ဒေါမနဿဝင်၊ ဉာဏ်ယှဉ်မကပ်ပါ'လို့ ဆိုခဲ့တာပါ၊

တကယ်နာရင် ဒေါမနဿ ဒေါသဝင်တတ်ပါတယ်၊ ဒေါမနဿ ဒေါသ ဝင်သွားတဲ့အတွက် ဘယ်လိုဖြစ်သွားသလဲ ဆိုရင် 'ဝေဒနာ ပစ္စယာ တဏှာ' ဆိုပြီး ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်သွားပါတယ်၊ ဆက်သွားပါတယ်၊ လင်္ကာ တစ်ပုဒ်ကို ကြည့်စမ်းပါ–

၂၄။ **ဒေါမနဿဟာ၊ ပဋိဃာ၊ ငြိရာအကုသလာ။**

'ဟို သင်္ဂြိုဟ်သင်ဖူးတဲ့ ယောဂီတွေကတော့ ဒီလောက် ပြောလိုက်ရင် သိသွားပါပြီ၊ သင်္ဂြိုဟ်မှာ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်' ဆိုတာ ရှိပါတယ်။

'ဒေါမနဿ ဝေဒနာနှင့်တကွ ဖြစ်သော ဒေါသနှင့် ယှဉ်သော၊ သူတစ်ပါးတွေ မတိုက်တွန်းရဘဲ အင်မတန် ပြင်းထန်တဲ့ အမျက်ဒေါသပါ၊ အပယ်ချမှာက အဲဒီဒေါမနဿ က အပယ်ချမှာပါ။

'အမှန်တကယ် ကုန်ရမယ့် ဝေဒနာက ဒီ ဒေါမနဿ ဝေဒနာဖြစ်ပါတယ်၊ ဒုက္ခဝေဒနာ မဟုတ်ပါ၊ ယခု အများစု ယောဂီတွေ ကုန်အောင်လုပ်နေတာက ကာယိက ဒုက္ခဝေဒနာ ပါ၊ အဲဒီ ဝေဒနာက ကိုယ်ရှိနေသမျှ မကုန်နိုင်ပါ၊ မကုန် ကောင်းပါ၊ အဲဒီ ကိုယ်ခန္ဓာကို အကြောင်းပြုပြီး စိတ်ဒုက္ခ ဖြစ်တဲ့ ဒေါမနဿဝေဒနာ ကုန်ရမှာပါ၊ အဲဒီ ဒေါမနဿ ဝေဒနာကလဲ တကယ်တမ်းကျတော့ ဘယ်အဆင့် ရောက်မှ ကုန်အောင် ပယ်နိုင်မှာလဲဆိုတော့ အနာဂါမ်အဆင့် ရောက်မှ အပြီး ပယ်နိုင်ပါမယ်။

**အနာဂါမ်တဲ့။** ။'စကားစပ်မိလို့ ပြောရဦးမယ်၊ တရားအားထုတ်လို့ တယ်မကြာမီဘဲ အနာဂါမ်ဖြစ်သွားတဲ့ ဒကာမကြီး တစ်ယောက်အကြောင်းပေါ့၊ ဒကာမကြီး တစ်ယောက်က သူ တရားရသွားတာ ဘယ်လောက်အထိ ရသွားသလဲဆိုတော့ အနာဂါမ်အဆင့်အထိ ရသွားတယ်တဲ့၊ တို့–ဒကာ ငွေကိုင်ကြီး ကော အနာဂါမ် မဖြစ်သေးဘူးလား'

'မဖြစ်သေးပါ ဘုရား'

'အေး...အဲဒီ ဒကာမကြီး သူ အနာဂါမ် ဖြစ်သွားပြီ ဆိုတော့ သူ့ကိုယ်သူလဲ အထင်ကြီးတယ်၊ ဘေးက ယောဂီ တွေလဲ အထင်ကြီးကြတယ်၊ အားထုတ်နေဆဲ တရားအရှိန်က ကောင်းနေဆဲဆိုတော့ ဟုတ်သလိုလိုပေါ့လေ။

'အဲဒီလို တရားအရှိန် ကောင်းနေဆဲမှာပဲ သူ့ဒကာကြီး ဆုံးသွားတယ်၊ ဒကာကြီး ဆုံးသွားတော့ အနာဂါမ် ဒကာမ ကြီးက မငိုဘူးတဲ့၊ မငိုတော့ သူ့ကို ပိုပြီးတော့ အနာဂါမ် ထင်ကြတယ်ပေါ့။

'အင်း...ယောကျ်ား တစ်ယောက်လုံး ဆုံးတာတောင် မငို ဘူးဆိုတော့ ဒေါသချုပ်နေပြီ၊ အနာဂါမ်ဖြစ်နေတာ တကယ် မှန်တယ်ပေါ့၊ သူ့ကိုယ်သူလဲ အထင်ပိုကြီးတယ်၊ ဘေးကလူတွေ ကလဲ အထင်ပိုကြီးတယ်ပေါ့။

'နောက် တော်တော်လေးကြာတော့ သူနဲ့ အတူတူနေတဲ့ သူ အင်မတန်ချစ်တဲ့ (၁၆) နှစ်လောက်ရှိတဲ့ သူ့မြေးမလေးကို

ပြန်ပေးဆွဲသွားတော့ တက်သွားတယ်၊ မေ့မြောသွားတယ်၊ အဲဒါ ဘယ်လို ဖြစ်သွားလဲ၊ တက်သွားတယ်ဆိုတာ အင်မတန် ပြင်းထန်တဲ့ ပဋိဃပေါ့၊ ဒေါသအကြမ်းစားပေါ့။

'အဲဒီလို ဒေါသအကြမ်းစား ပဋိဃဖြစ်တော့ အနာဂါမ် ဟုတ်သေးလား၊ မဟုတ်တော့ပါ၊ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ သူ့ယောကျ်ားဆုံးတုန်းက မငိုဘူးဆိုတော့ သူ့လင်ယောကျ်ားနဲ့ သူနဲ့ မခေါ်မပြောဘူးလားမှ မသိတာ။

**အသေကောင်။** ။'ဟို-ပြီးခဲ့တဲ့ နေ့က ဟောခဲ့တဲ့ အိမ်ထောင်စုံ ၄ မျိုး တရားမှာ ယောကျ်ားအသေကောင်၊ မိန်းမ နတ်သမီးဆိုတာ ရှိတယ်၊ အဲဒါမျိုးကျတော့ တစ်အိမ်တည်း အတူနေပေမယ့် မိန်းမက ယောကျ်ားကို စာရင်းထဲတောင် မထည့်ပါ၊ ကောင်းမှုပြုလုပ်တဲ့ အခါမှာတောင် ၂ ယောက် အမည် မထည့်ဘဲ 'ဒေါ်ဖြူကောင်းမှု' ဆိုပြီး ကောင်းမှုရှင် စာရင်းထည့်တယ်။

'အဲဒီလိုဟာမျိုး ဆိုတော့လဲ သေသွားလဲ ဘယ်နှမြောမလဲ၊ မသေခင်ကပင် စာရင်း ဖျောက်ထားတာ ကြီးပဲဟာ၊ စဉ်းစား ကြည့်ပေါ့၊ အဲဒါ ဒေါသကုန်တာ မဟုတ်ပါ၊ မြဲနေတာပါ၊ သူ အနာဂါမ် မဟုတ်ပါ။

'ဒါ့ကြောင့် ဒေါမနဿဟာ ဘာဖြစ်လဲ၊ ပဋိဃ ဖြစ်သွား ပါတယ်၊ ယခု တရားအားထုတ်နေတာဟာ အဲဒီ ဒေါမနဿ

ပဋိဃ ချုပ်အောင် ကုန်အောင် အားထုတ်တာလား၊ ဖြစ်အောင် အားထုတ်တာလား'

'ချုပ်အောင် အားထုတ်တာပါဘုရား'

'ဘုန်းကြီး ဒီဝေဒနာကို ဟောစနေ့က ဟောခဲ့ပါတယ်၊ သုခဝေဒနာပေါ်မှာ လောဘကို ပယ်နိုင်တဲ့ ဝီရိယ၊ ဒုက္ခဝေဒနာ ပေါ်မှာ ဒေါသကို ပယ်နိုင်တဲ့ ဝီရိယ၊ ဥပေက္ခာဝေဒနာ ပေါ်မှာ မောဟကို ပယ်နိုင်တဲ့ ဝီရိယ ရှိရမယ်လို့ ဟောခဲ့ပြီ ဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အင်း...အဲဒီလို ကိလေသာကို ပယ်နိုင်တဲ့ လုံ့လဝီရိယမျိုးကို ဒီနေရာမှာ လိုပါတယ်၊ ဒုက္ခဝေဒနာ ဖြစ်ပေါ်နေတဲ့အခါ ဒီဒုက္ခဝေဒနာ မချုပ်ရင် ထိုင်ရာက မထဘူး၊ ရှုရင်း ပွားရင်း ဒုက္ခဝေဒနာချုပ်မှ ထိုင်ရာက ထမယ်ဆိုပြီး အံကြိတ်ကာ ပဋိဃလို့ခေါ်တဲ့ ဒေါသကြီးတန်းလန်းနဲ့ ရှုပွားနေတာမျိုးကို မလိုပါ။

**ပဋိစ္စလည်း။** ။'တရားအားထုတ်တဲ့ ကိစ္စမှာ အားထုတ်ပုံ အားထုတ်နည်းဟာ အင်မတန် အရေးကြီးပါတယ်၊ အင်မတန်လဲ သိဖို့ရာ လိုအပ်ပါတယ်၊ ဝေဒနာရှုပွားမှုနဲ့ ပတ်သက်လို့ ဒဏ်နာကို ဝေဒနာလုပ် ရှုမှာလား၊ ခံစားမှုကို ဝေဒနာလုပ် ရှုမှာလားဆိုတာ ကွဲဖို့ အရေးကြီးပါတယ်။

'ဝေဒနာဆိုတာ ခံစားမှုဖြစ်တော့ ခံစားမှုကိုရှုမှ ဝေဒနာရှုမှုဖြစ်ပါတယ်၊ ဒဏ်နာကို ရှုနေရင် ဝေဒနာရှုမှု မဟုတ်ပါ၊ ဒဏ်နာကို ရှုလျှင် မနိုင်က ဒေါမနဿဝေဒနာ ဝင်လာတတ်ပါတယ်၊ အဲဒီလို ဒေါမနဿဝေဒနာ ဝင်လာရင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ပြတ်မသွားဘဲ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်သွားပါတယ်၊ ကဲ-လက်ာတစ်ပုဒ်ကို ဆိုကြည့်ပါ။

## ၂၅။ ဝေဒနာပစ္စယာ၊ ပဋိဃာ၊ ပဋိစ္စာလည်မှုသာ။

'ဘယ်လိုဖြစ်သွားလဲ၊ 'ဝေဒနာပစ္စယာ၊ ပဋိဃာ' ဆိုတော့ ပဋိစ္စသမုပ္ပါဒ် လည်သွားပြီပေါ့၊ ဘယ့်နှယ် 'ဝေဒနာပစ္စယာ တဏှာ' ဆိုမှ ပဋိစ္စသမုပ္ပါဒ် လည်ရမှာ၊ ယခု ဝေဒနာပစ္စယာ ပဋိဃာကနေပြီး ဘယ်လို ပဋိစ္စသမုပ္ပါဒ် လည်သလဲလို့ မေးစရာ မလိုဘူးလား လိုလား'

'လိုပါတယ် ဘုရား'

'ဝေဒနာပစ္စယာ၊ ပဋိဃာ' ဆိုတာ ဒုက္ခဝေဒနာကြောင့် ဒေါမနဿ ဝေဒနာ ဖြစ်သွားတာပေါ့၊ အဲဒီ ဒေါမနဿ ဝေဒနာဖြစ်သွားတော့လဲ တဏှာဘက် ကူးတာပဲ၊ ဘာဖြစ်လို့ ကူးလဲ၊ သူ ဖြစ်စေချင်တာက သုခပါ၊ ဖြစ်နေတာက ဒုက္ခ၊ အလိုမပြည့်ဝပါ၊ ဒီတော့ ယောဂီက ဘာတောင့်တလဲဆိုတော့ သုခကို တောင့်တတယ်၊ အဲဒီလို ဒုက္ခဖြစ်၊ ဒေါမနဿဖြစ်၊ ပဋိဃာဖြစ်ပြီး သုခကို တောင့်တတဲ့အတွက် 'ဝေဒနာ ပစ္စယာ တဏှာ' ကူးသွားတာပါ။

'တကျော့ကူးသွားတာ ကူးသွားမှန်း မသိဘဲ ဆက်ပြီးတော့ ဥပါဒါန်တွေ ကံတွေ ကူးသွားပြန်ရော၊ အေး-အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ် စက်လည်သွားတာပေါ့။

'တရားရှုပွားအားထုတ်တာက ရုပ်ပဲ ရှုရှု၊ ဝေဒနာပဲ ရှုရှု၊ စိတ်ပဲ ရှုရှု၊ ပဋိစ္စသမုပ္ပါဒ်လည်အောင် ရှုတာလား၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ထဲက ထွက်သွားအောင် ရှုတာလား၊ စက်ထဲက ထွက်သွားအောင်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်သွားအောင် ရပ်သွားအောင် အားထုတ်တာပါ။

'အရှုခံအာရုံအဖြစ် နှာခေါင်းမှာ တိုးနေတဲ့ တိုးသဘော ရုပ်ကို တိုးတိုင်း တိုးတိုင်း 'ရုပ်၊ ရုပ်' လို့ ရှုပွားနေလို့ရှိရင်လဲ ရုပ်ရဲ့ သဘောကို သိရင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ရပ်သွားမယ်၊ သို့မဟုတ် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ထဲက လွတ်ထွက်သွားမယ်။

**မှားနယ်ရောက်။** ။'အေး-တရားအားထုတ်တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ရပ်သွားအောင်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးမှ ထွက်သွားအောင် ရှုပွားနေတာ၊ ဘယ်နေရာမှာ ရပ်ရမှာလဲ၊ ဘယ်နေရာက ထွက်မှာလဲဆိုတော့ 'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာ ထိုက်တဲ့ တရား ၅ လုံး ရှိပါတယ်။

'အဲဒီ တရား ၅ လုံးထဲက ကြိုက်ရာအလုံးကို ရှုပွား အားထုတ်ပါ၊ အဲဒီ ၅ လုံးထဲမှ တစ်လုံးရဲ့သဘောကို ပေါက်ရင်

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ရပ်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ထဲမှ ထွက်ပါတယ်။

'အဲဒီတော့ ၅ လုံးကနေ ဟိုဘက်က တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ သမုဒယသစ္စာဘက်သို့ မကူးရင် ဒီကနေ့ စက်ရဟတ်ကြီး ရပ်တယ်၊ ပြတ်တယ်၊ ထွက်တယ်ပေါ့။

'ဒါဖြင့် ယောဂီတို့ဟာ ဒီဘက် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အကျိုးဒုက္ခသစ္စာကနေပြီး တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ အကြောင်း သမုဒယသစ္စာဆီသို့ မကူးရင် တော်ပြီ၊ မကူးအောင် ကြိုးစားပါ။

'ဘုန်းကြီးတို့ ပရိသတ်က မကူးအောင် ကြိုးစားနေလား၊ ကူးအောင် ကြိုးစားနေလား၊ မကူးအောင် ကြိုးစားနော်၊ အေး-တရားအားထုတ်တာဟာ မကူးအောင် အားထုတ်ရတာပါ။

'ဒုက္ခသစ္စာ ပိုင်းခြားမသိဘဲ ဒုက္ခသစ္စာကို သွားပြီး သာယာနှစ်သက်တပ်မက်နေရင် ဒီသမုဒယသစ္စာဘက်သို့ ကူးနေပြီ၊ ကူးရင်တော့ သံသရာကျယ်ပြီး အမှားနယ်ကို ရောက်နေပြီ၊ ကဲ-ဆိုကြည့်စမ်းပါ။

## ၂၆။ **ပဋိစ္စလည်၊ သံသရာကျယ်၊ မှားနယ်ရောက်နေပါ။**

'ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်သွားပြီဆိုရင် ဘယ်လိုဖြစ်မလဲ၊ ဒီရုပ်နာမ် သံသရာကြီးလဲ ကျယ်သွားပြီ၊ တရား

အားထုတ်နေတာဟာ သံသရာ ကျယ်သွားအောင် အားထုတ်နေတာ မဟုတ်ပါ။

'အေး–သံသရာ ကျဉ်းအောင် အားထုတ်တာ၊ သံသရာ ကျယ်သွားပြီဆိုတော့ အမှားနယ်ထဲ ရောက်သွားပြီ၊ အမှန် လမ်းက လွဲသွားပြီ။

'ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် အားထုတ်နေသူတိုင်း အားထုတ်နေသူတိုင်း အမှန်လမ်းရောက်နေပြီလို့ မထင်လိုက်ပါနဲ့၊ အားထုတ်နေတိုင်း မမှန်ပါ။

**ရေကြည်ရေနောက်။** ။'ဥပမာ ဘာနဲ့ တူသလဲဆိုတော့ လူတစ်ယောက်ဟာ ရေနောက်နေတဲ့ ရေကန်ကြီး တစ်ကန်ဆီ သွားပြီး သေသေချာချာကြည့်တယ်၊ ဒီရေကန်ကြီးထဲမှာ ငါး ဘယ်နှကောင်၊ လိပ်ဘယ်နှကောင်၊ ပုစွန်ဘယ်နှကောင်၊ အိုးခြမ်းကွဲက ဘယ်လောက်ရှိလဲ စသည်ဖြင့် သိအောင် မြင်အောင် ကြည့်ရှုတယ်၊ သေသေချာချာ ကြည့်တယ်၊ မျက်စိ ပွတ်ကြည့်တယ်၊ မျက်မှန်တပ်ကြည့်တယ်၊ မြင်လား'

'မမြင်ပါဘုရား'

'ဘာဖြစ်လို့ မမြင်တာလဲ၊ ထိုင်ပုံထိုင်နည်း မမှန်လို့လား၊ ကြည့်ပုံကြည့်နည်း မမှန်လို့လား၊ မသေချာလို့လား၊ ကဲ– ပြောစမ်းပါဦး'

'ရေနောက်နေလို့ မမြင်တာပါဘုရား'

'အေး–အဲဒီ နောက်နေတဲ့ရေကန်ဟာ အတော်လေးကြာ တော့ ကြည်သွားပြီတဲ့၊ အဲဒီကြည်နေတဲ့ ရေကန်ရဲ့ ကမ်းနား စပ်သွားပြီး သေသေချာချာ ထိုင်ကြည့်၊ ရပ်ကြည့်၊ လျှောင်း ကြည့်၊ စကြံလျှောက်ကြည့်၊ ငါး, လိပ် ဘယ်နှကောင်၊ ပုစွန် ဘယ်နှကောင်၊ အိုးခြမ်းကွဲ ဘယ်နှခု စသည်ဖြင့် အကုန် မမြင်ဘူးလား'

'မြင်ပါတယ်ဘုရား'

'ဘာဖြစ်လို့ မြင်တာလဲဆိုတော့ ရေကြည်သွားလို့ မြင်တာ ပါ၊ ကြည့်ပုံ ကြည့်နည်းကတော့ ရေနောက်နေစဉ်ကလဲ ဒီလိုပုံ ကြည့်တာပါ ရေနောက်စဉ်က မမြင်ပါ၊ ရေကြည်မှ မြင် ပါတယ်။

'တရားအားထုတ်တဲ့ နယ်မှာလဲ အဲဒီ ဥပမာ အတူပါပဲ၊ ယောဂီပုဂ္ဂိုလ်တွေ ရှုချင်သလောက် ရှုပါ၊ စိတ်မကြည်ဘူး၊ စိတ်နောက်နေမယ်၊ စိတ်မအေးဘူးဆိုပါက ဘယ်လိုမှ ရုပ်သဘော နာမ်သဘောကို မြင်မှာ မဟုတ်ပါ။

'တစ်နာရီ, နှစ်နာရီ, သုံးနာရီ ထိုင်ချင်သလောက် ထိုင်ပြီး ရှုပါ၊ ဒီအဝိဇ္ဇာက ဖုံးထားမယ်၊ စိတ်တွေ ပျံ့လွင့်နေမယ်၊ နောက်နေမယ်၊ ညစ်နေမယ်ဆိုရင် မှောင်နေပြီပေါ့၊ နောက်နေ ပြီပေါ့၊ 'အဝိဇ္ဇာမှောင်၊ ပိတ်ကာလှောင်'ဆိုတော့ မှောင်တကာ့ မှောင်ထဲမှာ ဒီအဝိဇ္ဇာအမှောင်ဟာ အမှောင်ဆုံးပါ၊ ဘာမှမသိ မမြင်တော့ပါ၊ ဒကာငွေကိုင်ကြီး အဝိဇ္ဇာမှောင်ထဲက ထွက်ပြီ လား'

'ထွက်ပါပြီ ဘုရား'

'အင်း–အဝိဇ္ဇာ မှောင်ထဲက ထွက်ပြီဆိုရင် ဒကာ ငွေကိုင်ကြီး ရဟန္တာဖြစ်ပြီပေါ့'

'ရဟန္တာတော့ မဖြစ်သေးပါဘုရား'

'ကြည့်လဲပြော ဒကာငွေကိုင်ကြီး၊ တချို့ ပြောကြတယ်၊ တို့တော့ ကိစ္စပြီးပြီ၊ အားထုတ်စရာ မလိုတော့ဘူးတဲ့၊ အဲဒါလဲ အဝိဇ္ဇာကုန်ပြီ၊ ရဟန္တာဖြစ်ပြီလို့ ပြောတဲ့သဘောပဲ၊ ကိစ္စပြီးတာက ရဟန္တာဖြစ်မှ ပြီးတာပါ။

'အဝိဇ္ဇာရှိနေသေးရင် မှောင်နေတာပေါ့၊ အဲဒီလို မှောင်ပိတ်နေတော့ မြင်စရာတွေ မြင်ဦးမလား၊ အဖြစ်မှန် သနစ်မှန်တွေကို မမြင်မသိနိုင်တော့ပါ။

'တရားအားထုတ်တဲ့အခါမှာ စိတ်တွေကြည်သွားပြီ၊ ရှင်းသွားပြီဆိုမှ မြင်သင့်မြင်ထိုက်တာတွေ မြင်တာပါ၊ ဒါ့ကြောင့် ဘုန်းကြီး ခဏခဏ သတိပေးတာ စိတ်အေးလက်အေးနဲ့ရှု၊ အပူ အပင် အကြောင့်အကြတွေ ဘာမှ မပါစေနဲ့၊ အဲဒီလို ခဏခဏ ပြောပေး သတိပေးနေတာ အမှောင်ဖုံးမှာစိုးလို့ပါ။

'စိတ်ထဲမှာ တစ်ချက်ကလေး အခုအခံဝင်ရင် ဖုံးသွားပြီ၊ နောက်သွားပြီ၊ မှောင်သွားပြီ၊ ဘယ်လိုမှ ရှုပွားအားထုတ်လို့ မရတော့ပါ။

**အစ ပြီးခါနီး။** ။'ယောဂီ ပုဂ္ဂိုလ်တွေ ဒီနေ့ဆိုရင် ၁၀ ရက်စခန်း တရားပွဲ ဘယ်နှရက်ရှိသွားပြီလဲ၊ ၉ ရက်ရှိသွားပြီ

ဆိုတော့ ပြီးခါနီးပြီ၊ အဲဒါ ယောဂီတွေ အားထုတ်လို့ မရတော့ဘူး၊ ဘာဖြစ်လို့လဲ၊ အိမ်ပြန်ရခါနီးတော့ အိမ်ပြန်ချင်စိတ် ရောက်နေပြီ။

'ပြီးတော့ ဘယ်လိုဖြစ်တတ်သေးလဲ၊ အင်း–အိမ်ပြန်ခါ နီးပြီ၊ ငါ့မှာလဲ တရားက ဘာမှ မရသေးပါလား၊ ရပါဦး မလား၊ သူများတွေ ရလိုက်ကြတာ စသည်ဖြင့် ဖြစ်တတ်တယ်၊ အဲဒီလိုဖြစ်လေ မရလေဘဲ။

'ပြီးတော့ စခန်းဝင်ခါစ တစ်ရက်၊ နှစ်ရက်မှာလဲ အိမ်ပြန်ပြီး စိတ်ရောက်လို့၊ စိတ်မငြိမ်လို့၊ အားထုတ်မှု မကျွမ်းကျင်လို့ မရပြန်ဘူး၊ ဒီတော့လဲ ရမှရပါ့ဦးမလားလို့ ပူပြန်တယ်၊ ပူလို့ မရပြန်ဘူး။

'အဲဒါတွေ ဘာမှမထည့်ပါနဲ့၊ ဒါကြောင့် ဘုန်းကြီးက ပြောတယ်၊ ယောဂီတို့ ရတာ မရတာ အသာထား၊ အားထုတ် ရမှာက မိမိတို့တာဝန်၊ တရားကို သေသေချာချာနှာ မှတ်မိ အောင်နှာ၊ အားထုတ်တတ်အောင်နှာ၊ အားထုတ်တတ်လို့ အားထုတ်ရင် ရမယ်လို့ ပြောတာ အလုပ်ဖြစ်အောင် ပြော တာပါ။

'ခုနကပြောသလို ထိုင်ပြီး ပူပန်ကြောင့်ကြနေလို့ ဘာဖြစ် ဦးမှာလဲ၊ ဘာမှ တရားထူးမဖြစ်ဘဲ နာကျင်ကိုက်ခဲမှု ဒုက္ခတွေပဲ ဖြစ်မယ်၊ ဘာဖြစ်လို့လဲ၊ စနစ်တကျ အားမထုတ်လို့ပေါ့။

'အေး–အဲဒါကြောင့် စနစ်တကျ အားထုတ်တတ်ရေး၊ အားထုတ်ရေးဟာ သိပ်ပြီးတော့ အရေးကြီးပါတယ်၊ အား

မထုတ်တတ်ဘဲနဲ့ အားထုတ်နေရင် 'ပဋိစ္စလည် သံသရာကျယ်' ဆိုတဲ့အတိုင်း မိမိစိတ် မိမိပြန်ကြည့်စမ်း၊ ဘယ်လောက် ပဋိစ္စ သမုပ္ပါဒ်လည်ပြီးတော့ ဘယ်လောက် သံသရာကျယ်အောင် ချဲ့နေလဲဆိုတာ သိမြင်ပါလိမ့်မယ်။

'ကိလေသာဆိုတာ ကိုယ်မှာ ဖြစ်တာလား၊ စိတ်မှာ ဖြစ်တာလားဆိုတော့ စိတ်မှာ ဖြစ်တာပါ၊ ယောဂီပုဂ္ဂိုလ်တွေ ရှုချင်သလောက် ရှု၊ ကိလေသာ ဖုံးထားတယ်၊ နိဗ္ဗာန အဖုံး အပိတ်တွေ ဖုံးပိတ်ထားပြီဆိုတော့ သိစရာ မြင်စရာတွေကို မသိ မမြင်တော့ပါ။ ဒါကြောင့် စိတ်ကို ခဏခဏ ပြန်ကြည့် ခိုင်းတာပါ။

'သံသရာစက်ရဟတ် ပြတ်နေသလား၊ ရပ်နေသလား၊ လည်နေသလား၊ ဆက်နေသလားဆိုတာ စိတ်ကို ပြန်ကြည့်မှ သိပါတယ်၊ အဲဒီလို ပြန်ကြည့်ရင် တစ်နာရီမှာ ဘယ်လောက် လည်တယ်၊ ဘယ်လောက် ဆက်တယ်၊ ဘယ်လောက် ပြတ်တယ်၊ ရပ်တယ်ဆိုတာ သိပါလိမ့်မယ်။

'လည်တာ များပါတယ်၊ လည်တာများလား မများဘူးလား ဆိုတာ ယောဂီပုဂ္ဂိုလ်တွေ အခြေအနေ ကြည့်စမ်းရင် သိပါတယ်။

'စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ဟာ မျက်နှာမှာ သိပ်ပြီးတော့ ပေါ်လွင်ပါတယ်၊ ယောဂီပုဂ္ဂိုလ်ရဲ့ အတွင်းစိတ်မှာ ကိလေသာ ကင်းစင် ကြည်လင်နေတဲ့အခိုက် မျက်နှာကလဲ ကြည်လင် ရွှင်ပျ ပြုံးယောင်သန်းနေတယ်။

'ယောဂီပုဂ္ဂိုလ်ရဲ့ အတွင်းစိတ်မှာ ကိလေသာတွေ ဝင်ပြီး နောက်နေရင် မကြည်လင်ရင် မျက်နှာကလဲ ရှုံ့တွတွ မှုန်ကုပ်ကုပ် ဖြစ်နေတယ်၊ အဲဒီလို မျက်နှာနေ မျက်နှာထားကို တွေ့မြင် ကတည်းက ဒီယောဂီဟာ သံသရာလည်နေပြီ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်နေပြီလို့ မသိနိုင်ဘူးလား'

'သိနိုင်ပါတယ်ဘုရား'

'အေး–အဲဒီတော့ ယောဂီတို့ စဉ်းစားကြည့်စမ်း၊ ကိုယ်က သံသရာတိုအောင်၊ သံသရာကျဉ်းအောင် အားထုတ်တဲ့ကြားထဲ ကတောင်မှ ဒီလောက် သံသရာ ချဲ့သေးရင်၊ သံသရာ ကျယ် သေးရင် မိမိတို့ အိမ်မှာ အလွတ်မဲ့ သက်သက် ဒီအတိုင်း သာနေရင် ဘယ်လို ဖြစ်မလဲ၊ ချဲ့ချင်တိုင်း ချဲ့တဲ့ အလုပ်ပဲ ဖြစ်မယ်၊ သံသရာကျဉ်းအောင် လုပ်တဲ့ အလုပ် လုံးဝ မရှိ တော့ပါ။

'စဉ်းစားကြည့်လေ၊ အချိန်ပြည့် ကျဉ်းအောင် အားထုတ် နေတဲ့ ကြားထဲက ဒီလောက်ချဲ့သေးတယ်၊ ကျယ်ပါသေးတယ် ဆိုရင် အလွတ်နေရင်တော့ ဘာမှ မပြောနဲ့တော့၊ အကျယ်နဲ့ အချဲ့ပဲရှိမယ်။

**စိတ်မပျက်နဲ့။** ။'အေး–အဲဒါကြောင့်မို့လို့ ယောဂီတို့ တရားအားထုတ်တဲ့အခါမှာ ချက်ချင်း ခဏချင်း မပွင့်လင်း မသိမြင်တဲ့ အတွက် စိတ်မပျက်ပါနဲ့၊ စိတ်အားမငယ်ပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အချဲ့သမား၊ အလည်သမား၊

ဘဝနဲ့ နေလာခဲ့တဲ့ ကမ္ဘာလောက ဘယ်လောက်လဲလို့ ရေမှ မရေတွက်နိုင်တာချည်းဘဲဟာ။

'မိမိတို့ ယခုမှ စ,ပြီး အားထုတ်တာ ရက်သားလေးပဲ ရှိသေးတာ၊ လသားတောင် မရှိသေးပါ၊ တွက်ကြည့်ပေါ့၊ ဒီရက်သားလေး အတွင်းမှာမှ ဒါတွေ စ,ပြီး လေ့လာရတယ်၊ ရှုပွားအားထုတ်ရတယ်ဆိုတော့ ဒီလောက် သိတာ မြင်တာပဲ ကျေးဇူးတင်ရဦးမယ်။

'အဲဒီလိုဆိုတော့ ဒီလောက်နဲ့ပဲ ကျေနပ်နေပါလို့လဲ အယူ မမှားနဲ့ဦး၊ ဒီလောက်နဲ့ ကျေနပ် အားရခိုင်းတာ မဟုတ် သေးပါ၊ ယောဂီတို့ သိသလောက် ရသလောက်ကို အားမရ မရှိပါနဲ့ဦး၊ ရသလောက်ကို အမိအရကုတ်ပြီး ကြိုးစားရပါမယ်။

**နောက်ဆုံးအချိန်။** ။'ယောဂီတွေထဲမှာ အရွယ်တွေက အစားစား ရှိနေပါတယ်၊ ပထမအရွယ်သမား၊ ဒုတိယ အရွယ် သမားလို့ အသီးသီးရှိနေပါတယ်၊ တတိယအရွယ်ရှိတဲ့ ယောဂီ တွေရဲ့ ဘဝက နောက်ဘဝကို အသာထားလိုက်ပါ၊ ယခု ဒီဘဝမှာကိုပဲ ဒီအရွယ်တစ်ရွယ်ပဲ ရှိတော့တယ်၊ အားမရ မရှိနဲ့၊ ကြိုးစားပါ၊ ရသမျှ အရယူပါ။

'ဘုန်းကြီးတို့ ဒကာကြီးတစ်ယောက် တွေ့ဖူးတယ်၊ အသက် (၇၃) နှစ်ရှိပြီ၊ အဲဒီအချိန်ကျမှ သူကလာတယ်၊ အဲဒါ

တောင် သူများတွေ အတင်းဆွဲလွဲ ခေါ်လာလို့ အားထုတ် ရအောင် ပါလာတာပါ၊ ဘုန်းကြီးတို့ တရားစခန်းကလဲ တစ် ဝါတွင်းစာ ဆိုပြီး ၁၃ ရက်စခန်း တရားပြတယ်။

'တရားအားထုတ်လို့ ၅ ရက်၊ ၆ ရက်လောက် ကြာတော့ အဲဒီ ဒကာကြီးက ဘုန်းကြီးဆီ ရောက်လာပြီး ရှိခိုးကာ ပြောဆို လျှောက်ထားတယ်။

> 'အရှင်ဘုရား၊ တပည့်တော် အသက်(၇၃)နှစ်ရှိပါ ပြီ၊ တပည့်တော် အမှန်အတိုင်း ပြောရမှာ ရှက်လဲ မရှက်ပါ ဘုရား၊ တပည့်တော် ဥပုသ်စောင့် တရားနာ တရားအားထုတ်တယ်ဆိုတာ ခုမှ တစ်ခါပဲ ရှိသေးတယ် ဘုရား၊ စောစောက တရားနာဖို့ဆိုတာ အသာထားပါ ဘုရား၊ ဥပုသ်တောင် မစောင့်ဖူးပါ ဘုရား၊ အသက် (၇၃) နှစ်ကျမှ ဥပုသ်စောင့်ရ၊ တရားနာရ၊ တရားအား ထုတ်ရတော့ တပည့်တော် ဘဝရှုံးပါပြီ ဘုရား'

လို့ လျှောက်ပြီး ငိုတယ်၊ အဲဒါ ဘုန်းကြီးက သူ့ကို ပြန်ပြီး တော့ တရားဟောရသေးတယ်၊ အငိုတိတ် တရားပေါ့။

'ဒကာကြီး၊ သီလမရှိဘဲနဲ့ အသက်တစ်ရာ ရှည်သောသူ ထက် သီလရှိပြီး တစ်ရက်မျှ အသက်ရှည်သောသူက မြတ်တယ်' လို့ ဘုရားဟောထားတယ်၊ ဒကာကြီးမှာ ယခု သီလရှိတာ ၅ ရက်၊ ၆ ရက်ရှိသွားပြီပဲ၊ စခန်းအပြီးဆိုရင် ၁၃ ရက် သီလ ရမယ်၊ သမာဓိပညာလဲ ရမယ်၊ နောက် ကျန်တဲ့ အသက်အကြွင်း

အချိန်မီသမျှ ဆက်ပြီးတော့ ဥပုသ်စောင့်မယ်၊ တရားနာမယ်၊ တရားအားထုတ်မယ်ဆိုရင် ဘဝ မရှုံးသေးပါဘူး၊ အချိန်မီပါသေးတယ်၊ ကြိုးစားပါလို့ ဟောရသေးတယ်။

'ဘုန်းကြီးတို့ တရားဟောရ၊ တရားပြရတာကလဲ မလွယ်ပါဘူး၊ အဲဒီလို အချိန်လွန် အရွယ်လွန်မှ လာသူတွေနဲ့ ခဏခဏ တွေ့ပြီး အဲဒီလိုပိုလို့ ခဏခဏအားပေး၊ တရားဟောပေးရပါတယ်။

'အဲဒီ ဒကာကြီးကို ဘုန်းကြီးက အားပေးတရားတွေ ဘာတွေ ဟောပေးပြီး အဲဒီ စခန်းပြီးတော့ ထွက်ခဲ့တယ်၊ အဲဒီ ဒကာကြီးလဲ သံဝေဂတွေဖြစ်ပြီး သီလ၊ သမာဓိ၊ ပညာတရားတွေ ကြိုးစားပါတယ်၊ နောက်နှစ် ဘုန်းကြီးသွားတော့ အဲဒီ ဒကာကြီး မရှိရှာတော့ပါ၊ သေပါပြီ၊ သေရိက္ခာယူရုံလောက်ပဲ မီပါတယ်၊ မီလို့ တော်သေးတာပေါ့၊ တချို့ မမီတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။

'ခုနက ဒကာကြီးကို စဉ်းစားကြည့်စမ်း၊ ဥပုသ် ရက်ရှည်ရက်တိုဆိုတာ သူနားမလည်ပါဘူး၊ ဥပုသ်ဆိုလို့ ဒီတစ်ခါပဲ စောင့်ဖူးပါတယ်တဲ့၊ သူ့အတွက် အင်မတန်နစ်နာပါတယ်။

'အများအားဖြင့် လူရယ်လို့ ဖြစ်လာပြီး မိမိတို့ နေလာခဲ့တဲ့ အချိန်တွေမှာ အမှားနဲ့နေပြီး ဒီအတိုင်း အမှားနဲ့ သေရမယ်ဆိုရင် အင်မတန် နစ်နာပါတယ်၊ ဟို ဒကာကြီးက သေခါနီး ရိက္ခာယူသွားနိုင်လို့ သေခါနီးမှာ မှားသွားတယ်လို့ ဆိုနိုင်သေးတယ်။

'ယခု ဒီတရားနာပရိသတ်တွေထဲမှာ တရားတစ်ကြိမ်မှ အားမထုတ်ဖူးသေးတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်ပါသလဲ မသိပါ၊ မိမိတို့က ဗုဒ္ဓဘာသာလဲ ဖြစ်တယ်၊ သာသနာတော်လဲ ကြည်ညို ပါတယ်ဆိုရင် တစ်နှစ် တစ်ကြိမ်တော့ ၁၀ ရက်စခန်း တရား အားထုတ်သင့်ပါတယ်။

'ဒါ...အောက်ထစ်ဆုံး ပြောတာပါ၊ နိဗ္ဗာန်ရဖို့ရာက တရားအားထုတ်မှ ရမှာပါ၊ ကဲ...ဒကာငွေကိုင်ကြီး နှစ်တိုင်း ၁၀ ရက် စခန်းပွဲမှာ ဝင်ပြီး **တရားအား**ထုတ်ရဲ့လား၊ အခု ဘယ်နှကြိမ်ရှိပြီလဲ၊ တရား**အားထုတ်**တာ။

**ဘုရား ဘာဖြစ်လို့ပွင့်လဲ။** ။'အင်း...ဒကာငွေကိုင်ကြီး အပြောခက်နေပြီ၊ ဘုန်း**ကြီးသိတာကတော့** ၂ ကြိမ်ပဲ ရှိပါသေး တယ်၊ စဉ်းစားကြည့်နော်၊ **တစ်နှစ်မှာ** ၃၆၅ ရက် ရှိတဲ့အနက်က ဒီ ၁၀ ရက်ကလေးလော**က်တော့** ကိုယ့်အတွက် သံသရာက ထွက်လမ်း နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းကို ကျင့်ဖို့ရာ မကောင်းဘူးလား'

'ကောင်းပါတယ်အရှင်ဘုရား'

'တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက် ရှိတာ၊ ၃၆၅ ရက် လုံးလုံး သံသရာလည်လမ်း အလုပ်နဲ့ပဲ အချိန်ကုန်သွားရင်တော့ ဒီသာသနာတော်ကြီးနဲ့ တွေ့ရကျိုး ဘာမှမနပ်တော့ပါ။

'ဘုန်းကြီးတို့ ခဏခဏ ဟောခဲ့ဖူးပါတယ်၊ ပြီးခဲ့တဲ့ ဝါတွင်းက ဘုန်းကြီးနေတဲ့ တောင်စွန်းမှာ ဥပုသ်စဉ် တရား

ဟောတော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးပြပြီး ဟောခဲ့ပါတယ်၊ မေးခဲ့ပါတယ်။

'ကဲ–ဘုန်းကြီးတို့ ပရိသတ် ဘုရား ဘာဖြစ်လို့ **ပွင့်လဲ၊ ဘာကြောင့်**ပွင့်လဲ မေးရင် ဘယ်လိုဖြေရမလဲ၊ အင်း...ထွက်**လာလိုက်**တဲ့ အဖြေတွေ အများကြီးပဲ၊ တစ်ခုမှ လိုရင်းမရောက်ပါ။

'ဘုရားဘာ့ကြောင့် ပွင့်လဲဆိုရင် ဟောဒီ ဇာတိ၊ ဇရာ၊ မရဏ တရား သုံးပါးရှိလို့ ဘုရားပွင့်တာပါ၊ အဲဒီ ၃–ပါးမရှိရင် ဘုရား မပွင့်ပါဘူး။

'အဲဒီ ဇာတိ၊ ဇရာ၊ မရဏ တရား ၃ ပါး ရှိနေတာနဲ့ **ဘုရား** ဘာဖြစ်လို့ ပွင့်ရတာလဲဆိုတော့ သတ္တဝါတွေကို အဲဒီ **၃ ပါးရဲ့** အပြစ်တွေပြပြီး အဲဒီ ၃ ပါးက လွတ်မြောက်ရာ **နိဗ္ဗာန်အရောက်** ပို့ချင်လို့ ဘုရားပွင့်တာပါ။

'ဒါဖြင့် **အဲဒီ ၃** ပါးက လွတ်မြောက်ရာ နိဗ္ဗာန်အရောက် ပို့ချင်လို့ ပွင့်**တော့ မကျင့်ဘဲ**နဲ့ အဲဒီ ၃ **ပါးက** ထွက်မှာလား ဆိုတော့ မကျင့်ဘဲနဲ့ မ**ထွက်**နိုင်ပါ၊ **ကျင့်ကြံ** အားထုတ်မှ ထွက်နိုင်မှာပါ။

'နာကြားရုံ သက်သက်နဲ့ ဒီသံ**သ**ရာထဲက မထွက်နိုင်သေးပါ၊ အေး...ဘုရားရှင်ပွင့်တာက အရေး**တ**ကြီးနဲ့ ဇာတိ၊ ဇရာ၊ မရဏ ကင်းရာ နိဗ္ဗာန်သို့ သတ္တဝါ**တွေကို** အရောက် ကယ်တင် ပို့ချင်လို့ ပွင့်တာပါ။

'မိမိတို့က အဲဒီဇာတိ၊ ဇရာ၊ မရဏမှ **ထွက်**ရာထွက်ကြောင်း အကျင့်ကောင်းတွေကို မကျင့်ဖူးဘူးဆိုရင် **မိမိတို့အ**တွက် ဘုရား ပွင့်ရကျိုး မနပ်ပါ။

'ပြီးတော့ ဒီဇာတိ၊ ဇရာ၊ မရဏတရားသုံးပါးရှိလို့ ဘုရားရှင် တရားတွေ ဟောနေတာပါ၊ အဲဒီတရား ၃ ပါးမရှိရင် ဘုရားရှင် တရားတော်တွေ မဟောပါ။

'ဒါဖြင့် ဘုရားရှင် တရားဟောတာ ဇာတိ၊ ဇရာ၊ မရဏ ရှိလို့ ဟောတော့ အဲဒီတရားတွေ မနာယူရတဲ့ ပုဂ္ဂိုလ်တွေအတွက် လဲ ဘုရားပွင့်ရကျိုး မနပ်ပါ။

'ဇာတိ၊ ဇရာ၊ မရဏ တရားသုံးပါးရှိလို့ ဘုရားရှင် တရား တော်တွေ ဟောတော်မူတယ်ဆိုတော့ ဘာတရားတွေ ဟောလဲ လို့ မေးစရာ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ရှိရင် မေးမလား၊ မမေးပါဘူး၊ ဒီလိုပဲ ငြိမ်နေမှာပါ၊ ဘာတရားတွေ ဟောလဲဆိုတော့ ဇာတိ၊ ဇရာ၊ မရဏမှ ထွက်ရာ ထွက်ကြောင်း တရားကောင်းတွေ ဟောပါတယ်။

'အဲဒီတရားကောင်းတွေဆိုတာ ဘာတွေလဲဆိုတော့ ဒါန တရား၊ သီလတရား၊ ဘာဝနာတရားတွေပါ၊ အဲဒီတရား ၃ ပါး မှာ ဘုရားရှင် အဟောချင်ဆုံးတရား၊ အဟောဆုံး တရားတော် ဟာ ဘာဝနာတရားတော်ပါ။

'နိဗ္ဗာန်သို့ တိုက်ရိုက်ရောက်စေတဲ့ တရားတော်ဟာ ဘာဝနာ တရားတော်ပါ၊ ဒါနသီလ တရားတော်တွေဟာ အဲဒီ ဘာဝနာ တရားတော်ရဲ့ အထောက်အပံ့မျှသာ ဖြစ်ပါတယ်။

'ဒါနသီလတရားတော်တွေဆိုတာ သူတို့ကို အထောက်အပံ့ ယူပြီး ဘာဝနာတရားနဲ့ နိဗ္ဗာန်အရောက် တက်လှမ်းနိုင်ရေး အတွက် ဟောခဲ့တဲ့ တရားတော်တွေပါ။

'ရှင်းရှင်းပြောရရင် တစ်ဘဝတည်းနဲ့ နိဗ္ဗာန် အရမယူနိုင်သေးသူတို့အတွက် အထောက်အပံ့လေး ပေးပြီး အပါယ်မကျအောင် ဟောခဲ့တဲ့ တရားတော်တွေပါ။

'အဲဒီ ဒါနသီလမှ တစ်ဆင့်တက်ပြီး ဇာတိ၊ ဇရာ၊ မရဏမှ ထွက်မြောက်ကြောင်း ဘာဝနာအလုပ်ကို အားထုတ်ချင်အောင် အားထုတ်အောင် အထောက်အပံ့အနေနဲ့ ဟောခဲ့တာပါ။

**အထောက်အပံ့နဲ့ ပြီး။** ။'ပွင့်သွားတဲ့ ဘုရားရှင်တွေဟာ မရေမတွက်နိုင်ပါ၊ အဲဒီ ဘုရားရှင်တွေနဲ့ မိမိတို့နဲ့ မဆုံဘူးလား ဆိုတော့ ဆုံပါတယ်၊ တစ်ဆူမက အဆူဆူ ဆုံခဲ့ပါတယ်၊ ဒါပေမယ့် မိမိတို့ဟာ ဒါန၊ သီလ တရားလောက်နဲ့သာ ကျေနပ်ပြီး နေခဲ့တဲ့အတွက် မကျွတ်ဘဲ ကျန်ရစ်ခဲ့တာပါ။

'ဟုတ်တယ်လေ၊ ဒါန ကုသိုလ်က ဖြစ်လေရာ ဘဝတိုင်း ပစ္စည်းဥစ္စာ ပေါများတာဟာ သူ့ရဲ့ တိုက်ရိုက် အကျိုးပေးပါ၊ အဲဒီလို ပစ္စည်းပေါများတော့ ယခုလို တရားနာမှု၊ တရားအားထုတ်မှုမှာ မကြောင့်မကြဘဲနဲ့ အားထုတ် နာကြားနိုင်အောင် သူက ထောက်ပံ့တယ်၊ ဒါနက အဲဒီလောက်ပဲ ထောက်ပံ့နိုင်ပါတယ်၊ သူ့အထောက်အပံ့ရပြီး စားဝတ်နေရေး မပူမပင်ရဘဲ အားထုတ်ရင် နိဗ္ဗာန်ရပြီပေါ့။

'သီလက ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း အသက်ရှည်အောင်၊ အနာကင်းအောင်၊ အဆင်းလှအောင် ထောက်ပံ့ပါတယ်၊ အသက်ရှည်မှု၊ အဆင်းလှမှု၊ အနာရောဂါကင်းမှု

အထောက်အပံ့ ရတော့ ကျန်းမာစွာနဲ့ တရားအားထုတ်နိုင်တော့ တရားရတာပေါ့။

'တရားအားထုတ်တဲ့ နေရာမှာ ကျန်းမာရမယ်ဆိုတဲ့ အင်္ဂါ တစ်ပါး ပါနေတယ်၊ တချို့ တရားတော့ အားထုတ်ချင်ပါ တယ်၊ မကျန်းမာလို့ ဆိုတာက သီလ အထောက်အပံ့ မရလို့ ပေါ့။

ကဲ...လူက ကျန်းမာနေပြီ၊ ရိက်သတ်တောင် မသေနိုင် ပါဘူးတဲ့၊ တရားအားမထုတ်တော့ ဘာတတ်နိုင်သေးလဲ၊ နိဗ္ဗာန် ရမှာလား၊ မရနိုင်ပါ၊ သီလ မထောက်ပံ့ဘူးလား၊ ထောက်ပံ့ ပါတယ်။

'အဲဒီ အထောက်အပံ့နဲ့ပဲ အသက်ရှည်သော်လဲ ဒါန အထောက်အပံ့ မပါရင် စားဝတ်နေရေး မပြေလည်လို့ ရှာဖွေ နေရတာနဲ့ မအေးပြန်ဘူး ဆိုတော့လဲ တရားအားထုတ်သေး လား၊ အားမထုတ်နိုင်ပြန်ပါဘူး။

'အေး...ဒါန သီလ အထောက်အပံ့ ရတော့ စားဝတ် နေရေးလဲ ပြေလည်၊ ကျန်းမာရေးလဲ ကောင်း၊ အသက်ရှည်တဲ့ အတွက် အဲဒီ ဒါန သီလ အထောက်အပံ့ယူကာ တရားအား ထုတ်ပါမှ တရားရမှာပေါ့။

'ဘုန်းကြီးတို့ ပရိသတ်မှာ ဘဝတိုင်း ကမ္ဘာတိုင်း အဲဒီ ဒါန သီလ အထောက်အပံ့ ရကြပါတယ်၊ ရှိကြပါတယ်၊ ဒါပေ မယ့် အဲဒီ ဒါန သီလ အထောက်အပံ့ကိုယူပြီး တရားအားမထုတ်

တဲ့အတွက် သံသရာလည်မှုနဲ့ပဲ ဘဝတွေ ကမ္ဘာတွေ ကုန်လွန်ခဲ့ပါတယ်၊ နစ်နာခဲ့ပါတယ်၊ အင်မတန်မှပဲ နစ်နာပါတယ်။

'ဒါန သီလကြောင့် သံသရာလည်တာ မဟုတ်ပါ၊ ဒါန သီလရဲ့ အထောက်အပံ့ကောင်းကို ရပါလျက်နဲ့ ဝိပဿနာတရား အားမထုတ်ခဲ့လို့သာ သံသရာလည်တာပါလို့ သေသေချာချာ စွဲမြဲအောင် မှတ်ပါနော်။

**ဝေဒနာရှုပွားရန်။** ။'ဝေဒနာရှုပွားရန် ဘာပိုင်မှ ဖြစ်သလဲဆိုတော့ ရုပ်ဓာတ်ကြီးလေးပါး ပိုင်မှ **ဖြစ်ပါတယ်၊** အများအားဖြင့် ဝေဒနာ ရှုပွားတဲ့ ယောဂီတွေဟာ **ရုပ်ဓာတ်ကြီး** လေးပါး မပိုင်ကြပါ၊ မပိုင်တော့ အဲဒီရုပ်ဓာတ်တွေကို ဝေဒနာ ပြုလုပ်ပြီး ရှုတတ်ပါတယ်၊ ရှုနေတဲ့ ယောဂီတွေလဲ ရာနှုန်းပြည့်လောက် တွေ့ရပါတယ်၊ ဒါ့ကြောင့် ဆိုကြည့်ပါဦး...။

၂၇။ **ဝေဒနာနာမ်၊ ရှုပွားရန်၊ လေးတန်ဓာတ်ပိုင်ပါ။**

'ဝေဒနာဆိုတဲ့ နာမ်တရားကို ရှုပွားဖို့ရာ ဘာပိုင်မှ ဖြစ်မလဲ၊ မြေ၊ ရေ၊ လေ၊ မီး ဆိုတဲ့ ရုပ်ဓာတ်တွေပိုင်မှ ရှုလို့ လွယ်ပါတယ်၊ အဲဒီ ရုပ်ဓာတ်ကြီးလေးပါး မပိုင်ဘဲနဲ့ ဒီဝေဒနာကို ရှုပွားဖို့ရာ လွယ်မယ်မဟုတ်ပါ၊ မလွယ်ပါ။

'ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ရုပ်ဓာတ်ကြီးလေးပါးကို မသိရင် အဲဒီ ရုပ်ဓာတ်ကြီးလေးပါး ဖောက်ပြန်မှုကိုပဲ နာမ်ဝေဒနာ လုပ်ပြီး ရှုနေတတ်ပါတယ်၊ ဓာတ်ကြီးလေးပါးဆိုတာက ရုပ်၊ ဝေဒနာဆိုတာက နာမ်၊ တခြားစီပါ၊ ဘာမှ မဆိုင်ပါဘူး၊ ဖောက်

ပြန်မှုက ရုပ်၊ ခံစားမှုက ဝေဒနာ၊ ခွဲခြားသိဖို့ အရေးကြီးပါတယ်။

'ဒါကြောင့် ယောဂီတို့ ဘုန်းကြီးက ဝေဒနာအကြောင်း မဟောသေးဘဲ လေးတန်ဓာတ်ပိုင်ရေးအတွက် ၆ ရက်တိုင် ဟောပြောပေးပြီးမှ ဝေဒနာကို ဟောပေးတာပါ၊ အခုတော့ မာသဘော၊ တင်းသဘော တွေ့မယ်ဆိုရင် 'ဪ…ပထဝီ ရုပ်ပါလား'လို့ သိမသွားဘူးလား'

'သိသွားပါတယ်ဘုရား'

'အဲဒီလိုမသိရင် အဲဒီ မာသဘော၊ တင်းသဘောကို ဝေဒနာ လုပ်ရှုမှာ သေချာတယ်၊ ပြီးတော့ ပူတာ တွေ့မယ်၊ အေးတာ တွေ့မယ်ဆိုရင် 'ဪ…ဒါ တေဇောပါလား'လို့ သိပါတယ်၊ ပူတဲ့ဝေဒနာလေး၊ အေးတဲ့ ဝေဒနာလေးလို့ ရုပ်ကို ဝေဒနာ လုပ်ဦးမလား'

'မလုပ်တော့ပါဘုရား'

'အေး…မာတာ တင်းတာက ပထဝီဓာတ်ပါ၊ ပူတာ အေးတာက တေဇောဓာတ်ပါ၊ တိုးတာ တွန်းတာ ကန်တာ ခုန်တာ လှုပ်တာက ဝါယောဓာတ်ပါ၊ ဖွဲ့စည်းတာ ယိုစီးတာက အာပေါဓာတ်ပါ၊ ယောဂီတို့ ယခု ထင်ရှားတဲ့ ရုပ်ဓာတ်ကြီးလေးပါးရဲ့ သဘောကို သိမသွားဘူးလား'

'သိသွားပါပြီဘုရား'

'အဲဒီလို မသိထားရင်၊ ကဲ…ပူတာ အေးတာကို ပူတဲ့ ဝေဒနာလေး၊ အေးတဲ့ ဝေဒနာလေးလို့ အပူအအေးကို ဝေဒနာ လုပ်ပြီး အမှားရှုတတ်ပါတယ်။

'ပြီးတော့ တောင့်တင်း ကိုက်ခဲတဲ့ ဝေဒနာလေးတဲ့၊ ဘုန်းကြီးတို့ ၆ ရက်တိုင်တိုင် ရုပ်ရယ်၊ ဝေဒနာရယ်၊ စိတ်ရယ် ခွဲခြားပြီး ဟောနေတာတောင်မှ မနေ့က ယောဂီတစ်ယောက်က 'တပည့်တော် ဝေဒနာ တက်သေးတယ်ဘုရား' တဲ့၊ ပြောသေးတယ်။

'ဝေဒနာက မတက်ထတ်ပါ၊ တက်တဲ့သဘောက ရုပ်ဓာတ်ပါ၊ ဝေဒနာက ခံစားတဲ့သဘောရှိပါတယ်၊ ရုပ်ဖောက်ပြန်နေတာကို တက်တယ်လို့ ခေါ်တာပါ၊ ဝေဒနာ တက်တာ မဟုတ်ပါ။

'အေး...မြေ၊ ရေ၊ လေ၊ မီးလို့ ခေါ်တဲ့ ဓာတ်ကြီးလေးပါး၊ မဟာဘုတ်ရုပ် ၄-ပါးကို မပိုင်ဘူးဆိုရင် အဲဒီ ရုပ် ၄-ပါး ဖောက်ပြန်မှုကို ဝေဒနာလုပ်ရှုမှာ သေချာနေပြီနော်'

'မှန်ပါဘုရား'

'အေး...အဲဒါကြောင့် ဝေဒနာ ရှုပွားတတ်ဖို့ရာ ဘာပိုင်ရမှာလဲဆိုရင် ဓာတ်ကြီးလေးပါး ပိုင်ရမှာပါ၊ ဒါကြောင့် ဘုန်းကြီးတို့ နှာခေါင်းမှာ အဝင်တိုး အထွက်တိုးနေတဲ့ တိုးသဘောရုပ်ကို ရှုပွားအားထုတ်ခိုင်းလို့ လေး ငါး ခြောက်ရက်ကြာတော့မှ ဒီဝေဒနာ ရှုပွားနည်းကို ဟောပေးတာ။

'ယောဂီတွေက တိုးသဘောရုပ်ကို ရုပ်, ရုပ်နဲ့ ရှုရင်းနဲ့ ဟိုတွေး ဒီတွေး ဟိုကြံ ဒီကြံတွေက လာတယ်၊ ဘာဖြစ်ဦးမလဲ၊ ဘာမြင်ဦးမလဲ၊ ဘာတွေ့ဦးမလဲ၊ တရားဆိုတာ ဘယ်လိုလဲ ကြံနေ တွေးနေကြတယ်၊ မကြံမတွေးနဲ့ ပြောလဲ မရဘူး။

'ပရမတ် ရုပ်နာမ်ရဲ့ သဘောကို သိချင်ရင် မတွေးရ မကြံရပါ၊ အရှုခံအာရုံနဲ့ ရှုဉာဏ်နဲ့ မလွတ်အောင် ရှုပွားရမှာပါ၊ ယောဂီတို့ ရှုနေတဲ့ တိုးသဘောထဲမှာ ကြည့်စရာတွေ သိစရာတွေ အများကြီးရှိပါသေးတယ်၊ ဘုန်းကြီးတို့က ဖော်မပြောဘဲနဲ့ ရှုနိုင်မှ မြင်နိုင်မှ ကောင်းပါတယ်။

**ရုပ်ရှစ်ခုပါတယ်။** ။'ရုပ်တရားက ဖြစ်လို့ရှိရင် တစ်ခုတည်း ဘယ်တော့မှ မဖြစ်ပါ၊ အနည်းဆုံး ရှစ်ခုဖြစ်ပါတယ်၊ ယခု ယောဂီတို့ ရှုပွားနေတဲ့ တိုးသဘောရုပ်ကို သတိထားပြီး အသိတရားနဲ့ သေသေချာချာ ရှုကြည့်ပါ၊ တိုးတာ တစ်ခုတည်း ရှိသလား၊ တခြား ဘာတွေ ပါသေးလဲ၊ သတိထားနော်။

'တိုးသဘောရုပ်ထဲမှာ တိုးသဘော ဝါယောရုပ် တစ်ခုတည်း မဟုတ်ပါ၊ ရုပ်ရှစ်ခု ပါပါတယ်၊ အဲဒီ ရုပ်ရှစ်ခုက ဘာတွေလဲဆိုတော့ တိုးသဘောက ဝါယောရုပ်။

'အဲဒီ တိုးသဘောကို သေသေချာချာ သတိပြုပါ၊ အဲဒီ တိုးသဘောထဲမှာ ပူသဘော၊ အေးသဘော ပါ,ပါတယ်၊ အဲဒီ ပူအေးသဘောက တေဇောရုပ်ပါ၊ အဲဒီ တိုးသဘောထဲမှာ အကြမ်း၊ အနုသဘောက ပထဝီရုပ်ပါ။

'အဲဒီ ဝါယော၊ တေဇော ပထဝီရုပ် ၃ ခုကို တွေ့ရင် အာပေါရုပ်ကို တွေ့နိုင်ပြီ၊ ဘယ်လိုတွေ့နိုင်လဲ၊ ကြမ်းသဘော နုသဘော၊ ပူသဘော၊ တိုးသဘော ထင်ရှားအောင် ဖွဲ့စည်း

ပေါင်းစပ်ကပ်ပေးတဲ့သဘောက အာပေါရုပ်ပါ၊ ဒါကြောင့် တိုးတဲ့အထဲမှာ ရုပ်ဓာတ်ကြီး ၄-ပါး ပါပါတယ်။

'အဲဒီ ဓာတ်ကြီးလေးပါး၊ ရုပ် ၄-ခုကို မဟာဘုတ် ရုပ် ဓာတ်လို့ခေါ်ပါတယ်၊ အဲဒီ မဟာဘုတ်ရုပ်ဓာတ်ကြီး ၄-ခုကို မှီနေတဲ့ အမှီရုပ် (ဥပါဒါရုပ်) ၄-ခု ဆိုတာ ရှိပါသေးတယ်။

'အဲဒီ ရုပ်ဓာတ်ကြီး ၄-ပါးထဲမှာ ဝဏ္ဏလို့ခေါ်တဲ့ အဆင်းရှိ ပါတယ်၊ ဓာတ်ကြီး ၄-ပါးကို မှီနေပါတယ်၊ ဒါကြောင့် တချို့ ယောဂီပုဂ္ဂိုလ်တွေက 'တပည့်တော် နှာခေါင်းထဲက ဖြူဖြူတန်းကြီး မီးခိုးတန်းလို ထွက်တာ ဝင်တာ မြင်ပါတယ် ဘုရား' လို့ ပြောကြတယ်၊ အဲဒါ တိုးသဘောထဲမှာ ပါတဲ့ ဝဏ္ဏရုပ်ကို မြင်တာပါ။

'ဒါဖြင့် တိုးသဘောထဲမှာ အဆင်းရုပ် ဝဏ္ဏရုပ် ပါပါ တယ်၊ ဖြူဖြူတန်းကြီး မြင်တယ်၊ မီးခိုးတန်းလို မြင်တယ် ဆိုတာ အဆင်းရုပ်၊ ဝဏ္ဏရုပ်ကို မြင်တာပါ။

'တိုးသဘောဆိုကတည်းက အရာဝတ္ထု တစ်ခုခုပေါ့၊ သူ့မှာ အဆင်းရှိတယ်ပေါ့၊ အဲဒီ အဆင်းရှိတဲ့ အရာဝတ္ထုမှာ အနံ့ဆိုတဲ့ ဂန္ဓရုပ် ရှိပါတယ်၊ အနံ့ဆိုတာ ဂန္ဓာရုံ၊ ဂန္ဓရုပ် ပါ။

'နောက် အဲဒီ အရာဝတ္ထုသဘော၊ အဆင်း အနံ့ရှိတဲ့ သဘောမှာ အရသာဆိုတာ ရသာရုံ၊ ရသာရုပ်ပါ၊

'အဲဒီ အရာဝတ္ထု၊ အဆင်း အနံ့ အရသာထဲမှာ အဆီ ဩဇာဆိုတာ ရှိပါတယ်၊ အဲဒီ အဆီက ဩဇာရုပ်ပါ၊ ဒီတော့

ဒီတိုးသဘောထဲမှာ ရုပ် ဘယ်နှခု ပါပါသလဲဆိုရင် ရုပ် ၈–ခု ပါပါတယ်။

'အမြဲ မဟာဘုတ်ရုပ်၊ ဘူတရုပ်က ၄–ခုပါ၊ အမြဲရုပ်၊ ဥပါဒါရုပ်က ၄–ခုပါ၊ ရုပ်တရားဖြစ်ရင် အနည်းဆုံး အဲဒီရှစ်ခု ဖြစ်ပါတယ်၊ အဲဒီ ရှစ်ခုအောက် လျော့ပြီးတော့ မဖြစ်ပါ၊ ဖြစ်လို့မရပါ။

**အမှုန်လေးတွေ။** ။'အချို့ ယောဂီတွေ ပြောကြတယ်၊ 'အရှင်ဘုရား၊ တပည့်တော်တို့ တိုးသဘောကို ရှုနေတော့ မီးခိုး တန်းကြီးကို တွေ့ရပါတယ်ဘုရား၊ အဲဒီ မီးခိုးတန်းကြီးထဲမှာ အမှုန်လေးတွေ မရေမတွက်နိုင်အောင် တွေ့ပါတယ်ဘုရား'လို့ ပြောကြတယ်၊ အဲဒီ အမှုန်တစ်ခုမှာပင်လျှင် ရှစ်ခုသော ရုပ် ဓာတ်တွေ အများကြီးရှိပါတယ်။

'ဉာဏ်မျက်စိနဲ့ မြင်ရတဲ့ အဲဒီ အမှုန်လေးတစ်ခုထဲမှာ ကိုပဲ ရုပ်ရှစ်ခု၊ ရုပ်ရှစ်ခုပေါင်း ဘယ်နှခုပါလဲ မပြောနိုင်ပါ၊ ရုပ်ရှစ်ခုစီ ရုပ်ရှစ်ခုစီ အများကြီး ပေါင်းစုမှ အမှုန်တစ်ခု ဖြစ်ပါ တယ်။

'အေး…အဲဒီလို အမှုန်လေးတွေ အများကြီး မြင်တော့ စဉ်းစားကြည့်စမ်း၊ အဲဒီ အမှုန်လေးတွေထဲမှာ ဝေဒနာ ပါလား ဆိုရင် မပါပါ။

'ဒီခန္ဓာကိုယ်ကြီးဟာ အဲဒီ ရုပ်ရှစ်ခု၊ ရုပ်ရှစ်ခုဆိုတဲ့ အစု အပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ကြီးပါ၊ အဲဒီ ရုပ်ရှစ်ခုများစွာ ပေါင်းလိုက်တော့ ဝေဒနာ ပါသွားပြီလားဆိုရင်

မပါသေးပါ၊ ခန္ဓာကိုယ် တစ်ကိုယ်လုံးကြီး စုပေါင်း ဖွဲ့စည်းထားတာ ရုပ်ခါတ်တွေနော်’

‘မှန်ပါဘုရား’

‘ကဲ…ဒါဖြင့် သတိထားပြီး နားထောင်ပါ၊ အခု ယောဂီတွေ တင်ပျဉ်ခွေထိုင် ကျုံ့ကျုံ့ ထိုင်ရယ်လို့ အသီးသီး ထိုင်တော့ ကွေးထားတော့ ရုပ်ခါတ်တွေ တစ်ခုနဲ့ တစ်ခု ပိညပ်ဖိညှပ်ထားတော့ အပိအညပ် အဖိအညှပ်ခံရတဲ့ ရုပ်ခါတ်တွေမှာ နာကျင်ကိုက်ခဲ ပူအေးတောင့်တင်း သဘောတွေ ဖြစ်မလာဘူးလား’

‘ဖြစ်လာပါတယ် ဘုရား’

‘အဲဒီ နာကျင်ကိုက်ခဲ ပူအေးတောင့်တင်း သဘောတွေဘာဖြစ်လို့ ဖြစ်လာတာလဲဆိုတော့ ဒီက ရုပ်ခါတ်တွေ နဂိုအနေက ဖောက်ပြန်သွားလို့ ဖြစ်လာပါတယ်၊ အဲဒီ နာကျင်ကိုက်ခဲ ပူအေးတောင့်တင်း သဘောတွေဟာ နာမ်ဝေဒနာလား၊ ရုပ်လား’

‘ရုပ်ပါ ဘုရား’

‘ဘုန်းကြီးတို့ နောက်က ပြောခဲ့ပြီပဲ၊ ‘ရုပ် ဖောက်ပြန်မှု၊ ခါတ်လွန်စု၊ စွဲပြုဝေဒနာ’တဲ့၊ ကဲ…ရုပ်ဖောက်ပြန်တော့ ခုနက ခါတ်ကြီး ၄–ပါးထဲမှ လွန်တဲ့ ခါတ်တွေက လွန်ကုန်ပြီ၊ လွန်ကုန်တော့ နာကျင်ကိုက်ခဲ ပူအေးတောင့်တင်းတွေ ပေါ်လာတယ်၊ အဲဒီ သဘောတွေဟာ ရုပ်ဒုက္ခတွေပါ။

'အဲဒီလို ရုပ်ဒုက္ခတွေ ဖြစ်လာတော့ ဘယ်သူက သိလဲဆိုရင် စိတ်က သိပါတယ်၊ နာမ်က သိပါတယ်၊ စိတ်နာမ်ပေါ့၊ ဘယ်သူက ခံစားလဲ၊ ဝေဒနာက ခံစားပါတယ်၊ ဝေဒနာနာမ်ပေါ့။

**ဓာတ်ပိုင်စိတ်ပိုင်။** ။'အဲဒီလို ရုပ်ဓာတ်ဖောက်ပြန်မှုနဲ့ သိမှု ဝိညာဏ် စိတ်၊ ခံစားမှု ဝေဒနာရယ်လို့ ပရမတ် တစ်ခုစီရဲ့ သဘောကို သိမှု မိမိရှုချင်တဲ့ သဘောတရားကို အရှုခံထားပြီး ရှုပွားနိုင်မှာပေါ့၊ ဒါ့ကြောင့် ဒီနေရာမှာ လင်္ကာတစ်ပုဒ် ဆိုကြည့်ပါ။

**၂၈။ ဓာတ်ပိုင် စိတ်ပိုင်၊ ရှုပွားနိုင်၊ စွဲကိုင်ဝေဒနာ။**

'ကဲ...ဝေဒနာရှုပွားချင်တဲ့ ယောဂီဟာ ဘာတွေ ပိုင်နိုင်စွာ သိရမလဲဆိုရင် ဓာတ်လဲ ပိုင်ရမယ်၊ ရုပ်ဓာတ်ပေါ့၊ မြေ၊ ရေ၊ လေ၊ မီး ဆိုတဲ့ ရုပ်ဓာတ်ကြီး ၄–ခုရဲ့ သဘော ပိုင်နိုင်စွာ သိရပါမယ်။

'ပြီးတော့ ဝိညာဏ်လို့ ခေါ်တဲ့ စိတ်ဓာတ်ကိုလဲ ပိုင်နိုင်စွာ သိရပါမယ်၊ ဝိညာဏ်ဆိုတာ အသိစိတ်ပေါ့၊ ခံစားမှု ဝေဒနာကိုလဲ သိရပါမယ်။

'အဲဒီလို သိတော့မှ အာရုံကွဲမယ်၊ သို့မဟုတ်က အာရုံတွဲနေမယ်၊ ရောနေမယ်၊ အာရုံကွဲမှ ဒီဥစ္စာက ရုပ်ဓာတ်ပဲ၊ ဒီဥစ္စာက စိတ်ဓာတ်ပဲ၊ ဒီဥစ္စာက ခံစားမှုဝေဒနာပဲလို့ သိမယ်။

'စိတ်ဓာတ်ကနေ ရုပ်ဓာတ်ကို ကြည့်တော့ ရှုတော့ ခံစားမှု ဝေဒနာကို သိမယ်၊ ခံစားမှုဝေဒနာနဲ့ ဖောက်ပြန်မှု ရုပ်လဲ ကွဲမယ်။

'အဲဒီလိုမကွဲရင် ရုပ်ဖောက်ပြန်မှုတွေကို ဝေဒနာလုပ်ပြီး ရှုနေမှာ၊ ရှုတော့ ခံစားမှု ဝေဒေနာနာမ်နဲ့ သိမှုဝိညာဏ်နာမ်လဲ မကွဲဘဲ တွဲနေတတ်ပါတယ်၊ တွဲနေရင် မမှန်တော့ပါ၊ တွဲနေရင် ပညတ်နယ်ထဲ ရောက်နေပြီ၊ ပညတ်နယ်ထဲ ရောက်နေရင် ဝိပဿနာလို့ ပြောပေမယ့် သမထပဲ ဖြစ်တယ်၊ ဝိပဿနာ မဖြစ်ပါ။

'အများကို တစ်ခုတည်း သို့မဟုတ်က နှစ်ခုကို တစ်ခုတည်း ထင်မှတ်နေရင် အမျှင်မပြတ်ဘဲ ပညတ်နယ်ထဲ လှည့်ဝဲနေပြီ၊ ဝေဒနာမရောက်၊ ရုပ်မရောက်၊ စိတ်မရောက်ဖြစ်နေပြီ၊ အဲဒါကို သတိထားပါ။

**ဓာတ်သဘောအချုပ်။** ။'အရေး ကြီးတာက ဝေဒနာ ကလဲ ယောဂီတိုင်းလိုလို ရှုနေကြတော့ ဝေဒနာနဲ့ပတ်သက်ပြီး နားလည်ဖို့ရာ အရေးကြီးပါတယ်၊ ဝေဒနာ နားလည်ဖို့ရာ ဓာတ်ပိုင်ရမှာ ဖြစ်နေတော့ ရုပ်ဓာတ် ၄–ပါး သဘောကို အချုပ် ပြောပြပါမယ်...။

'ပူသဘော၊ အေးသဘော၊ နာသဘော၊ ကျင်သဘော၊ ကိုက်သဘော၊ အောင့်သဘော၊ တွန်းသဘော၊ တိုးသဘော၊ ကန်သဘော၊ ထောက်သဘော၊ မသဘော၊ ပင့်သဘော၊ ဖိသဘော၊ညှပ်သဘော၊ လှုပ်သဘော၊ မာသဘော၊ လေးသဘော၊ ကြမ်းသဘော၊ ထိုင်းမှိုင်းသဘော စသည်များဟာ တေဇော ဝါယောနှင့် ပထဝီ သဘောတွေပါ၊ အဲဒီသဘောကို တွေ့လျှင် 'ရုပ်' ဟု ရှုပါ။

'ရှုတဲ့အခါ ပူသဘော၊ အေးသဘော စသည်နှင့် ကိုယ်နှင့် ကွဲပါစေ၊ ပူသိ၊ အေးသိကို 'နာမ်' ဟု ရှုပါ။

'ဖွဲ့စည်းသဘော၊ ယိုစီးသဘော၊ ကပ်သဘော စသည်တို့ကို တွေ့လျှင် အာပေါ ရုပ်သဘောဖြစ်၍ 'ရုပ်' ဟု ရှုပါ၊ ဝေဒနာ ရှုပွားချင်တဲ့ ယောဂီဟာ အဲဒီ ဓာတ်သဘောတွေ ပိုင်ရပါမယ်။

'အချို့ ယောဂီတွေ တိုးသဘောရုပ်ကို 'ရုပ်,ရုပ်'လို့ ရှုပွား နေရင်း တစ်ကိုယ်လုံး တောင့်တင်းပြီး ထလို့မရတာ ရှိပါတယ်။

'အဲဒီလို ထလို့မရအောင် တင်းတာ တောင့်တာဟာ ပထဝီ ရုပ်ပါ၊ အချို့မှာ တင်းတောင့်ကျပ်ပြီး ဘယ်လိုမှ ထလို့မရ တော့လို့ လန့်တတ်ပါတယ်၊ ဘာလို့ လန့်တာလဲ ဆိုတော့ ရုပ် ဓာတ်သဘော မပိုင်လို့ပါ။

'အချို့ကျတော့လဲ ဘယ်လိုမှ ထမရ ဖြစ်တတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ကိုယ်လုံးလေးနေလို့၊ အဲဒီလိုတစ်ကိုယ် လုံး လေးနေရင်လဲ ကြောက်တတ်ပါတယ်၊ ကြောက် ကြောက်နဲ့ အတင်းဖြုတ်တတ်ပါတယ်၊ ဣရိယာပုတ် ဖျက်တတ်ပါတယ်။

'ဣရိယာပုတ် ဖျက်လိုက်လဲ အချို့မှာ လေးနေတာပါပဲ၊ မပြေပါ၊ အဲဒါ ဘာတွေလဲ ဆိုတော့ ပထဝီရုပ်ကို တွေ့တာ ပါ၊ ပထဝီရုပ် ဖောက်ပြန်တာကို တွေ့တာပါ။

'တချို့ကလဲ လူတစ်ယောက်ယောက်က လာတွန်းသလို တွေ့ပါတယ်လို့ ပြောကြပါတယ်၊ သရဲကပဲ လာပြီးတွန်းသလိုလို၊ တစ္ဆေကပဲ လာပြီး တွန်းသလိုလို ထင်တတ်ပါတယ်၊ အမှန်က

ဘယ်သူမှ လာပြီးမတွန်းပါ၊ ဝါယောရုပ်ရဲ့ တွန်းသဘောကို တွေ့တာပါ။

'ရံခါကျတော့လဲ ပခုံးနှစ်ဖက်ကို လူတစ်ယောက်က လာပြီး လက်နှစ်ဖက်နဲ့ ဖိထားသလို တွေ့တတ်ပါတယ်၊ ဘယ်သူကမှ လာဖိတာ မဟုတ်ပါ၊ ဝါယောရုပ်ရဲ့ ဖိသဘောကို တွေ့တာပါ။

'ရံခါကျတော့လဲ ယောဂီတို့ ထိုင်နေကျအတိုင်းပဲ လက်နှစ်ဖက်ကို စနစ်တကျထပ်ပြီး ထိုင်ပြီး ရှုပွားနေတာပါပဲ၊ အဲဒါ တစ်ယောက်ကလာပြီး ဆွဲလိုက်သလို ဖြစ်တတ်ပါတယ်၊ ဘယ်သူကမှ လာပြီးဆွဲတာ မဟုတ်ပါ၊ အဲဒါ ဝါယောရုပ်ဓာတ် ဖောက်ပြန်မှု ဖြစ်တဲ့ သဘောပါ။

'အဲဒီရုပ်ဓာတ် ဖောက်ပြန်မှု သဘောတွေကို ပိုင်ပိုင်နိုင်နိုင် မသိရင် အဲဒီရုပ်ဓာတ် ဖောက်ပြန်မှုတွေကို ဝေဒနာလုပ်တတ်ပါတယ်။

'ပြီးတော့ အဲဒီရုပ်ဓာတ် ဖောက်ပြန်မှု သဘောတွေကို ကြောက်စရာ၊ လန့်စရာ တစ္ဆေလိုလို၊ သရဲလိုလို ထင်တတ်ပါတယ်၊ တစ္ဆေ သရဲတွေကပဲ လာပြီး အနှောင့်အယှက်ပေးသလိုလို ထင်တတ်ပါတယ်၊ အမှန်တော့ မဟုတ်ပါ၊ ရုပ်ဓာတ် ဖောက်ပြန်မှု သဘောပါ။

**ပရိုက်ပြခြင်း။** ။'အခု ယောဂီပုဂ္ဂိုလ်တွေ တရားအားမထုတ်ခင်ကတည်းက တကယ့်ယုံကြည်မှု သဒ္ဓါတရားနဲ့ ကြောက်ရွံ့ထိတ်လန့်မှု ကင်းအောင်ဆိုပြီး မိမိတို့ ဦးခေါင်းပေါ်သို့ ဘုရားရှင်ကို ပင့်တင်ထားပါတယ်။

'ဘုရားပင့်ထားပြီးတော့ မိမိတို့ ယုံကြည်ရမှာက 'ဘုရားရှင်သည် အလုံးစုံကို အကုန်အစင် သိတော်မူတဲ့ ဘုရားရှင် ဖြစ်တယ်၊ ငါ၏ စိတ်ကိုလဲ သိတယ်၊ ငါ မကောင်းတာတွေ တွေးလို့ ကြံလို့ မဖြစ်ဘူး' လို့ စိတ်ကိုဆောက်တည်ပြီး ရှုပွားပါ။

'ပြီးတော့ မိမိဦးခေါင်းပေါ်မှာ သီတင်းသုံးနေတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား မိမိကိုယ်နှင့် အသက်ကို စွန့်လှူထားပါတယ်၊ အဲဒီလို စွန့်လှူထားတော့ ကိုယ်နှင့် အသက်ပေါ်မှာ ငဲ့ကွက်မှု မထားတော့ပါ။

'အဲဒီလို ကိုယ်နှင့်အသက်ပေါ်မှာ ငဲ့ကွက်မှုမထားဘဲ အရှုခံ အာရုံပေါ်မှာ အသိတရားနှင့် ရှုပွားနိုင်မှ တရားမြန်မြန် ရနိုင်ပါတယ်။

'ပြီးတော့ ယောဂီတို့ သရဏဂုံ ၃-ပါးနှင့်တကွ ရှစ်ပါးသီလ ယူထားတယ်၊ ဘုရားထံကလဲ ကမ္မဋ္ဌာန်းတောင်းပြီးတော့ ရှုပွား အားထုတ်နေတယ်၊ အဲဒီတော့ ယောဂီတို့မှာ ဘာအန္တရာယ် ရှိဦးမှာလဲ၊ ဘာအန္တရာယ်မှ မရှိနိုင်ပါ။

'အခု ဘုန်းကြီးတရားပြနေတာ ၁၅ နှစ်၊ ၁၆ နှစ် ရှိပါပြီ၊ ဘာအန္တရာယ်မှ မတွေ့ဖူးပါ၊ ဘာမှလဲ ထူးထူးဆန်းဆန်းဖြစ်တာ မတွေ့ဖူးပါ၊ ဘုန်းကြီး ညွှန်ပြတဲ့ အတိုင်းသာ ရှုပွားအားထုတ်ပါ၊ ဘာမှ မဖြစ်စေရပါဘူး၊ အမှန်ပဲ ဟုတ်ပါတယ်၊ ကောင်းပါတယ်။

**ပိုင်စွာ ရှုနိုင်ရာ။** ။'အရေးကြီးတာက တရားတော်ကို စနစ်တကျ ရှုပွားအားထုတ်ဖို့ အရေးကြီးပါတယ်၊ စနစ်တကျ

ရှုပွား အားထုတ်ရင် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ မျက်မှောက် လက်ငင်း ချမ်းသာကိုပေးတယ်၊ အဲဒီလို ချမ်းသာပေးဖို့ရာ မိမိတို့ရှုတဲ့ ကမ္မဋ္ဌာန်းကို ပိုင်ဖို့ အရေးကြီးပါတယ်၊ ဆိုကြည့် စမ်းပါ။

## ၂၉။ ခတ်စိတ်ပိုင်ကာ၊ ဝေဒနာ၊ ပိုင်စွာရှုနိုင်ရာ။

'ဝေဒနာရှုပွားတဲ့ ယောဂီဟာ ဘာကို ပိုင်နိုင်မှ ရှုပွားနိုင်မှ ပိုင်နိုင်စွာ ရှုနိုင်သလဲဆိုတော့ ရုပ်ခတ်နဲ့ စိတ်ကို ပိုင်နိုင်စွာ ကွဲပြားစွာ သိပြီးမှ ဒီဝေဒနာကို ရှုပွားပါ၊ ရုပ်ခတ်နဲ့ စိတ်ကို ပိုင်မှ ဒီဝေဒနာကို ပိုင်ပိုင် နိုင်နိုင် ရှုပွားနိုင်ပါတယ်။

'ပူတယ်၊ အေးတယ်၊ နာတယ်၊ ကျင်တယ် စသည် ဖြစ်နေ တာက ရုပ်ဖောက်ပြန်နေတာပါ၊ အဲဒီလို ရုပ်ဖောက်ပြန်နေ တာကို ရုပ်လို့ ရှုဖို့ပါပဲ၊ ရှုတဲ့အခါ 'ရုပ်တစ်ခု အသိတစ်ခု'လို့ ဆိုတော့ အဲဒီ အသိကလေး ရှုရင်လဲ အသိဆိုတာ နာမ်ဆိုတော့ 'နာမ်' လို့ ရှုပါ။

'ဖောက်ပြန်တဲ့ သဘောကို ရှုရင် 'ရုပ်' လို့ ရှုပါ၊ သိမှု သဘောကို ရှုရင် 'နာမ်' လို့ ရှုပါ၊ ဖောက်ပြန်တာက ရုပ်၊ ရှုတာက နာမ်ပါ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။

'ဒါမှ မဟုတ်ရင် ဖောက်ပြန်တဲ့ အရသာကို ခံစားတဲ့ သဘောကို ရှုပွားရင် ဖောက်ပြန်မှုတစ်ခု၊ ခံစားမှုတစ်ခုပါ၊ ဖောက်ပြန်တာက ရုပ်၊ ခံစားတာက ဝေဒနာ။

**ထင်ရှားတာ ရှုပါ။** ။'ဝိပဿနာတရား ရှုပွားအားထုတ်တယ်ဆိုတာ အရှုခံအာရုံ ထင်ရှားတာ ရှုမှ အမြန်ရမှာပါ၊ မထင်ရှားတာ ရှုရင် အရနှေးပါတယ်၊ ဒီခန္ဓာကိုယ် တစ်ခုလုံးမှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ရယ်လို့ ၅-ပါးရှိပါတယ်၊ အဲဒီ ၅-ပါးထဲမှာ ဖောက်ပြန်တဲ့သဘော ရုပ်ရယ်၊ ခံစားမှုသဘော ဝေဒနာရယ်၊ သိမှုသဘော ဝိညာဏ်ရယ်လို့ အဲဒီတရား ၃ လုံးဟာ ထင်ရှားပါတယ်၊ အဲဒီ ထင်ရှားတဲ့ တရားတစ်ခုခုကို ရှုပွားပါ။

'မိမိတို့က ရှုပွားအားထုတ်နေရင် အရှုခံအာရုံမှတစ်ပါး ခန္ဓာကိုယ်ထဲမှာ အမျိုးမျိုး ဖောက်ပြန်တာ၊ အမျိုးမျိုးဖြစ်တာတွေ တွေ့တတ်ပါတယ်၊ အဲဒီလို တွေ့တဲ့အခါ 'ခန္ဓာကိုယ်ထဲမှာ ဒါပဲရှိလို့ ဒါပဲတွေ့တာပဲ'လို့ နှလုံးသွင်းပြီး ရှုပွားနေကျ အရှုခံအာရုံ တိုးသဘောရုပ်ကို ဆက်ရှုပါ။

'အဲဒီလို အမျိုးမျိုး ဖောက်ပြန်နေလို့ ယောဂီအနေနဲ့ သဘောထား ဖြစ်ရမှာက 'ဪ...ငါ့ခန္ဓာကိုယ်ဟာ ငါလဲ ပိုင်တာ မဟုတ်ပါလား၊ ငါလဲ ဆိုင်တာမဟုတ်ပါလား၊ တရားအားထုတ်ခါနီးမှာလဲ ဘုရားရှင်အား လှူဒါန်းထားပြီးပြီ၊ ငါပိုင်တာ ငါဆိုင်တာ မဟုတ်ပါလား'လို့ ဖြစ်ရမှာပါ။

'ဥပမာဆိုပါတော့ ဘုန်းကြီးတို့ ပရိသတ်တွေ ဆွမ်းတော်သွားတင်လို့ ပြီးသွားပြီ၊ ဆွမ်းတော်ကပ်ပြီးပြီ၊ ကပ်ပြီးတော့ ကိုယ်မပိုင် ကိုယ်မဆိုင်တော့ပါ၊ အဲဒီလို ဆွမ်းတော်ကပ်ပြီးလို့ ခဏကြာတဲ့အခါ အဲဒီ ဆွမ်းတော်ပွဲ ကြွက်လာစားရင် ဘယ်လိုလုပ်မလဲ၊ ကိုယ်က ကပ်လှူပြီးပြီလေ။

စတုတ္ထအကြိမ်

'ခုလဲ ဒီလိုပါပဲ၊ မိမိတို့က ဒီခန္ဓာကိုယ်ကြီးကို တရားအား မထုတ်ခင်ကတည်းက ဘုရားရှင်အား စွန့်လှူထားပြီးပြီ၊ သူ့အတွက် ကြောင့်ကြစရာ ဘာလိုသေးလဲ၊ လှူထားပြီးပြီပဲ၊ ကြောင့်ကြစရာ မလိုပါ၊ ပကတိအားဖြင့်လဲ ခန္ဓာကိုယ်ရဲ့ သဘောက ကိုယ်က ကြောင့်ကြပေမယ့် ကြောင့်ကြတိုင်း ဖြစ်ရဲ့လား'

'မဖြစ်ပါဘုရား'

'အေး...ကိုယ်ဖြစ်ချင်သလို မဖြစ်တဲ့ ခန္ဓာကိုယ်ကြီးအတွက် ကြောင့်ကြလဲ ကြောင့်ကြကျိုး မနပ်ပါ၊ အခု တရားအားထုတ်တော့ ရုံခါ လန့်ထိတ်သွားတယ် မဟုတ်လား'

'သွားပါတယ် ဘုရား'

'ဒကာငွေကိုင်ကြီး တရားအားထုတ်ရင်းနဲ့ ကြောက်တယ်၊ ထိတ်လန့်တယ်ဆိုတာ ဘာဖြစ်လို့လဲ၊ ငါမို့လို့၊ ငါ့ပစ္စည်းမို့လို့၊ ငါနဲ့ ပတ်သက်နေလို့ ကြောက်ထိတ်လန့်တာ။

'တကယ်လို့ ဘုရားပစ္စည်းပဲ၊ ငါ့ပစ္စည်းမှ မဟုတ်ဘဲလို့ ဆိုရင် ကိုယ့်စိတ်ထဲ ဘာဖြစ်ဦးမလဲ၊ ဘာမှ မဖြစ်ပါ၊ အခုတော့ ကိုယ့်ပစ္စည်း လုပ်တယ်၊ ကိုယ့်ပစ္စည်း လုပ်တော့ ထိတ်လန့် ကြောက်ရွံ့တယ်ပေါ့၊ အင်း...အဲဒီကတည်းက သွားပြီ၊ မဟုတ်တော့ပါ၊ အေး...ဘုရားရှင်အား ခန္ဓာကိုယ်ကို စွန့်လှူထားတဲ့ အဓိပ္ပာယ်က အဲဒီလို ကြောက်ထိတ်လန့်မှု ကင်းခြင်းသဘော ရှိတယ်။

'ရှုမှားနေရင်း ခန္ဓာကိုယ် တစ်မျိုးတစ်မည် ဖောက်ပြန်လာရင် 'ငါနဲ့မဆိုင်၊ ငါပိုင်မဟုတ်၊ ဘုရားလှူထားတဲ့ ခန္ဓာကိုယ်၊ သူဖြစ်ချင်သလိုဖြစ်ပြီး သူပျက်ချင်သလို ပျက်နေတဲ့ ခန္ဓာကိုယ်၊ ဖြစ်စမ်း၊ ပျက်စမ်း၊ ငါကြည့်နေမယ်'ဆိုပြီး အသိကပ်ပြီး ရှုကြည့်ပါ။

**အန္တရာယ်မပြုနိုင်။** ။'ဘုန်းကြီးတို့ ပရိသတ်တွေက ဓာရဏပရိတ်ဆိုတာ ရကြပါလိမ့်မယ်၊ အဲဒီ ဓာရဏပရိတ်မှာ ဘုရားရှင်ရဲ့ အန္တရာယ်မပြုနိုင် ဂုဏ် ၄–ခိုင်ကို အစဦးမှာ ထည့်ထားပါတယ်၊ တချို့ ဓာရဏပရိတ်မှာတော့ တစ်ခုပဲ ပါပါတယ်၊ အချို့မှာ နှစ်ခု ပါပါတယ်၊ အန္တရာယ်မပြုနိုင်၊ ဂုဏ်လေးခိုင်က...။

၁။ ဘုရားရှင်ရဲ့ အသက်တော်ကို မည်သူမျှ အန္တရာယ် မပြုနိုင်ပါ။

၂။ ဘုရားရှင်ရဲ့ ဉာဏ်တော်ကိုလဲ မည်သူမျှ အန္တရာယ် မပြုနိုင်ပါ။

၃။ ဘုရားရှင်အတွက် ဆောင်ယူအပ်တဲ့ ပစ္စည်းကိုလဲ မည်သူမျှ အန္တရာယ်မပြုနိုင်ပါ။

၄။ ဘုရားရှင်ရဲ့ လက္ခဏာတော် ကြီးငယ် အသွယ်သွယ် နှင့် တစ်လံမျှလောက်သော ကိုယ်ရောင်တော် အဝန်းကိုလဲ မည်သူမျှ အန္တရာယ်မပြုနိုင်ပါ...

လို့ အန္တရာယ် မပြုနိုင်တဲ့ ဂုဏ် ၄-ခိုင် ရှိပါတယ်၊ အဲဒီ ဂုဏ် ၄-ခိုင်မှာ ဘုရားရှင်ကို ရည်စူးရည်မှန်းပြီး လှူဒါန်းထားတဲ့ ပစ္စည်း ၄-ပါးကို ဘယ်သူမှ အန္တရာယ် မပြုနိုင်ပါဆိုတာ ပါပါတယ်။

'ယခု တရားအားထုတ်နေတဲ့ ယောဂီတွေဟာ မိမိတို့ရဲ့ ခန္ဓာကိုယ်နှင့် အသက်ကို ဘုရားရှင်အား လှူဒါန်းထားပါတယ်၊ အဲဒီလို လှူဒါန်းထားတော့ 'ဘုရားရှင်အား၊ လှူဒါန်းထားတဲ့ ငါ့ရဲ့ကိုယ်နှင့်အသက်ကို ဘယ်သူမှ အန္တရာယ်မပြုလုပ်နိုင်ပါ'လို့ ယုံကြည်ချက်ရှိရင် ကြောက်စိတ်ဝင်ပါဦးမလား'

'မဝင်တော့ပါဘုရား'

'အေး...တကယ်လဲ လှူထားမယ်၊ ယုံကြည်ချက်လဲ ရှိရမယ်၊ အဲဒီလိုဆိုရင် မကြောက်တော့ပါ၊ တကယ်လို့ ကြောက်လန့်စရာ အာရုံပေါ်လာတယ် ဆိုပါတော့၊ သရဲတို့၊ သဘက်တို့၊ တစ္ဆေတို့ ပေါ်လာလို့ရှိရင် အမျှဝေပေးပါ၊ သူတို့က လာခြောက်တာ မဟုတ်ပါ၊ သူတို့ ဒုက္ခရောက်နေကြောင်းကို လာပြပြီး အမျှဝေဖို့ အကူအညီတောင်းတာပါ၊ ဒါ့ကြောင့် မိမိတို့ ပြုထားတဲ့ ကုသိုလ်များကို အမျှဝေပေးလိုက်ပါ။

'သို့မဟုတ် မေတ္တာပို့ပေးပါ၊ မေတ္တာလက်နက်ဟာ စူးရှပါတယ်၊ အန္တရာယ်လဲ ကင်းပါတယ်၊ အများအားဖြင့်တော့ အမျှလိုချင်လို့လာတာ များပါတယ်၊ တချို့က ကိုယ်ထင်ပြပါတယ်၊ အချို့က အမွှေးနံ့ပေးပါတယ်၊ အချို့က အပုပ်နံ့ပေးပါတယ်၊ အမျှသာ ဝေပေးပါ။

'ခြောက်လှန့်ရအောင် လာတာကတော့ အတော်ပဲ တွေ့ခဲ့ပါတယ်၊ အေး...ရှိတော့ ရှိတယ်၊ ဘယ်လိုလဲလို့ဆိုရင် ကိုယ်က မမှန်ကန်ဘဲ အယောင်ဆောင်ဆိုက ခြောက်လှန့်မှုနဲ့ တွေ့တတ်ပါတယ်။

'သပိတ်အိုင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး အဲဒီ သပိတ်အိုင်တောရသို့ သံဃာတွေ ၃ ပါးလောက် ရောက်လာတယ်၊ အကုန်ပြေးရတာပဲ၊ အချို့များ နေ့ခင်းကြီး ပြေးရတယ်၊ ထီးဖိနပ်တွေတောင် ကျန်ရစ်ခဲ့ပါတယ်။

'နောက် ဘုန်းကြီးတို့ သွားနေတော့ အဲဒီ သတင်းတွေ ကြားလို့ ကြောက်ကြောက်ပဲ၊ ပြေးများ ပြေးနေရရင်တော့ အခက်ပဲပေါ့၊ အမှန်တကယ် အားထုတ်နေတော့လဲ ဘာမှ အခြောက်အလှန့် မတွေ့ပါ။

'ပြိတ္တာတို့ သရဲတစ္ဆေတို့ဆိုတာ သူတို့မှာက ကုသိုလ်မှ မရှိတာ၊ ကုသိုလ်မရှိလို့ ဒုက္ခရောက်မှန်းကလဲ အဲဒီလို ဘဝမျိုး ရောက်သွားမှ သိပါတယ်၊ သိတော့ အမျှအတန်း ပေးဝေမယ့် သူကို သူတို့ လိုက်ရှာပါတယ်၊ အမျှပေးဝေမယ့်သူထံမှ အမျှရမှ သာ သူတို့ ချမ်းသာမှာဖြစ်လို့ အခုလို တရားအားထုတ်နေတဲ့ သူတို့အထဲမှ သူတို့နဲ့ နီးစပ်သူတွေထံမှာ လာပြီး အသနားခံ တာပါ။

'ဘုန်းကြီးတို့ အခု ဒီမှာ တစ်ကြိမ် အားထုတ်ပြီးတိုင်း အမျှဝေကြတယ်၊ အမျှဝေတဲ့အခါ သတိထားရမှာ အာရုံပြုရမှာက မိမိတို့ရဲ့ သေကျေသွားကြတဲ့ ညီအစ်ကို၊ မောင်နှမ၊

မိဘ၊ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟတွေကို အာရုံပြုပြီး အမျှဝေပါ။

'သတိရတဲ့အခါ အာရုံပြုပြီး အမျှပေးဝေရင် မကျွတ် မလွတ်သေးက ကျွတ်လွတ်သွားပါတယ်၊ အချို့ တိုက်ရိုက်ကိုပဲ အမျှပေးဝေဖို့ လာတောင်းတာ ရှိတတ်ပါတယ်၊ အဲဒါမျိုးက တော့ ရှားပါတယ်၊ အပုပ်နံ့ ပေးတယ်၊ နံ့သာနံ့ ပေးတယ်၊ ကိုယ်ထင်ပြတယ်၊ အဲဒါမျိုးတွေကတော့ အတွေ့များပါတယ်။

**နာမ်နှင့်ရုပ်။** ။'ကဲ...အဲဒါတွေ ထားလိုက်ပါတော့၊ ဝေဒနာအကြောင်း ဆက်ကြဦးစို့၊ ဒီဝေဒနာ ရှုပွားတာနဲ့ ပတ်သက်လို့ သဘောပေါက်ဖို့ အများကြီး လိုပါတယ်၊ ဒါ့ကြောင့် ဒီလင်္ကာတစ်ပုဒ်လောက် ဆိုကြည့်ပါဦး။

၃၀။ **ဝေဒနာနာမ်၊ ရုပ်ရောကြဲ၊ နိဗ္ဗာန်ဝေးမည်သာ။**

'ဝေဒနာနဲ့ ရုပ် ရောပြီး မကြဲနဲ့၊ ဝေဒနာကို ဝေဒနာ အတိုင်း နေပါစေ၊ ရုပ်ကိုလဲ ရုပ်အတိုင်း နေပါစေ၊ ဝေဒနာကို ဝေဒနာအနေနဲ့ပဲ မြင်အောင် ရှုကြည့်ပါ၊ ရုပ်ကိုလဲ ရုပ်အနေနဲ့ပဲ မြင်အောင် ရှုကြည့်ပါ၊ ရုပ်ကို ဝေဒနာ လုပ်ပြီး အရောရော အထွေးထွေး မရှုကြည့်ပါနဲ့၊ ရုပ်ကို ဝေဒနာလုပ်ပြီး ရောထွေး ရှုကြည့်ရင် နိဗ္ဗာန်နဲ့ ဝေးပါလိမ့်မယ်။

'တရားအားထုတ်တာက နိဗ္ဗာန်နဲ့နီးအောင် နိဗ္ဗာန်ရအောင် အားထုတ်တာပါ၊ ရုပ်ကို ဝေဒနာလုပ်ပြီး ရောထွေးရှုရင် နိဗ္ဗာန်နဲ့ ဝေးမည်ဆိုတော့ တရားအားထုတ်ရကျိုး မနပ်တော့ပါ။

'ရုပ်ကို ရုပ်အနေနဲ့ ရှုလို့ရှိရင် ရုပ်ရဲ့ဖြစ်ပျက်၊ ရုပ်ရဲ့သဘော တွေကို မြင်ပြီးကော့ နိဗ္ဗာန်ရောက်မှာပါ၊ ဝေဒနာကို ဝေဒနာ အနေနဲ့ပဲ ရှုကြည့်လို့ရှိရင် ဝေဒနာရဲ့ ဖြစ်ပျက် ဝေဒနာရဲ့ သဘောတွေ မြင်ပြီးတော့ နိဗ္ဗာန်ရောက်ပါတယ်။

**ကမ္မဋ္ဌာန်းပေးပုံ။** ။'ဘုရားရှင် သတိပဋ္ဌာန် ဒေသနာ တော် ဟောထားတာ တစ်မျိုးတည်း ဟောထားတာ မဟုတ်ပါ၊ လေးမျိုး ဟောထားပါတယ်၊ အဲဒါကို သဘော မပေါက်ရင် တစ်မျိုးတည်းပေးတော့ ယောဂီတွေ ဒုက္ခ ရောက်ပါတယ်၊ တရားလဲ မရတတ်ပါ၊ ဘုရားရှင်က သတိပဋ္ဌာန် သုတ္တန်မှာ…

၁။ ရုပ်နဲ့ လျော်တဲ့ ယောဂီတွေအတွက် ရုပ်ကမ္မဋ္ဌာန်း ဟောပေးခဲ့ပါတယ်။

၂။ ဝေဒနာ နာမ်နဲ့ လျော်တဲ့ ယောဂီတွေအတွက် ဝေဒနာကမ္မဋ္ဌာန်းကို ဟောပေးခဲ့ပါတယ်။

၃။ စိတ် နာမ်နဲ့ လျော်တဲ့ ယောဂီတွေအတွက် စိတ် ကမ္မဋ္ဌာန်း ဟောခဲ့ပါတယ်။

၄။ ရုပ်နာမ်နှစ်ပါးနဲ့ လျော်တဲ့ ယောဂီတွေအတွက် ရုပ်နာမ် မိဿက ကမ္မဋ္ဌာန်းကို ဟောခဲ့ပါတယ်။

'အဲဒီလို ဘုရားရှင်ကိုယ်တိုင် သူ့စရိုက်နဲ့သူ့အကြိုက် ခွဲဝေ ဟောခဲ့တာကို ကမ္မဋ္ဌာန်းဆရာက ရုပ်မှ ရုပ်၊ ဝေဒနာမှဝေဒနာ၊ စိတ်မှ စိတ်၊ ရုပ်နာမ်မှ ရုပ်နာမ်လို့ အစွဲနဲ့ ကမ္မဋ္ဌာန်း ပေးရင်

ယောဂီတွေ ဒုက္ခများစွာ ရောက်ပါတယ်၊ လေးမျိုးလုံး ရောပြွမ်း ရှုပွားနေရင်လဲ ဘယ်ဟာမှ ပိုင်ပိုင်နိုင်နိုင် မဖြစ်ဘဲ ဒုက္ခများ နေမယ်။

'ဒါကြောင့် တရားအားထုတ်တဲ့ အခါမှာ မိမိစရိုက်နဲ့ မိမိအကြိုက်နဲ့ မိမိသဘောကျ ဆွေးနွေးမေးမြန်းပြီးမှ အားထုတ် တာ ပိုကောင်းပါတယ်၊ အဲဒါကို ဘုန်းကြီးတို့ ပရိသတ် သဘော ပေါက်ဖို့ လိုပါတယ်။

'ကမ္မဋ္ဌာန်းတရား ရှုပွားအားထုတ်တဲ့အခါ မိမိတို့ ရှုရမှာက မိမိတို့ဉာဏ်အာရုံမှာ ထင်ရှားတဲ့ ရှင်းလင်းတဲ့ အရှုခံအာရုံကို အရှုခံထားပြီး ရှုပွားရင် အမြင်ဉာဏ် တက်ပါတယ်၊ မိမိဉာဏ်အာရုံမှာ မရှင်းလင်းတဲ့ အာရုံကို အရှုခံထားပြီး ရှုပွားရင် အားထုတ်ခိုင်းလို့သာ အားထုတ်ရတယ်၊ ယုံကြည်ချက်နှင့်သာ အားထုတ် ရတယ် မရှင်းလင်းပါ၊ မကြည်လင်ပါ၊ ဉာဏ်မတက် ပါ၊ ရက်၊ လ၊ နှစ်တွေသာ ကုန်တယ်၊ တရား မရပါ။

**တတ်အောင်သင်။** ။'အဲဒါကြောင့် ဘုန်းကြီး ခဏခဏ ပြောပါတယ်၊ တရား ရရေးထက် တရား အားထုတ်တတ် ရေးက ပိုအရေးကြီးပါတယ်၊ အားထုတ်တာဟာ တရားရချင်လို့ အားထုတ်တာပါ၊ ဒါပေမယ့် အားမထုတ်တတ်ဘဲနဲ့ အားထုတ် နေရင်၊ အကြိုက်အလျောက် ကမ္မဋ္ဌာန်း မဟုတ်ဘဲနဲ့ အားထုတ် နေမယ်ဆိုရင် တရားမရနိုင်ပါ။

'ဒါ့ကြောင့် တရား ရချင်တဲ့ ယောဂီတွေဟာ တရား အားထုတ်ပုံ အားထုတ်နည်းကို ဦးစွာ တတ်အောင် သင်ပါ၊ မေးမြန်းပါ၊ ဆွေးနွေးပါ၊ ရှင်းအောင် လုပ်ပါ၊ ရှင်းလင်း ကျေနပ်မှ အားထုတ်ပါ။

'အခု ဝေဒနာဆိုတာ ဘုရားရှင်က ဟို သတိပဋ္ဌာနသုတ်မှာ တစ်ခန်းတစ်ဖွဲ့အနေနဲ့ ဟောထားခဲ့တဲ့ ကမ္မဋ္ဌာန်း တစ်ခု ဖြစ်ပါတယ်၊ အဲဒီ ဝေဒနာကမ္မဋ္ဌာန်း ရှုချင်ရင် ဝေဒနာနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေ သိရမယ်၊ နားလည်ရမယ်။

'ဝေဒနာရှုချင်ရင် ဝေဒနာရဲ့ သဘောတရား အမျိုးအစားတို့ကို နားလည်ပြီး မိမိရှုမယ့် ဝေဒနာရဲ့ ခံစားမှု သဘောတရားကို အဖြစ်အပျက် မြင်အောင် ရှုပေါ့၊ အဲဒါ ဝေဒနာကို တိုက်ရိုက် ရှုနည်းပါပဲ၊ ရှုပါ၊ ရှုနိုင်ပါတယ်။

'သို့မဟုတ်က ရုပ်ဖောက်ပြန်မှု ရှင်းလင်းရင် အဲဒီ ရုပ်ဖောက်ပြန်မှုကို အရှုခံ အာရုံအဖြစ်ထားပြီး 'ရုပ်၊ ရုပ်'လို့ ရှုပေါ့၊ အဲဒီရုပ်ရဲ့ ဖြစ်ပျက်ကို မြင်အောင် ရှုရမှာပေါ့၊ အဲဒါဟာ ရုပ်ကို တိုက်ရိုက်ရှုတာပေါ့။

**ဝေဒနာခွာရှု**။ ။'ကဲ-ယောဂီတို့က တပည့်တော်တို့ ဝေဒနာကို တိုက်ရိုက် မရှုချင်ပါ၊ ဝေဒနာကို ခွာရှုချင်ပါတယ်၊ ဘယ်လိုခွာရပါ,မလဲလို့ မေးစရာရှိလာပါတယ်၊ မေးစရာရှိတော့ ဆိုကြည့်ပါ။

## ၃၁။ ဝေဒနာခွာ၊ ဝိက္ခမ္ဘနာ၊ ရှုပါ ဉာဏ်ဝင်လာ။

'ဝေဒနာ ခွာတယ်ဆိုတာ 'ဟဲ့ ဝေဒနာ၊ နင့် ငါ မရှုနိုင်ဘူး၊ နင် ငါ့ကိုယ်က ခွာတော့'လို့ ဒီလိုခွာလို့ မရပါ။ ပြီးတော့ သူ့ကို ကိုယ့်သန္တာန်က ပျောက်သွားအောင် ခွာပစ်လို့လဲ မဖြစ်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဝေဒနာက နာမ်တရားဆိုတော့ စိတ်နဲ့ ဖြစ်တူပျက်တူပဲ၊ စိတ်ရှိရင် ဝေဒနာရှိမှာပေါ့။

'ဝေဒနာခွာတယ်ဆိုတာ ဥပမာ ဒုက္ခဒဏ်ကြီး၊ ဒုက္ခဝေဒနာ ကြီး သိပ်ဖြစ်နေတယ် ဆိုပါတော့၊ ရုပ်ဒုက္ခကြီးက သိပ်ပြင်း ထန်နေတယ်ဆိုရင် သူ့ကို ကိုယ်က ရှုဖို့ရာ မနိုင်ရင် ခွာရှုရ မယ်၊ ခွာတော့ ဘယ်လိုခွာမလဲ၊ ခွာပြီး ဘာရှုမလဲ၊ ဝေဒနာပဲ ပြန်ရှုမလား၊ မဟုတ်ပါ။

'ဒီ ရှင်သီဝလိရဲ့မယ်တော် သုပ္ပဝါသာကို ဘုန်းကြီးတို့ ပရိသတ် ကြားဖူးကြပါတယ်၊ သူဟာ သောတာပန် အမျိုး သမီးပါ၊ သူ့မှာ ကိုယ်ဝန်သားကို မဖွားနိုင်တဲ့အတွက် ပြင်း ထန်တဲ့ ဒုက္ခဝေဒနာကြီး ဖြစ်နေပါတယ်။

'အဲဒီဒုက္ခဝေဒနာကြီးကို သူဘယ်လိုလုပ်သလဲ၊ သူရှုလား ဆိုတော့ မရှုပါ၊ အဲဒီ ဒုက္ခဝေဒနာကြီးကို သူ ခွာထားပါတယ်၊ ဘာနဲ့ ခွာသလဲဆိုတော့-

> 'ငါ ယခုခံစားနေရတဲ့ အင်မတန် ပြင်းထန်တဲ့ ဒုက္ခဝေဒနာကြီးမျိုးကို ပယ်ခြင်းအကျိုးငှာ တရား ဟောတော်မူတဲ့ ဘုရားရှင်သည် မဖောက်မပြန် သယမ္ဘူ

ဉာဏ်ဖြင့် တရားဥဿုံ အလုံးစုံကို အကုန်အစင် ကိုယ်တော်တိုင် သိမြင်တော်မူတဲ့ မြတ်စွာဘုရားပါတကား။

'ငါ အခု ခံစားနေရတဲ့ အင်မတန် ပြင်းထန်တဲ့ ဒုက္ခဝေဒနာကြီးမျိုးကို ပယ်ခြင်း အကျိုးငှာ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူတဲ့ သံဃာတော် အရှင်မြတ်တွေသည် ကောင်းကောင်း မွန်မွန် ကျင့်ကြံ ကြိုးကုတ် အားထုတ်တော်မူတဲ့ ဘုရားရှင်ရဲ့ တပည့်သားသားဝက သံဃာတော်တွေ ဖြစ်ပေစွတကား။

'နိဗ္ဗာန်မှာ ငါ ယခု ခံစားနေရတဲ့ အင်မတန် ပြင်းထန်တဲ့ ဒုက္ခဝေဒနာကြီးမျိုး မရှိပါ၊ ဒုက္ခဝေဒနာကြီးမျိုး မရှိတဲ့ နိဗ္ဗာန်သည် အလွန်ချမ်းသာပါပေစွတကား'

လို့ ပွားများပြီး ဗုဒ္ဓါနုဿတိဘာဝနာ၊ သံဃာနုဿတိ ဘာဝနာ၊ ဓမ္မာနုဿတိဘာဝနာ၊ သို့မဟုတ် ဥပသမာနုဿတိ ဘာဝနာကို ပွားပြီးတော့ ဒုက္ခဝေဒနာကို ခွာပါတယ်။

'ဘုရားရှင်ရဲ့ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို ရုံခါပွားပါတယ်၊ သံဃာတော် အရှင်မြတ်တွေရဲ့ သုပ္ပဋိပန္န ဂုဏ်တော်ကို ရုံခါပွားပါတယ်။

'မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန် ပရိယတ်အားဖြင့် တရားတော် ၁၀-ပါးရှိပါတယ်၊ ရုံခါ နိဗ္ဗာန်ရဲ့ ချမ်းသာပုံကို အာရုံပြုပြီး နိဗ္ဗာန်ရဲ့ အေးငြိမ်းပုံကို အာရုံပြုတဲ့အတွက် ဓမ္မာနုဿတိဘာဝနာ၊ သို့မဟုတ် ဥပသမာနုဿတိဘာဝနာလို့

ခေါ်နိုင်ပါတယ်၊ အဲဒီ ဘာဝနာ ၃-ပါးကို အခါအားလျော်စွာ ပွားပြီးတော့ ဒုက္ခဝေဒနာကြီး ချာထားပါတယ်။

'ချာတယ်ဆိုတာ စင်စစ်တော့ အာရုံပြောင်း နှလုံးသွင်း ပြောင်းလိုက်တာပါ၊ အဋ္ဌကထာဆရာကလဲ နှလုံးမသွင်းသော အားဖြင့် ချာတယ်လို့ ပြောပါတယ်။

'အင်မတန် နာကျင်ကိုက်ခဲတဲ့ ကိုယ်ဝန်သားကို မဖွားနိုင်တဲ့ ပြင်းထန်တဲ့ ဒုက္ခဝေဒနာကြီးကို နှလုံးမသွင်းဘဲ ဗုဒ္ဓါနုဿတိ ဘာဝနာကို ရံခါ နှလုံးသွင်းတယ်၊ ရံခါကျတော့ သံဃာတော် အရှင်မြတ်တွေရဲ့ သုပ္ပဋိပန္နဂုဏ်တော်ကို နှလုံးသွင်းတယ်၊ ရံခါကျတော့ တရားဂုဏ်တော်ကို သို့မဟုတ် နိဗ္ဗာန်ရဲ့ အေးငြိမ်း ပုံကို နှလုံးသွင်းပါတယ်။

'အဲဒီလို နှလုံးသွင်းပြောင်းလိုက်တော့ အင်မတန် နာကျင် ကိုက်ခဲမှု ဒုက္ခဝေဒနာကြီးကို မသိတော့ပါ၊ မသိတော့ မနာ တော့ပါ၊ မနာတော့ မခံစားတော့ပါ။

'အမှန်စင်စစ်တော့ အဲဒီ နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာကြီး ပျောက်တော့ မသွားပါ၊ ထင်ရှားရှိနေပါတယ်၊ သူ့ကို နှလုံး မသွင်းဘဲ ဗုဒ္ဓါနုဿတိ ဘာဝနာ နှလုံးသွင်းလိုက်၊ သံဃာ နုဿတိဘာဝနာ နှလုံးသွင်းလိုက်၊ ဓမ္မာနုဿတိဘာဝနာ နှလုံး သွင်းလိုက်နဲ့ အဲဒီလို နှလုံးသွင်းပြောင်းပြီး ချာထားလို့ မသိတဲ့ အတွက် မခံစားတော့ပါ။

'နာကျင်ကိုက်ခဲတဲ့ ရုပ်ဒုက္ခကြီး ရှိနေပါတယ်၊ မသိတဲ့ အတွက် ခံစားမှုဝေဒနာ မလာပါ၊ ဝေဒနာဆိုတာ သိမှုနဲ့တွဲပြီး ဖြစ်တော့ သိမှ ခံစားပါတယ်၊ မသိရင် မခံစားပါ။

'ဘာဖြစ်လို့ ဒီလောက်နာတာကို မသိလဲ၊ နာတာကို နှလုံးမသွင်း၊ အာရုံမပြုဘဲ ရံခါ ဘုရားအာရုံပြုတဲ့စိတ်၊ ရံခါ တရားတော် အာရုံပြုတဲ့စိတ်၊ ရံခါ သံဃာ အာရုံပြုတဲ့စိတ် ဖြစ်နေတော့ နာတာကို မသိတော့ပါ၊ အဲဒါ နှလုံးမသွင်းသောအားဖြင့် ခွာနေတာနော်။

'အဲဒီ သုပ္ပဝါသာမင်းသမီး ဒုက္ခဝေဒနာကြီးကို ခွာတာဟာ သမထ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြီး ခွာတာနော်၊ အဲဒီ နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာကို ရှုတဲ့နေရာမှာ ဘုန်းကြီးတို့ ကြားဖူးပါတယ်၊ ဆရာဖြစ်သူက ယောဂီကို ရှု၊ ကြိုးစားပြီးတော့ ရှု၊ ဟိုမှာ မဟာတိဿရဟန်းကြီး ပေါင်တောင်ချိုး ရှုသေးတာပဲ၊ ရှုလို့ ပြောတယ်လို့ ကြားဖူးပါတယ်။

**မဟာတိဿ။** ။'အဲဒါ မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ မဟာတိဿရဟန်းကြီး ပေါင်ချိုးတဲ့အကြောင်းကို ပြောခဲ့ပြီးပါပြီ၊ သူ ပေါင်ချိုးတာဟာ ဝေဒနာရှုဖို့ မဟုတ်ပါ၊ အာမခံပေးဖို့ ချိုးတာပါ။

'ဉာဏ်ဆိုတာ ကုသိုလ်စိတ်မှာ ယှဉ်တာပါ၊ ယခု ယောဂီတို့ ဝိပဿနာတရား ရှုပွားအားထုတ်နေတာ ဘာစိတ်နဲ့လဲဆိုရင် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နဲ့ ရှုပွားအားထုတ်နေတာပါ။

'ဉာဏဝိပ္ပယုတ်စိတ် ဖြစ်သွားမယ်၊ ဒေါသစိတ်၊ လောဘစိတ် ဖြစ်သွားမယ်ဆိုရင် သိစရာ မြင်စရာတွေကို သိမှာ မြင်မှာ မဟုတ်တော့ပါ။

'သိမြင်ဖို့ ဉာဏ်ယှဉ်ဖို့ရာကလဲ ကိုယ်စိတ်နှစ်ပြာ ချမ်းသာမှ ဖြစ်ပါမယ်၊ ဘုရားရှင် ဟိုသစ္စသံယုတ် သတ္တိသတ သုတ္တန်မှာ

'ရဟန်းတော်များ အို…ချစ်သားတို့၊ ကိုယ်ဆင်းရဲမှုဒုက္ခ၊ စိတ်ဆင်းရဲမှုဒေါမနဿနှင့်တကွသော အားထုတ်လို့တော့ သစ္စာလေးပါး တရားကို သိနိုင်မယ်လို့ ငါဘုရားရှင် မဟောဘူး၊ မသိနိုင်ဘူးလို့ ငါဘုရားရှင် ဟောတယ်။

'ရဟန်းတော်များ အို…ချစ်သားတို့၊ စင်စစ်သော်ကား ကိုယ်ချမ်းသာမှုသုခ၊ စိတ်ချမ်းသာမှု၊ ဝမ်းသာမှုသောမနဿနှင့်တကွ အားထုတ်မှသာလျှင် သစ္စာ ၄–ပါးတရားကို သိမယ်လို့ ငါဘုရားရှင် ဟောတယ်' လို့ အတိအကျ ဟောထားတာ ရှိပါတယ်၊ လက်တွေ့ အားထုတ်ကြည့်တော့လဲ အဲဒီအတိုင်းပါပဲ၊ ဆင်းရဲဒုက္ခနှင့် ဘာမှ မသိမမြင်ပါ၊ ချမ်းသာသုခမှ မြင်တာ သိတာပါ။

'တရားအားထုတ်စဉ်နဲ့ကြည့်ရင် ချမ်းသာသုခ ဖြစ်ခြင်းဟာ အစပဲ ရှိပါသေးတယ်၊ အချို့က အဲဒီသဘော မသိတော့ ချမ်းသာသုခဖြစ်တဲ့ သဘောကို မဂ်ဖိုလ်ထင်ပြီး ရှုပွားတဲ့ လုပ်ငန်းကို ရပ်ထားကြပါတယ်။

'အမှန်က မဂ်ဖိုလ်နဲ့ အဝေးကြီး ရှိပါသေးတယ်၊ တရားအစသို့ သက်ဝင်ရုံပဲ ရှိပါသေးတယ်၊ ချမ်းသာမှ တည်ကြည်မှု သမာဓိက ဖြစ်မှာပါ၊ သမာဓိဟာ အလယ်ပေါ့၊ အဲဒီ တည်ကြည်မှုရှိတော့မှ ရုပ်နာမ်ခန္ဓာသင်္ခါရတို့ရဲ့ သဘောကို အမှန်အတိုင်း သိမှာပေါ့၊ အဲဒီ သိမှုက ပညာပေါ့။

'ဒါ့ကြောင့် တရားအားထုတ်စဉ်နှင့် ကြည့်ရင် ဘယ်လိုနေလဲ၊ 'ချမ်းသာ' 'တည်ကြည်' 'သိ'၊ လို့ အဲဒီလို နေပါတယ်၊

အဲဒီအစဉ်ကို အထူးသတိရှိပါ၊ အဲဒီအစဉ်ကို မသိရင် ချမ်းသာတာမျှ တရားထူး ထင်တတ်ပါတယ်၊ တည်ကြည်တာမျှကိုလဲ တရားထူး ထင်တတ်ပါတယ်၊ အချို့များ တည်တာမှ ၂၄ နာရီအထိ တည်ပါတယ်၊ ဒါပေမယ့် သိမှု မလာပါဘူး၊ နောက်တော့ အဲဒီတည်မှုတို့ ပျက်သွားပါတယ်၊ ပြန်ပြီးတော့ တည်အောင် လုပ်လို့ မရတော့ပါ။

'ဝိပဿနာတရား ရှုပွားအားထုတ်တဲ့ကိစ္စဟာ အဓိကအားဖြင့် ကိလေသာပယ်သတ်နိုင်ရေးပါ၊ ချမ်းသာရုံမျှနဲ့ ကိလေသာမပယ်သတ်နိုင်ပါ၊ တည်ကြည်ရုံမျှနဲ့လဲ ကိလေသာ မပယ်သတ်နိုင်ပါ၊ သိမှ ကိလေသာကို ပယ်သတ်နိုင်ပါတယ်။

'အဲဒီအသိဟာလဲ အဆင့်ဆင့်ရှိသလို ကိလေသာပယ်သတ်မှုဟာလဲ အဆင့်ဆင့်ရှိပါတယ်၊ ဝိပဿနာဉာဏ် သိအခိုက်ပယ်သတ်မှုဟာ အပြီးသတ် အမြစ်ပြတ် ပယ်သတ်မှု မဟုတ်သေးပါ။ တဒင်္ဂတစ်ခဏအားဖြင့် ပယ်သတ်မှုသာ ဖြစ်ပါသေးတယ်။

'ဝိပဿနာဉာဏ် အားကောင်းနေခိုက် အဲဒီ ကိလေသာတွေ မထကြွ မသောင်းကျန်းကြပါ၊ အဲဒီ ဝိပဿနာဉာဏ်အားလဲ လျော့သွားရော ကိလေသာတွေဟာ နဂိုအတိုင်းပဲ နေရာပြန်ယူပါတယ်၊ အဲဒါကို ယောဂီတွေ သိသူ နည်းပါတယ်၊ သတိထားသူလဲ နည်းပါတယ်။

'အဲဒါကြောင့် ဝိပဿနာနယ်ထဲမှာကို တော်တော် စောစောပိုင်းက အတော် ပြဿနာတွေ တက်ပါတယ်၊ အခု နောက်ပိုင်းကျတော့ အဲဒီသဘောကို သိမြင်သူတွေ များလာတော့

တစ်ဆင့်ကနေတစ်ဆင့် ပြောကြဟောကြတော့ ပြဿနာတွေ တော်တော် အေးလာပါပြီ။

'ဒါပေမယ့် ဝေဒနာရှုနည်းနဲ့ ပတ်သက်လို့တော့ ယခု အချိန်အထိ အမြင်မှန်ရသူ ဝေဒနာအရှုမှန်သူ ဦးရေဟာ အင် မတန်မှ နည်းပါးသေးတယ်၊ ဝေဒနာအရှုမမှန်လို့ ဒုက္ခမရောက် သင့်ဘဲ ဒုက္ခရောက်နေတဲ့ ယောဂီတွေ အများကြီး ရှိနေပါ သေးတယ်၊ အင်မတန် သနားစရာကောင်းပါတယ်။

'အချို့ ယောဂီတွေလဲ ဒုက္ခအကြီးအကျယ် ရောက်လို့ မတတ်နိုင်သဖြင့် အိပ်ရာလိပ်ပြီး ပြန်ပြေးကြပါတယ်၊ အဲဒီ ယောဂီတွေအဖို့နောက်တစ်ကြိမ် တရားအားထုတ်ဖို့ အတော်ပဲ ကြောက်သွားပြီ၊ လန့်သွားပြီ။

'အဲဒါကြောင့် တရားအားထုတ်တဲ့အခါမှာ ပထမဦးဆုံး အားထုတ်ခါစသည် သိပ်အရေးကြီးပါတယ်၊ အဲဒီအားထုတ် ခါစမှာ ဆရာမှား နည်းမှားရင်လဲ ခက်ပါတယ်၊ အဲဒီမှာ စွဲလမ်း နေတတ်ပါတယ်၊ အမှားကို အစွဲအလမ်းသန်ပါတယ်။

'တချို့ အဲဒီ ဆရာမှား နည်းမှားနဲ့ တွေ့တော့ ကြောက် လန့်ပြီး ဆရာမှန် နည်းမှန်တွေ့သော်လဲ မယုံကြည်တတ်တော့ ဘဲ ဖြစ်နေတတ်ပါတယ်။ အဲဒါမျိုးတွေလဲ အများကြီး တွေ့ရ ပါတယ်။

**ဉာဏ်ဝင်နိုင်မှ**။ ။'အထူးသဖြင့် ဝေဒနာဆိုတာ ဘာမှန်း မသိသေးခင် ရိပ်သာရောက်ရောက်ချင်း ဣရိယာပုတ်ကို မပြောင်းစေဘဲ ရုပ်ဒုက္ခကြီးကို ဝေဒနာလုပ်ပြီး အဲဒီ ရုပ်ဒုက္ခ

မကုန်ခင် ဣရိယာပုတ် မဖျက်ရ၊ မပြင်ရဆိုပြီး အားထုတ်ခိုင်းမှု ကြောင့် ဒုက္ခတွေ့ရသူ ယောဂီဦးရေဟာ များလှပါတယ်။

'အဲဒီအတွက်ကြောင့် ဘုန်းကြီးက ဝေဒနာနဲ့ ပတ်သက်ပြီး ရှုပုံရှုနည်း အမျိုးမျိုး ဟောပြောတာပါ၊ အားထုတ်ခါစ ယောဂီတွေအတွက် ဝေဒနာကို ခွာရှုခိုင်းခြင်း၊ ဣရိယာပုတ်ကို ပြောင်းပြင်စေပြီးတော့ ရှုခိုင်းခြင်းဟာ အကောင်းဆုံး ဖြစ်ပါတယ်၊ အမှန်တကယ် အားထုတ်တတ်ပြီဆိုတော့ ယောဂီ ကြိုက်သလို အားထုတ်ခွင့် ပြုလိုက်ပေါ့။ ဒီတော့မှ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်ပြီး ဉာဏ်ဝင်ပါမယ်၊ ဉာဏ်ဝင်မှ နိဗ္ဗာန်ရမယ်၊ ကဲ ဆိုကြည့်စမ်းပါ။

## ၃၂။ ဉာဏ်ဝင်နိုင်မှ၊ ငြိမ်းချမ်းမြ၊ ရောက်ရနိဗ္ဗာန်သာ။

'အေး...ဝေဒနာရှုပွားတဲ့ ယောဂီဟာ ဝေဒနာ အပေါ်မှာ ဉာဏ်ဝင်သွားမယ်ဆိုရင် သုခဝေဒနာပဲဖြစ်ဖြစ်၊ ဒုက္ခ ဝေဒနာပဲ ဖြစ်ဖြစ်၊ ဥပေက္ခာ ဝေဒနာပဲဖြစ်ဖြစ် အဲဒီ ဝေဒနာ သုံးပါးလုံးကို ဆင်းရဲအမှန် ဒုက္ခသစ္စာလို့ သိပါလိမ့်မယ်။

'အဲဒီလိုသိရင် ဒုက္ခသစ္စာကို ပိုင်းခြား သိတာပေါ့၊ အဲဒီ ဝေဒနာတို့ရဲ့ အကြောင်းကို သမုဒယသစ္စာလို့ ဆင်းရဲဖြစ်ကြောင်း အမှန်လို့ သိပါလိမ့်မယ်။

'အဲဒီဝေဒနာရဲ့ သဘောသဘာဝ အဖြစ်အပျက် အပြစ်စသည်တို့ကို သိအောင် မြင်အောင် ရှုပွားအားထုတ်နေတာက မဂ္ဂသစ္စာ လမ်းစဉ်မှန်လို့ သိပါလိမ့်မယ်။

'အေး–ဒုက္ခသစ္စာကို ပိုင်းခြားသိပြီး သမုဒယသစ္စာတဏှာလောဘကို ခဏပယ်ထားနိုင်တဲ့အတွက် ငြိမ်းအေး နေတာက တဒင်္ဂနိရောဓသစ္စာ တစ်ခဏမျှ ငြိမ်းအေးနေမှုပါပဲ။

'အဲဒါတွေဟာ ဝိပဿနာဉာဏ် အခိုက်အတန့်မှာ ပါပဲ၊ အချို့ဘယ်လို ပြောလဲဆိုတော့ 'အမယ်လေး အေးငြိမ်းလိုက်တာ ဘုရား၊ ဘာအေးငြိမ်းမှုနဲ့မှ မတူပါဘူး' တဲ့၊ အဲဒီလို ပြောကြတယ်၊ အဲဒါ အရှုခံအာရုံနှင့် ရှုဉာဏ်နှင့်တွဲပြီး နေတဲ့ အခိုက်အတန့် ကိလေသာငြိမ်းလို့ ငြိမ်းအေးတဲ့ တဒင်္ဂနိရောဓပါပဲ၊ တစ်ခဏမျှ ငြိမ်းအေးနေမှုပဲ။

'အဲဒီလို အေးငြိမ်းချမ်းသာတဲ့အခါ ယောဂီက အဲဒီ ချမ်းသာကို မက်မောတတ်ပါတယ်။ နောက်တစ်ခါ အဲဒီချမ်းသာကို ရအောင် မျှော်ပြီး အားထုတ်တတ်ပါတယ်၊ အဲဒီလို အားထုတ်ရင် မရတော့ပါ၊ လမ်းလွဲသွားလို့ မရတာပါ။

'ရှုပွားအားထုတ်တဲ့အခါ အတိတ်ကိုလဲ မပြန်ပါနဲ့၊ အနာဂတ်ကိုလဲ မမျှော်ပါနဲ့၊ ပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်နာမ်ပေါ်မှာလဲ မစွဲလမ်းဘဲ ရုပ်နာမ်သဘောကို မြင်အောင် ရှုပါ။

'အရေးကြီးတာက မိမိတို့ရှုနေတဲ့ အရှုခံအာရုံရဲ့ ဒုက္ခသစ္စာအချက်၊ သမုဒယသစ္စာအချက်၊ နိရောဓသစ္စာ အချက်၊ မဂ္ဂသစ္စာ အချက်လို့ အဲဒီသစ္စာ ၄ ချက်ကို သိဖို့အရေးကြီးပါတယ်။

'ဝေဒနာရှုတဲ့ ယောဂီတွေအဖို့ ဝေဒနာရဲ့ ဒုက္ခသစ္စာအချက်ကို မြင်ဖို့ အရေးကြီးပါတယ်၊ ပြီးတော့ ဝေဒနာရဲ့ သမုဒယသစ္စာအချက်ကို မြင်ပြီး ပယ်ခွာနိုင်ဖို့အရေးကြီးပါတယ်။

'ဝေဒနာရဲ့ ဒုက္ခသစ္စာကို မြင်၊ သမုဒယသစ္စာကို ပယ်ခွာနိုင်က အေးငြိမ်းတဲ့ နိရောဓသစ္စာကိုလဲ သိဖို့ အရေးကြီးပါတယ်၊ အဲဒီလို သိဖို့ရာ အရေးအကြီးဆုံးကတော့ ဝေဒနာအပေါ်မှာ ယခုပြောခဲ့ ဟောခဲ့သလို စနစ်တကျ မဂ္ဂသစ္စာဖြစ်နေအောင် ပွားတတ်ဖို့ အရေးကြီးပါတယ်။

**အရေးအကြီးဆုံး** ။ ။သစ္စာလေးပါးမှာ ဒီမဂ္ဂသစ္စာဟာ အရေးအကြီးဆုံး ဖြစ်ပါတယ်။ မဂ္ဂသစ္စာနဲ့ ရှုပွားမှုများ မှန်ကန်က ဒုက္ခသစ္စာကို ပိုင်းခြားသိပြီး သမုဒယသစ္စာကို ပယ်ခွာနိုင်ကာ နိရောဓသစ္စာသို့ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ပါမယ်။

'ဝေဒနာကို ရှုပွားဖို့ကတော့ ရုပ်ခႏၶာ လေးပါးရယ်၊ စိတ်ရယ်၊ ဝေဒနာရယ်၊ ဒီ ၃ ပါးရဲ့ သဘောလက္ခဏာတွေ သိပါမှသာ ပွားနိုင်ပါမယ်၊ သို့မဟုတ်က မပွားနိုင်ပါ။

'အဲဒီ ရုပ်ခႏၶာရယ်၊ စိတ်ရယ်၊ ဝေဒနာရယ် ၃ မျိုးရဲ့ သဘောလက္ခဏာတွေပိုင်လို့ ဝေဒနာရှုရင်လဲ မပင်ပန်းပါ၊ သက်သာလွယ်ကူစွာနဲ့ပဲ သိနိုင်ပါတယ်။

'ခံစားမှုဝေဒနာဟာ မိမိတို့ ခန္ဓာကိုယ်မှာ ကျွတ်တဲ့ လွတ်တဲ့ အချိန် ရှိမှ မရှိတာဘဲ၊ ဒါကြောင့် ဝေဒနာရှုချင်ရင် သက်တောင့်သက်သာလေး သွားရင်းလာရင်းနဲ့ အဲဒီဝေဒနာပေါ်မှာ သတိကပ်ပြီး အသာလေး အလိုက်သင့် ရှုကြည့်နေဖို့ပါပဲ၊ အဲဒီလို ယခု ပြောခဲ့တဲ့ နည်းစနစ်တွေအတိုင်း ရှုပွားရင် နိဗ္ဗာန်ရောက်နိုင်ပါတယ်၊ ကဲ–ဆိုကြည့်စမ်းပါ။

## ၃၃။ နိဗ္ဗာန်ရောက်ဖို့၊ ဝေဒနာ၊ ရှုပါ၊ ဤနည်းသာ။

'ဝေဒနာကို ဘယ်လိုရှုမလဲ၊ ယခုပြောခဲ့ ဟောခဲ့တဲ့ နည်းတွေအတိုင်း ရှုပွားပါ၊ ဝေဒနာရှုချင်တဲ့ ယောဂီတွေအတွက် ပြောပြတာပါ။

'တကယ်လို့ ဝေဒနာမရှုချင်ပါကလဲ ရုပ်ကို ရှုချင်ရှုပါ။ စိတ်ကို ရှုချင်လဲရှုပါ၊ သို့မဟုတ် နာမ်ထင်ရှားက နာမ်ရှုပါ၊ တစ်ခုခုကိုသာ ရှုပါ။

'နာမ်ရုပ်ရှုဆိုတော့ တစ်ပြိုင်နက် 'နာမ်ရုပ်'၊ 'နာမ်ရုပ်'လို့ ဒီလိုရှုနေဖို့ မဟုတ်ပါ၊ ရုပ်ထင်ရှားက ရုပ်ရှု၊ နာမ်ထင်ရှားက နာမ်ရှုပါ၊ တစ်ခုခုကိုသာ ရှုပါ။

'နာမ်တရားက ၅၃ ပါးတောင် ရှိပါတယ်၊ စိတ်လဲ နာမ်ပါပဲ၊ ဟိုသိ ဒီသိ ဟိုကြံ ဒီကြံတဲ့ ကြံစိတ်ကို နာမ်လို့ ရှုပါ၊ လိုချင်တဲ့ လောဘကိုလဲ နာမ်လို့ရှုပါ။

'အကျဉ်းချုပ်ပြောရရင် ခန္ဓာကိုယ်ထဲမှာ နာတယ်၊ ကျင်တယ် စသည်ဖြင့် နာမည်တပ်ပြောသမျှ အားလုံးကို ရုပ်လို့ရှုပါ။ အဲဒီ နာကျင်ကိုက်ခဲ စသည်တို့ကို လိုက်သိလိုက် ခံစားလိုက် ကြံစည်သမျှ အားလုံးကို နာမ်လို့ရှုပါ။

'သီးခြား ဓမ္မာနုပဿနာ ရှုပွားနည်း၊ ရုပ်နာမ် ရှုပွားနည်းတွေကတော့ ဘုန်းကြီးတို့စပြီး အလုပ်ပေးတရား ဟောကတည်းက ဟောပြီးပြီမို့ ဒီမှာ မဟောတော့ပါ၊ ဒီမှာတော့ အခု ၃ ရက်၊ ၃ နာရီတိုင်တိုင် ဝေဒနာရှုပွားနည်းပဲ အဓိကအားဖြင့် ဟောခဲ့ပါတယ်။

'အဲဒီတော့ ယောဂီတို့ဟာ ရုပ်၊ ဝေဒနာ၊ စိတ်၊ နာမ်ရုပ်လို့ သတိပဋ္ဌာန်နည်းလေးမျိုးတို့တွင် မိမိတို့ကြိုက်နှစ်သက်ရာ အာရုံ တစ်ခုခုကို အရှုခံထားပြီး ရှုပွားနိုင်သဖြင့် မိမိတို့ လိုအပ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ကို မိမိတို့ ရှုပွားအားထုတ်တဲ့ ကမ္မဋ္ဌာန်းလမ်းစဉ် မှန်ပြီးတော့ ဆိုက်ရောက် မျက်မှောက်ပြုနိုင် ကြပါစေကုန်သတည်း။

'သာဓု...သာဓု...သာဓု'

●

စတုတ္ထအကြိမ်

# နိဂုံး

**ရေးစ–ရေးပြီးချိန်။** ။မိမိသည် ဤ 'ဝေဒနာ ရှုပွားနည်း တရားတော်' စာအုပ်ကို ၁၃၄၄ ခုနှစ်၊ တပေါင်းလဆုတ် ၅ရက် (၂–၄–၈၃) စနေနေ့မှ စတင်၍ ရေးသားပါသည်။ ရေးသားရာ ဌာနမှာ ရေးမြို့ ဆင်ရုံကျောင်း ၁၀ ရက်စခန်း ပထမနေ့မှ စတင်၍ ရေးသားပါသည်။

အပြီးမသတ်ဘဲ ခနော်ဖြူမြို့ ရွှေဂူကျောင်း ၁၀ ရက်စခန်း၊ ပေါင်မြို့နယ် ကျုံကရွာ သပိတ်အိုင်တောရ ၁၀ ရက်စခန်း တရားပွဲများ ဟောပြောပြသစဉ်၌လည်း ဆက်လက် ရေးသားရာ မပြီးသေးဘဲ ကျိုက္ခမိမြို့ သက်န်းတောကျောင်း ၁၀ ရက်စခန်း၊ (၆) ရက်မြောက်နေ့ ၁၃၄၅ ခုနှစ်၊ ကဆုန်လဆန်း (၁) ရက် (၁၂–၅–၈၃) ကြာသပတေးနေ့၌ အပြီးသတ်ပါသည်။

**ကျေးဇူးဆပ်ပါ၏။** ။မိမိ၏ ဤစာအုပ်ကို ရေးသားရက် မှာ တစ်လ ကျော်ကျော်သာ ကြာသော်လည်း နှစ်အနေနဲ့မူ ၁၃၄၄ ခုနှစ်မှ ၁၃၄၅ ခုနှစ်သို့ ကူးခဲ့သဖြင့် တစ်နှစ်ကြာမျှ ရေးသားရသော စာအုပ်ဟုပင် ဆိုနိုင်ပါသည်။

အမှန်မှာ ဤစာအုပ် ရေးသားရက်မှာ ဤမျှ ကြာရန် မဟုတ်ပါ၊ စာမူကြမ်းရှိပြီ ဖြစ်သောကြောင့် ကြာရန် မဟုတ်။ အမြန်ပြီးရန်သာ ဖြစ်ပါသည်။ သို့သော် ၁၃၄၄ ခုနှစ် ကုန်ခါနီး

၁၃၄၅ ခုနှစ် အဝင်ဖြစ်သော မိမိစာရေးသည့် ရက်များသည် မြန်မာတစ်ပြည်လုံး၌ အပူလွန်ကဲချိန် ဖြစ်ပါသည်။

အပူလွန်၍ ရေးသားလို့ မကောင်းသဖြင့် အနည်းငယ်မျှ ရေးသားခြင်း၊ မရေးဘဲ ရပ်နားထားခြင်းတို့ကြောင့် ဤမျှ ရက်ကြာမှ ပြီးဆုံးရခြင်း ဖြစ်ပါသည်။

ဤမျှ ပူပြင်းလှသော အပူဒဏ်ကို ကြံ့ကြံ့ခံကာ စာဖတ်ပရိသတ်များအပေါ် စေတနာ မေတ္တာ ကရုဏာတရား ရင်ဝယ်ထား၍ ရေးသားရသော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒကာ, ဒကာမများ၊ ပစ္စည်း ၄-ပါး ဒကာတကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေ သင်္ဂဟများတို့အား ကျေးဇူးတုံ့ပြန်ဆပ်ပါ၏။

အထူးအားဖြင့် မိမိရောက်ရာ၊ တရားဟောရာ၊ တရားပြရာ ၁၀ ရက်စခန်းများ ကျင်းပရာဌာနမှ ဒကာ, ဒကာမများ၊ ဆရာတော် သံဃာတော်များက မိမိ၏ စာပေ ရေးသားနိုင်ရေးအတွက် အကူအညီပေးကြသည်ကို များစွာ ကျေးဇူးတင်ရှိကာ ယင်းကျေးဇူးကိုလည်း အထူးသိကာ ပြန်လည်ဆပ်ပါ၏။

**အမျှဝေပါ၏**။ ။ဤမျှ ရက်, လ, နှစ်တိုင် ခွဲခိုင်ခိုင်ဖြင့် စေတနာ၊ **မေတ္တာ**၊ ကရုဏာတရား ရင်ဝယ်ထား၍ ကြိုးစားရေးသား**ရသော** ဤ 'ဝေဒနာ ရှုပွားနည်း တရားတော်' စာအုပ်အတွက် ရရှိသော ကောင်းမှုကုသိုလ်တို့၏ အဖို့ဘာဂတို့ကို-

'မြင်းမိုရ်စက္ကဝါ ပမာဆယ်စု နှိုင်းမတုအောင်
ဗဟုပကာရ ဂုဏ်ကြီးလှသား မိဘနှစ်ဖြာ မြတ်ဆရာနှင့်

ရာဇာသေဌ်နှင်း ရှောင်းရင်းငယ်ဖော် ဆွေတော်မျိုးစပ် အရပ်နေစု စတုပစ္စယာ ဒါယကာ ဒါယိကာမ ဂေါစရ ဂါမ် နိယံမပြတ် နိစ္စဗဒ်ဖြင့် ယုတ်မြတ်ကြည်ဖြူ ပေးလှူ တတ်စွာ မြို့ရွာပတ်ကုံး သိမ်းကျုံးလုံးစုံ နိဂုံးဇနပဒ ဝေနီးစသည် ရှိကြထိုထို များလှုမိုလ်ပါ ကိုယ်ကို စောင့်တတ် နတ်နှင့်တကွ ဘုမ္မရက္ခ အာကာသစိုး တန်ခိုးမဟိဒ် ပုညဓိဒ်နှင့် ဂုဏ်ဟိတ် မြင့်မား သိကြားသက္က ဝါသဝနှင့် လောကစောင့်လျှင်း နတ်မင်း လေးဖြာ သာတာဂိရ ဟေမဝတ ကုန္ဒ, စိတ္တ စသည် တွက်ဖွဲ့ နှစ်ဆယ့်ရှစ်ဦး နတ်စစ်မှူးဟု အထူးမည်ရ အဋ္ဌဝီသ ယက္ခမဟာ သေနာပတိ ထိုပြိတ္တာ ရေ ပင်လယ်သွား သူတော်များအား စောင့်ကြားတတ်သည့် မဏိမေခလာ တဖြာ ထိုမှ ဒသက္ကသရ လောက သဟာယ် ဝန်းပတ်ရံခြံ မဟာဗြဟ္မာတို့ ပြောဟုံဆူဆူ မိုးသူ မိုးသား မြေဖွားရေပေါက် ထိုရွှေ့လောက်ထိ ထက် အောက်ဝန်းကျင် များပုံအင်အား အကြွင်းရှိသမျှ မကျန်ရအောင် ဝေငှမသွေ 'အမျှ-အမျှ-အမျှ' ဝေပါသည် ရစေငါ့နှယ် အတူတည်း။

**ဆုတောင်းလွှာ။** ။ဤဝေဒနာ ရှုပွားနည်း တရားတော် စာအုပ်ကို စေတနာ၊ မေတ္တာ၊ ကရုဏာတရား ရင်ဝယ်ထား၍ ကြိုးစားရေးသားရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ချမ်းသာသောအကျင့်

လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင် ဘုံသား ဝေနေယျ သတ္တဝါများကို တရားစည်ကြီး သောင်းထိုက် ဟည်းအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ် ချောက် အရောက်ပို့ဆောင် ကယ်တင် နိုင်သည့်ကိုယ် ဖြစ်ရပါ လို၏။

**တောင်းပန်တိုက်တွန်းလွှာ။** ။ဤ'ဝေဒနာ ရှုပွားနည်း တရားတော်' စာအုပ်၌ တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေ ကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ လမ်းပြဒေသနာ ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် လောကီလောကုတ် မယုတ် ပွားတိုး ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ ပြည့်ကာ ကြွယ် မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

**ဓမ္မဒူတ–အရှင်ပညာဇောတ**

၁၃၄၅–ခုနှစ်၊ ကဆုန်လဆန်း (၆) ရက်နေ့

(၁၇–၅–၈၃)

ဓမ္မဒူတတောရ

တောင်စွန်း

ဘီးလင်းမြို့နယ်

မွန်ပြည်နယ်

ဝေဒနာဆိုတာ ရုပ်လား၊နာမ်လား။

ကိုယ်မှာမှီပြီးဖြစ်တဲ့ ဝေဒနာ၊

စိတ်မှာမှီပြီးဖြစ်တဲ့ ဝေဒနာ။

ကိုယ်ရောဂါ၊စိတ်ဝေဒနာ။

ဝေဒနာဆိုတာ ကုန်နိုင် မကုန်နိုင်။